# ဦးပေါ်ဦး

# ၏

# စကားအလင်္ကာ

# နိဒါန်းစကား

ဦးပေါ်ဦးဟာ အောင်မြေလောကစေတီတော်ဒါယကာအမရပူရပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးရဲ့ရွှေလက်ထက်တော်၊မဟာဝိယရံသီစေတီတော်ကြီးဒါယကာဘကြီးတော်မင်းတရားကြီးရဲ့ရွှေလက်ထက်တော်၊ လောကမဏိစူဠာဇောင်းကလောကနံဦးစေတီတော်ကြီးဒါယကာရွှေဘိုမင်းတရားကြီးရဲ့ရွှေလက်ထက်တော်ဆိုပြီးမင်းသုံးဆက်မီခဲ့ သူဖြစ်တယ်။အဲဒီမင်းတွေထံတော်မှောက်မှာခစားထမ်းရွက်ရင်းတင်လျှောက်ခဲ့တာတွေဆောင်ရွက်ခဲ့တာ တွေရှိတယ်။အဲ့ဒါတွေကိုမြန်မာပညာရှိဦးအောင်က ကဝိသေတ္တုမဥ္ဇူသာကျမ်းဆိုပြီးစုဆောင်းရေးသားခဲ့တာရှိပါတယ်။

တစ်ခါစာတော်ပြန်ဆရာသိန်းကလည်းကဝိသေတ္တုမဥ္ဇူသာကျမ်းဒုတိယတွဲဆိုပြီးဆက်လက်ရေးသားထုတ်ဝေပြန်သေးတယ်။ဦးအောင်ရဲ့စာအုပ်ထဲမှာမပါဘဲကြွင်းကျန်ခဲ့တာတွေကိုကေ ာက်သင်းကောက်ဖော်ပြတာပေါ့။

အဲဒီပညာရှိနှစ်ဦးတို့စုဆောင်းဖော်ပြတဲ့ဦးပေါ်ဦးရဲ့ စကားတွေကိုကြည့်ရင်ဦးပေါ်ဦးဟာဘိုးတော်မင်းတရားကြီးနဲ့အလွန်ပဲရင်းနှီးတာတွေ့ရပါလိမ့်မယ်။ ဒီလိုပြောရဲ ဆိုရဲတဲ့အကြောင်းကတော့မင်းသားမောင်ဝိုင်းအိမ်နိမ့်စံနေစဉ်ကတည်းကအတူနေခဲ့တဲ့ အိမ်တော်ပါငယ်ကျွန်ဖြစ်လို့ပါဆိုကြလေရဲ့။

အိမ်တော်ပါငယ်ကျွန်ဆိုတာဒီလိုလေ။

မင်းသားတွေအထွတ်အထိပ်မရောက်မီဘဝကိုအိမ်နိမ့်စံလို့ခေါ်တယ်။ အဲဒီမင်းသားစားခွင့်ရတဲ့ရွာကထွက်တဲ့အခွန်ငွေနဲ့စားသောက်နေထိုင်ရတော့ဆင်းရဲတာပေါ့ ။ ဆင်းရဲတဲ့မင်းသားအနားမှာလူတွေအများကြီးမရှိဘူး ။ သစ္စာရှိတဲ့လူအနည်းအကျဉ်းပဲရှိတယ်။ အဲဒီလူကိုဘုရင်ကအိမ်တော်ပါငယ်ကျွန်အဖြစ်ယုံကြည်တယ်။ ချစ်တယ်။ အခွင့်အရေးပေးတယ်။

အင်းဝဘုရင်မင်းခေါင်မင်းမဖြစ်မီမင်းသားမင်းဆွေအဖြစ်ဆ င်းဆင်းရဲရဲနေရစဉ်ငယ်ကျွန်နှစ်ယောက်ပဲရှိတယ်။ ခေင်ညိုနဲ့ဘခင်တဲ့။ အဲဒီနှစ်ယောက်ကနတ်ကန္နားပွဲတွေကိုလိုက်ပြီးညှင်မှုတ်တယ်၊ ကတယ်၊ ဆိုတယ်။ အဲဒီကရတဲ့ငွေကြေးနဲ့အရှင်သခင်မင်းဆွေကိုလုပ်ကျွေးကြတယ်။

အဲဒီလိုပါပဲ။ မင်းသားမောင်ဝိုင်းကိုကျော်ရွှေနဲ့မြတ်ထင်ကလှေထိုးလိုက်ပြီးလုပ်ကျွေးတယ်။ မန်ကျည်းရွက်ခူးရောင်းပြီးလုပ်ကျွေးတယ်။ ပေါ်ဦးကတော့အရှင်သခင်အနားမှာနေပြီးတရားစကားတွေဆွေးနွေးလျှောက်ထားပြီးအိမ်မှုကိစ္စဗဟုဳရတွေဆောင်ရွက်ရတာပေါ့။

အဲဒါကြောင့်မောင်ဝိုင်းဘုရင်ဖြစ်လာတဲ့အခါဦးကျော်ရွှေ ၊ ဦးမြတ်ထင်တို့ကိုလက်ရုံးနဲ့အမှုထမ်းခိုင်းပြီးဦးပေါ်ဦးကိုသူ့အရည်အချင်းအရအပါးတော်မှာထာ းတာပေါ့။

ရှေးတုန်းကထေရဝါဒဗုဒ္ဓဘာသာဝင်မြန်မာတွေအနေနဲ့သူတစ်ပါးရဲ့ကျေးဇူးကိုမစွပ်ဘူး၊ ကျေးဇူးသိတတ်တယ်။ ကျေးဇူးတုန့်ပြန်တာဟာမင်္ဂလာတစ်ပါးပေပဲကိုး။ ဘိုးတော်ဘုရားလဲသူ့ကျေးဇူးကိုအလွန်သိတတ်တယ်။

တစ်ခါမှာတော့မင်းသားမောင်ဝိုင်းအနေနဲ့ဇေယျာပူရစစ်ကို င်းဘက်ကိုသွားဖို့ကိစ္စတစ်ခုပေါ်လာတယ်။ ဒါကြောင့်ပစ်ဆိပ်ကိုလာပြီးကူးတို့စောင့်နေရတယ်။ အဲဒီအခိုက်မှာသာချင်းဆရာကြီးဦးအောင်ဖြိုးနဲ့တွေ့တာကလား။ သာချင်းဆရာဆိုတာကအရပ်တကာလည်ပြီးဇာတ်၊ နိပါတ်၊ ပုံပြင်တွေကိုကာရန် နဘေတွေနဲ့ဟောပြောသူပေါ့။ စာတတ်သူနည်းပါးတဲ့ခေတ်၊ စာတတ်ပေမဲ့ဖတ်ရှုစရာပေပုရပိုက်ရှားတဲ့ခေတ်ပေကိုး၊ ဒါကြောင့်အဲဒီလိုနယ်လှည့်ဟောပြောသူကိုတရိုတသေ တလေး

တစားနဲ့ကျွေးမွေးကြနေရာထိုင်ခင်းပေးကြတယ်။ သူဟောပြောတာကိုဂရုတစိုက်နာယူမှတ်သားကြတယ်။

အဲဒီသာချင်းဆရာဦးအောင်ဖြိုးကမျက်မမြင်ကြီးပါ။ သူကမင်းသားမောင်ဝိုင်းကိုငွေခွက်တစ်ခွက်လက်ဆောင်ပေးတယ်။ ငွေခွက်ဆိုတာငွေပြားပါပဲ။ အဲဒါကိုဖြတ်တောက်ပြီးအသပြာငွေကြေးအဖြစ်သုံးစွဲကြတယ်လေ။ မျက်နှာငယ်တဲ့အိမ်နိမ့်စံမင်းသား။အဲဒီမှာမေးစရာရှိတယ်။ ရှင်ဘုရင်သားဟာမင်းသားပဲ၊ မျက်နှာငယ်ရသေးသလားလို့။ ဟုတ်ပါတယ်။ ဆင်းရဲသားတွေကြားမှာတော့မင်းသားဆိုပြီးအရေးတယူရှိသေကြပေမယ့် ရွှေနန်းတော်ကြီးမှာဘုရင်အရေးပေးမှမျက်နှာကြီးတာကလား။

မျက်နှာကြီးဖို့ကလည်းအကြောင်းအမျိုးမျိုးရှိတယ်လေ။ သူပုန်သူကန်တွေကိုစွမ်းစွမ်းတမံနှိမ်နင်းနိုင်သလား။ ကျူးကျော်လာသူတိုင်းတစ်ပါးကရန်သူကိုရှုပ်ရှုပ်ချွန်ချွန် ချေမှုန်းနိုင်သလား၊ အဲဒီလိုဆိုရင်မျက်နှာကြီးပြီးစားကျေးစားလက်တွေအများကြီးရမယ်။ ရာထူးဂုဏ်ထူးတွေလဲအဆင့်ဆင့်အထပ်ထပ်ပေါ့။ သို့ပေမယ့်...အဲဒီလိုအစွမ်းပြဖို့ကလဲဘုရင်မင်းမြတ်ရဲ့ယုံကြည်မှုကိုခံရပါဦးမှ။ ဘုရင်မင်းမြတ်ကမယုံမကြည်လို့တာဝန်မပေးရင်ဘယ်လိုလုပ်ပြီးအစွမ်းပြမည်နည်း။ ဘယ်ပုံမျက်နှာကြီးခွင့်ရမည်နည်း။ အဲဒါကြောင့်မင်းသားမောင်ဝိုင်းအနေနဲ့အမြောက်စားမခံရ လို့မျက်နှာကိုမရှိရှာဘူး။ ဘုရင့်အပါးခစားနေသူတွေကလည်း ဘုရင့်မျက်နှာကိုပဲကြည့်နေတာကလား။ ဘုရင်ကြည်သာတဲ့ပုဂ္ဂိုလ်ဆိုရှိဦးတဖျားဖျားနဲ့ပေါ့။ဘုရင်အရေးမလုပ်သူကိုတက်နင်းချင်ချင်ပဲ။ ဘုရင်ဘာပြောသလဲနားမစွင့်နဲ့။ မင်းမြှောင့်တွေရဲ့မျက်နှာကိုကြည့်ရင်သိသာတယ်လေ။

မင်းသားမောင်ဝိုင်းမှာအနေအထိုင်လဲဆင်ခြင်ရသေးတယ်။ မင်းမြှောင့်စိုးကပ်တွေကကုန်းချောလို့ ဘုရင့်နားဝင်သွားရင်ရာဇဝတ်တော်တောင်သင့်နိုင်တယ်မဟုတ်လား။ အဲဒီလိုမျက်နှာငယ်ငယ်နဲ့ ညှိုးညှိုးနွမ်းနွမ်းဆင်းဆင်းရဲရဲနေရတုန်းမှာရတဲ့လက်ဆေ ာင်ဟာတစ်ကျပ်တန်ဖြစ်ချင်ဖြစ်မယ်။ မင်းသားမောင်ဝိုင်းအတွက်လက်ဆောင်တော်အဆက်ခံရတဲ့ဂုဏ်ဟာတစ်သိန်းမကတန်တာကလား။

ဒါကြောင့်သူဘုရင်ဖြစ်လာချိန်မှာသာချင်းဆရာဦးအောင်ဖြိုးကိုနန်းတွင်းခေါ်ပြီးမြှောက်စားထားတယ်။ မူးမတ်တွေကိုမျက်မမြင်ကိုနန်းထဲထားတာမင်္ဂလာမရှိပါဘူး။ ပေးကမ်းထောက်ပံ့ပြီးအပြင်မှာနေပါစေလို့လျှောက်ထားတာကိုလက်မခံဘူး။ အဲဒီလိုကျေးဇူးသိတတ်တဲ့ဘိုးတော်မင်းတရားအနေနဲ့ ဦးပေါ်ဦးကိုအရေးပေးတာမဆန်းပါဘူး။ ဆင်းရဲချိန်၊ မျက်နှာငယ်ချိန်မှာအနှံ့တာခံပြီးအမှုထမ်းခဲ့သူဖြစ်တယ်။ အမှုထမ်းတယ်ဆိုပေမယ့်လစာရိက္ခာတစ်ရွေးမှရတာမဟုတ်ပါဘူး။ ကိုယ်ကတောင်ရှာဖွေကျွေးရတာ။

ဒါတွေကိုပြန်လည်သုံးသပ်ပြီးမှဦးပေါ်ဦးပြောတာဆိုတာတော့ကိုဘိုးတော်ဘုရားခွင့်လွှတ်တာကိုသဘောပေါက်မယ်။ အခြေအမြစ်ကိုမသိရင်တော့ဘုရင်ကိုမထီမဲ့မြင်ပြောတာတွေမ လွန်ဘူးလားလို့ထင်စရာပါပဲ။ ဘုရင်မင်းမြတ်အလိုလိုက်တဲ့အတွက်ဦးပေါ်ဦးအပြောလွန်ဖူ းတယ်။ တစ်ခါတည်းငှက်ဖျားထူပြောတဲ့သီနှိဘက်ကိုအပို့ခံရတယ်။ ဦးပေါ်ဦးရဲ့မင်းပေးဘွဲ့ကသတိုးမင်းကြီးမဟာသုဓမ္မရာဇကျော်ထင်ဝန်ရှင်တော်ယောမြို့စားအမတ်ကြီးဖြစ်တယ်။ အဲဒီအမတ်ကြီးရဲ့စကားအလင်္ကာတွေကိုရှေ့မှာစတင်ဖတ်ရှုရပါတော့မယ်။ ရယ်ရပြုံးရ မှတ်သားရ သံဝေဂယူရပါတော့မယ်။

# ရေထဲကဆင်ခြေရာ

'ကိုယ်တော်ရှင်မြတ်ငြိးငွေ့တော်မူသတဲ့၊ ဟဲ့ ....ပေါ်ဦး ၊ ယုံတမ်းစကားတစ်ပုဒ်၊ ယုတ္တိယုတ္တာလည်း ရှိပါစေပေ့ါဟဲ့။ ကိုယ်တော်ရှင်မြတ်အငြိးတော်ပြေအောင်တင်စမ်းလဟယ်။ '

တစ်ခုသောနေ့မှာအတွင်းတော်၌ဘုရင်မင်းမြတ်စံတော်မူတုံးဘုရင်မင်းမြတ်ကမိန့်တော် မူသည်။ မိဖုရားကြီးမှာလည်းအပါးတော်တွင်ရှိနေသဖြင့်ဦးပေါ်ဦး ‌းအားမျှော်လင့်တကြီးပြုံးပြီးကြည့်နေတော်မူသည်။

'မှန်လှပါ။ ကျွန်တော်မျိုးရွှေနန်းတော်ကိုအခစားဝင်ဖို့အလာ၊ မြစ်ထဲမှာဆင်ခြေရာကြီးမျောလာတာ မြင်ခဲ့ပါတယ် ဘုရား။' ဦးပေါ်ဦးကအလျင်အမြန်လက်အုပ်ချီတည့်ပြီးယုံတမ်းစကားက ိုစတင်တင် လျှောက်လိုက်တယ်ဆိုရင်ပဲ.....'ယုတ္တိရှိစေရမယ်လို့ပြောထားတယ်ဟယ်' မိဖုရားကြီးကဝင် ရောက်သတိပေးတယ်။

'မှန်လှပါ၊ အမှန်တကယ်ရေထဲမှာဆင်ခြေရာကိုမြင်ခဲ့ရတာဖြစ်ကြောင်းပါ ဘုရား'

'ယုတ္တိမရှိပါဘူးပေါ်ဦးရာ' ဘုရင်ကြီးကညည်းတွားသံနဲ့ပယ်ချတယ်။

'ယုတ္တိအလွန်ရှိကြောင်းပါဘုရား။ ရေထဲမှာကျွန်တော်မြင်ခဲ့ရတဲ့ဆင်ခြေရာဟာတခြားမဟုတ်ပါဘူး ဘုရား၊ အရှင်မင်းကြီးစီးတော်မူတဲ့နိဗ္ဗာနပစ္စယနာဂဆဒ္ဒန်ဆင်ဖြူတော်ကြီးခြေရာဘုရား'

'မောင်မင်းစကားလွန်လာပြီပေါ်ဦး၊ ဆင်ခြေရာဟာလယ်လိုလုပ်ပြီးရေထဲမှာပေါ်နိုင်မှာလဲ၊ နင်တင် သလိုဆိုရင်ငါ့ဆင်ဖြူတော်ကြီးကမြစ်ရေပေါ်မှာလမ်းလျှောက် နိုင်သလိုဖြစ်မနေဘူးလား။'

'အရှင့်ဆင်ဖြူတော်ဟာရေထဲမှာလမ်းလျှောက်နိုင်မလျှောက်နိုင်ကိုတော့ကျွန်တော် မျိုးမသိပါဘုရား၊ မသိပေမဲ့ဆင်ဖြူတော်ရဲ့ခြေရာကြီးမြစ်ထဲမှာမျောလာတာကို မြင်ခဲ့ရတာအမှန်ပါဘုရား'

'ရှုပ်သည်ထက်ရှုပ်လာအောင်မလုပ်နဲ့မောင်မင်း၊ယုတ္တိရှိရှိနဲ့ရှင်းစမ်းဟဲ့'မိဖုရားကြီးကပါဝင်ပြီး ထောက်ရချေပြီ။

'ရွှေနားဆင်တော်မူပါဘုရား၊ ဆင်ဖြူတော်ကြီးထားရာဆင်နန်းတော်အမှုထမ်းများဟာဆင်ဖြူတော် ကြီးအညစ်အကြေးစွန့်လျှင်စွန့်ချင်းမကျုံးမိပါဘုရား။ ဒါကြောင့်ဆင်ဖြူတော်ကြီးကနင်းတဲ့အခါ ခြေရာထင်သွားပါတယ်ဘုရား။ ဆင်ခြေရာထင်နေတဲ့မစင်ပုံကြီးခြောက်သွေ့သွားတော့မှဆင် မှူ ထမ်းများဟာဆင်ချေးပုံကိုဖယ်ရှားနိုင်ပါတယ်ဘုရား။ ဒီအခါမှာဆင်ခြေရာထင်နေတဲ့ဆင်ချေးပုံ အခြောက်ကြီးဟာမြစ်ထဲကိုပုံမပျက်အချပ်လိုက်ရောက်သွား၊ ပေါလော–ပေါလောနဲ့မျောအလာမှာ ကျွန်တော်မျိုးမြင်ရတာမို့ဆင်ခြေရာရေထဲမှာမြင်ခဲ့ရကြော ာင်းလျှောက်ထားတာပါဘုရား'

'နင်ပြောလိုက်မှဖြင့်အဆန်းချည်းပဲ၊ ဆင်ခြေရာများရေပေါ်မှာပေါ် သတဲ့၊ အင်းမှတ်ထားကြပေတော့' ဘုရင်မင်းမြတ်ပြုံးစေ့စေ့ပြောတော်မူတဲ့အဆုံးမှာတော့ ၊ ခစားနေတဲ့မောင်းမမိသံမှူးမတ်တွေ အုံးခနဲရယ်မောကြလေရဲ့။

× × × × × × × × × × × × × × × × × × × × × × × ×

# သံဆင်းတုတော်ပြုလုပ်ခြင်း

မဟာဓေယျသူရသခ်ယာဘွဲ့ခံနာခံတော်ဦးပေါ်ဦးအနေနဲ့နေရာနဲ့အ ချိန်ကာလကိုသိတယ်။ ပျော်စရာရွှင်စရာရယ်စရာမောစရာများကိုနေရာတကာမှာမပြောပ ါဘူး။ များသောအားဖြင့်အတွင်းတော်မှာပဲပြောတာများပါတယ်။

အတွင်းတော်ဟာညီလာခံမဟုတ်ဘူးလေ။ သာသနာတော်အရေးနဲ့တိုင်းရေးပြည်ရေးတွေအလေး အနက်တင်လျှောက်ဆွေးနွေးတဲ့ညီလာခံမှာအတွင်းဝန်၊ ဝန်ထောက်၊ ဝန်ကြီး၊ နာခံ၊သံဆင့် စာရေးတော်ကြီးနှင့်ဝန်စာရေးစသည်များဖြင့်အများကြီးပါ တာပဲ။ အဲဒီနေရာမှာများသောအားဖြင့် ဦးပေါ်ဦးကအတည်အတန့်အခန့်စကားတွေတင်တာများပါတယ်။ အတွင်းတော်ကတော့ မိဖုရားကြီးနဲ့မိဖုရားငယ်တွေရှိတယ်။ သားတော်သမီးတော်တစ်ချို့ရှိတယ်။ အတွင်းဝန်တစ်ပါး တစ်လေနဲ့ဦးပေါ်ဦးဒါလောက်ပါပဲ။ ဘုရင်မင်းမြတ်လွတ်လပ်အေးချမ်းစွာနေတဲ့အချိန်လို့ဆို ရမယ်လေ။ အခုတင်ပြမှာကလည်းအတွင်းတော်မှာပါပဲ။

ဘိုးတော်မင်းတရားအနေနဲ့အညောင်းဆန့်တော်မူရင်းကဦးပေါ် ဦးကိုလှမ်းကြည့်သည်။ ‘ဒီကောင် မဖြေတတ်တဲ့ကပ်သီးကပ်ဖဲ့တစ်ခုတော့မေးဦးမှပဲ’စိတ်ကူးေ တာ်မူတယ်။ အနားမှာကိစ္စတစ်ခု နဲ့ရောက်နေတဲ့မဟာဒါန်ဝန်ကိုငဲ့ကြည့်ပြီးမှဦးပေါ်ဦးကိုမေးတော်မူသည်။

‘ဟဲ့ ပေါ်ဦး၊ ရှေးအထက်ကျော်ကာရီကဘုရင်မင်းမြတ်များဟာမြတ်စွာဘုရားဆင်းတုတော်များ ထုလုပ်ကိုးကွယ်တဲ့အခါမှာငါတွေ့ဖူးသလောက်တော့ရွှေ၊ ငွေ၊ ကြေးဝါ၊ လောတာ၊ သစ်သား၊ အင်္ဂတေပဲဟဲ့။ သံနဲ့သွန်းလုပ်ကိုးကွယ်တဲ့စေတီရုပ်ပွားတော်ရယ်လို့မေ ာင်မင်းကောတွေ့ဖူးသ လား’ ‘ဘယ်ပေ၊ ဘယ်ပုရပိုက်မှာမှမတွေ့ဖူးကြောင်းပါဘုရား’

‘သို့ပါလျက်ကိုယ်တော်မြတ်နန်းတော်ကျွန်းအရပ်မှာတည်ထားတ ့ကောင်းမှုတွေထဲမှာသံနဲ့သွန်း လုပ်တဲ့နိမ္မိရုပ်ပွားတော်များပါနေတယ်ဟဲ့’

‘ကျွန်တော်မျိုး၊အသိဖြစ်ကြောင်းပါဘုရား’

‘အဲဒါလုပ်ကောင်းရဲ့လားဟဲ့’

‘လျော်ကန်သင့်မြတ်သဖြင့်လုပ်ကောင်းကြောင်းပါဘုရား’ဘုရ င်ကစိတ်ပျက်ဟန်ဖြင့်ခေါင်းခါတယ်။

‘မောင်မင်းကိုကြည့်ရတာမင်းလိုလိုက်မင်းကြိုက်ဆောင်တဲ့ ကပ်ပါးအမတ်နဲ့တူပါတယ်။ ပညာရှိ အမတ်နဲ့မတူပါဘူး။ ’

‘မှန်လှပါ…သံဖြင့်သွန်းလုပ်ခြင်းဟာသီဟိုဠ်နမက္ကာရကြီးဘုရားရှိခိုးနှင့်ကိုက်ညီတဲ့အတွက်လျော် ကန်တယ်ထင်ရခြင်းဖြစ်ပါတယ်ဘုရား၊’ ‘ တင်စမ်းဟဲ့၊နင့်သီဟိုဠ်နမက္ကာကြီးကို’ဘိုးတော်ဘုရား စိတ်ပါဝင်စားဟန်အမူအရာပြတယ်ဆိုရင်ပဲဦးပေါ်ဦးတင်လျှောက်ပုံကတော့… ………..

‘မှန်လှပါ၊ ဘုရားရှိခိုးထဲမှာ သံဗုဒ္ဓေ အဌဝီသဉ္စလို့ပဲပါပါတယ်ဘုရား၊ ကြေးဗုဒအဌဝီသဉလို့မပါ ကြောင်းပါဘုရားရယ်’ လို့ဖြစ်ပါတယ်။

ဒီအခါမှာဘုရင်သဘောကျပြီးကြံ့ကြံ့ဖန်ဖန်လျှောက်တတ်ပလေဆို တဲ့သဘောနဲ့ပြုံးတော်မူတယ်။ ဘုရင်ပြုံးတဲ့အခါမှမဟာဒါန်ဝန်အပါအဝင်ကျန်ပုဂ္ဂိုလ်တွေက‘ဟုတ်ပေတယ်’လို့ရယ်သံစွက်ပြီး ထောက်ခံကြတယ်။

# ပေါ်ဦးတို့လုပ်လိုက်မှဖြင့်

'ပေါ်ဦးတို့လုပ်လိုက်ရင်ဒီလိုချည်းပဲ' လို့ပြောစမှတ်တွင်သောအခြင်းအရာတစ်ရပ်ဖြစ်ပွားခဲ့ဖူးတ ယ်၊ ဣန္ဒြေကြီးသူများတောင်ပြုံးစေ့စေ့မဖြစ်ဘဲမနေနိုင်သောအကြော င်းအရာပါ။ တော်သလင်း၊ မြစ်အတွင်းသင်ဖြူးခင်းတဲ့ကာလလှေသဘင်ပွဲတော်ကျင်းပတဲ့သမယ လေ၊ မှတ်မှတ်ရရမြန်မာသက္ကရာဇ်(၁၁၇၂)ခုနှစ်၊ တော်သလင်းလပေါ့၊ အဲဒီလလဆန်း(၁၂)ရက်နေ့မှလပြည့်နေ့အထိကျင်းပတဲ့လှေသဘင်ပွဲတော်ကြီးပေါ့။ မြန်မာဘုရင်ရေတပ်မတော်သားတွေလက်ရုံးစွမ်းရည်ပြသချိန် ပဲပေါ့။ မင်းညီမင်းသားမင်းမြေးဗိုလ်မှူး ဗိုလ်မင်းတို့လည်းသူ့အစုနဲ့သူပြိုင်ဆိုင်စွမ်းပကားပြ ကြတယ်။ ဒီပွဲမှာထူးချွန်ရင်ဘုရင်မင်းမြတ်သတိမမူဘဲမနေနိုင်ဘူး။

ဒါကြောင့်ဆိုင်းသံတခြိမ့်ခြိမ့်နဲ့ကမ်းလုံးညွတ်အောင် စည်းကာတဲ့ကာလကြီးပေါ့။ ရေမြေ့သခင်ဘုရင်မင်းမြတ်လည်းမှူးမတ် ဗိုလ်ပါဝန်ကြီးအတွင်းဝန် ဝန်ထောက်တော်များစုံအညီနှင့်ထွက်တော်မူလာတယ်။ မြစ်အတွင်းမှာရှိတဲ့ 'ရေနန်းစကြာရတနာဖောင်တော်' မှာစံမြန်းတယ်။ လှေပွဲသဘင်ကိုရှုစားတော်မူတယ်။ အဲဒီလိုရှုစားတော်မူရင်းက.....

'ပေါ်ဦး၊ နှစ်စဉ်နှစ်တိုင်းအခုလိုအခါရောက်ရင်ငါ့လှေနဲ့မိဖုရား ကြီးရဲလှေပြိုင်တိုင်းငါ့လှေချည်းရှုံးရှုံးနေတယ်ဟဲ့'လို့မိန့်တော်မူပါလေရော။

'ကျွန်တော်မျိုးအသိဖြစ်ကြောင်းပါဘုရား'

'အဲဒါဟယ်...ဧကရာဇ်မင်းမြတ်ရဲ့လှေတော်ကမိဖုရားလှေကိုရှုံးလှခ ျည်လားလို့တိုင်းသူပြည်သားဆင်းရဲသားကျွန်တော်မျိုးများပြက်ရယ်ပြုတာခံရတဲ့အတွက်ရှ က်ဖွယ်ပဲမောင်မင်း၊ မိဖုရားကြီးရဲ့လှေတော်ကိုနိုင်နိုင်မယ့်နည်းလမ်းမရှိဘူးလားမောင်မင် း'

'မှန်လှပါ....လှည်းပြိုင်ပွဲ၊ လှေပြိုင်ပွဲ၊ဆင်ပြိုင်ပွဲ၊ မြင်းပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ စစ်ကစားပွဲ အစရှိသည့်ပြိုင်ပွဲများမှာတာရာနက္ခတ်ကမ္ဘတိဝင်ထွက် အင်းချက်ယတြာဂါထာတို့သည်အစီအရင်မကျွမ်းကျင်ရင်'ရှုံးမှာဧကန်ပါဘုရား။ လောကီသိပ္ပပညာအရာနားလည်ရင်ဖြင့်ပြိုင်ဘက်ကိုမဆိုထားဘိ၊ သိကြားမင်းတားတာတောင်မရပါဘုရား'

'လောကီဝိဇ္ဇာနည်းပညာတွေမောင်မင်းတတ်သိရင်တင်စမ်း' မင်းတရားကြီးကစိတ်ဝင်တစားမိန့်တော်မူတယ်။

'မှန်လှပါ။ ရတနာပူရအင်းဝနေပြည်တော်နဲ့ကေတုမဏီတောင်ငူပြည်ကြီးတို .စစ်ဖြစ်ပွားစဉ်ကပေါ့ဘုရား'

'ဆက်ပြီးတင်စမ်းမောင်မင်း'

'စစ်အင်အားချင်းမတိမ်းမယိမ်းရှိပါသော်လည်းကေတုမဏီတောင ်ငူပြည်ကြီးမှာရုပ်ထားနာမ်ထားယာယီယတြာကောင်းတဲ့ဆရာရှိတဲ့အတွက်အင်းဝတပ်တွေမကြာခဏတပ ်လန့်ပါတယ်ဘုရား'

တပ်လန့်တယ်ဆိုတာဟာရန်သူမလာဘဲလာတယ်ထင်တာ၊ ဆင်တွေမြင်းတွေလွတ်ပြီးရဲမက်တော်တွေကိုတက်နင်း၊ သေကျေအနာတရဖြစ်တာကိုခေါ်တယ်လေ။ မင်းတရားကြီးခေါင်းတညိတ်ညိတ်ရှိတော်မူနေတယ်။ ဦးပေါ်ဦးလည်းဆက်ပြီးတင်တယ်။

'ဒီလိုဖြစ်နေတဲ့အကြောင့်ဘုရင်မင်းမြတ်ရဲ့ရွှေဖဝါးတော် အောက်ကိုအလျှောက်လွှတ်လိုက်ပါတယ်

ဘုရား၊ အင်းဝပြည့်ရှင်ဘုရင်မင်းမြတ်ကလည်း ‘တောင်ဘီလူး’ဆရာအကျော်အမော်ကိုပင့်ပြီး အခြေအနေကိုမိန့်ကြားပါတယ်။’

‘အင်း....အင်းဆက်ပြီးတင်စမ်းဟဲ့’

‘တောင်ဘီလူးအကျော်က ‘အရှင်မင်းမြတ်၊ စိုးရိမ်တော်မမူပါနဲ့၊ တောင်ငူကိုငူတောင်ဖြစ်အောင်ပြန်လိုက်ရင်အောင်နိုင်ပါလိမ့်မယ်လို့တင်လျှောက်တယ်ဘုရား၊ ငူတောင်ဖြစ်အောင်‘ခံတက်ပင်’ ရှိတဲ့နေရာမှာဗိုလ်မှူးတပ်မှူးတွေတဲကန္နားဆောက်နေလိုက်ကြတာတပ်ငြိမ်ရုံမကစစ်ပွဲပါအောင်နိုင်ကြောင်းပါဘုရား’

‘စုံလင်အောင်တင်စမ်း မောင်မင်း’

‘လောကီကျမ်းရိုးလေးဆယ်အဝင်တောင်ဘီလူးကျမ်းမှာပါကြောင် းပါဘုရား၊ ဤသည်ကိုထောက်ရှု၍ယတြာကောင်းပါကအင်းစောင်းပြီးမင်းလောင်းတောင်ပျောက်နိုင်ပါတယ်ဘုရား’

‘ရှင်မိဖုရားလေ့တော်ကိုနိုင်နိုင်မယ့်နည်းရှိသလားဟဲ့’

‘ရှိကြောင်းပါဘုရား’

‘တင်စမ်း မောင်မင်း၊ ဘယ်လိုအစီအရင်တွေနဲ့ဘယ်လိုပြိုင်ရမယ်ဆိုတာသိတော်မူလို့တယ်’

‘ရှိကြောင်းပါဘုရား’

‘တင်စမ်း မောင်မင်း၊ ဘယ်လိုအစီအရင်တွေနဲ့ဘယ်လိုပြိုင်ရမယ်ဆိုတာသိတော်မူလို့တယ်’

မင်းတရားကြီးကအလွန်စိတ်ပါဝင်စားစွာမိန့်တော်မူပေမယ့် ဦးပေါ်ဦးရဲ့တင်လျှောက်စကားက... ‘ဘောင်းတော်ဆိပ်တံတားမှာရေဖောင်လုပ်ထားတဲ့ပိန်းကောကြီ းနဲ့ပြိုင်တော်မူပါဘုရား’ ရယ်လို့ဖြစ်တယ်။ ဘုရင်ကြီးမှာပက်လက်လန်မတတ်ဖြစ်သွားပြီး......‘ဟုတ်မှလဲလုပ်ပါပေါ်ဦးရာ၊ ပေါ့ပါးသွက်လက်တဲ့ရွှေလောင်းတော်အချင်းချင်း ပြိုင်ရာမှာတောင်မနိုင်တဲ့ဟာကိုအအိုအမင်း အဆွေးအမြေ့ပိန်းကောနဲ့ပြိုင်ရမယ်လို့’သံသယစကားနဲ့မိန့်တော်မူတယ်။

‘မှန်လှပါ ဘုရား၊ ပိန်းကောဟာကြာသပတေးနာမ်နဲ့တနင်္လာနာမ်ပါဘုရား၊ ဒီနာမ်နှစ်ခုပေါင်းလိုက်တော့‘ဂဗ္ဗော’ခါတ်ရပါတယ်။အရှင်မင်းကြီးလည်းတနင်္လာသားဘုရား၊ မင်းထက်မင်းဖြစ်တော်မူတဲ့အတွက် ‘မင်း’ကလည်းကြာသပတေးဘုရား၊ အဲဒီတော့ဂဗ္ဗောခါတ်ပဲမဟုတ်လားဘုရား’ ယုံရအခက်မယုံရအခက်နဲ့မင်းတရားကြီးဖြစ်နေတော်မူဆဲမှာဦးပေါ်ဦးကဆက်ပြီးတင်လျှောက်ပုံက ဒီလိုလေ။

‘အရှင်ခမည်းတော်ဘုရားလက်ထက်တော်တွင်ဆရာတော်ဆက်သွင်းတဲ့ ပဲခူးနိုင်မော်ကွန်း’မှာခါတ်ဖက်ရန်ဆောင်တန်ခိုးပြောင်သည်ကုန်းဘောင်ဖူးညွန့်ဝေဖြိုးတည်းလို့ဆိုတာထောက်တော်မူပါဘုရား’

မင်းတရားကြီးလဲစဉ်းစားတော်မူစဉ်ဦးပေါ်ဦးကရေပက်မဝင်အောင်ဆက်လက်ရှင်းလင်းတင်လျှောက်ပြန်တယ်။ ‘ဒီအရာမှာအရှင့်ခမည်းတော်အလောင်းမင်းတရားကြီးဟာနံတော်သောကြာဘုရား၊ တစ်ခါသူ့ရဲကောင်းတွေထဲမှာလည်း‘ငတွန်’ဟာစနေဖြစ်တဲ့အတွက်သောကြာနဲ့စနေဟာဘုတာဆိုတဲ့ ရန်ဖက်ဖြစ်သွားပါလေရောဘုရား’

အရှင့်ခမည်းတော်သောကြာသားကစစ်သူကြီးငတွန်ဆိုတဲ့စနေန ကိုလက်သုံးထားပြီးလုပ်ကြံတော်မူသည့်အတွက်လက်နက်နိုင်ငံအလုံးကိုပိုက်ကျုံးတော်မူမိကြောင်းဆင်ခြင်တော်မူပါဘုရား'

ဘုရင်မင်းမြတ်ကမယုံကြည်ဟန်ဖြင့်–
'ပေါ်ဦး၊ ဟုတ်ရင်တော်ဟဲ့၊ မဟုတ်ရင် ပုစွန်ကြီးနှစ်ခါလျှော်ဖြစ်မယ်မောင်မင်း' လို့မိန့်တော်မူတယ်။ ဦးပေါ်ဦးကလည်းအာတွေ့ပြီဆိုရင်စကားတွေတသီကြီးထွက်လာတ ာကလား။

'စိုးရိမ်နှောင့်လို့ကြောင့်ကြတော်မူပါနဲ့ဘုရား။ ပြိုင်မယ့်အချိန်ဟာအချိန်ကောင်းပါဘုရား။ ဘာကြောင့်လဲဆိုတော့အောင်ချမ်းသာရှာလျှင်ဖွားဇာတိဖြစ်တဲ့ဣန္ဒာစရိယဆရာပြုစုစီရင်အပ်သောလေတ္တာဓာတုကျမ်းမှာဆိုထားတာရှိပါတယ်ဘုရား'

'ဘယ်လိုတဲ့လဲ တင်စမ်းပါအုံးဟဲ့'

'ပဥ္စနိကော၊ မွန်းတည့်ချိန်၌၊ ကတော၊ ပြုစီရင်အပ်သည်ရှိသော်၊ သဗ္ဗကိစ္စန၊ ခပ်သိမ်းကုန်သောအမှုကိစ္စတို့ကို၊ ဇယန္တိ၊ အောင်နိုင်ကုန်၏– ပါတဲ့ဘုရား၊ တစ်ဖန်တုံ မွန်းတည့်ချိန်ခါဆောင်ရွက်ပါမှုသဗ္ဗာကိစ္စပြီးပြီးရ၏ဆိုတဲ့စကား၊ အချိန်ကောင်းစွာအခါရမှု၊ သီဟဇ္ဈကွေကေသရာကိုရေမှာပျော်မြူးဖားနိုင်ဖူး၏ဆိုတဲ့စကားများအရမှုချနိုင်မှာပါဘုရား'

ဘေးတွင်ရှိနေတဲ့အမတ်တွေ၊ ရဲမက်ဗိုလ်ပါတွေခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါကြဘူး။ သူတို့ကျွန်အရှင်ပြောတာကိုနားနဲ့ပဲထောင်နေကြတယ်။ အဲဒီနောက်မှာပိန်းကောကြီးကိုဖြုတ်ယူပြီးဖောင်တော်ဆိပ်မှာမိဖုရားကြီးပြိုင်လှေနဲ့ယှဉ်ထာ းတယ်။ လှေတော်သားတွေလည်းဝတ်စားတန်ဆာစုံလင်စွာနဲ့တက်တပြင်ပြင်အသင့်ဖြစ်နေကြပြီ။ ဦးပေါ်ဦးပြောတဲ့မွန်းတည့်ချိန်လည်းရောက်ရောငွေမောင်းဆော်ပြီးအချက်ပေးလိုက်တယ်။

မိဖုရားပြိုင်လှေတော်အနေနဲ့အမြောက်ထဲကထွက်သွားတဲ့ကျည ်ဆန်လိုဝုန်းခနဲထွက်သွားတယ်။ မင်းတရားကြီးရဲ့ပိန်းကောလှေကတော့သူအိုသူနာအိပ်ရာကထလာ သလိုတလှုပ်လှုပ်ပေါ့။ လှေနှစ်စင်းအပြတ်အသက်ကွာနေတာကိုမြင်တော်မူတဲ့ဘိုးတော်မင ်းတရားက–'ဟဲ့ပေါ်ဦး၊ နင်ပြောတော့နိုင်ရစေမယ်ဆိုဟဲ့၊ နင့်စကားကိုယုံမိလို့ကိုယ်တော်ရှင်မြတ်အရှက်ရပြန်ပြီ ကော'လို့မိန့်တော်မူတယ်။ အဲဒါကိုဦးပေါ်ဦးကဘယ်လိုတင်တယ်မှတ်သလဲ။

'မှန်လှပါ။ ဒါဟာအားငယ်စရာမဟုတ်ပါဘုရား။ အရှင်မိဖုရားခေါင်ကြီးရဲ့လှေတော်က'ပန်း'ဆွတ်သွားပေမယ့်၊ အရှင့် 'ပိန်းကောမ'ကြီးဟာမရှုံးဘူးဘုရာ့၊ နိုင်ခြင်းတစ်မျိုးပါဘုရား'

'သယ်....မောင်မင်းပိန်းကောမကြီးကနောက်ကလိုက်နေရတာပဲ နိုင်ခြင်းတစ်မျိုးဟဲ့၊ လာလာချေသေး ၊ နောက်ကျပြီးရှုံးနေတာကိုအများဗိုလ်ပါသောသောညံအောင်ရယ် မောနေပါလျက်နင့်နိုင်ခြင်းတစ်မျိုးတဲ့၊ နင်ရူးနေသလား။'

မယှဉ်နိုင်တဲ့ပြိုင်လှေနဲ့ဝန်တင်လှေပိန်းကောပြိုင်ကတ ည်းကရယ်မောနေကြပါပြီ။ ရှုံးမှုရယ်မောတာမဟုတ်ပါဘူး ။ ဦးပေါ်ဦးကလည်းအမေလိုနေတဲ့မိဖုရားခေါင်ကြီးရှုံးရင်အမ ာန်အမဲအငေါက်အငန်းခံရမှာစိုးလို့တမင်လုပ်တာပါ။ ဒါကိုမင်းတရားကြီးကရောမသိဘဲနေပါ့မလား။

သိပါလျက်နဲ့အလိုတူအလိုပါလုပ်စေခွင့်ပြုပြီးမှတမင်အပြ စ်တင်ဟန်ပြုတာပါ။ အဲဒီတော့လည်းဦးပေါ်ဦးမှာအသင့်ပြင်ထားတဲ့စကားရှိနေပါတယ်။

ရဲမက်ဗိုလ်ပါပရိသတ်တို့ဟာအသိအမြင်အဆင်ခြင်တရားနည်းပါးလို့ရယ်မောကြတာပါဘုရား။

အခုအရှင်မင်းမြတ်ရဲ့ပန်းကောလှေကြီးကနောက်မှရောက်နေတာဟာကျွဲ၊ နွား၊ မြင်း၊ ဆင်တွေမှာ ရှုံးတဲ့သတ္တဝါကရှေ့ကထွက်ပြေးပြီး၊ နိုင်တဲ့သတ္တဝါကနောက်ကလိုက်ပြီးဖမ်းသလိုခတ်သလိုပါပဲ ဘုရား၊ ဒါကြောင့်အရှင့်ပိန်းကောမကြီးနောက်ကလိုက်နေတာဟာ'ကျွဲနိုင်နွားနိုင်'နိုင်လို့သာအခုလို လိုက်နေတယ်မှတ်တော်မူပါဘုရား'

'တော်စမ်းဟယ်၊ နင့်စကားယုံမိလို့ဒီနှစ်လည်းရှုံးရပြန်ပြီ၊ မင်းတရားကြီးကမာန်သာမာန်တယ်၊ အပြုံးနဲ့ ၊ ဒီတစ်ခါမှာခစားနေတဲ့' အမတ်များကလည်းသောသောညံအောင်ရယ်မောကြတော့တာ ပေါ့။

× × × × × × × × × × × × × × × × × × × × × × × ×

# ခါးတောင်းတကျားကျားဖြင့်

အမတ်ကြီးဦးပေါ်ဦးဟာဘဝရှင်မင်းတရားနဲ့မိဖုရားခေါင်ကြီးရှေ့တွင်စလွယ်လွယ် ပြောင်းနားတောင်းများကိုချွတ်သည်။ ပုဆိုးကိုကျကျနနလိမ်ကျစ်ပြီးခါးတောင်းကျိုက်တယ်။ လှိုင်းကြက်ခွပ်တဖျပ်ဖျပ်မြူးနေတဲ့မြစ်ပြင်ဆီကိုပြေးသွားတယ်။ အချိန်အခါကတော့ဘိုးတော်မင်းတရားကြီးနဲ့အရှင်မိဖုရားကြီးတို့ဘုရားဖူးထွက်တော်မူကြအချိန်လေ။ ဖူးတဲ့ဘုရားကဧရာဝတီမြစ်ကမ်းမှာကိန်းဝပ်စံပယ်တဲ့ရွှေကြက်ကျနဲ့ရွှေကြက်ယက်ဘုရားများဖြစ်ကြတယ်။ ဘုရားဖူးအပြီးမှာမင်းတရားကြီးဟာရွှင်လန်းကြည်လင်နေတယ်။ ဒါကြောင့်ဦးပေါ်ဦးကိုလှမ်းလင့်မေးတော်မူတယ်လေ။

'ဟဲ့ ပေါ်ဦး၊ ဒီမြစ်ကိုဟိုဘက်ကမ်းရောက်အောင်နင်ကူးနိုင်ပါ့မလား' မြစ်ရေပြင်ကိုလက်ညှိုးထိုးပြတော်မူတော့ဦးပေါ်ဦးကရေပြင်ကိုလှမ်းကြည့်ပြီးမှဖြေတယ်။

'ဒီမြစ်ကိုမပြောနဲ့ ဒါ့ထက်ကျယ်တဲ့မြစ်ကိုတောင်ကူးနိုင်ပါတယ်ဘုရား'

'ကဲ.....ဒါဖြင့်ကူးပြစမ်းဟယ်'

အဲဒါလို ဘဝရှင်မင်းတရားကြီးကမိန့်တော်မူလိုက်တဲ့အတွက်အမတ်ကြီး အနေနဲ့ခါးတောင်းတကျားကျားနဲ့မြစ်ကမ်းကိုပြေးသွားတာပါ။ဒါပေမယ့်ဦးပေါ်ဦးအနေနဲ့လည်ဆန့်ပြီးကြည့်တယ်။ မြစ်ကမ်းတစ်လျှောက်ဟိုပြေးဒီပြေးပြေးနေလေရဲ့။ ဦးပေါ်ဦးလျှောက်ပြေးလိုက်၊ ရပ်မျှော်ကြည့်လိုက် အကြာကြီးလုပ်နေဆဲမှာမင်းချင်းတစ်ယောက်အပြေးရောက်လာတယ်။

'မင်းတရားကြီးအခေါ်တော်ရှိကြောင်းပါဘုရား'

ခါးတောင်းကျားကျားနဲ့ဦးပေါ်ဦးဟာဘိုးတော်မင်းတရားရှေ့တော်ကိုပြန်ရောက်လာတယ်။ အောက်ပိုးကျိုက်ထားတာဖြုတ်ပြီးရိုသေစွာဒူးတုတ်ခစားတယ်။

'ဟဲ့.....ပေါ်ဦး၊ ဟိုဘက်ကမ်းကိုကူးမယ်ဆိုပြီးကမ်းနားမှာဘာပြုလို့လျှောက် ပြေးနေရတာလဲ'

'ဟိုဘက်ကမ်းကိုကူးဖို့လှေရှာနေတာပါဘုရား'

'ဟဲ့....မောင်မင်း၊ ပြန်တင်စမ်းဟ'

'ကျွန်တော်မျိုးတောင်ပြေး မြောက်ပြေးလျှောက်ပြေးနေတာဟာလှေရှာနေတာဖြစ်ကြောင်းပါဘုရား'

မင်းတရားကြီးမှာရင်ဘတ်ကိုဖိထားမိတယ်။

'အနို့၊ ခုနတုန်းကမောင်မင်းတင်တော့ဒီမြစ်လောက်မပြောနဲ့ .... ဒါ့ထက်ကျယ်တဲ့မြစ်ကိုတောင်ကူးနိုင်တယ်ဆိုဟဲ့'

'အဲဒါကြောင့်လှေရှာနေတာပါ ဘုရား'

'ဖြစ်ရလေ ပေါ်ဦးရယ်၊ မောင်မင်းလိုတော့လှေနဲ့ကူးတာလူတိုင်းတတ်တာပေါ့ဟဲ့'

'မှန်လှပါ၊ ဘုရားကျွန်ဝန် ငပေါ်ဦးဟာလဲလူထဲကလူတစ်ယောက်သာဖြစ်တဲ့အတွက်အများနည်းတူလှေနဲ့ကူးနိုင်ကြောင်းပါဘုရား'

‘နင်လုပ်လိုက်ရင်ဒီလိုချည်းပဲ’

မိဖုရားကြီးကပါဝင်ပြီးပြုံးပြုံးကြီးမိန့်တော်မူတဲ့အ ဆုံးမှတော့ရယ်သံတွေသောသောညံသွားပါလေရော။

× × × × × × × × × × × × × × × × × × × × × × × ×

# ယုန်သားငယ်ဥပမာဖြင့်

ဘိုးတော်မင်းတရားကြီးမှာမြေးတော်နှစ်ပါးရှိတယ်။ စစ်ကိုင်းမင်းသားနဲ့သာယာဝတီမင်းသားတို့ဖြစ်တယ်။ သူ့အနေနဲ့ထိုမြေးတော်နှစ်ပါးထဲကတစ်ပါးပါးကိုအိမ်ရှေ့ ဥပရာဇာအရာပေးချင်တယ်။ ဘယ်သူ့ကိုအိမ်ရှေ့နှင်းရမယ် ဝေခွဲမရဖြစ်နေတယ်။ သူတစ်စုံတစ်ရာမိန့်တော်မူတိုင်းဒီအခြေအနေထည့်ထည့်ပြောတယ်။ သူပြောပေမယ့်ဘယ်အမတ်ကမျှစကားအလွန်မခံဘူး၊ ပါးနပ်ကြတယ်လေ။

ဦးပေါ်ဦးကလည်းဒါကိုသိတယ်။ သိတဲ့အတွက်ဒီကိစ္စနဲ့စပ်လျဉ်းပြီးမမေးပါစေနဲ့၊ အကြံဉာဏ်မတောင်းပါစေနဲ့လို့ကြိတ်ပြီးဆုတောင်းနေတယ်။ ဆုတောင်းပေမယ့်ဦးပေါ်ဦးရဲ့ဆန္ဒမပြည့်ဝပါဘူး။ တစ်နေ့မှာ........

'ပေါ်ဦးရယ်၊ ငါ့မှာမြေးတော်နှစ်ပါးထဲကဘယ်သူ့ကိုအိမ်ရှေ့နှင်းရမလဲ ၊ အရွေးရခက်နေတယ်မောင်မင်း။ မောင်မင်းသဘောကိုတင်စမ်းပါဦးဟဲ့' ဟူသည့်အမေးတော်ရှိလာတော့သည်။

မင်းသားငယ်များမှာသူ့အစုနှင့်သူရှိကြသည်။ သာယာဝတီမင်းသားဟုတင်လျှောက်မိလျှင်စစ်ကိုင်းမင်းသား၏ကျေးကျွန်များကငြိုငြင်မည်။ စစ်ကိုင်းဟုတင်မိချေသော်သာယာဝတီမင်းသား၏ကျေးကျွန်များကရန်ရှာတော့မည်။ အရှင်နှင့်ကျွန်နှစ်ဦးတည်းဆိုပေမဲ့အနားမှာယပ်လေဆက်သွ င်းသူရှိတယ်။ လက်ဖက်ရည်တော်သား၊ ကွမ်းဆက်သူတွေရှိတယ်။ ဒါတွေကတစ်ဆင့်ပေါက်ကြားသွားရင်မခက်ဘူးလား။ ဒါကြောင့်ဦးပေါ်ဦးကလက်အုပ်ချီပြီးဒါလိုတင်လျှောက်လေရ`့။

'ရွှေဘုန်းတော်သခင် ရွှေနားတော်မှူပါဘုရား'

'ရှေးလွန်လေပြီးသောအခါကဟိမဝန္တာတောကြီးအတွင်းရွှေဂူကြီးတစ်လုံးမှာတောသုံးတောင်ကိုအ စိုးရတဲ့ကေသရာဇာခြင်္သေ့မင်းကြီးတစ်ပါးစံစားတော်မပူပါသတဲ့ဘ ု ရား၊ ခြင်္သေ့ကြီးရဲ့ဝဲယာသမင်နဲ့ဝက်ပျို ၊ ရှေ့တူရူမှာယုန်တစ်ကောင်ကိုသက်စောင့်အရာခန့်ထားတဲ့အတ ွက်ခစားနေကြရပါသတဲ့ဘုရား။

ခြင်္သေ့မင်းကြီးအိပ်နေတုန်းမှာဘယ်မျှမသွားရဲကြဘူးဘုရား ၊ ခြင်္သေ့မင်းကြီးကလည်းအိပ်လိုက်တာခုနစ်ရက်တောင်မျှကြာသတဲ့ဘုရား၊ ခြင်္သေ့ကြီးအိပ်ရာကနိုးလို့ခြေလက်ဆန့်ရင်းသမ်းဝေလိုက်တာအပုပ်နံ့တွေထောင်းထောင်းထသွားတယ်ဘုရား၊ လက်ျာဘက်မှာခစားနေတဲ့သမင်ပျိုကလေးဟာနှာခေါင်းရှုံ့ပြီးတွန့်ခနဲဖြစ်သွားပါသတဲ့ဘုရား'

ဒါကိုခြင်္သေ့မင်းမြင်တဲ့အခါ..........
'ဟဲ့......သမင်ငယ်၊ ကိုယ်တော်ရဲ့အာခံတွင်းနံ့သည်မွှေးသလော၊ နံစော်သလော'မေးပါသတဲ့ဘုရား၊ တောသုံးတောင်ရဲ့ဘုရင့်ပါးစပ်ကိုနံတယ်လို့ပြောဖို့မသင ့်တဲ့အတွက်'ကိုယ်တော်အာခံတွင်းကကြာညိုပန်းရနံ့ပျံ့သင်းကြိုင်ရှင်းကြောင်းပါဘုရား' လို့လဲဖြေလိုက်ရော........

'သယ်.....ခုနစ်ရက်လုံးပိတ်ထားတဲ့ပါးစပ်ကမည်သို့လျှင်ကြ ာညိုနံ့သင်းမည်နည်း၊ ငါ့အားမုသားစကားတင်ရသလော'ဆိုပြီးကေသရာဇာခြင်္သေ့မင်းကသမင်လေး ကိုလည်ကုတ်ကဆွဲကြွပ်ကြွပ်ဝါးပြီးစားပစ်လိုက်ပါသတဲ့ဘုရား' ဘိုးတော်မင်းတရားသည်ဦးပေါ်ဦး၏မျက်နှာကိုကြည့်ပြီးပြုံးနေတယ်။ ဦးပေါ်ဦးကဆက်လျှောက်တယ်။ အဲဒီနောက်ခြင်္သေ့မင်းကဘယ်ဘက်ကိုလှည့်ပြီးသမ်းပြန်ပါရော။ ဝက်ကလေးကလည်းအနံ့ဆိုးလွန်းလို့နောက်ကိုရှိ့ပြီးခစားပ ါသတဲ့ဘုရား၊ ဒါကိုသတိထားမိတဲ့ခြင်္သေ့မင်းက

'မောင်မင်း ဝက်ငယ်၊ ငါ၏ခံတွင်းမှမည်ကဲ့သို့သောအနံ့ထွက်သနည်း၊ မှန်ရာတင်စေ'မိန့်တော်မူပါသတဲ့ဘုရား၊ ဒီအခါဝက်ပျိုစဉ်းစားရလေပြီ ၊ သမင်ကလုပ်ကြံတင်ပြီးဒုက္ခရောက်သွားပြီ၊

ခြသေ့်မင်းကမဟုတ်မမှန်ပြောတာမကြိုက်ဘူး၊ ဒါကြောင့်မှန်ရာတင်မှပဲစိတ်ကူးပြီး .......

'အရှင်မင်းကြီးဟာသတ္တဝါတွေရဲ့အသားတွေကိုစားပြီး (၇) ရက်တောင်အိပ်ထားတာပဲဘုရား၊ တစ်ညကလေးအိပ်နေရာကထလာတာတောင်နံသေးတာပဲ၊ ဒါကြောင့်အရှင့်ခံတွင်းရဲ့နံပုံကတော့သည်းမခံနိုင်အောင်ပါပဲဘုရား'လို့လည်းတင်လိုက်ရော.... .....

'တယ်.........ငါကဲ့သို့သောသားများဘုရင်ခြသေ့်မင်းကိုန ်သလေးပုပ်သလေးနဲ့ရိုင်းပြစော်ကားလိုက်လေ'

'ကေသရာဇာခြသေ့်မင်းဟာဒေါသတကြီးခုန်အုပ်ပြီးဝက်ပျို့ကလေးကိုကြွပ်ကြွပ်မြည် အောင်ဝါးစားပစ်ပါသတဲ့ဘုရား၊ ကေသရာဇာခြသေ့်မင်းကြီးဟာဒါနဲ့တင်မရပ်နားသေးဘဲရှေ့တူရူမှာခစားနေတဲ့ယုန်ကလေးကိုလည်းအထက်နည်းတူမေးတော်မူတဲ့အခါယုန်ကလေး ခမျာစဉ်းစားရပြီပေါ့ဘုရား။'

ညာဘက်မှာခစားနေသောသမင်သည်မဟုတ်မမှန်ကြာညို့နံ့သင်းသည်တင်မိသဖြင့်ကိုက်စားခံရချေသည်။ ဝဲဘက်တွင်ခစားသောဝက်ပျို့မှာလည်းအမှန်ကိုတင်မိသဖြင့်ေ သရချေပြီ။ အဲဒီလိုစဉ်းစားသုံးသပ်အပြီးမှာယုန်သားငယ်တင်လျှောက်ပုံကတော့.....

'ရွှေဂူနန်းရှင်သားများသခင်ဘုရား၊ ကျွန်တော်မျိုးသည်အရှင့်အမေးတော်ကိုဖြေကြားနိုင်ရန်အတွက်အားစိုက်နမ်းရှုံ့ရှူရှိုက်ကြည့်ပါသော်လည်းမည်သည့် အနံ့မှမရအောင်နှာစေးနေကြောင်းပါဘုရား'လို့လျှောက်တင်သည့်အတွက်ယုန်သားငယ်မှာအသက်ဘေးမှ ချမ်းသာရာရသွားကြောင်းထုံးဟောင်းရှိပါဘုရား' အမတ်ကြီးဦးပေါ်ဦးအနေနဲ့သူ့ရဲ့ပုံပြင်ကိုရှည်လျားစွာ တင်ပြအပြီးမှာမင်းတရားကြီးကိုမော့ဖူးတယ်။ ပြီးတော့ဆက်တင်တယ်။

'အဲဒီရှေးစကားသာဓကကိုပမာထားပြီးဘုရာ့ကျွန်ဝန်ငပေါ်ဦးဟာမြေးတော်နှစ်ပါးအနက်မည်သူ့ကိုဥပဇာအရာပေးသင့်သနည်း၊ အားစိုက်ဝေဖန်သုံးသပ်ကြည့်ပါသည်ဘုရား၊ သို့ရာတွင်ကျွန်တော်မျိုးမှာနှာစေးသောရောဂါစွဲကပ်နေပါသဖြင့်မည်က ဲ့သို့တင်ရမည်မသိအောင်ဖြစ်နေကြောင်းပါဘုရား'

ဘုရင်ဇကရာဇ်မင်းမြတ်နဲ့မလှမ်းမကမ်းမှာခစားနေကြတဲ့အဆေ ာင်ကိုင်တွေအနေနဲ့အလွန်စိတ်ဝင်တစားနားစွင့်နေကြတာကလား၊ အဖြေကိုကြားရတဲ့အခါကြိတ်ပြီးပြုံးနေကြတယ်။ ဘဝရှင်မင်းတရားကြီးလည်းအားရပါးရပြုံးတော်မူလေရဲ့။

× × × × × × × × × × × × × × × × × × × × × × × × ×

# ပို၍ပို၍ကြောက်ပါသည်

ဘိုးတော်မင်းတရားအနေနဲ.သူ.ရဲ.အိမ်တော်ပါအမတ်ကြီးဦးပေါ်ဦးပြောဆိုဆွေးနွေးနေတာကိုသလွန်ပေါ်ကလှမ်းကြည့်တယ်။ အာဝဇ္ဇန်းကောင်းတယ်။ အကြောင်းအရာပေါ်မှာစေ့စပ်ခိုင်နိုင်တယ်။ အေးလေ..........အာဝဇ္ဇန်းကောင်းလို.ပဲ၊ လေ့တော်ကိုပိန်းကောနဲ.အပြိုင်ခိုင်းတာနားဝင်ပြီးပြို င်မိတယ်မှုလား။ ပြီးတော့ရှုံးနေတာကိုပဲကျွဲနိုင်နွားနိုင်ပါလို.ဖွတ်ပြောသေးတယ်မဟုတ်လား။ အဲဒီလိုလေ့ပြိုင်ပွဲအကြောင်းပြန်ပြောင်းစဉ်းစားမိတဲ့အခါ....

'အများသောဝန်ကြီးမှူးကြီးတို.ကား ငါ့အားရိုသေကြောက်ရွံ.ကြသည်။ ပေါ်ဦးမူကားငါ့အားသူ.ကစားစရာလှောင်ပြောင်စရာမှတ်နေချေသလော'

ဤကဲ့သို.စဉ်းစားမိသည့်အခါမင်းတရားကြီးက'ဟဲ့ ပေါ်ဦး'ရယ်လို.ခပ်ငေါက်ငေါက်ခေါ်လိုက်တယ်။ ဦးပေါ်ဦးအနေနဲ.လည်းအလွန်သတိရှိတာကလား။ ချက်ချင်းချာခနဲလှည့်ကြည့်ပြီး'ဘုရား'ထူးတယ်။ လက်အုပ်ချီပြီးလည်းဖြစ်နေလေရဲ.။

'နင်ဟာငါ့ကိုကြောက်ရဲ.လား' စကားအဆက်အစပ်မရှိမေးပေမယ့်အမတ်ကြီးကြောင်အမ်းမနေဘူး။ ချက်ချင်းတုံ.ပြန်တယ်။

'မကြောက်ပါဘူးဘုရား'

မင်းတရားကြီးဟာ၊ ဒေါသဖြစ်ဟန်သလွန်ကိုဓားရိုးနဲ.ဆောင့်တယ်။

'ငါဟာဘုန်းလက်ရုံး၊ အာဏာနဲ.ပြည့်စုံတဲ့၊ သက်ဦးဆံပိုင်ရေမြေ.သနင်းလက်နက်စကြာသခင်ဘဝရှင်မင်းတစ်ပါးဆိုတာနင်မသိရော့သလား'

'အသိဖြစ်ကြောင်းပါဘုရား'

'သိတယ်လည်းဆိုသေး၊ မကြောက်ဘူးလည်းပြောသေး၊ နင့်မှာငါ့ထက်ကြောက်ရမယ့်သူရှိသလားဟင်'

'အရှင်မင်းကြီးထက်ပိုပြီးကြောက်ရမယ့်သူရှိကြောင်းပါဘု ရား'

'သယ်'မင်းတရားကြီးဒေါသဖြစ်ပြန်ပြီ။

'သယ်....အမင်းမင်းတို.ဝပ်စင်းဦးခကြောက်ရွံ.ရှိသေပါလျ က်နဲ. ၊ နင်ကငါ့ထက်ကြောက်ရသူရှိတယ်ဆိုတော့၊ ဘယ်သူတုန်းတင်စမ်း'

'အရှင်မင်းကြီးထက်ပိုပြီးကြောက်ထိုက်သူကတော့မိုက်မဲသေ ာလူမိုက်ဖြစ်ကြောင်းပါဘုရား'

ဧကရာဇ်မင်းမြတ်အုံ့ဩသည့်နည်းတူအခြားသူတွေလည်းပါးစပ်ဟလျက်နားစွင့်နေကြသည်။

'မှန်လှပါ၊ အရှင်မင်းကြီးကိုမကြောက်တာကတော့၊ အမှားအမှန်သိပြီးလုပ်သင့်မလုပ်သင့်ချင့်ချိန်ဝေဖန်တတ်တဲ့ပညာရှိလို.ပါဘုရား'

'အင်း၊ သူမိုက်ကျတော့ရော'

'သူယုတ်မာ၊ သူမိုက်များမှာမှု အကောင်းအဆိုး၊ အမှားအမှန်၊ လုပ်သင့်မလုပ်သင့်ချင့်ချိန်ဝေဖန်နိုင်တဲ့ပညာဉာဏ်မရှိတဲ့အတွက်၊ သတ်ချင်စိတ်ပေါက်ရင်ထသတ်၊ ရိုက်ချင်ရင်ထရိုက်ဖြစ်သည့်အတွက်၊မင်းဇကရာဇ်ထက်ပိုပြီးကြောက်ရတာကြောက်ထိုက်တာပါဘုရား'

ဘုရင်ကြီးရွှေမျက်နှာတော်ကြည်သွားတယ်။ လေးလေးပင်ပင်ခေါင်းဆတ်လိုက်တယ်။

'အေးဟဲ့၊ ဒီလိုဆိုတော့လည်းဟုတ်ပေသားကပဲ'

× × × × × × × × × × × × × × × × × × × × × × × ×

# အမွေးနံ့မပြယ်မီ

အမတ်ကြီးဦးပေါ်ဦးအနေနဲ့မင်းတရားကြီးရဲ့အိမ်တော်ပါငယ် ကျွန်၊ ဘုရင်ကိုတောင်ရက်စရာဖြစ်အောင်လုပ်ပါလျက်နဲ့အပြစ်မခံရသူ၊ အဲဒီလိုအခွင့်အရေးတွေနဲ့ပစားပေးခံထားရသူဖြစ်ပေမယ့်မဝ င့်ပါဘူး။ မမောက်မာဘူး။ တတ်နိုင်သလောက်သူကူညီနိုင်တာဖြစ်ရင်၊ အကူအညီတောင်းသူကိုပေးတတ်တယ်။ဦးပေါ်ဦးရဲ့စောင်မမှုကြောင့်လူတစ်ယောက်မင်းပြစ်မင်းဒ ဏ်ကလွတ်သွားပုံတစ်ရပ်ကိုကြည့်ပါ။

ဘိုးတော်မင်းတရားကြီးရဲ့ရွှေဘုန်းတော်ကိုမခံနိုင်တဲ့အ တွက်ကသည်းပြည်ကကတိုးနှစ်ကောင်အဆက်အသရောက်လာတယ်။ ကတိုးကောင်အနေနဲ့မွှေးကြိုင်တဲ့ရနံ့ရှိတယ်။ ရှားလည်းရှားပါတယ်။ မင်းတရားကြီးလဲဝမ်းမြောက်စွာလက်ခံပြီးဥယျာဉ်တော်အတွင်းမှ ၁စောင့်ရှောက်မွေးမြူစေ၊ အမိန့်တော်နဲ့ဥယျာဉ်မှူးထံအပ်ထားတော်မူလိုက်တာပေါ့။

ဥယျာဉ်မှူးကလည်းတယုတယထားတယ်။ အရိပ်တကြည့်ကြည့်နဲ့စောင့်ရှောက်တယ်။ အဲသူတို့နဲ့ဘာနဲ့ဓာတ်မတည့်သလဲဆိုတာဥယျာဉ်မှူးမသိဘူး။ဆက်သသူတွေကလည်းသတိပေးသွားတာမရှိတဲ့အတွက်ဥယျာဉ်တော်အတွင်းမှာလွတ်လွတ်လပ်လပ်သွားချင်တ ၁သွား စားချင်တာစားဆိုပြီးလွှတ်ထားလေရဲ့။ အဲ ဥယျာဉ်မှူးကတော့မလှမ်းမကမ်းကပါလာတာပေါ့။

ကတိုးကောင်ကပန်းဝတ်မှုံဝတ်ဆံတွေကိုစားတယ်တဲ့။ ဒီတော့အရောင်မျိုးစုံတဲ့ပန်းခင်းထဲပန်းမျိုးအမျိုးအမည်စုံတဲ့ပန်းပင်တွေကြားထဲဝင်စားတယ်။ အစောင့်အကြပ်ဥယျာဉ်မှူးကြီးကကြည့်နေတယ်လေ။ သူ့အစာကိုသူစားတာမဟုတ်လား။

အဲဒီလိုနေ့စဉ်နေ့တိုင်းကတိုးနှစ်ကောင်ကိုပန်းခင်းတွေ ထဲမှာလှည့်လည်ကျောင်းနေတုံးလဲကျသေဆုံးကုန်တယ်။ သေတဲ့နေရာကဂန္ဓမာပန်းအနီတွေကြားထဲမှာ၊ ဒါကြောင့်အဲ့ဒီပန်းတွေနဲ့ကတိုးနဲ့မသင့်ဘူးပေါ့။ ကြိုတင်မသိတော့လဲမတားဆီးမိဘူးလေ။

ကတိုးနှစ်ကောင်အတုံးအလဲသေတော့မှဥယျာဉ်မှူးမျက်ကလဲဆန်ပြာဖြစ်တော့တယ်။ မင်းတရားကြီးလဲမြတ်နိုး၊ ရှားလည်းရှားပါးတဲ့သတ္တဝါ၊ မတော်တဆသေသည်ဖြစ်စေ၊ လုပ်ကြံလို့သေသည်ဖြစ်စေ ၊ဒါဟာအပြစ်ကြီးပဲ။ ဘုရင့်စိတ်နေစိတ်ထားနဲ့ဆိုင်တယ်။အဆင်မသင့်ရင်သေဒဏ်။

ဥယျာဉ်မှူးခေါင်းမီးတောက်ပြီ။

အမတ်ကြီးဦးပေါ်ဦးကတော့တင်ရဲလျှောက်ရဲတယ်။ ကြံဖန်ပြီးတင်တတ်တယ်။

အားကိုးရာရှာတဲ့အခါဥယျာဉ်မှူးအနေနဲ့ဦးပေါ်ဦးကိုစဉ်းစ ားမိတယ်။ ကတိုးအသေကောင်တွေဂန္ဓမာအနီတွေယူပြီးဦးပေါ်ဦးအိမ်ကိုပြေးလာတယ်။ ‘ကယ်တော်မူပါဘုရား’ဆိုပြီးခြေကိုဖက်တယ်။ ခြေကိုခေါင်းနဲ့ပွတ်တယ်။

ဦးပေါ်ဦးအနေနဲ့ဥယျာဉ်မှူးကိုသနားတယ်။ ကိုယ်ချင်းစာတယ်။ ဥယျာဉ်မှူးခမျာအသက်ကိုဘယ်မှာထားရမှန်းမသိအောင်ကြောက်နေမှာပဲလို့နားလည်တယ်။

အဲဒါကြောင့်ကတိုးအသေကောင်တွေပွေ့ပြီးအတွင်းတော်ကိုဝင ်လာတယ်။ အတားအဆီးမရှိဝင်ခွင့်ရသူမို့မင်းတရားကြီးရဲ့အဆောင်တော်အတွင်းကိုရောက်လာပါ လေရော။

‘အချိန်မဟုတ် အခါမဟုတ်ကြီးမှာဘာအရေးကြီးလို့အခစားဝင်လာတာလဲဟဲ့ ပေါ်ဦးရဲ့’

'မှန်လှပါ၊ အရှင့်ဘုန်းတော်ကြောင့်စော်ဘွားမဟာရိုန်ရာဇာဆက်သတဲ့ကတိုးကောင်များဟာသူတို့နဲ့မသင့်တဲ့ဂန္ဓမာအနီတွေကိုစားမိတဲ့အတွက်အမွေးနံ့မပျက်ပြယ်ခင်ကိုယ် လုံးကိုလာရောက်ဆက်သရကြောင်းပါဘုရား'

'အမွေးနံ့မပျက်ပြယ်ခင်'ဆိုတာမပုပ်မီလို့အဓိပ္ပာယ်ရတယ်လေ။ 'သေ'ဆိုတဲ့အမင်္ဂလာကိုမနှစ်သက်တဲ့မင်းတရားကြီးသဘောပေါက်မယ့်စကားနဲ့တင်လျှောက်ထား တာကလား။ 'သြော်.. သေပါပေါ့လား' လို့ဘုရင်ကြီးနားလည်တယ်။

'အေးလေ မတည့်ထဲအစာမှန်းမသိလို့စားမိတာအပြစ်တင်လို့ဘယ်ဖြစ်မလဲ မောင်မင်း၊ အကောင်ကိုပန်းပေါင်းကြိတ်ပြီးမိဖုရားတွေကိုဆက်သလိုက်ပါဟယ်'

ဘုရင်ကြည်ဖြူသူက လျှောက်ပတ်တဲ့စကားလုံးနဲ့တင်လျှောက်တဲ့အတွက်အလွယ်တကူပြီးပြေသွားလေရဲ့၊ ဥယျာဉ်မှူးခမျာ ဝမ်းသာလွန်း၊ ကျေးဇူးတင်လွန်းလို့အမတ်ကြီးဦးပေါ်ဦးကိုတည်မျိုးအုပ်မျိုး အစုံအလင်အပြင်၊ အသပြာငွေကြေးနဲ့ပါကန်တော့တယ်။ ဦးပေါ်ဦးလက်သင့်မခံဘူး။ ပြန်ပေးလိုက်ပါတယ်။

× × × × × × × × × × × × × × × × × × × × × × × × ×

# ဝန်ရှင်တော်မင်း

နံနက်ပိုင်းမြန်မာနာရီတစ်ချက်တီးအချိန်တွင်ရွှေနန်းတေ ာ်သို့ညီလာခံအခစားဝင်ရန်တဖွဲဖွဲလာနေကြတယ်။ ဝန်တွေ၊ အတွင်းဝန်တွေ၊ဝန်ထောက်တွေ၊သံတော်ဆင့်တွေ၊ စာရေးတွေစသည်ဖြင့်ပေါ့။

တံခါးနီအထိသာဝေါစီးနိုင်တယ်။ လှည်းစီးနိုင်တယ်။ မြင်းစီးနိုင်တယ်။ အဲဒီကကျော်ရင်ခြေကျင်လျှောက်ပေတော့။ ခြေကျင်လျှောက်ပေမယ့်ကွမ်းအစ်ကိုင်၊ ထီးတော်မိုးစတဲ့အဆောင်ကိုင်တွေကတော့သိုက်သိုက်ဝန်းဝန်းကြီးပါလာသေးတယ်လေ။

အမတ်ကြီးဦးပေါ်ဦးကလည်းအဆောင်ကိုင်များ ခြံရံလျက်အေးဆေးစွာလာနေတုန်း၊ ဝရုန်းသုန်းကားလူအုပ်ကြီးကိုတွေ့လိုက်တယ်။ ဝရုန်းသုန်းကားဖြစ်သူတွေကအမတ်တွေ၊ ဝန်တွေ၊ ပြီးတော့သူတို့ရဲ့အဆောင်ကိုင်တွေ။

သူတို့တတွေဟာအူလျားဖားလျားပြေးကြတယ်။ ဟိုပုန်း၊ ဒီကွယ်နဲ့အသက်ဘေးလုပြီးပြေးလာကြရပုံ။

'ဘာဖြစ်တာလဲ၊ အို.......ဝန်မင်းတို့ရဲ့'

ဖြေသူမရှိ၊ ဦးပေါ်ဦးလည်းမြေနန်းတော်ဘေးရောက်နေပြီ၊ ကျွဲလိုက်လို့လား၊ နွားဝှေ့လို့လား၊ပြေးသင့်ပြေးရအောင်၊ တောင်ကြည့်မြောက်ကြည့်တယ်။ အလိုလေး မင်းတရားကြီးပါတကား။

မင်းတရားကြီးအနေနဲ့ဘာကိုအမျက်ထွက်ပြီးအခုလိုဖြစ်ရတယ် မသိပါဘူး။ လှံကြီးကိုကိုင်မြှောက်ပြီးပြေးလိုက်လာနေတယ်။ ဦးပေါ်ဦးလည်းမြေးနန်းအုတ်ခုံစွန်းကိုဝင်ကပ်ပြီးပုနေ လိုက်ရတယ်။ သူ့ဘက်ကိုရွှေနန်းရှင်ရောက်မလာဘူး။

ပြန်သွားပြီလား။ ဘယ်အမတ်ကိုထိုးမိသလဲသိချင်စိတ်နဲ့ဦးပေါ်ဦးအသာကလေးခေ ါင်းပြူကြည့်တယ်။ မင်းတရားကြီးဟောဟဲလိုက်အောင်မောနေတယ်။ ဒါကြောင့်ခြေပစ်လက်ပစ်ထိုင်နေတယ်။ ဦပေါ်ဦးနဲ့သုံးလေးလံလောက်ပဲဝေးတယ်။

တစ်ခါမှုးကြီးမတ်ကြီးတွေဘယ်ပုံဖြစ်နေကြပါလိမ့်။ ဦးပေါ်ဦးလှည့်ကြည့်ရပြန်သည်။ သစ်ပင်ဘေးပုသူပု၊ ပန်းချုံထဲတိုးသူတိုး၊ လှေခါးအောက်ခေါင်းလျှိုသူလျှို။

ဒါကြောင့်ဦးပေါ်ဦးကမတိုးမကျယ်သတိပေးတယ်။

'ဝန်မင်းတို့ ....... ဝန်မင်းတို့'

ဒါ...ဦးပေါ်ဦးအသံပဲလို့သိကြတယ်။ ဒီတစ်ခါမှာကြောက်စိတ်အတော်လျော့သွားတယ်။

'ဗျိုး ဗျိုး ၊ ဗျ ဗျ '

'အကျွန်ုပ်တို့ရဲ့သုံးလောကထွတ်ထားသဗ္ဗညုမြတ်စွာဘုရားဟာသာဝတ္ထိပြည်သရက်ပင်ခြေရင်းမှာတိတ္ထိတို့ကိုနှိမ်နင်းအပြီးမှာတာဝတိံသာနတ်ပြည်ကို'နှစ်လှမ်းသုံးဖဝါး'နဲ့ကြွတယ်ဆိုတာအရင်ကဇဝေဇဝါဖြစ်ခဲ့တယ်။ ယူဇနာပေါင်းလေးသောင်းနှစ်ထောင်တောင်ဝေးတာကလားဝန်မင်း တို့ရဲ့'

မတိုးမကျယ်ပြောနေတာကိုဘုရင်မင်းမြတ်ကြီးကြားတော်မူတယ ်လေ။ အမောလည်းပြေပြီမို့လှမ်း

မေးတော်မူတယ်။

'ဟဲ့....ပေါ်ဦးလားဟဲ့'

'ဘုန်းတော်ကြောင့်မှန်လှပါဘုရား'

'နင်ဘာတွေလျှောက်ပြောနေတာတုန်း'

ပုန်းအောင်းနေရာမှဦးပေါ်ဦးထွက်လာတယ်။ ခပ်ခွာခွာခပ်ယို့ယို့ခစားတယ်။

'ဒီလိုပါ ဘုရား'

'အင်း ..... တင်စမ်းလဟဲ့'

'ကွန်တော်မျိုးတို့ရဲ့ဆရာသခင်ကျေးဇူးရှင်မြတ်စွာဘုရားဟာယူဇနာပေါင်းလေးသောင်းနှစ်ထောင်အမြင့်ဆောင်တဲ့တာဝတိံသာနတ်ပြည်ကိုကြွကာနှစ်လှမ်း သုံးဖဝါးပဲရတယ်ဆိုတာကို အခုမှပဲယုံတော့တယ်ဘုရား'

'ဘာဖြစ်လို့တုန်းဟဲ့၊ သေချာစွာ တင်စမ်း'

'အခုနတုန်းက ဘုရားကျွန်ဝန်ငပေါ်ဦးဟာနန်းဦးစမုခ်ဆောင်ကလှေကားဆယ့်တစ်ထစ်ကိုတစ်ထစ်မျှမနင်းမိခဲ့လို့ပါဘုရား'

အရေးထဲတွင်ကြံကြံဖန်ဖန်အသောဖောက်တဲ့အတွက်မင်းတရားမရယ်မောပေမယ့်ပြုံးယောင်သမ်းလာလေရဲ့။ 'ဟဲ့ဝန်တွေ လာကြလဟဲ့' လှမ်းခေါ် သ ဖြင့်မရဲတရဲထွက်လာကြသည်။ဘုရင့်လက်ထဲတွင်လှံကြီးရှိနေသေးသဖြင့်ခပ်ခွာခွာနေကြတယ်လေ။

'ဟဲ့ ပေါ်ဦး၊ နင်ရှေ့ကသွားနှင့်၊ ညီလာခံနီးပြီ'

ဦးပေါ်ဦးလဲအဟုတ်မှတ်ပြီးထတယ်။ ဒီတော့ဘုရင်ကလှံနဲ့ထိုးတော့မည့်ဟန်ရွယ်ထားတော့တာကိုး။

'နင် ငါ့ကိုမကြောက်ဘူးလား၊ သေပေတော့'

ဦးပေါ်ဦးကလက်အုပ်ချီလျက်မျက်နှာသေကလေးနှင့်လျှောက်ထာ းသည် ။

'ကြောက်လဲကြောက်ပါဘုရား၊ သတ်ရင်လဲသေရမည့်ဘုရားကျွန်ပါဘုရား၊သို့သော်လည်းခေတ္တသည်းခံပါဦးဘုရား၊ လျှောက်တင်စရာကလေးရှိနေသေးလို့ပါ။'

'ဟုတ်ပြီ....တင်စရာရှိတာမြန်မြန်တင်စမ်း'

'ကျွန်တော်မျိုးဟာမနက်ကညီလာခံလာဖို့အိမ်ကထွက်အလာလမ်းမှာပုဏ္ဏာပညာရှိတစ်ယောက်နဲ့တွေ့လို့လက္ခဏာမေးတော့သံနဲ့မတည့်ဘူး၊ ဝေးဝေးရှောင်ိလို့မှာလိုက်ကြောင်းပါဘုရား။

အရေးထဲမှာပျက်ချော်ချော်စကားတွေကိုမျက်နှာသေကလေးနဲ့တ င်နေတော့မင်းတရားကြီးပြုံးတော်မူ

ရပြီ။

'ကိုင်း .... ကိုင်း ..... ညီလာခံနီးနေပြီဟယ်'

ရှေ့ကသွားဖို့လုံ့ကိုရမ်းအပြမှာဦးပေါ်ဦးကဘုရင့်ရှေ့က ဖြတ်လျှောက်ရတယ်။ ရိုးရိုးမလျှောက်ဘူး၊ မျက်စိကိုမှိတ်ထားတယ်လေ။

'ဟဲ့.....ဘာပြုလို့မျက်စိမှိတ်ထားရပြန်တာတုံး'

'မှန် .... မှန်လှပါ၊ သံနဲ့မတည့်လို့သံကိုမကြည့်ရဲကြောင်းပါဘုရား'

အဲဒါကြောင့်အမတ်ဘကြီးဦးပေါ်ဦးကိုဝန်ရှင်တော်မင်းရယ် လို့ခေါင်းစဉ်တပ်လိုက်ရခြင်းဖြစ်ပါကြောင်း။

× × × × × × × × × × × × × × × × × × × × × × × ×

# ကွေ့တတ်ရှောင်တတ်ပုံ

ဘိုးတော်မင်းတရားအနေနဲ့စာပေလိုက်စားရာမှစိတ်ပါလက်ပါရှိသလိုမင်းကွန်းဘက်မှာကောင်းမှုတော်များပြုတဲ့အခါမှာလည်းအားကြိုးမာန်တက်ရှိတော်မူပါပေတယ်။ သူကောင်းမှုတော်စေတီကြီးတွေ ခြင်္သေ့ကြီးတွေအရှည်တည်တန့်ခိုင်ခံ့ရေးအတွက်အဓိကကျတဲ့ နရပတေ(အင်္ဂတေ)ကိုကိုယ်တော်တိုင် ကြပ်မတ်ဖော်စပ်တော်မူတယ်။

အဲဒီလိုကိုယ်တော်တိုင်ဖော်စပ်တဲ့နည်းနဲ့ဖျော်တဲ့အင်္ဂ‌ေ တတွေကောင်းတာကိုကျွန်တော်ရင်းဦးပေါ်ဦးကို ပြသလိုစိတ်ရှိတော်မူတယ်။ ဒါနဲ့တစ်နေ့မှာမင်းကွန်းဘက်ကိုကြွချီတော်မူတဲ့အခါနော က်တော်ပါးမှာဦးပေါ်ဦးပါလာတယ်။

စေတီတော်ကြီးတည်နေရာမှာပန်းရံသမားတွေရွှေးတလုံးလုံးရှိ ကြတယ်။ မင်းတရားကြီးအနေနဲ့ ကြီးကြပ်ဝန်ရဲ့တင်လျှောက်မှုကိုကြားနာတော်မူပြီးနောက်န ရပတေဖော်နေတဲ့နေရာကိုလည်း ကြွရောက်ရှုစားတော်မူတယ်။

ရှုစားတော်မူရင်းကဦးပေါ်ဦးကိုမေးတော်မူတယ်။

'ပေါ်ဦးရဲ့ ၊ ငါကိုယ်တော်မြတ်'စံနစ်'တော်မူတဲ့'နရပတေ'ဟာကောင်းရဲ့လား၊ မာရောမာရဲ့လား' ဦးပေါ်ဦးလက်အုပ်ချီပြီးအမြန်ဆုံးလျှောက်တင်ပုံကတော့ ...

'ကိုယ်တော်စံနစ်တဲ့နရပတေအင်္ဂတေများဟာအလွန်တရာမာကျောလွန်းလို့'မှို့'တင်ပြီးမီးခတ်ရင် တောင်ရနိုင်ဖွယ်ရှိကြောင်းပါဘုရား' လို့ဖြစ်ပေတယ်။

ဦးပေါ်ဦး၏စကားကိုနားလည်အောင်ရှင်းပါရစေ။

(ယမ်းမီးခြစ်မပေါ်မီကကျောက်ခဲပေါ်မှာ'လဲမှို့'တင်ပြီးကျောက်ကိုသံတုံးနှင့်ရိုက်ရတယ်။ အဲဒါကို 'ခတ်'တယ်လို့ခေါ်တယ်။ ကျောက်ကိုသံတုံးရိုက်ခတ်ရာမှပွင့်လာတဲ့မီးပွားဟာမှို့ပေါ်ကျပြီး မီးစွဲတဲ့အခါမီးကိုရတယ်။)

အဲဒါကြောင့်ဘုရင်ကိုယ်တိုင်ဖော်စပ်တဲ့အင်္ဂတေဟာဖြင့်ကျောက်ခဲလောက်မာကြောင်းတင်လိုက် ခြင်းပါပဲ။ ဒါပေမဲ့မင်းတရားကြီးကထပ်ပြီးကွန့်တော်မူပြန်တယ်။

'သို့လိုဆိုက ပေါ်ဦးပြည် ရွှေစည်းခုံဘုရားကနရပတေနဲ့ငါ့နရပတေဘယ်ဟာကပိုပြီးမာသလဲ ပေါ်ဦး'

မေးတော်မူတိုင်းမဆိုင်းမတွဖြေနိုင်တဲ့ဦးပေါ်ဦးခက်သွ ားတယ်။ မဖြေလို့လည်းမဖြစ်တဲ့အတွက် ဆတ်သာတက်သာအထိအခိုက်မရှိအောင်ဖြေလိုက်ပုံကတော့..... .......

'ရွှေစည်းခုံစေတီတော်ကြီးကအင်္ဂတေကွာကျတာမတွေ့ဖူးတဲ့အတွက ်အမှန်ကိုမတင်တတ် ကြောင်းပါဘုရား' ရယ်လို့ဖြစ်ပါတော့တယ်။

× × × × × × × × × × × × × × × × × × × × × × × ×

# ဝမ်းတွင်းရူး၏ချေပချက်

ဘိုးတော်မင်းတရားကြီးက ကနေ့အဖို့အတွင်းတော်မှာစံမြန်းရတာတအားစိတ်လက်ကြည်သာတော်မူတယ်။ မင်းရိပ်မင်းကဲကိုကြည့်ပြီးခစားရတဲ့အပျိုတော်တွေနဲ့ဝ န်အချို့လည်းရယ်ရဲမောရဲရှိကြတယ်။

ဒီအခါမှာမင်းတရားကြီးကသံတော်ဆင့်အမတ်ကိုမိန့်တော်မူတ ယ်။

'အတွင်းဝန်ငပေါ်ဦးဟာမေးတော်မူသမျှအရာဌာနတိုင်းမှာပဲရှင်းရှင်းလင်းလင်းလျှောက်တတ်တင်တတ်ရှိပါပေတယ်။ စာပေကျမ်းဂန်အရာမှာလည်းများစွာနှံ့စပ်ပါပေတယ်။ သို့သော်လည်း ဟင်းစားကြက်မှအတက်ကောင်းပေါ်ဆိုသလိုဝမ်းတွင်းရူးဖြစ်နေ တာခက်တယ်။ ကျပ်ပြည့်လို့ရှိရင်အတော်ကိုအဖိုးတန်မှာ'

ကျွန်အရင်းအရှင်ရင်းဖြစ်လို့ကျီစယ်ခြင်းဖြစ်သည်။ ခစားနေသူတွေအနေနဲ့ပြုံးရုံပဲပြုံးနိုင်ကြတယ်။ မပြုံးပဲနေလျှင်လဲရယ်သူမရှိဘဲလူပြက်ကြီးဖြစ်သွားဦးမယ်။ ဒါကြောင့်ပြုံးရတယ်။

ဝါးခနဲမရယ်တာကဦးပေါ်ဦးကိုကြောက်လို့ဖြစ်တယ်။သူ့အညှိုးထားလျှင်လည်းကြောက်ဖို့ကောင်းတယ်လေ။ မင်းတရားကြီးရဲ့အိမ်တော်ပါငယ်ကျွန်မဟုတ်လား။

ဒါလိုအရှင်မင်းတရားကြီးမိန့်တော်မူပြီးပြုံးနေချိန် မှာ..........

'သုတိမဟာဝါ အဋ္ဌကထာ၊ မဟာသုဒဿန သုတ်တော်မှာ မန္တာတုစက္ကာတိ မင်းကို မှီပြီးတော့စကြာသွားရာဗိုလ်ခြေပါဆိုတဲ့စကားဖြစ်လာတာကိုထောက်တော် မူပါဘုရား'

လို့ဦးပေါ်ဦးကဖျတ်ကနဲလက်ချီပြီးတင်တယ်။

ဝန်ကြီး ဝန်ထောက် အတွင်းဝန် သံတော်ဆင့်က အစယပ်ခတ်ပေးနေတဲ့အပျိုတော်တွေအထိ သုတ်မဟာဝါ အဋ္ဌကထာကိုသိကြတယ်။ သုဒဿန စကြာမင်း၊ မန္တာထုစကြာမင်းတို့ကိုလည်း ကြားဖူးကြတာချည်းပါပဲ။

သို့ပေမယ့်မင်းတရားကြီးမိန့်တော်မူရင်းစကားနဲ့အဟပ်ကွာလွန်းလို့ရှေ့ဆက်မယ့်စကားကိုအာရုံစိုက်နေကြတယ်။ ဦးပေါ်ဦးကဆက်တင်တယ်။

'မဟာသုဒဿန စကြာမင်း၏ ပရိသတ်သည် ဆွံ့သည်၊ အ သည်ဟူ၍မရှိပါဘုရား၊ စကြာမင်း၏ ဘုန်းကံပါရမီတော်ကြောင့်လည်းကောင်း၊ ဗိုလ်ခြေတကာ လူများစွာရဲ့ပါခဲ့ရင်းအကြောင်းကဲ့ကြောင့်လည်းကောင်း၊ ပုံတောင်း စကြာသွားလေရာကိုလိုက်ပါနိုင်ကြပါတယ်ဘုရား'

သိပြီးသားတွေပါ။ သို့သော်လည်းဘာပြောချင်တာလဲခန့်မှန်းလို့မရသေးကြပါ။

'စကြာမင်းရဲ့ပရိသတ်ဟာ ငါးပါးသီပဋ္ဌသီ ကိုယ်၌တည်လျက်ရုပ်ရည်လှပကြပါတယ်ဘုရား။ ဒါဟာမင်းနဲ့သူ့ပရိသတ် ပတ္တနာခဲ့ရင်၊ ဆုတောင်းအထူးလို့ရွှေနှလုံးတော်မှာပိုက်ကျူးစွဲသုံးတော ်မူသင့်လှကြောင်းပါဘုရား။ '

မင်းတရားကြီးနဲ့မင်းပရိသတ်အနေနဲ့ဆက်လာမယ့်စကားကိုအရမ်းပဲစိတ်ဝင်စားနေကြပြီ။ ဘယ်လိုများအဆုံးသတ်မလဲ၊ မင်းတရားကြီးကိုခနိုးခနဲ့လုပ်မလား။ သူ့ကိုယ်တိုင်ကိုပဲတင်မလား

စသည်ဖြင့်ပေါ့။

မြတ်စွာဘုရား အလောင်းတော် တောပျော် သေဠာန်း ဝါနရန္တ မျောက်မင်းဖြစ်တော်မူတဲ့အခါမှာ လည်းမိုက်ရူးရဲအခြွေအရံမျောက်ငါးရာနဲ့ပဲမျောက်ဘုရင်အ ဖြစ်ပျော်ရွှင်စွာနေထိုင်ရကြောင်းရွှေ ဖဝါးတော်မြတ်အောက်ရှိခိုးလျှောက်ထားရပါတယ်ဘုရား'

'ခွေးမသား ပေါ်ဦး၊ ငါကိုယ်တော်ရှင်မြတ်ကိုမျောက်ဖြစ်အောင်လုပ်လိုက်ပြန် ပြီကော။'

မင်းတရားကြီးကရွှေလုံကောက်ကိုင်ပြီး၊ ထသွားတော်မူတဲအတွက်ခစားနေသူတွေမှာအသံထွက် အောင်ရယ်မောကြလေရဲ့။

× × × × × × × × × × × × × × × × × × × × × × × × ×

# အလျှောက်ကောင်းလိုက်ပုံက

–ခြသေ့ံအကြီးကြီးမှ။

–ခေါင်းလောင်းဆိုလည်းအကြီးကြီးမှပဲ။

–ပုထိုးတော်ဆိုလည်းအကြီးကြီးမှဘဲ။

အဲဒီလို ကြီးကျယ်ခမ်းနားမှုကိုအာရုံတော်ညွှတ်တော်မူတဲ့ဘိုးတော် မင်းတရားအနေနဲ့ကိုယ်တော်တိုင် ကြပ်မတ်မို့အတွက်မင်းကွန်းဘက်ကိုထွက်ကြွစံစားတော်မူတ ယ်။

ဧရာဝတီမြစ်ပြင်မှာညင်းလေသုတ်လိုက်လေပြည်ဆော်လိုက်ပေ့ ါ။ မင်းကွန်းကုန်းမြေမှာလည်းလေ ပြည်တသုန်သုန်ပဲ။

အဲဒီလေပြည်ဟာတစ်နေ့မှာတော့မင်းခမ်းမင်းနားအဖြစ်စိုက်ဆောက်ထားတဲ့ ထီး တော်ဖြူကြီးကိုတိုက်လှဲချပစ်လိုက်ပါရော။

ကိုယ့်တာဝန်ကိုကိုယ်ကျေပွန်အောင်မထမ်းဘဲဟေးလားဝါးလားနေတုန်းကနေခဲ့တဲ့'ထီးဖြူတော်သား' တွေမျက်လုံးမျက်ဆန်ပြူးကုန်ကြတယ်။ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကုန်ကြတယ်။ ရာဇဝတ်အိုး ကိုတုတ်နဲ့ထိုးမိပေါ့ကိုး။

ထောင်ထားတဲ့ထီးဖြူတော်လဲကျသွားရင်ပြန်ထောင်လိုက်ပေ့ါ လို့ပြောရင်ရပေမယ့်လုပ်လို့မရပါ။ တစ်မူပေါ်မှာနှစ်မှုဆင့်သွားမယ်။ ထီးဟာမင်းပါပဲ။

ထီးလဲပြိုတာဟာဘုရင်နတ်ရွာစံခြင်း၊ နန်းကျခြင်းကိုဆောင်တယ်။ ဒါကြောင့်အပြစ်ကြီးပဲ။

အဲဒီထီးလဲနေတာကိုပြန်ထောင်တော့ကော၊ အဲဒါလည်းမင်းလုပ်တဲ့သဘောသက်ရောက်ပါလေ ရော။ ဒါကြောင့်ထီးဖြူတော်သားတွေအသက်မထွက်မတတ်ကြောက်ရွံ့ပြီးမင်းကြီးသက်တော် ရှည်များထံပြေးလွှားအသနားခံကြတယ်။ ရာဇဝတ်အိုးကိုတုတ်နဲ့မထိုးရဲဘူးဆိုပြီးခေါင်းခါလွှ တ် ကြတယ်။

ဟေးလားဝါးလားလူ့ပေါ့သွမ်းတွေဟာဝန်ကြီးထံသွားရောက်ငိုပြကြကုန်တယ်။ ဒီမှာလည်းလက် ခါပြလိုက်တယ်။ ဒါကြောင့်အမတ်ကြီးဦးပေါ်ဦးထံရောက်လာတယ်။ ခြေကိုဖက်ကြတယ်။

ဦးပေါ်ဦးကတော့ 'တယ်လည်းပေါ့လျှော့ကြသကိုး' မြည်တွန်တောက်တီးပေမယ့်တာဝန်ယူလိုက် တယ်။ ခဏအကြာမှာမင်းတရားကြီးစံတော်မူနေရာကိုသွားရောက်ခစားတ ယ်။ မင်းတရားကြီး အမေးတော်မရှိမီသူကစတင်လျှောက်ထားပုံက.............

'မှန်လှပါ၊ ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူသောဆင်ဖြူများရှင်သာ သနာ့ဒါယကာ ဘဝရှင်မင်းတရားကြီးအားထူးခြားသောဝိသေသတွေ့ပါသဖြင့်ဝင ်ရောက်သံတော်ဦးတင်ပါတယ် ဘုရား'

ထီးဖြူရှိရာအရပ်နဲ့အဝေးကြီးကိုရောက်နေတဲ့မင်းတရားကြီ းကအကျိုးအကြောင်းမသိသေးတဲ့အ တွက်အေးဆေးစွာတုံ့ပြန်တယ်။

'ဘာတွေများဝိသေထူးတာတုန်းဟဲ့ ဦးပေါ်ဦးရဲ့'

'မှန်လှပါ ကျွန်တော်မျိုးဖတ်ရှုဖူးသမျှ စာပေကျမ်းဂန်တွေထဲမှာလူမင်းဘုန်းကြီးသော်နတ်မင်းမ နေသာဆိုသည်များကိုတွေ့ဖူးမှတ်သားရာမှာစာတွေ့သာဖြစ်ခဲ့ပြီးယနေ့တွင်မှလက်တွေ့ကြုံသိ ရှိရပါသည်ဘုရား'

'ဟဲ့.....ဘာတွေများထွေထွေထူးထူးတွေ့ခဲ့ပါလိမ့် ပေါ်ဦးရဲ့' မင်းတရားကြီးကရွှင်သာကြည်လင် စွာမေးတော်မူတယ်။

'မှန်လှပါ၊ ဘုန်းတော်ကြီး 'ဝလာဟက' လေနတ်သားဟာအရှင်မင်းကြီးထံတော်ပါး ခစားဖို့လာ ရာမှာ ကိုယ်ထင်ပြခဲ့လို့ရှိရင် သူ့ကိုပဲလူတွေအထူးအဆန်းအဖြစ်ဝိုင်းကြည့်ကြပြီး အရှင်မင်းတ ရားကြီးကိုမဖူးမမြော်ဘဲနေရမှာစိုးသည့်အတွက်ကိုယ်ရောင်ဖျောက်ထားသော်လည်း သူလာ ရောက်ခစားတာအရှင်သိတော်မူစေရန် လေညင်းကလေး သုတ်ဖြူးပြီး ထီးဖြူတော်ကို တံ့က်ခတ် ပြကြောင်းပါဘုရား'

မင်းတရားကြီးရိပ်မိလိုက်ပါပြီ၊ ဤမျှ'လေသာ' သောအရပ်တွင်ထီးဖြူတော်လဲပြိုပြီ။ ဤအကြောင်း ကိုသွယ်ဝိုက်တင်လျှောက်ကြောင်းကိုလည်းနားလည်လိုက်ပြီ။

'အေးကွယ် အေးအေး၊ ထီးဖြူတော်ကို ဆိုင်ရာအမှုထမ်းတွေက ထောင်လိုက်ကြပါစေကွယ်'

မင်းပြစ်မင်းဒဏ် သင့်နိုင်သောဇရာမ အမှုကြီးသည်ဦးပေါ်ဦးအလျှောက်ကောင်းတဲ့အတွက်၊ အဲဒီလိုအထောင်းလွတ်သွားသတဲ့။

× × × × × × × × × × × × × × × × × × × × × × × × ×

# ကျေးဇူးရှင်မည်သူနည်း

တစ်ရံသောအခါမှာ ဘိုးတော်မင်းတရားနှင့်အမတ်ဦးပေါ်ဦးတို့ ကျွန်ရင်းသခင်ရင်းပီပီ ပြောကြ ဆိုကြတုံးဦးပေါ်ဦးရဲ့စကားတစ်ခွန်း အစွန်းထွက်ကျန်ခဲ့လေရဲ့။

အဲဒါကတော့.....။

'အရှင့်ဘုန်းတော်ကြောင့်ပေါ်လာသောအမတ်မဟုတ်၊ မိမိကုသိုလ်ကံကြောင့်ဖြစ်ပေါ်လာရသော အမတ်ပါဘုရား' လို့ဆိုတဲ့စကားပဲဖြစ်တယ်။

အမှတ်အတေးကြီးမဟုတ်သော်လည်းမင်းတရားကြီး အနေနဲ့ခံပြင်းတာကတော့အမှန်ပါပဲ။ ဒါ ကြောင့်ဘိုးတော်မင်းတရားကြီးစဉ်းစားတယ်။

'ဝန်ပေါ်ဦးဟာပညာလဲတတ်တယ်၊ သညာလဲကောင်းတယ်၊ တခ်နှပ္ပတ္တိဉာဏ်လဲထက်မြက်တယ်၊ ခက်ရာခက်ဆစ်အထုအထစ်မှန်သမျှကိုလဲဖြေနိုင်စွမ်းရှိတယ်။ သို့သော်လည်းဒင်းဟာငါ့ကိုတစ်ခါ မှကျေးဇူးတင်တယ်လို့ဝန်ခံပြောဆိုခြင်းမရှိဘူး၊ ဇကွန္ဒဒင်းဟာရှေးက'မယ်ကံယုံ'ပုံပြင်ထဲကလို ဖြစ်နေပါပေါ့လား'

မင်းတရားကြီးကတော့'ငါသူကောင်းပြုလို့သာပေါ်ဦးသူကောင်းဖြစ်ရသည်'လို့သဘော ပိုက်နေတာကိုး။ ဒါကြောင့်'အရှင်မင်းတရားကြီးကသာကျေးဇူးရှင်ပါဘုရား'လို့ဝန်ခံစက ၁းဦးပေါ်ဦးထံက ထွက်လာအောင်ဘယ်လိုလုပ်ရပါမည်နည်းကြံဆနေတယ်။

တစ်ခါမှာတော့ဘိုးတော်မင်းတရားကြီးအနေနဲ့ဥယျာဉ်ပန်းခံ့တော်မှာညနေခင်းအချိန်ရဲ့အရသာကို ခံစားစံမြန်းနေရင်းက ဦးပေါ်ဦးကိုမေးတော်မူတယ်။

'ပေါ်ဦးဟာ ရွှေဘိုအနောက်ဘက်တန့်ဆည်ရွာသား၊ ငါ့ဆီသာရောက်မလာရင်လယ်လုပ်ကိုင်စား သောက်ရတဲ့သာမန်ဆင်းရဲသားကျွန်တော်မျိုးသာဖြစ်နေမှာ၊ အခုငါ့ဆီရောက်လာပြီးငါကသူ ကောင်းပြုထားလို့၊ လွှတ်တော်ဝန်ကြီး အတွင်းဝန်ဆိုတဲ့ရာထူးဂုဏ်ထူးတွေရတယ်။ လစာရိက္ခာ တော်တွေအသနားခံရပြီးမပူမပြင် မတောင့်မတ မကြောင့်မကြနေရတာဟာငါကိုယ်တော်အရှင် မြတ်ရဲ့ကျေးဇူးတော်ပဲမဟုတ်လား မောင်မင်း'

'ဘုန်းတော်ကြောင့် မှန်ပါကြောင်း' အလိုက်သင့်တင်လိုက်ပေမယ့် မင်းတရားကြီးကွန့်မိတယ်။

'မှန်မှလဲ မှန်တယ် တင်ပါပေါ်ဦးရာ'

'မှန်လှကြောင်းပါဘုရား'

'ဒါဆိုငါ့ထက်ကျေးဇူးတင်ထိုက်တဲ့သူရယ်လို့မောင်မင်းမှာ ရှိသေးသလားဟဲ့'

အဲဒီလိုထပ်ဆင့်ကွန့်လိုက်တဲ့အခါမှာတော့၊ ဦးပေါ်ဦးရဲ့အာစလျှာစပေါ်လာပြီပေါ့။

'ထားရင်လဲရှင် ၊ သတ်ရင်လည်းသေရမယ့်အရှင်ကျွန်ပေါ်ဦးပါ ဘုရား၊ ဒါမှာတော့အရှင်ဘဝရှင် မင်းတရားကြီးထက်ပိုမိုကျေးဇူးတင်ရမယ့်သူရှိနေသေးကြော င်းပါ ဘုရား။ '

'အမယ် ... ဘယ်သူပါလိမ့်၊ တင်စမ်းဟဲ့'

'ကျွန်တော်မျိုးကလေးဘဝမှာ အဘိုးပြောဖူးတဲ့ပုံပြင် ကိုပြန်ပြောင်းတင်လျှောက်ခွင့်ပြုတော်မူပါဘုရား'

'အေးပါကွယ်.... ကြားရအောင်တင်စမ်းပါ'

'ရှေးရှေးတုန်းက ရွာတစ်ရွာမှာထင်းခုတ်ပြီးအသက်မွေးရတဲ့သားအမိသားအဖသုံ းယောက်ရှိပါသတဲ့ဘုရား၊ တစ်နေ့မှာသားအဖနှစ်ယောက်တောထဲကိုလာပြီးထင်းခုတ်နေကြတု န်း ဖြုန်းခနဲကျားကြီးတစ်ကောင်ပေါ်လာပြီး ဖအေကိုကိုက်သတ်မယ်အလုပ်၊ သားကဝင်ထည့်ပြီး ဓားနဲ့ခုတ်တဲ့အတွက်ကျားကြီးကစင်းစင်း သေသွားပါလေရော ဘုရား'

အဲဒီလိုအစချီပြီး ဦးပေါ်ဦးဆက်လက်တင်လျှောက်တဲ့ပုံပြင်ကတော့အောက်ပါအတို င်းပါပဲ။

ထင်းခုတ်သမားဖခင်ကြီးဟာကျားကိုကြောင်တောင်ငေး ကြက်သေသေနေမိတဲ့အတွက်သေမှာမုချပဲလို့တွက်ထားပေမယ့်မသေဘူး၊ အခုလိုမသေအောင်အသက်ကယ်လိုက်သူဟာသူ့သားပဲ။ ဒါကြောင့်အသက်သခင်ကိုကျေးဇူးတင်လွန်းလို့ ကန်တော့လိုစိတ်ပေါ်လာတယ်။

'သားရေ........လာပါဦးဟ'

ကျားသေကြီးပေါ်ကားယားခွပြီးဓားကြီးကိုကိုင်လျက်ရပ်နေတဲ့ သားကိုလှမ်းခေါ်တယ်။ သားကလည်းဖအေ့ထံပါး ပြေးလာတယ်။

'ဒီမှာ ထိုင်ပါအုံးကွယ်'

သစ်ငုတ်တစ်ခုကိုလက်ညှိုးထိုးပြတယ်။ သားလည်းဘုမသိ ဘမသိနဲ့သစ်ငုတ်တိုပေါ်ဝင်ထိုင်တယ်။ ဒီအခါမှာဖအေဟာသစ်ငုတ်ခြေရင်းမှာ ထိုင်ပြီးခေါင်းပေါင်းတံပက်(တဘက်)ကိုဖြုတ်လို့ရှေ့မှာဖြန့်ခင်းလိုက်တဲ့အခါ........

'အဖေ၊ အဖေ ၊ အဲဒါဘာလုပ်မလို့တုန်း'

သားက အထိတ်တလန့်သစ်ငုတ်ပေါ်က ဆင်းရင်းမေးတာပေါ့။

'သားရေ.....အဖေ့မှာ ငါ့အမေမွေးတဲ့ အသက်မရှိတော့ပါဘူးကွယ်၊ ငါ့သားကယ်လိုက်တဲ့အသက်ပဲရှိတော့တဲ့အတွက် အသက်သခင်ကျေးဇူးရှင်အဖြစ် ကန်တော့မလို့'

'အဖေကလဲဗျာ ကြံကြံဖန်ဖန် သားကိုကန်တော့ရတယ်လို့'

'ဟ....သားရ၊ အသက်သခင်ကျေးဇူးရှင်ဆိုတာ ကန်တော့ရတယ်၊ မကန်တော့ဘဲမနေကောင်းဘူး'

ဖခင်ကပြောပြောဆိုနဲ့ထပ်ပြီးကန်တော့မယ်လုပ်ပြန်တယ်။ သားကအဖေ့လက်ကိုအတင်းဆွဲထားရင်းအကြံထုတ်တယ်။ အကြံရလာတယ်။

'အဖေကျေးဇူးတင်တာမှားနေပြီဗျာ၊ အဖေ့ကိုအခုလိုကယ်နိုင်အောင် ကျွန်တော့်ကိုအမေကမွေးထားတာ၊ အမေကသာ မွေးမပေးရင် အဖေ့ကိုအခုလို ကျွန်တော် ကယ်နိုင်ပါမလား၊ ကျေးဇူးရှင်အစစ်က အမေဗျာ့၊ အဖေကျေးဇူးတင်ချင်တင်ချင်ရင် အမေ့ကိုသာ တင်ပေတော့'

အဖေက တကယ့်လူရိုးကြီးပဲ၊ ကွေ့ကွေ့ကောက်ကောက်စဉ်းစားတွေးတတ်သူ မဟုတ်လေတော့..

'ဟုတ်တယ် ဟုတ်တယ်၊ သူကမွေးလို့သာ မင်းလူဖြစ်ပြီးငါ့အသက်ကိုကယ်နိုင်တာ၊ သားပြော တာမှန်တယ်ဟ'

ခေါင်းတညိတ်ညိတ်နဲ့လက်ခံတယ်။

ဒါနဲ့....ထင်းတွေစုဆောင်းပြီးအိမ်ပြန်သွားကြတယ်။ အိမ်ပေါ်ရောက်လျှင်ရောက်ချင်းအိမ်ရှင်မကို လှမ်းခေါ်တယ်။ ထင်းခုတ်သမားကြီးရဲ့ ဇနီးသည်လည်း ချက်ပြုတ်ရာက အပြေးကလေးထွက် လာတယ်။

'ရှင်မရေ.... ဟိုသင်းဖျူးဖျာပေါ်မှာ ထိုင်စမ်းဟေ့'

အိမ်ရှင်မလည်း ဘာမှန်းမသိ ညာမှန်းမသိနဲ့ယောက်ျား ခင်းပေးတဲ့သင်ဖျူးပေါ်ကိုဝင်ထိုင်တယ်။ ထင်းခုတ်သမားကြီးလည်း တဘက်ကလေးဖြန့်ပြီး ကန်တော့ဖို့လက်အုပ်ချီတယ်။ ဇနီးက ကြောက်လန့်တကြားနဲ့ပြေးကပ်လာတယ်။ လက်ကိုဆွဲဖယ်တယ်။

'အမယ်လေး ငရဲအုံတွေကြီးကုန်တော့မှာပဲ၊ မလုပ်ပါနဲ့'

သင်ဖျူးပေါ်က ဆင်းပြေးရင်း 'တောထဲတောင်ထဲ အပမှီလာတာလား ဘာဖြစ်လာတာတုန်း၊ ပြော စမ်းဦး'မေးတယ်။

'ထိုင်မှာသာထိုင်စမ်းပါ၊ ကန်တော့ပါရစေ'

'မေးတာပဲ ဖြေစမ်းပါဦးရှင်'

ယောက်ျားကကန်တော့မယ် ဟန်ပြင်လိုက်၊ မိန်းမကတွန်းထိုးဖြစ်လိုက်နဲ့ အတန်ကြာအောင် ဝရုန်းသုန်းကားတွေ ဖြစ်နေပြီးမှ ယောက်ျားကအဖြစ်သနစ်ကိုရှင်းပြတယ်။

'မင်းမွေးပေးလို့သာ ဒီကောင်လူဖြစ်လာရတာ၊ ဒီကောင်လူဖြစ်လာလို့သာ ငါ့ကိုကယ်နိုင်တာ၊ ဒီကောင်ကယ်လို့သာငါကျားစာမဖြစ်ရတာ၊ ဒါကြောင့် မင်းဟာကျေးဇူးရှင်မို့ကန်တော့တာပါ'

မိန်းမကအားရပါးရရယ်မောတယ်။

'ရှင့်သားကကျွန်မတစ်ယောက်တည်း အစွမ်းနဲ့မွေးလို့မရဘူးဆိုတာရှင်စဉ်းစားမိရဲ့လား'

ယောက်ျားတွေဝေသွားတော့မှ မိန်းမကထပ်ပြောတယ်။

'ရှင်ကများ ကျွန်မကိုကျေးဇူးတင်နေရတယ်လို့ အံ့ပါရဲ့'

'အေးဟ......ဟုတ်သားပဲ'

'လင်ဖြစ်သူဟာ ပြုံးပြုံးကြီးပြောရာမှ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပါတော့တယ်ဘုရား၊ ဒါကြောင့်ကျွန်တော်ကြီးလည်း.......

ဦးပေါ်ဦးရဲ့ ပုံပြင်အဆုံးမှာ ဘိုးတော်မင်းတရားကြီးကလက်ကာပြတော်မူရင်း ......

'တော်စမ်း .....တော်စမ်း ၊ မောင်မင်းပုံပြင်'

လို့မိန့်တော်မူတယ်။ အဲဒီနောက်တစ်ဖက်ကိုလှည့်ပြီးပြုံးတော်မူလေရဲ့။

× × × × × × × × × × × × × × × × × × × × × × × ×

# ရှည်လွန်းလို့ပါဘုရား

ဘိုးတော်မင်းတရားကြီးရဲ့အဆောင်ကိုင်များအနေနဲ့မင်းတရ ားကြီးအမေးတော်ရှိမှသာစကားပြောဝံ့တယ်။ မမေးဘဲဘာမှမပြောရဲကြဘူးလေ။

ပြောမှဖြစ်မယ့်ကိစ္စကိုမပြောရဲလို့မပြောဘဲနေရသူများကတော့မင်းတရားကြီးရဲ့ထီးတော်မိုးအမှုထမ်း တွေပဲ။ သူတို့အနေနဲ့မင်းတရားကြီးကြွလေရာကိုနောက်တော်ပါးကထီး မိုးပြီးလိုက်ကြရတယ်။ အဲဒီအခါမှာမင်းတရားကြီးရဲ့ပုဆိုးစအရှည်ကြီးကတရွတ်တို က်ပါနေတယ်။အဲဒါကြီးကိုတက်မနင်းမိ အောင်သတိထားရတာတစ်မျိုး၊ဘုရင်ကိုနေမပူအောင်ဂရုစိုက်ရ တာတစ်ဖုံမို့အခက်တွေ့နေကြတယ်။

ပုဆိုးစကိုမနင်းမိအောင်သတိထားလျှင်ဘုရင်ကိုနေပူတော့မယ်။အမှုတော်ထမ်း'ပေါ့လျော့ရသလော' ဆိုပြီးအရာကနှုတ်သိမ်းခံရမယ်။ ထီးတော်ကိုဂရုစိုက်လို့ပုဆိုးစကိုတက်နင်းမိလျှင်မင်းတ ရားကြီး ပုဆိုးစကျွတ်ကျပြီး အရှက်ကွဲမယ်။ အရှက်ကွဲရင် အမျက်ရှ၊ အမျက်ရှရင်သေဒဏ်လား ထောင် ဒဏ်လား၊ အရာမှထုတ်ပယ်ခြင်းလား။ အဲဒါတွေမဖြစ်လာဘူးဆိုဦး၊ အနည်းဆုံး အကန်အကျောက်ခံရမှာမုချ။

ဒီအခက်အခဲဟာတစ်နေ့မဟုတ်၊ ရက်ပေါင်းများစွာကြာညောင်းလာခဲ့တယ်။ ထီးတော်မိုး အမှု ထမ်းတွေတိုင်ပင်ရပြီ။

တစ်နေ့မဟုတ်တစ်နေ့ မင်းတရားကြီးကိုနေပူမယ်။ သို့မဟုတ်တစ်နေ့နေ့ တစ်ချိန်ချိန် မှာ မင်းတရားကြီးပုဆိုးကျွတ်ကျမယ်။ တစ်ခုမဟုတ်တစ်ဟုတ် ဖြစ်ပွားရတော့မှာသေချာပေါက်။

ဒါကြောင့်ဒီအခက်အခဲကလွတ်ရာလွတ်ကြောင်းလမ်းကိုရှာကြတယ်။ အသက်တောင်မရှုရဲတဲ့ အခြေအနေကလွတ်မြောက်ရာလွတ်မြောက်ရေးအတွက်နည်းလမ်းရှာကြတယ်။

ရှာတဲ့အခါဦးပေါ်ဦးမှတစ်ပါးအခြားသူမတတ်နိုင်ဘူးလို့ သဘောပေါက်ကြတယ်။ ဒီအမတ်ကြီး သာလျှင်မင်းတရားကြီးနဲ့ပြောရဲဆိုရဲမဟုတ်လား။

ထီးတော်မိုးအမှုထမ်းထီးတော်သားတွေဟာဦးပေါ်ဦးထံစုရုံးသွားကြတယ်။ အခက်အခဲကိုလျှောက် ထားတင်ပြကြတယ်။ ဦးပေါ်ဦးအနေနဲ့ကိုယ်ချင်းစာတဲ့အတွက်နားလည်တဲ့အတွက် ဘာမှမကြောင့် မကြနှင့်၊ ငါဆောင်ရွက်ပေးမယ်လို့ကတိပေးလိုက်တယ်။

မကြာခင်တစ်နေ့မှာမင်းတရားကြီးအနေနဲ့လွှတ်တော်တက်ရာမှပြန်ကြွလာတော်မူတယ်။ မလှမ်း မကမ်းမှာပါလာတဲ့ဦးပေါ်ဦးကခပ်သွက်သွက်လှမ်းလာတယ်။ ထီးတော်သားရဲ့လက်ထဲကထီးကို လှမ်းဆွဲယူပြီးထီးမိုးပေးရင်းဘုရင်မင်းတရားကြီးရဲ့နေ ာက်တော်ပါးကလိုက်ပါခစားတယ်။

ထီးတော်သားတွေပြောသလိုပါပဲ။ ဘုရင်မင်းတရားကြီးရဲ့ဝတ်လဲတော်အစကအတော်ရှည်တာပဲ၊ ဖုန်အလိမ်းလိမ်း ၊ တရွတ်ဆွဲနေလေရဲ့။ ဒါကြောင့်ရွှေနန်းတော်အုတ်လှေကားအရောက်မှာ ဦးပေါ်ဦးကတမင်ခွာပြီးနေခဲ့တယ်။

ဘုရင်ကြီးကိုနေပူပြီ၊ ပါနေကျထီးတော်မိုးထင်ပြီးဘုရင်ကြီးကနောက်သို့လှည့်ကြ ည့်တယ်။ မထင်မှတ်တဲ့ဦးပေါ်ဦး။

'ဟဲ့.....ငပေါ်ဦးပါကလား၊ အနားကပ်ပြီးမိုးမှနေမပူမှာပေါ့ဟဲ့'

ဒီအခါမှာဦးပေါ်ဦးက......

'အနားကပ်ပြီးထီးတော်မိုးရင် အရှင့်ဝတ်လဲတော်တောက်ပြောင်လွန်းလို့ပါဘုရား'

လို့မဆိုင်းမတွတင်လျှောက်တယ်။

ဝတ်လဲတော်တောက်ပြောင်တာနဲ့ထီးမိုးတာနဲ့မဆိုင်ဘူး၊ မဆိုင်တာကိုဘာကြောင့်တင်ပါလိမ့်ဆိုပြီး မင်းတရားကြီးအနေနဲ့ကိုယ့်ပုဆိုးကိုကိုယ်ငုံ့ကြည့်မိတ ယ်။

'သြော်....ငါ့ပုဆိုးစကအတော်ကြီးရှည်နေပါကလား'

'အေးပါဦးပေါ်ဦးရာ၊ ငါ့ပုဆိုးကိုနောက်များမှာတိုတိုဖြစ်အောင်ဝတ်ပါ့မယ်'

× × × × × × × × × × × × × × × × × × × × × × × ×

# ကျမ်းထွက်ပညာရှိကြီး

'အင်း – အခုလိုအခါမျိုးမှာမိတ္ထီလာပြည်ကပေါ်ပေါက်လာဖူးတဲ့'ဝန်ဇင်းမင်းရာဇာ'လိုအမတ်ပညာရှိတစ်ပါးသာငါ့အနားမှာခစားနေရင်အလွန်တရာသင့်မြတ်မှာပ`လို့တွေးမိတယ်မောင်မင်း'

ဘိုးတော်မင်းတရားမှာအမတ်ပညာရှိမရှားပါးပါ။ လူပြန်တော်'မောင်းထောင်ပညာရှိ' တစ်ယောက်လုံးရှိတယ်။ ဦးပေါ်ဦးကလည်းရှိနေတယ်။ ဒါနဲ့များဒီလိုသုံးနှုန်းပြီးညည်းတွားနေတာဟာဦးပေါ်ဦးကိုကျီစယ်လိုလို့ဖြစ်ကြောင်းထင်ရှားနေတာပဲ။

ဦးပေါ်ဦးကလည်းဘယ်လောက်ပြောနိုင်မှာတုံး၊ ပြောပစေဆိုတဲ့သဘောနဲ့ဝပ်ပြီးခစားမြဲခစားနေတယ်။ မော့လည်းမကြည့်၊ မှန်ပါ့လည်းမလိုက်ဘူး။

ဘိုးတော်မင်းတရားကြီးကဆက်လက်ရေရွတ်နေပြန်တယ်။

'ဝန်ဇင်းမင်းရာဇာလိုစာပေကျမ်းဂန်အရာမှာသူမတူအောင်နဲ့ သိလိမ္မာတဲ့မဟာပညာကျော်မျိုးသာငါ့ထံပါးမှာခစားနေလို့ရှိရင်အလိုတော်ရှိသမျှ ပြည့်စုံနိုင်မယ်မဟုတ်လား'

ဒီစကားမှာတော့ဘုရင်မင်းတရားကြီးဟာဦးပေါ်ဦးဘက်လှည့်ပြီးမိန့်တော်မူလိုက်တာဖြစ်ပါတယ်။ သို့ပေမယ့်အမတ်ကြီးဦးပေါ်ဦးအနေနဲ့ကတော့နကမွတိပါ။

'ဟဲ့......ပေါ်ဦး'

အမည်ကိုထုတ်ဖော်တော့မှဦးပေါ်ဦးခါးဆန့်ပြီးဦးတင်တယ်။

'ခစားလျက်ရှိကြောင်းပါဘုရား'

'ငါမိန့်နေတာကြားရဲ့လားဟဲ့'

'နာခံလျက်ရှိကြောင်းပါဘုရား'

'ကြားလျက်နဲ့ဘာကြောင့်ငုတ်တုတ်ကြီးခစားနေရတာတုန်း၊ တုတ်တုတ်မျှမလှုပ်ပါကလားဟေ့'

'ကျမ်းထွက်နှင့်အညီနေခြင်းပါဘုရား'

မင်းတရားကြီးကတွေတွေကြီးရှုတော်မူနေပြီးမှမိန့်တော်မူ ပြန်တယ်။

"အင်း ....ကြီးကျယ်ပြန်ပြီဟ၊ အနို့ ဘယ်ထွက်လဲ၊ တင်စမ်းဟဲ့'

'မှန်လှပါ၊ဘုန်းတော်ကြောင့် 'စတုရင်္ဂဗလအမတ်ကြီး' ပြုစုခဲ့တဲ့'လောကနီတိ'ကျမ်းထွက်ပါဘုရား'

'စတုရင်္ဂဗလအမတ်ကြီးကဘယ်လိုများဆုံးမထားသတုန်းဟဲ့'

'မှန်လှပါ။ ဘုန်းတော်ကြောင့် 'ဇေရီစည်ကြီးသည်၊ မတီးလျှင်မမြည်၊ တီးမှမြည်သကဲ့သို့ ပညာရှိသည်လည်းမမေးလျှင် မပြော' လိုပါကြောင်းဘုရား'

နောက်ပါးမှခစားနေရသူတွေက.... ‘အမတ်ကြီးတို့လုပ်လိုက်ပြန်ပြီ’ ရယ်လို့တီးတိုးပြောပြီးပြုံးနေကြလေရဲ့။

‘ဟုတ်လား၊ အေး .... အေး သြော် .....ဟုတ်ပေသားပဲ၊ ကဲ ကဲ ... ပေါ်ဦးကိုငါမေးပါပြီဟဲ့’

အဲဒါကြောင့်ဦးပေါ်ဦးကခါးဆန့်ပြီးတင်လျှောက်ပုံကတော့ .....

‘မှန်ပါ၊ အရှင်မင်းကြီးတီးခတ်တော်မူတဲ့အတွက်မြည်ဟိန်းသောအားဖြင့်လျှောက်ထားရရင် အရှင်မင်းကြီးထံတော်ပါးမှာခစားနေတဲ့ ‘ဇာတိ၊ ဝတ္ထု၊ ဘသန္တရ၊ ဂန္ထရ၊ ဝိနည်း ၊ အဋ္ဌကထာ၊ ဋီကာ၊ အဘိဓမ္မာ’ စသည်များကိုလိမ္မာကျွမ်းကျင်လှပါသောလူပြိန်တော်မောင်းထောင်အမတ်ကြီး ကိုလည်းကောင်း .........

‘အိမ်တော်ပါ ငယ်ကျွန် ဘုရားကျွန်တော်ဝန် ငပေါ်ဦးအားလည်းကောင်း၊ ချီးမွမ်းရသည်မှာ ကုန်သွားပြီဖြစ်သောကြောင့်အဝေးကျေးလက်ကဝန်ဇင်းရွာသား တောသားကိုချီးမွမ်းနေတယ်လို့ ယူဆမိကြောင်းပါဘုရား’

ရယ်လို့မင်းတရားကြီးကြားချင်တဲ့ လေသံနဲ့ချေပတဲ့အတွက်အားပါးတရ ပြုံးလိုက်သူကတော့ ဘဝရှင်မင်းတရားကြီးပါ။

× × × × × × × × × × × × × × × × × × × × × × × × ×

# ပိုပြီးပိုပြီးမိုက်တဲ့လူ

ဘိုးတော်မင်းတရားကြီးအနေနဲ့အကောင်းပြောနေရာက ချီးမွမ်းခြေကျောက်ဖြင့်အဆုံးသတ်လား
သတ်တတ်ရဲ့။ ဒါကြောင့်ဦးပေါ်ဦးမှာမင်းတရားကြီးမိန့်တော်မူနေတာကို ရင်တထိတ်ထိတ်နဲ့နား
ထောင်နေရတယ်။

'ငါ့ကျွန် ဝန်ငပေါ်ဦးဟာ 'ပရစိတ္တဝိဇ္ဇာနာနဉာဏ်' ရဘိသည့်အလားသူတစ်ပါးတို့ရဲ့စိတ်ကိုသိနိုင်
တတ်တယ်။ တယ်လဲအံ့ဩလောက်ပါပေတယ်။

တော်ပါသေးရဲ့၊ ချီးမွမ်းခြေကျောက်မဟုတ်၊ စကားကောင်း၊ သို့တစေ သူမဖျက်ခင် ကိုယ်ကကြိုတင်
ဖျက်ထားမှကောင်းမယ်။

'အနုမာန မျက်ရမ်းဆဆိုတဲ့စကား ရှိပါတယ်ဘုရား၊ ထိုမှတစ်ပါးပညာရှိမှ အခွင့်သိတယ်။ လိမ္မာ
မှ စကားတတ်သည်ဆိုတဲ့စကားများလည်းရှိပါသေးတယ်ဘုရား၊ ဆိုအပ်ပြီးခဲ့သောလက္ခဏာ
အင်္ဂါရပ်တို့နဲ့ပြည့်စုံသူကို မူးမတ်အလိမ္မာလို့ ခေါ်ရကြောင်းပါဘုရား၊ သို့သော်လည်း ...'

အကောင်းစကားလျှောက်တင်သည်ထင်တဲ့အတွက်မင်းတရားကြီးက .. 'အင်း ... ဆက်ပြီးတင်
လဟဲ့' မိန့်တော်မူတယ်။

'ဖော်ပြပါ အင်္ဂါရပ်တွေထက် ပိုလွန်သောပညာဉာဏ် ရှိပါလျက်နဲ့ ဘုရားကျွန်ဝန်ငပေါ်ဦးမှာ
ဘာကြောင့်များသက်တော်ရှည်အမတ်ကြီးမဖြစ်ရသလဲလို့စဉ်းစ ားမရအောင်ရှိသည့်အတွက်
ကိုယ့်ကုသိုလ်ကံအကျိုးပေးကိုပဲခွပြီးတံတောင်နဲ့ထောင ်းချင်ကြောင်းပါဘုရား'

စကားနောက်ကိုမင်းတရားကြီးပါသွားပြီ။ ဖျက်လိုဖျက်ဆီးလုပ်တာကိုမင်းတရားကြီးမသိတော့ဘူး

'ဟဲ့ ...အရှုး ၊ အရှုးဘာသာမနေပဲတောပြောတောင်ပြောဘာပြုလို့ပြောနေရတာတုန ်း '

ဦးပေါ်ဦးအဟောက်ခံရပေမယ့်ငြိမ်ကျမသွားဘူး။

'အရှင့်ရှေ့တော်မှာပေါ်ဦးကိုတစ်ချီရှုးလိုက်ရင်မြို့ ထဲ ပြထဲ အရပ်ထဲမှာ အင်မတန်ဘုန်းကြီးတော့
တာပါပဲ ဘုရား'

' ဟင်.... ငါ့ရှေ့မှာရှုးတာနဲ့အရပ်ထဲမှာ နင်ဘုန်းကြီးတာနဲ့ဘာဆိုင်သလဲ၊ သေသေချာချာတင်
စမ်းလဟဲ့'

'အရှင့်ကျွန် ဝန်ငပေါ်ဦးဟာ ပြည်သူပြည်သားလူအများကြားဂုဏ်ထူးဝိသေသဖြစ်ပုံမှာ အတွင်းဝန်
မင်းဦးပေါ်ဦးသည်တဲ့၊ ဝန်ရှင်တော်မင်းကြီးတို့ပင်မလျှောက်ကြားဝံ့သည်တို့ကို တင်လျှောက်ရဲသ
တဲ့။ မင်းတရားကြီးကလည်းချစ်၊ မိဖုရားခေါင်ကြီးတောင်မှစားခွင့်မရတဲ့စားတော်ကွမ်းဖတ ်ကို
စားခွင့်ရသတဲ့။ ပျင်းတော်မူသောအခါ ပျော်တော်ဆက်ရသည်' တဲ့။

'သို့ကလိုပြောဆိုကြပြီး ကျွန်တော်မျိုးကိုအလွန်ခညောင်း ကြောက်ရွံ့ကြတဲ့အတွက်အင်မတန်
ဘုန်းကြီးကြောင်းပါဘုရား'

ဘုရင်မင်းတရားကြီးအနေနဲ့ပြုံးချင်ပေမဲ့မပြုံးဘဲ ငေါက်ဆတ်ဆတ် မိန့်တော်မူပုံက ....

'ဟဲ့...ငပေါ်ဦးရဲ့၊ ပညာသိမ်သေး ဉာဏ်မျက်စိမေး တဲ့လူတွေကသာမောင်မင်းကိုရှိသေခဲ့ကြ၊ကြောက်ရွံ့ကြမည်။ ပညာရှိလူလိမ္မာတို့ကမောင်မင်းအားသူရူးဟုထင်ကြမည်။ ဤသည်ကိုပင်မောင်မင်းကမိမိကိုမိမိပညာရှိကြီးထင်နေတော့သည်။ ဒီဇမ္ဗူနယ်မှာမောင်မင်းလိုမိုက်မဲသူရှိနေသေးရဲ့လား ငမိုက်သားရဲ့'

လို့ဖြစ်ပေတယ်။ ဒီလိုနှိမ်နင်းတဲ့စကားကိုကြားရတဲ့အခါဦးပေါ်ဦးထံမှမှ တ်သားစရာတွေထွက်လာတယ်မဟုတ်လား။

'ဘုန်းတော်ကြောင့် ဇမ္ဗူဒိပ်အနှံ့ပြန့်သိအောင်ကျွန်တော်မျိုးငပေါ်ဦးဖက်ပိုမို မိုက်မဲသူရှိကြောင်းပါဘုရား'

'အလို နင့်ထက်မိုက်မဲသူရှိသေးတယ် ဟုတ်စ ။ ကဲ....ကဲ....တင်စမ်း မောင်မင်း၊ တင်စမ်း'

မာန်မဲငေါက်ငမ်းနေပါလျက်က တိုးထွက်လာတဲ့စကားအညွှန့်မို့မင်းတရားကြီးအလွန်စိတ်ဝင်စားစွာမေးတယ်။

'မှန်ပါ၊ ရွှေဘုန်းတော်ကျွန်ငပေါ်ဦး၊ အသက်အရွယ်ငယ်စဉ်ကသင်အံခဲ့ရတဲ့ 'ဘူရိဒတ်' ဇာတ်တော်ကြီးမှာ ပါတဲ့အမတ်တွေအနက်'စူဠလိပ်' ကိုရေထဲလွှတ်သင့်တယ်လို့တင်လျှောက်တဲ့နဂါးအမတ်တွေဟာကျွန်တော်မျိုးထက်ပိုပြီးမိုက်မဲသူများဖြစ်ကြောင်းပါ ဘုရား'

မင်းတရားကြီးရဲ့ အပါးတော်မှာခစားနေတဲ့မိဖုရားတွေ မောင်းမမိသံတွေမှာဣန္ဒြေဆောင်မနေနိုင်ကြတော့ဘူး၊ တသောသောရယ်မောကြတယ်။

ဘိုးတော်မင်းတရားကြီးလဲရယ်မိတာပါပဲ၊ ရယ်မောရင်းက.....

'အေး .... အင်း ရေထဲပြစ်မယ်အပြောမှာလိပ်ကငိုပြီးပြောတော့ နဂါးအမတ်များခမျာလည်းအဟုတ်မှတ်သွားကြဟန်တူပါရဲ့ဟာ' လို့မှတ်ချက်ချတော်မူပေါ့လေ။

× × × × × × × × × × × × × × × × × × × × × × × × ×

# ဦးပေါ်ဦးနှင့်တွေ့တော့မှပဲ

ဘိုးတော်မင်းတရားအနေနဲ့နောက်ပါနောက်လိုက်များစွာခြံရံလျက် ‘အောင်မြေလောက’စေတီတော်ကိုအဖူးအမြော်ထွက်တော်မူလာတယ်။ မင်းတရားကြီးဘုရားကြည်ညိုအပြီးမှာ မင်းချင်းတစ်ယောက်တစ်စုံတစ်ရာ လာရောက်ဆက်သတယ်။ ရင်ပြင်တော်ပေါ်ကကောက်ရတာ ....တဲ့။

ဒါနဲ့ ဘုရင်မင်းကြီးဟာ နာခံတော်ကိုအဖတ်ခိုင်းတယ်။

‘ရတနာသုံးပါးကို မှီဝဲဆည်းကပ်၍ ဒါန သီလ ဘာဝနာ တို့ကိုကြိုးစားအားထုတ်ကြကုန်။ ဤသို့အားထုတ်မမူ၍‘မောဃကာလတုစ္ဆ’ခဏဖြစ်ကာသာနေသူတို့အားငါသိကြားမင်းသည် ‘ဝေသုဝဏ်’နတ်မင်း‘ကုမ္ဘာန်တစ်ထောင်တို့ကိုစေလွှတ်၍မကောင်းသောရောဂါဆိုးများဖြင့် တိုက်ဖျက်မည်’

ဖတ်ပြအပြီးမှာ နာခံတော်က ဝါးပရပိုဒ် ရွှေပေလွှာကိုလက်တော်သို့ဆက်သတယ်။

‘လူမင်းဘုန်းကြီးလို့ နတ်မင်းမနေသာဘဲ၊ ရွှေပေလွှာ ဆက်သရတာတဲ့ ပေါ်ဦးရဲ့နင်ကြည့်စမ်းဟဲ့’

ရှင်လန်းအားရစွာမိန့်တော်မူရာက၊ မင်းတရားကြီးဟာရွှေပေလွှာကို အတိုကောက်ခေါ်ရမယ့် ဝါးပုရပိုဒ်လွှာကို အမတ်ကြီးထံ လှမ်းပေးတော်မူတယ်။

အမတ်ကြီးကရိုသေစွာလှမ်းယူတယ်။ ဒါပေမဲ့ မင်းတရားကြီးရဲ့ ရေလာမြောင်းပေးစကားလိုက်မလျှောက်ဘူး။ ရွှေပေလွှာကို စေ့စေ့စပ်စပ်ကြည့်ပြီး ....

‘ရွှေပေလွှာဟာများစွာကောင်းလှပါတယ် ဘုရား။ ပင်ရစ် ခွဲသားမှန်ကန်၊ လက်ရေးလက်သား ကောင်းမွန် ၊ စာစီစာကုံးလည်းချောမောပါတယ်ဘုရား ပညာရှိတို့ရဲ့ စိတ်ကူးစိတ်သန်း ကဖြင့် သွားလှပါပေ့’

တသိကြီးမှတ်ချက်ပြုနေတဲ့အတွက် ၊ မင်းတရားကြီးက .....

‘ဟဲ့ ပေါ်ဦး၊ ရွှေပေလွှာ သကြားမင်းဆက်သလို့ ရပါတယ်ဆိုမှ၊ ဘယ်ကပညာရှိတွေကိုသွားပြီး ချီးမွမ်းနေရပြန်တာလဲ’ လို့ မိန့်တော်မူတယ်။

‘မှန်လှပါ၊ ချီးမွမ်းဖွယ်ရာများ မကုန်သေးပါဘုရား’

ဒီရွှေပေလွှာဟာ အကြံအဖန်ရွှေပေလွှာလေ။ ဒါကြောင့်မင်းတရားကြီးကမလုံမလဲဖြစ်ပြီးငါ့ရွှေပေလွှာကိုဘာတွေများဖျက်လိုဖျက်ဆီး လုပ်ချင်သေးသလဲ’ မေးတော်မူရတယ်။

‘ရွှေပေလွှာသာဆိုတယ် ဝါးပရပိုက်ကြီးဘုရာ့၊ ဒါကြောင့်သိကြားမင်းဟာ မိဖုရားတွေကိုအတော်ကြောက်ရဟန်တူပြီး ရွှေကလေးတစ်ပဲသားလောက်တောင် ကိုယ်ပိုင်ရပုံမရပါဘူး၊ ဒါပေမယ့် အရှင့်ဘုန်းတော်ကြောင့်မရှိမဲ့ရှိမဲ့ ကြားထဲကဝါးပုရပိုက်ကိုရွှေပေလွှာလုပ်ပြီး ချရှာတာပါကလား’

အမတ်တွေပြုံးနေကြပေမယ့် မင်းတရားကြီးအနေနဲ့ကတော့ပြုံးရအခက် မဲ့ရအခက် ဖြစ်နေလေရဲ့။ သို့သော်လည်း ဘုရင်မင်းတရားကြီးရဲ့ ဖြစ်တော်မူပုံကိုမသိဟန်နဲ့ ဦးပေါ်ဦးက...

‘အလွန်အံ့စရာရှိသေးတယ် ဘုရာ့၊ ပရိပိုက်လုပ်ပြီးရောင်းတဲ့ရှမ်းအမျိုးသားတွေဟာကျော်ကျော်

ကျူးကျူး တာဝတိသာအထိတက်ပြီးသိကြားမင်းကိုပုရပိုက်ရောင်းနိုင်တ ၁မှဖြင့်အလွန်တရာချီးမွမ်းစရာ အံ့သြစရာပါပဲဘုရား’လို့ဆက်လက်တင်လျှောက်နေတယ်။

‘အေးဟဲ့.... ပေါ်ဦးပြောလဲပြောစရာပေပဲ၊ မောင်မင်းများမစဥ်းမစား မဆင်ခြင်ဘဲ လုပ်ကြတဲ့အတွက် ပေါ်ဦးဖျက်သမျှ ခံရတော့တာကလား’

အဲဒီမိန့်တော်မူစကားက အကြံအဖန်ဆိုတာ ဝန်ခံရာရောက်တော့တာပဲ။

× × × × × × × × × × × × × × × × × × × × × × × × ×

# ဝက်သားအမိသားအဖပုံပြင်

'ပေါ်ဦးရယ် ၊ ငါတို့အိမ်နိမ့်စံ ဘဝတုန်းကလို ပုံပြင်ကလေးဘာလေးပြောပြီးပျော်တော်ဆက်စမ်းပါဦး ဟယ်'

တစ်နေ့သ၌ မိဖုရားခေါင်ကြီးရဲ့အဆောင်တော်မှမင်းတရားကြီးစံမြန်း နေတုန်းဦးပေါ်ဦးကိုအခေါ် လွှတ်ပြီးရောက်လာချိန်မှာ မိဖုရားခေါင်ကြီးက အမိန့်တော်ရှိတာဖြစ်ပေတယ်။

(ရှင်ဘုရင်ရဲ့ သားတော်သမီးတော်တွေအနေနဲ့ မင်းမဖြစ်မီမိဖုရားမဖြစ်မီကာလကိုအိမ်နိမ့်စံလို့ ခေါ်တယ်။ )

'မယ်ဖုရားခေါ်တော်မူလို့ကျွန်တော်မျိုး အခစားဝင်ဖို့ အလာလမ်းမှာဝက်ကလေးနှစ်ကောင်နဲ့ဝက် လင်မယားနှစ်ကောင်အူလျားဖားလျားပြေးလာကြတာတွေ့လိုက်ရပ ါတယ်ဖုရား'လို့စိတ်ဝင်စား ဖွယ်အစချီလိုက်တယ်။

'ကျွန်တော်မျိုးလှမ်းကြည့်လိုက်တော့ လူတစ်ယောက်ဓါးကြီးကိုင်မြှောက်ပြီး ဝက်တွေနောက်က ပြေးလိုက်လာတာတွေ့ရတယ်ဘုရာ့၊ ဒါနဲ့ မီလုမီခင်မှာ နောက်ဆုံးကဝက်ကလေးကိုဓားနဲ့ပိုင်း ဖို့ အားယူနေတုန်းမှာ ကျွန်တော်မျိုးက..................

'ဟဲ့....ဟဲ့....မောင်မင်း၊ ဘာပြုလို့သူတစ်ပါးအသက်ကိုမညှာမတာလုပ်ရသတုန်း'

ဆီးမေးတဲ့အခါ အဲဒီလူက....

'ကျွန်တော်မျိုးရဲ့ စိုက်ခင်းပျိုးခင်းတွေကို ဒီဝက်တွေမကြာခဏလာလာဖျက်ဆီးတာများပြီဘုရား၊ ဒါကြောင့် ဒေါသဖြစ်ဖြစ်နဲ့ အခုလိုလုပ်မိတာပါအမတ်ကြီးရယ် လို့ဖြေပါတယ်ဘုရား'

'အေးကွယ် ၊ သနားပါတယ်ကွယ် ၊ ဒီတစ်ခါတော့ခွင့်လွှတ်လိုက်ပါ'

'ကျွန်တော်မျိုး ဖျောင်းဖျ၊ နားချလို့ ခြံသမားပြန်လှည့်အသွားမှာ ဝက်ကလေးတစ်ကောင်ကစ ကားပြောတယ်ဘုရား'

ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဝက်ကစကားပြောတယ် ဆိုတဲ့အတွက်စိတ်ဝင်စားဖွယ် ပါပဲ။

'ဝက်ကလေးပြောပုံကဒီလိုပါဘုရား၊ ကျွန်တော်တို့ သားအမိသားအဖငါးယောက်ဟာဘဘကြီး သာမကယ်ရင် သေပြီဗျာလို့ ပြောပါတယ်ဘုရား'

ဒီတစ်ခါမိဖုရားကြီးကကြားဖြတ်ပြီးဝင်မေးပြီလေ။

'ဟဲ့...နေပါဦး၊ နင်ပြောတာဝက်ကလေးနှစ်ကောင်နဲ့ ဝက်လင်မယားလို့ဆိုတယ် မဟုတ်လား၊ လေးကောင်ပေါ့'

'မှန်ပါ မယ်ဖုရား၊ ဝက်ကလေးကတော့အဲဒီအတိုင်းပဲ ပြောပါတယ် ဖုရား'

မိဖုရားကြီးခမျာ ယောင်လည်လည်ဖြစ်သွားပြီးမှ ဓားနဲ့ပိုင်းလိုက်တုန်းကထက်ပိုင်းပြတ်သွားလို့

များငါးကောင်လို့ပြောရော့သလားဟဲ့လို့မေးတော်မူတယ်။

'ကျွန်တော်မျိုးဟန့်တားလိုက်တဲ့အတွက် ဘယ်ဝက်ကလေးကိုမျှ ဓားချက်မထိပါဘုရား'

'ဟယ်.....နင့်စကားနားထွေးရပါဘိ..... ရှင်းရှင်းတင်စမ်းပါဟယ်'

ဒါပေမဲ့ဦးပေါ်ဦးကတော့ဝေ့လည်ချောင်ပတ်လုပ်နေဆဲပါပဲ။

'မှန်လှပါ၊ ဝက်ကလေးကတော့ ကျွန်တော်တို့သားအမိငါးကောင်လို့ပြောထားတာအမှန်ပါဘုရာ း'

'ဒါဖြင့် နင့်မျက်စိနဲ့ကော ဘယ်လောက်မြင်သတုန်း'

'လေးကောင်ပဲ ဖြစ်ပါတယ်ဘုရား'

'ဟယ်....ပေါ်ဦးရယ်၊ နင့်စကားရှုပ်လှပါဘိ၊ ဘယ်လိုအကြောင်းကြောင့်ဝက်လေးကောင်ကငါး
ကောင်ဖြစ်သွားရတာလဲ'

'အဲဒါမှာတော့ မယ်ဖုရားကိုယ်တော်တိုင်စဉ်းစားကြည့်တော်မူပါဘုရား'

မိဖုရားကြီးစဉ်းစားကြည့်တော်မူရပြီလေ။ ဒါပေမယ့်ဘယ်လိုမှစဉ်းစားလို့မရတဲ့အတွက်....

'နင့်ပဟေဠိကို နင်ပဲ ဖြေစမ်းပါဟယ်'

ဆိုပြီး ပန်းပေးတော်မူလိုက်ရတယ်။ ဒါကြောင့်ဦးပေါ်ဦးက လက်အုပ်ချီလိုက်တယ်။

'မှန်လှပါ၊ ကျွန်တော်မျိုး မြင်တာလေးတောင်အမှန်ဖြစ်သလို ဝက်သလေးကငါးကောင်လို့ပြော
တာလည်း အမှန်ပါပဲ ဘုရာ့၊ ဘာကြောင့်ဒီလိုဖြစ်ရသလဲ ဆိုတော့ 'ဝက်ကလေးဟာကျောင်းမနေ
ရသေးတော့ ဘယ်မှာဂဏန်းသင်္ချာတတ်ပါ့မလဲ ဘုရား၊ တစ် နှစ် သုံး လေး မှန်အောင်မရေတတ်
လို့ဒီလိုဖြစ်တာပါဘုရား'

မင်းတရားကြီးကနားထောင်နေရာကရယ်တယ်။

'ပေါ်ဦးတို့ လုပ်လိုက်မှဖြင့် ငါတောင်မျက်စိလည်သွားသဟ၊ ခွေးမသားရ'

'မှန်လှပါ၊ မယ်ဘုရားကိုပျော်တော်ဆက်တာပါဘုရား'

ဦးပေါ်ဦးရဲ့အလျှောက်အထား ဒီစကားကိုကြားရတော့ မုပဲမိဖုရားကြီးခမျာပြုံးတော်မူနိုင်တော့
တာကိုး။

× × × × × × × × × × × × × × × × × × × × × × × × ×

# ဘုရင်ကိုအသေခိုင်းခြင်း

မြန်မာသက္ကရာဇ် (၁၁၆၈ ) ခုနှစ်၊ တပေါင်းလမှာ ဘိုးတော်မင်းတရားကြီးအနေနဲ့ ဧရာဝတီမြစ်ရဲ့ တစ်ဖက်ကမ်းမှာရှိတဲ့ 'အလယ်ကျွန်း'ကို ကြွချီတော်မူလာတယ်။ အဲဒီကျွန်းကိုနန်းတော်ကျွန်းလို့ သမုတ်ပြီးယာယီနန်းနဲ့စံမြန်းတော်မူပါလေရော။

နေပြည်တော်မှည့်ဥ္ဓအိပ်ညဥ့်နေထွက်စံတောမူရတဲ့အကြောင်းရ င်းကတော့ပုထိုးတော်ကြီးတည်လုပ် ရာမှာ ကြပ်မတ်ဖို့ပါပဲ။ အင်္ဂတေကိုတောင်ကိုယ်တော်တိုင် စပ်တာကလား။

ဘဝရှင်မင်းတရားကြီးဟာ ခမ်းနားကြီးကျယ်စွာထွက်တော်မူကြီးထွက်တော်မူလာတာမို့ နန်းတော် ကျွန်းကိုမိဖုရားငယ်တွေသာမက မိဖုရားကြီးပါပါတော်မူတယ်။ ကျွန်းကယာယီနန်းတော်မှာစံမြန်း နေတော်မူခိုက်မိဖုရားခေါင်ကြီးဟာရောဂါဝေဒနာစွဲကပ်ပြီးသမားဟူးရားတို့ကြိုးစားကုသနေတဲ့ ကြားထဲက အနိစ္စရောက်တော်မူတယ် ။'သီရိပဝရရာဇိန္ဒမင်္ဂလာ ရတနာဒေဝီ' အမည်ရတဲ့မိဖုရား ခေါင်ကြီးဟာမင်းတရားကြီးရဲ့ ငယ်ချစ်ဖြစ်တယ်။ အိမ်နိမ့်စံဘဝကတည်းကဆင်းရဲမှုကိုလက်တွဲ ခံယူခဲ့တဲ့မိဖုရားကြီးပဲ.......။

ဒါကြောင့်မင်းတရားကြီးရွှေစိတ်တော်ထိခိုက်တယ်။

'မိဖုရားကြီးအလောင်းတော်ကိုဆောင်ကြဉ်းခဲ့ကြစေ။'

ရွာပြင်မှာသေတဲ့မသာကိုရွာထဲကိုမယူရဘူး။ တစ်နယ်တစ်ကျေးမှာသေတဲ့မသာကိုအရပ်ထဲမသွင်း ရဘူး။ အဲဒီလိုမသာနဲ့ပတ်သက်တဲ့အယူသည်းမှုတွေကို ဘိုးတော်မင်းတရားထည့်မစဉ်းစားဘူး။ သူမြတ်နိုးတဲ့မိဖုရားကြီးကိုအခမ်းအနားဆုံး အကြီးကျယ်ဆုံးဖြစ်အောင် သင်္ဂြိုလ်ဖို့ပဲမင်းတရားကြီး သိတော်မူတယ်။

ဒါကြောင့်အဲဒီလိုမိန့်တော်မူအပြီးမှာ စုရုံးမိသမျှဗိုလ်ခြေအနည်းငယ်နဲ့ ရွှေမြို့တော်ကိုကသုက်က ယက် ကြွချီသွားတော်မူလေရဲ့။ မိဖုရားအလောင်းကြီးကြည့်ပြီး ဒုက္ခရောက်လျက်ကျန်ခဲ့သူတွေ က အမတ်တွေ။

အမတ်တွေဒုက္ခရောက်ရတဲ့ အကြောင်းရင်းကတော့ မသာကိုမြို့တွင်းသွင်းရင် ခိုက်တတ်တယ်ဆို တဲ့အယူသည်းမှုကြောင့်ပါပဲ။ နန်းတော်ကျွန်းမှာကျန်ခဲ့သူတွေရဲ့ဂယက်က နန်းတော်တွင်းလာပြီး ရိုက်ခတ်တော့တယ်။

အမတ်တွေစုရုံးစုရုံး ခေါင်းချင်းဆိုင်ပြီး ပြောနေကြတာကိုမင်းတရားကြီးကြားတော်မူတယ်။

'ငါ နန်းစံအုပ်စိုးတဲ့တိုင်းပြည်ထဲက ငါတည်တဲ့မြို့မှာမှ ငါ့မိဖုရားကို ငါ့သဘောကျ မသင်္ဂြိုလ်ရ တော့ဘူးလားကွယ်လို့ '

ဒါလိုမိန့်တော်မူလိုက်တဲ့အခါ ပို့ပြီးအခက်တွေ့ကုန်တယ်။ 'မတော်ပါဘုရား၊ ရှေးတုန်းက ဤ သို့ရှိပါကြောင်း' တင်လျှောက်ဖို့စိတ်ကူးထားတဲ့အမတ်တွေ ဘေးကျပ်နံကျပ်ဖြစ်ကုန်တော့တယ်။ ခလုတ်တိုက်လဲလည်း မြို့ပြင်ကအလောင်းကို မြို့တွင်းသွင်းလို့ ၊ ကလေးအိမ်ပေါ်ကလိမ့်ကျ လည်း မသာကိုမြို့ထဲသွင်းတာကိုးနဲ့ ဖြစ်ကြတော့မှာကလည်းရှိသေး။

အမတ်တွေကြံရာမရတဲ့အဆုံးမှာ ဦးပေါ်ဦးထံပြေးကြရလေပြီ။ ဦးပေါ်ဦးကလည်းသူ့အမေတစ်ပိုင်း နေတဲ့မိဖုရားကြီးကို ချစ်ပေမယ့် အလောင်းကို မြို့ထဲယူလာဖို့ကိုတော့ သဘောမတူဘူး၊

ဒါကြောင့် ကောင်းပါပြီဝန်ခံပြီး မင်းတရားကြီးစံတော်မူရာအနီးကို ရောက်လာတယ်။

'ဘုရင့်အနားကပ်နေကြပြီး ဘာမျှနားမလည်တဲ့အမတ်တွေ၊ တစ်ကောင်မှထားဖို့မကောင်းဘူး'

ဘုရင်ကြားလောက်အောင်အော်ကျယ်ဟစ်ကျယ်ရင့်ရင့်သီးသီး၊ရေရွတ်တယ်။ထပ်ပြီးပြောသေးတယ်။

'ရပ်ဓလေ့၊ ရွာဓလေ့နဲ့ ပြည့်ရှင်မင်းနဲ့ ဘာဆိုင်တုန်း၊ ဘာမျှမဆိုင်ဘူး'

ဒါကိုမင်းတရားကြီး ကြားတော်မူတဲ့အခါ အားတက်သွားတယ်။ အရေးအကြောင်းရှိရင် ပေါ်ဦးပဲ ရှိတာကလား၊ ငါ့ဘက်မှာ သူရှိသားပဲပေါ့။

ဒါကြောင့် ဦးပေါ်ဦးကို ရှေ့တော်ဝင်စေပြီး ...........

'ငါဘက်ကမောင်မင်းပဲရှိတယ်၊ မောင်မင်း မယ်တော် ကို မောင်မင်းကြီးကြပ်ပြီး၊ မြို့တော်ကို သယ်ခဲ့ပြီး၊ သဂြိုလ်စေ .....'လို့ခေါင်းတပ်ပြီး အမိန့်တော်မြတ် ချမှတ်တော်မူလိုက်တယ်။

တစ်ခြားအမတ်တစ်ယောက်ယောက် အတွက်တော့ အလွန်ခက်ခဲတဲ့အမိန့်ပေပဲ။ ဒီယုန်မြင်လို့ ဒီချုံထွင်တဲ့ဦးပေါ်ဦး အတွက်မခက်ပါဘူး ။ လွယ်လွယ်ကလေးပါပဲ။ အမိန့်တော်အတိုင်း အလောင်းတော်ကို နန်းတော်ကျွန်း မှရွှေမြို့တော်သို့ ခမ်းနားကြီးကျယ်စွာသယ်လာခဲ့တယ်။

ဒါပေမယ့် မြို့ပြင်မှာထားတယ် ။ ကန္နားဖျင်းထိုးပြီး၊ မိဖုရားကြီး ရဲ့ မသာတော်ကို ဧယာဉ်သည်၊ ဝိုင်ချင်းသည်တွေနဲ့ ဧယာဉ်ကျူးတယ်။ အဲ ....ဧယာဉ်ကျူးတယ်ဆိုတာ သံနေသံထားပြေပြစ် အောင် ဖွဲ့နွဲ့စီကုံးထားတဲ့ဝိုင်ချင်း။ သို့သော်ဇာတ်မင်းသားမင်းသမီး တို့ရဲ့ဝိုင်ချင်းချ ဝိုင်ချင်းမျိုး မဟုတ်ဘူးနော်။

'ရွှေကင်ငယ်ဆိုးလှတဲ့ နေမျိုးနွယ်ဘုရား။ ထွက်တော်မူသော် ရွှေဝေါတော်မှာ အဖော်နှစ်ပါး တူ ယှဉ်ငြား၍၊ တစ်ပါး တည်းသာခုခါဝယ်၊ ပြန်လာတော်မူရက်ပ ညာနန်းမရှင်ရဲ့လေး'

တူရိယာသံနဲ့ တွဲဖက်လိုက်တဲ့အခါ စိတ်မနိုင်သူတွေပါ ရောနှောငိုတဲ့ ဧယာဉ်ချင်းမျိုး ပါပဲ။ ဘိုးတော်မင်းတရားကြီး အနေနဲ့ ဒီအသံကို ကြားတော်မူတဲ့အခါ ကျေနပ် အားရနေတယ်လေ။

ဒါပေမယ့် မကြာပါဘူး ၊ အမတ်ကြီး ဦးပေါ်ဦးဟာ ဘုရင့်ရှေ့တော်ကို မောကြီး ပန်းကြီးရောက် လာတယ်။ မျက်နှာမှာချွေးတွေအရွှဲရွှဲ၊ ဖုန်တွေ အလူးလူးနဲ့ပေါ့။

'ဟဲ့ ပေါ်ဦး ၊ မောကြီး ပန်းကြီးနဲ့ ဘာဖြစ်လာတာလဲဟ'

'မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘဝရှင်မင်းတရားကြီးနဲ့ အရှင်မင်းတရားကြီးတို့ ရွှေမြို့တော်က ထွက်စံတော်မူစဉ် နှစ်ပါးစုံညီ ဖြစ်ပါလျက်နဲ့ အခုပြန်လည်ကြွမြန်းလာရာမှ အရှင် မိဖုရားခေါင် ကြီး တစ်ပါးကြီး ပြန်လည်ကြွလာတာ ဘဝရှင်မင်းတရားကြီးက အရှင်မိဖုရားခေါင်ဆောင်ကြီး ကို မချစ်မကြင်နာရာ ရောက်တယ်လို့ မြို့တော်သူ မြို့တော်သား ဆင်းရဲသား ကျွန်တော်မျိုးများ က ပြောနေကြပါတယ် ဘုရား'

'နောက် ဘာဖြစ်သေးသတုန်း ပေါ်ဦး ၊ တင်စမ်း '

'သို့ပါ၍ ပြန်လည်ဝင်လည်ဝင်စံတော်မူရာမှလည်း အရှင်မိဖုရား ခေါင်ကြီး တစ်ပါးတည်းမဟုတ်

ဘဲ ထွက်တော်မူစဉ်က နည်းတူနှစ်ပါး ယှဉ်တွဲပြီး ဝင်စေချင်ကြောင်း တောင်းပန်နေကြကြောင်း ပါဘုရား'

ဘုရင်မင်းမြတ် ငြင်းရခက် မငြင်းရခက် ဖြစ်အောင်ဦးပေါ်ဦး လုပ်လိုက်တာလေ။ ငိုချင်းသည်တွေရဲ့ ငိုချင်းဟာဦးပေါ်ဦးရဲ့ စနက်ပါပဲ။

တစ်ကယ်ပဲ မင်းတရားကြီး ခက်တော်မူပြီ။

'ဆင်းရဲသား ကျွန်တော်မျိုးတို့ရဲ့ အလိုဆန္ဒကို ဘယ်လို လုပ်ပြီးလိုက်လျောရမည်နည်း။ အလောင်းဘောက ငုတ်တုတ်ကြီးထိုင်လိုက်လို့အမြင်တော်ပါ့မလား၊ အလောင်းနဲ့ယှဉ်ပြီး ပက်လက်ကြီး အိပ်ပြီးလိုက်လျှင်ကော၊ အဲဒါလည်း မဖြစ်နိုင်။

'အေး အေး ဒီအတိုင်း ဆိုရင်တော့ မြို့ပြင်မှာပဲ သင်္ဂြိုဟ် လိုက်ပေတော့ မောင်မင်း'

တစ်ခြားအမတ်တွေ မျက်လုံးပြူးနေတဲ့ပြသနာကြီးဟာ ဦးပေါ်ဦး လုပ်လို့ လွယ်ကူစွာပဲ ပြီးစီးသွားပါတော့တယ်။

× × × × × × × × × × × × × × × × × × × × × × × ×

# ရပါတယ် – ရပါတယ်

တစ်ခုသော နံနက်မှာ အမတ်ကြီးဦးပေါ်ဦးရဲ့ အိမ်ရှေ့ ပြောင်လက်ရှင်းသန့်နေတဲ့ အိမ်ဝင်းထဲကို လူတစ်ယောက် ဝင်လာတယ်။ သူကမင်းလုလင်တစ်ယောက်ဖြစ်တယ်။

နန်းမြို့ မြို့ရိုးအတွင်း ရွှေနန်းတော်ကြီးနဲ့ မနီးမဝေးမှာ တည်ရှိတဲ့ ဦးပေါ်ဦးရဲ့အိမ်အနေနဲ့ အမြဲ သန့်ရှင်းနေတယ်။ အိမ်ရှေ့မှာလည်း ဦးပေါ်ဦးကိုယ်တိုင်နံနက်တိုင်း တံမြက်လှည်းထားလေတော့ အမှိုက်တစ်ပင်မရှိဘူး။ ရှင်းသန့်ပြောင်လက်နေတယ်။

အဲ့ဒီနေရာကို ရောက်လာတဲ့မင်းလုလင်ဟာ ဘာမပြော ညာမပြော အခင်းကြီး သွားမယ့်ပုံနဲ့ ထိုင်ချလိုက်တဲ့အတွက်……

'ဟဲ့ ဟဲ့ ….အဲ့ဒါက ဘာလုပ်မလို့ လဲဟေ'

ဦးပေါ်ဦး ပြူးပြူးပြာပြာ ပြေးသွားပြီး မေးတယ်၊ ထိုင်ချလိုက်တဲ့လူလည်း ထရပ်ရတယ်လေ။

'မစင်စွန့်မလို့ပါ အမတ်ကြီး'

'တယ်……ကျူးကျူးကျော်ကျော် စော်စော်ကားကား'

'မင်းတရားကြီးကိုယ်တော်တိုင်က ပေါ်ဦးအိမ်ရှေ့ မြေတလင်းမှာ အခင်းကြီးသွားချေ၊ အမိန့်တော် ချမှတ်လိုက်လို့ ပါခင်ဗျာ၊ သည်းခံတော်မူပါ'

သူတစ်ပါးကိုသာ ကသိကအောင့် လုပ်ခဲ့တဲ့ ဦးပေါ်ဦးအလွန် အခံခက်သွားတယ်။ သို့သော်လည်း မင်းမိန့်ကို သူမတားဆီးနိုင်။

'မင်းတရားကြီးရဲ့အမိန့်တော်က အခင်းကြီးသွားချေလို့ ပါတယ်နော်၊ ဟုတ်စ'

'မှန်ပါတယ် ခင်ဗျာ'

'အေးအေး …. မင်းမိန့်ကိုကွယ်၊ နာခံရမှာပေါ့၊ သို့သော်လည်း ခဏနေဦးကွယ်၊ ခဏလေး ခဏလေး'

အမတ်ကြီး ဦးပေါ်ဦးအနေနဲ့ အဆောင်ကိုင် တစ်ယောက် ဓားသွေးနေတာ လှမ်းခေါ်ပြီးဓား တောင်း လိုက်တယ်။ ချက်ချင်း မင်းလုလင်ရဲ့ ခေါင်းပေါင်း မှာ မိုးထားလိုက်တယ်။

'ကဲ ….. အမိန့်တော်ထဲမှာ အခင်းကြီးသွားစေ ပါတဲ့အတွက် အခင်းကြီးသွားပေတော့ ၊ သို့သော် အခင်းလေးသွားစေမပါတဲ့အတွက် ကျင်ငယ် မထွက်ရဘူး ၊ ကျင်ငယ် တစ်စက်ထွက်ရင် ဇတ်အပြတ်ပဲ'

မင်းလုလင် ထရပ်လိုက်ရတော့တယ်။

'အခင်းကြီး သွားတဲ့အခါ ကျင်ငယ်မထွက်ရဘူး လို့ ဘယ်သူမျှ အာမ မခံနိုင်ဘူးလေ၊ ဘုရင့် အမိန့်ထဲမှာ လည်း ကျင်ကြီးသာ စွန့်ခိုင်းတာ၊ ကျင်ငယ်မပါဘူး၊ ဦးပေါ်ဦးက အဲဒီဟာအတွက် ကိုအမိအရ ဖမ်းကိုင်ပြီး ဓားမိုးထားတာပါပဲ။

'ဟဲ့ကောင် ကျင်ကြီး စွန့်လေ'

'ကျွန်တော် ကျင်ငယ် မထွက်အောင် မတတ် .... မတတ်နိုင်လို့.'

မင်းလုလင်ဟာ ထစ်ထစ်ငေါ့ငေါ့ ပြန်ဖြေပြီး အမတ်ကြီးရဲ့ အိမ်ရှေ့တလင်းပြင်က ထွက်ခွာသွားလေရဲ့ ။

အဲဒီ မင်းလုလင်ဟာအမှန်ပဲ အမိန့်တော်ကြီးနဲ့ လာသူဖြစ်တယ်။ ဒါကြောင့် အကျိုးအကြောင်းပြန်လည်သံတော်ဦး တင်ဖို့ဘုရင့်ရှေ့တော် ကိုဝင်ရောက်ခစားရတယ်။

'ပေါ်ဦးအိမ်ရှေ့ မြေတလင်းမှာအခင်းကြီး သွားခဲ့ပြီး ပြီလား၊ ပေါ်ဦးဆိုတဲ့ကောင် က ဘာပြောသတုန်းဟဲ့'

'မှန်လှပါ၊ အမိန့်တော်ထဲမှာ အခင်းကြီးပဲပါတယ်၊ အခင်းလေးစွန့်စေ မပါတဲ့အတွက် ကျင်ငယ်တစ်စက်ထွက်ရင် ဇက်အပြတ်ပဲဆိုပြီး ခြားမိုးထားတဲ့အတွက် မဆောင်ရွက်ခဲ့ရပါ ဘုရား'

သံတော်ဦး တင်အဆုံးမှာ မင်းတရားကြီး အနေနဲ့ လိုက်လိုက်လှဲလှဲ ရယ်မောတော်မူသတဲ့။

× × × × × × × × × × × × × × × × × × × × × × × × ×

# ဖိုးသူတော်ဦးပေါ်ဦး

ဘိုးတော်မင်းတရားကြီး၏ငယ်ကျွန်တော်အမတ်ကြီး ဦးပေါ်ဦးအနေနဲ့ သူတစ်ပါးဒုက္ခရောက်လျှင် တတ်စွမ်းသလောက်စောင့်ရှောက်ကူညီတယ်။ ဘုရင်ကိုလည်း မခိုးမခန့် လျှောက်လား လျှောက်ရဲ၊ ရယ်စရာဖြစ်အောင်လုပ်လား လုပ်ရဲ ၊ အဲ့ဒါတောင်မင်းတရားကြီးက ခွေးမသားခေါ်လို့ခေါ် ၊အရူးလို့ ငေါက်လို့ငေါက်နဲ့ အရေးပေးတော်မူတယ်။

ဦးပေါ်ဦးရဲ့ အိမ်ကိုကြည့်အုံးမလား။

ထွက်ဝင်ခစားသူတရုန်းရုန်း၊ လက်ဆောင်ပဏ္ဏာတွေလာရောက်ဆက်သသူတွေကလည်း တစ်နေ့ တစ်နေ့ မနည်းဘူး။

မနာလို မရှုဆိပ်သူတို့အတွက် မျက်စိစပါးမွေး စူးစရာမြင်ကွင်း မြင်ခွင်ပါပဲ။ဒီအခါမှာမနာလိုစိတ် တွေ ထကြွရတော့တာပေါ့။

အဲဒီလို ဦးပေါ်ဦးကို မင်းမိဖုရားအစ ဝန်စုမှူးစုအလယ် ဆင်းရဲသားကျွန်တော်မျိုးများအဆုံး ချစ် ခင်ကြတာကို မနာလိုသူတွေရှိတယ်။ မနာလိုသူတို့ရဲ့ ထိပ်ခေါင်ကတော့ မင်းကြီးမဟာကျော် ထင်ဘွဲ့ ရ အသည်ဝန်ကြီးပေါ့။

ဒါကြောင့်ဦးပေါ်ဦးမင်းတရားကြီးရဲ့ ရှေ့မှောက်မှာ မရှိတဲ့အခါနဲ့ ကြုံရင် အသည်ဝန်ကြီးကကုန်း တိုက်ချောပစ်စကား လျှောက်ထားတယ်။

'ဦးပေါ်ဦးကို သတိထားတော်မူပါဘုရား၊ နေ့ညမစဲ သူ့အိမ်မှာ လူသူတရုန်းရုန်းနဲ့ အရှင့်ကို မကောင်းကြံနေတယ်လို့ သိုးသိုးသန့်သန့် ကြားရပါတယ်ဘုရား'

ဦးပေါ်ဦးကိုမကြည်မသာဖြစ်နေတဲ့အချိန်မှာ ရွေးပြီးတင်တာဖြစ်ပေမယ့် မင်းတရားကြီးယုံတော်မမူ ဘူး။ ဒါပေမယ့် ပေါလဇနက နဲ့ အရိဋ္ဌဇနက ညီအစ်ကိုအရင်းကြီးတောင်ကုန်းချောစကားကြောင့် စစ်ဖြစ်ကြသေးတာပဲ။ အခုဟာကကျွန်နဲ့အရှင်ပဲဟာကို။

အသည်ဝန်ကြီးတင်သလို အခြားဝန်ကြီးတစ်ယောက်စ နှစ်ယောက်စကလည်းအခွင့်သင့်ရင်သင့် သလိုတင်ကြ၊ အသည်ဝန်ကြီးကလည်းမလျှော့သောဇွဲနဲ့ အချိန်အခါအလိုက်တွန်းထိုးတယ်။ အချိန်လည်းကြာ ကြိမ်ဖန်များစွာလည်းဖြစ်လာတဲ့အခါမှာ မင်းတရားကြီး သံသယဝင်လာပြီလေ။

'အင်း ... ဟုတ်သော်ရှိ မဟုတ်သော်ရှိ ထောက်ကြည့်ဦးမှပဲ'

ဒါကြောင့် ညညီလာခံအစဲမှာ ဦးပေါ်ဦးနေခဲ့ဖို့အမိန့်တော်ရှိတယ်။ ကျွန်အရှင်နှစ်ဖော်ကျန်ခဲ့ တော့မှ တောထွက်ပြီး ရဟန်းဝတ်လိုကြောင်း မိန့်တော်မူတယ်။

ထေရဝါဒဗုဒ္ဓဝါဒီတို့အတွက် နိက္ခမစောပြီး တောထွက်တဲ့ရဟန်းအလုပ်ဟာ အကြီးအမြတ်ဆုံးပဲ လေ၊ ဦးပေါ်ဦးလည်း သဘောရိုးနဲ့ ကောင်းလှကြောင်းပါဘုရားပေ့ါ။

ဒါကိုလည်းတင်လိုက်ရောမင်းတရားကြီးအနေနဲ့ မျက်နှာကြီးညိုမည်းပြီးသုတ်ခနဲထထွက်သွား တော်မူတော့တယ်။

ဒီအခါကျတော့မှ သူ့အကြောင်းမကောင်းစကားတင်လျှောက်သံတွေကိုဦးပေါ်ဦးကြ ားယောင်လာ

တယ်။ ဒီလိုကြားယောင်တော့မှ ဟာ....ငါမှားပြီလို့သိတယ်။ သက်ဦးဆံပိုင်ဘုရင်အထင်လွဲသွားပြီ။ သေဘေးဟာအချိန်မရွေးရောက်လာနိုင်တယ်။ ဦးပေါ်ဦးဘယ်လိုလုပ်မလဲ။

အိမ်ကိုပြန်ရောက်တော့လည်းစားဖို့ အိပ်ဖို့ သတိမရတော့ဘူး။ 'ဘယ်လိုလုပ်ရပါ့ဘယ်လိုလုပ်ရပါ့' နှသတိကိုပဲ စီးဖျန်းနေမိတော့တယ်။ တစ်ညလုံးအကြံထုတ်လိုက်တာ အာရုဏ်တက်တော့မှပဲ အကြံရတယ်။ ဒါကြောင့် အဆောင်ကို တစ်ယောက်ကိုခေါ်ပြီး ခေါင်းတုံးတုံးတယ်။ အဲဒီနောက် ပိတ်ဖြူ ဝတ်ပြီးဖိုးသူတော်လုပ်တယ်။

ဖိုးသူတော်ဦးပေါ်ဦးအနေနဲ့ ပေထုပ်တစ်ထုပ်ကို ထမ်းပြီး ပုတီးတစ်ကုံး၊ တောင်ဝှေး တစ်ချောင်း၊ ကြေးစည်တစ်လုံးဆွဲလို့ နန်းတော်ကိုထွက်လာခဲ့တယ်။

အရှေ့စမုဒ်မှာ မျက်နှာသစ်တော်ရေ ဆက်သတဲ့အမှုတော်ထမ်းတွေ အသင့်ရှိနေကြပြီ။ ဦးပေါ်ဦးက လည်းကြေးစည်တနောင်နောင်နဲ့ပေ့ါ။

ဟော.....လေးချက်တီးပြီ။

မင်းတရားကြီးမျက်နှာသစ်ဖို့ ထွက်စံတော်မူလာတယ်။ ကြေးစည်သံတလွင်လွင်နဲ့ ဖိုးသူတော်ကို မြင်တယ်။ ဟာ ...ဦးပေါ်ဦးပါကလား။

'ဟဲ့....ပေါ်ဦး၊ ပိတ်ဖြူစည်းပြီး၊ ကြေးစည်သံတနောင်နောင်နဲ့ ဘာပြုလို့အခမဲ့ ခစားလာရသလဲ မောင်မင်း'

'အရှင့် ရွှေဘုန်းတော်ကြောင့် ဘုရားကျွန် ဝန်ငပေါ်ဦးဟာအရှင်မင်းကြီးတောထွက်တော်မူရာမှာ သိဒ္ဓတ္တကုမာရ အနော်မာသောင်သို့ တောအထွက်၌ဖွားဖက်တော်ဆန်သည်နောက်တော်မှထက် ကြပ်လိုက်ပါသကဲ့သို့ ပါရမီတော်ကိုကူညီဖြည့်စွမ်းပြီး ဝတ်ကြီးဝတ်ငယ်ပြုစုရန်အတွက် လာရောက်စောင့်ဆိုင်းနေတာ ဖြစ်ကြောင်းပါဘုရား'

ဒီအချက်တစ်ချက်တည်းနဲ့ပဲ ဘိုးတော်မင်းတရားအနေနဲ့ဦးပေါ်ဦးကို အထင်လွဲတာ ပျက်ပြယ်သွားတယ်။

'ကြည့်စမ်း ပေါ်ဦးဟာ အသည်ဝန်ကြီးနဲ့ အမတ်တစ်ချို့ ကုန်းချောသလို မဟုတ်ပါကလား။ ငါ့ကိုပေါ်ဦးဟာ တစ်ကယ် ချစ်တဲ့အတွက် သူပါလိုက်ပြီး တောထွက်မယ်ဆိုပြီး လုပ်လာတာပါကလား'

လို့ တွေးတော်မူတဲ့အတွက် ဖြစ်ပေတော့တယ်။ ဒါကြောင့်မင်းတရားကြီးဟာ နှစ်ခြိုက်စွာပြုံးတော်မူတယ်။

'ငါက တောထွက်ဖို့ ကြံရုံပဲ ရှိသေးတာပါဟဲ့ ပေါ်ဦးရဲ့ ၊ ကဲ....အခုတော့အိမ်ကိုပြန်ပေဦး၊ ကိုယ်တော်ရှင်မြတ် တစ်ကယ်တောထွက်မှ ခေါ်တော်မူမယ်'

ဒီအခါကျမှ ဦးပေါ်ဦးခမျာ ဟင်းချနိုင်တယ်။ ဒါပေမယ့် သျှောင်တစ်လုံး ဆုံးခဲ့ရပြီကော။

× × × × × × × × × × × × × × × × × × × × × × × × ×

# ငှက်တစ်ကောင် အကြောင်း

'ဟဲ့....ပေါ်ဦး၊ တောင်ငါးလုံးပိတ်ဖုံးကာခို ရာဇဂြိုလ်ရွှေပြည်ကြီးလို့ အများသူငါခေါ်ဝေါ် သမုတ်ကြတဲ့မင်းနေပြည်ကြီးကိုကာရံပတ်ခြုံနေတဲ့တောင်ငါ းလုံးအနက်နောက်ဆုံးတောင်ကိုဂိစ္စကုဋ် တောင်လို့ခေါ်တာဟာတောင်ကိုက လင်းတနဲ့ တူလို့လား၊ သို့မဟုတ် တောင်ထိပ်မှာလင်းတ တွေ နေလို့လား မောင်မင်း'

'မှန်လှပါ ဘုရား၊ တောင်ငါးလုံးရဲ့ အမည်တွေကတော့ ပဏ္ဍာ၊ ဝေဘာရ၊ ဝေဘာလ၊ ဣသိဂိလိ၊ ဂိစ္စကုဋ်တို့ဖြစ်ကြောင်းပါဘုရား'

'အနို့ ဂိစ္စကုဋ် ခေါ်ရခြင်းကတော့ကွယ်'

'တောင်ရဲ့အထွတ်မှာ လင်းတတွေ ကျက်စားပါသဖြင့် ပါဠိဝေါဟာရ အားဖြင့် ဂစ္စခေါ်ခြင်းဖြစ် ကြောင်းပါ ဘုရား'

'အေးကွယ်၊ သို့သော်လည်း ကိုယ့်တော့်စိတ်ထဲ မရှင်းတာရှိနေတယ်။ လင်းတအခေါ်အဝေါ်မှာ တစ်ချို့က လကလေးနဲ့ လင်းတ ရေးကြပြီး၊ တစ်ချို့ကလည်း ဋ္ဌကြီးနဲ့ ဋ္ဌင်းတရေးကြတယ် မောင်မင်း ၊ ဝိဝါဒမကွဲဘူး မောင်မင်း'

'မှန်လှပါ ၊ ဘုန်းတော်ကြောင့် ......'

ဦးပေါ်ဦးက လက်အုပ်ချီပြီ ပါးစပ်ပြင်ရုံရှိသေးတယ်။ ဘာတစ်လုံးမျှမတင်ရသေးခင် နောက်အ မေးက ဆင့်လာတယ်။

'တောက်မဲ့ကြောင့် ရေးသားရသတုန်း မောင်မင်း ၊ ခွဲထားတာရှိသလားဟဲ့'

ခွဲထားဆိုတာ ကျွတ်ကျွတ်ဆူနဲ့ ကြက်သတ္တဝါ။ ကြန်အင်လက္ခဏာ အကြွံအစည်နဲ့ အကျန်အ ကြွင်းမှာ ကျွက်နဲ့ ကြွက်၊ ကြန်နဲ့ ကြ တို့ဟာ အသံထွက်တူပြီး အဓိပ္ပာယ် မတူတာကိုခေါ်တာပဲ။ အဲဒါဟာ ခွဲထားပဲ။ အဲဒါလိုဟာမျိုး မှန်သမျှ ဟာ ခွဲထားပေါ့။

'ခွဲထားမရှိကြောင်းပါ ဘုရား'

မင်းတရားကြီးမကျေလည်သေးပါ။ အမေးတော်ကထပ်ဆင့်လာပြန်ချေသေးရဲ့။

'ခွဲထားမရှိဘဲနဲ့ ဋ္ဌကြီးနဲ့ ရေးတဲ့အကြောင်း ကိုယ်တော်သိချင်တယ် မောင်မင်း'

အတော်ခွကျတဲ့ အမေးတော်ဖြစ်တယ်။ အတူခစားနေသော အခြားအမတ်တွေလည်း ဦးပေါ်ဦးကို လှမ်းကြည့်ကြတယ်။ အမတ်ကြီးဘယ်လိုများဖြေမှာပါလိမ့်။

'လ ကလေးနဲ့ ဋ္ဌကြီးကို ဘယ်နေရာမှာ ဘာသုံးရမယ် ဆိုတဲ့အဆိုအမိန့်များ ၊ စာပေကျမ်းဂန်များ မှာမတွေ့ဘူးကြောင်းပါဘုရား၊ သို့ရာတွင်ကျွန်တော်မျိုး၏သဘောအရမူ ငှက်တကာတို့ထက် အကျည်းတန်တဲ့ဋ္ဌင်းတကို အက္ခရာတကာတို့ထက်အရုပ်ဆိုးတဲ့ ဋ္ဌကြီးနဲ့ရေးမှသာ လိုက်ဖက် သင့်လျော်မည် ထင်မိကြောင်းပါဘုရား'

မင်းတရားကြီးမှာရွှေဘောတော်ကျသွားတယ်။ 'ဟုတ်ပေသားပဲ'ဆိုကာရယ်မောတယ်။ အမတ်တွေလည်းခိုးခိုးခွိခွိ ဖြစ်ကုန်လေရဲ့။

× × × × × × × × × × × × × × × × × × × × × × × × ×

# မြေတွင်းအောင်းသမင်များ

ဘိုးတော်မင်းတရားအနေနဲ့အမတ်ကြီးဦးပေါ်ဦးကို 'အဝိဇ္ဇာနှင့်သခ်ါရ' ပစ္စည်းပြုဟန်ကိုမေးတော်မူရာမှာ 'အဝိဇ္ဇာကြောင့် ဝိဇ္ဇာဖြစ်ရသည်' လို့ယူကောက်တော်မူပြီး မိန့်တော်မူတယ်။ အဲဒါကို ဦးပေါ်ဦးက ဖြေရှင်းတင်လျှောက်အပြီးမှာ မင်းတရားကြီးရဲ့အဖြစ်ကို နွားကျောင်းသားနဲ့ ဥပမာတင်ပြီးပုံတစ်ပုံ လျှောက်တင်လိုက်တယ်။

ရှေးသရောအခါတုန်းက နွားကျောင်းသားတစ်ယောက်ရှိပါတယ်ဘုရား၊ တစ်ခုသောမိုးကာလမှာ သူဟာနွားတွေနဲ့ လှည့်လည်ရင်းအလွန်ကြီးမားတဲ့ ကျောက်ဖျာကြီး တစ်ချပ်နားကိုရောက်သွားပါလေရာ ဘုရား။

နွားကျောင်းသားအနေနဲ့ ကျောက်ဖျာ နားမှာသမင်ခြေရာကိုစေ့စေ့စပ်စပ်ကြည့်တော့ဒီလိုတွေ့ရတယ်။ သမင်ခြေရာတွေဟာ ကျောက်ဖျာရဲ့ အရှေ့အရပ် ကလာတယ်။ တစ်ခါအနောက်အရပ်ကို ဦးတည်ပြီး ကျောက်ဖျာဆီသွားတယ်။

ဒီတော့နွားကျောင်းသားက စဉ်းစားတယ်။

'သမင်တွေဟာ မိုးကာလမှာ မြေကြီးထဲမှာ တွင်းအောင်းလေ့ရှိတယ်နဲ့တူတယ်။ ဘာရမလဲငါကွ'

နွားကျောင်းသားဒီလိုအတွေးပေါက်ပုံက ဒီအကြောင်းကြောင့်ပါလေ။ သမင်တွေဟာအနောက်အရပ်ကလာပြီး ကျောက်ဖျာအောက်ရှိမြေတွင်းထဲ ဝင်သွားတယ် ။ မြေတွင်းထဲမှာနေတဲ့သမင်တစ်ချို့ကလည်း ကျောက်ဖျာအောက်မြေတွင်းထဲမှာနေရာက မြေတွင်းထဲကထွက်ပြီး အရှေ့အရပ်ကို သွားကြတယ်။

ဒီအထဲမှာ ထူးထူးခြားခြား သမင်ခြေရာတစ်ခုကတော့ ကျောက်ဖျာကို ကျောပေးပြီး အနောက်အရပ်ကို သွားတယ်။ ဒါကိုနွားကျောင်းသားက .....

'ဒီသမင်ကတော့ သမင်လူလည်ပဲ၊ ကျောက်ဖျာအောက်ကိုဝင်မှာ ရိုးရိုးမလာဘူး၊ နောက်ဆုတ်နောက်ဆုတ်နဲ့လာတယ်' လို့ကပ်သီးကပ်ဖဲ့ အတွေးကွန့်မြူးတယ်။

ဒါကြောင့်ကျောက်ဖျာအောက်မှာ သမင်တွေမုချရှိရမယ်။ ဒါကိုသေချာပေါက် တွေးပြီး ကျောက်ဖျာကို တုတ်နဲ့ ကော်ပြီးလှန်ဖို့ကြိုးစားလေရဲ့ ။

ချွေးတစ်လုံးလုံးနဲ့ နွားကျောင်းသား အလုပ်များနေခိုက် သာမဏေတစ်ပါး ကြွလာတယ်။ ရွာထဲကို ဆွမ်းခံဝင်ဖို့ ကျောင်းမှထွက်အလာမှာ လမ်းကြုံတာပေါ့လေ။

'ဘာလုပ်မလို့တုန်းဟ'

'ကျောက်ဖျာကိုလှန်လိုက်ရင် အောက်မှာ သမင်တွေ ရမယ်....'

'မဟုတ်တာမပြောစမ်းနဲ့ဟယ်'

'ဘာကြောင့်မဟုတ်ရမှာတုန်း၊ ဟောဒီမှာ ကြည့်...... အနောက်ကလာတဲ့သမင်ခြေရာတွေ။ ကျောက်ဖျာအောက်ကိုဝင်သွားတယ်။ ဟောကြည့်။ ကျောက်ဖျာအောက်ကထွက်ပြီးအရှေ့ကိုသွားတဲ့ခြေရာတွေ။ ဟောဒီတစ်ကောင်ကတော့ ကတ်သီးကတ်သပ် နောက်ပြန်လာပြီး တွင်းထဲဆင်း

တယ်’

ကိုရင်က အားရပါးရ ရယ်မောတော့တယ်။

‘ကိုရင် ကျူပ်လုပ်တာကို ဘာပြုလို့ ရယ်တာတုန်း၊ ဒါရယ်စရာလား’

‘အို လူမိုက် အနောက်အရပ်က လာတဲ့သမင်က ကျောက်ဖျာအောက်ကိုဝင်တာမဟုတ်ဘူး၊ ကျောက်ဖျာကို နင်းသွားပြီး အရှေ့အရပ်ကိုသွားတယ်။ ကျောက်ဖျာကိုမာကျောလို့ ခြေရာမထင် တာ။ နောက်ပြန်လာပြီး ကျောက်ဖျာအောက်ကို ဝင်တာမဟုတ်ဘူး။ အရှေ့ဘက်ကလာပြီး ကျောက်ဖျာကိုနင်းတယ်။ ပြီးတော့ဆက်သွားတယ်။ သမင်ဆိုတာတွင်းအောင်းရိုးမရှိဘူး။’

သာမဏေလေးကရှင်းပြတော့မှ နွားကျောင်းသားဟာသဘောပေါက်သွားပြီး သာမဏေထံမှာ တပည့်ခံပြီး စာပေသင်ကြားပါသတဲ့ဘုရား။

ဦးပေါ်ဦးရဲ့ တင်လျှောက်စကားအဆုံးမှာတော့......

‘နွားကျောင်းသား ညောင်းတော်မူပြီ မောင်မင်းများ’ လို့ပြုံးပြုံးကြီး မိန့်တော်မူကာ ဘိုးတော်မင်း တရားအနေနဲ့ အတွင်းတော်ကို ကြွမြန်းတော်မူပါတော့တယ်။

× × × × × × × × × × × × × × × × × × × × × × × × ×

# ဦးပေါ်ဦးလုပ်လိုက်ပြန်ပြီ

ဘိုးတော်မင်းတရားမှာ ညီလာခံချိန်ကြာညောင်းလာတာနဲ့အမျှ ပင်ပန်းငြီးငွေ့လာတယ်။ညောင်းလဲညောင်းလာတယ်။ ဒါပေမယ့် အရေးတကြီး ဆွေးနွေးမေးမြန်းစရာတွေ ကုန်သလောက်ဖြစ်သွားတဲ့အတွက် တော်ပါသေးတယ်။

မင်းတရားကြီးအနေနဲ့ အိမ်တော်ပါ ငယ်ကျွန်ကြီး ဦးပေါ်ဦးကိုလှမ်းကြည့်လိုက်တော့ဘာမျှစိတ်မဝင်စားဟန်နဲ့ ဝင်လျက်ခစားနေတာ မြင်ရတယ်။ ဒါကြောင့်ရယ်စရာကလေးများကြားရလိုကြားရငြား လှမ်းပြီး ရွှေခွန်းတော် သလိုက်တယ်။

'ဟဲ့ ...ငပေါ်ဦး '

'ခစားလျက်ရှိကြောင်းပါဘုရား'

လျင်မြန်စွာခါးဆန့်လက်ရှက်ပြီး တုန့်ပြန်တယ်။

'ကိုယ်တော်သိချင်တာ တစ်ခုရှိတယ်မောင်မင်း'

'အမိန့်တော်ရှိပါဘုရား'

'ငါတို့နေထိုင်ရာ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း မှာ မဇ္ဈိမဒေသလို့ရှိတယ်။ မြတ်စွာဘုရားစဉ်ဆက်ပွင့်တော်မူရာ ဒေသပေါ့။'

'မှန်လှကြောင်းပါဘုရား'

ခေါင်းချင်းဆိုင်ပြီး နှစ်ယောက်တစ်ဝိုင်း သုံးယောက်တစ်ဝိုင်း တီးတိုးပြောဆိုသံများတိတ်သွားတယ်။ ဘုရင်နဲ့ အမတ်အတိုင်အဖောက်ညီညီ မေးဖြေနေတာကို နားစွင့်ကြတယ်။

မေးသံ ဖြေသံ က ဆက်လက် ထွက်ပျံနေဆဲပဲ။

'မြတ်စွာဘုရားပွင့်တော်မူရာ အဲဒီ မဇ္ဈိမဒေသဟာ ဇမ္ဗူဒီပါရဲ့ အလည်ဗဟိုတည့်တည့်မို့မဇ္ဈိမလို့ဆိုတာ ဟုတ်သလား မောင်မင်း'

'မဟုတ်ကြောင်းပါ ဘုရား'

'အင်း ... ဘာကြောင့်မဟုတ်သလဲဆိုတာ တင်ဦးဟဲ့'

အမတ်တွေရဲ့ မျက်လုံးတွေဟာ ဦးပေါ်ဦးထံကို စုပြုံကျရောက်နေကြပြီလေ။

'မှန်ပါ၊ ဘုန်းတော်ကြောင့် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းရဲ့ အလယ်တည့်တည့် တကယ့်ဗဟိုချက်မဟာ၊အခုအရှင် ဘဝရှင်မင်းတရားကြီး စံမြန်းတော်မူတဲ့ နန်းတော်သာလျှင် ဖြစ်ကြောင်းပါဘုရား'

'ဒီကောင်က မဟုတ်က ဟုတ်က တင်နေပြန်ပြီ'

လို့သာဆိုလိုက်ပေမယ့် ဒီစကားကိုမင်းတရားကြီး ရွှေဘောတော်ကျနေပါတယ်။

'အမှန်ဖြစ်ကြောင်း ဘုရားကျွန်ဝန် ငပေါ်ဦးအခိုင်အမာ ဆိုနိုင်ပါတယ်ဘုရား'

'ယုံစရာမရှိပေဘူး မောင်မင်း'

'အရှင်မင်းကြီး ယုံတော်မမူလျှင် တိုင်းတာကြည့်တော်မူပါ ဘုရား'

မဖြစ်နိုင်တဲ့ကိစ္စကို မင်နဲ့မောင်းနဲ့ လျှောက်တင်တဲ့အတွက် မင်းတရားကြီးနဲ့တကွ အမတ်တွေပါ ဟက်ဟက်ပက်ပက် ရယ်မောကြတော့တာပေါ့။

× × × × × × × × × × × × × × × × × × × × × × × ×

# ပါဒရက်သမားကြီးဖြစ်ရပြန်

'ငါကိုယ်တော်ရှင်မြတ်ဟာ ဝဋ်သုံးပါးကလွတ်မြောက်စေဖို့ ရည်သန်တော်မူပြီး ခနောပုဗ္ဗင်္ဂမ အာရမ္မက ရှေးရှုလို့ လှူဒါန်းတော်မူခဲ့တာဖြစ်တယ် ပေါ်ဦး'

ညဥ့်ညီလာခံမှာ သုဓမ္မာစာတော်ပြန်ပွဲရဲ့ မင်းတရားကြီးကောင်းမှုကုသိုလ်တော်အစုစုကိုရည်စူးပြီး မင်းတရားကြီးက မိန့်တော်မူတာပါ။

'အဲဒီလို လှူဒါန်းရခြင်းရဲ့ ဝသီတော်ဟာ နိဗ္ဗာန်မင်္ဂဖိုလ်ကို မျှော်လင့်တဲ့ဘဝ အစဉ်တွေမှာ ရခဲခြင်းဆိုတဲ့ သဒ္ဓါသမ္ဗတ္တိ ဒုလ္လဘကို လွန်မြောက်နိုင်ပါ့မလား။ ဒီလိုလှူဒါန်းမှု ပြုတတ်တဲ့စိတ်ဝိညာဉ်ဟာ လာလတ္တံ့ သော ဖြစ်တဲ့ တမလွန် ဘဝကိုကော ပါနိုင်ပါ့မလား'

အဲဒီလို အစချီပြီး အမေးတော်ရှိရာမှာ အမတ်ကြီး ဦးပေါ်ဦးအနေနဲ့ အဋ္ဌကထာ ဓမ္မာဒတို့မှ ဆီလျော်ရာ သက်ဆိုင်ရာတွေ ကိုထုတ်နုတ် ကိုးကား တင်လျှောက်တယ်။

'လွတ်မြောက်နိုင်သမျှ ဘဝတို့မှသာ လွတ်မြောက်ပါတယ် ဘုရား။ ဘဝအစဉ်လက်ဆုပ်လက်ကိုင် မှတ်ယူတော်မမူ သင့်ကြောင်း ရှိခိုးသံတော်ဦးတင်ပါကြောင်း ဘုရား။'

'ရှေးယခင် တစ်ခါ ကိုယ်တော်တစ်ကြိမ်မေးစဉ်က မောင်မင်းသည် အဝိဇ္ဇာမှ သင်္ခါရ ဖြစ်နိုင်ရန်တို့ကို ဝိညာဉ်နှင့်တကွ ဉာဏ်ဘဝမှ ထိုဘဝသို့ကူးပြောင်းကြောင်း ကျမ်းပေါင်းများစွာမှာထုတ်နုတ် တင်လျှောက်ခဲ့တယ်။ ယခုတဖန်တင်လျှောက်သောအရာမှာ ဉာဏ်ဘဝမှ ထိုဘဝသို့ အာရုံမျှသာ စပ်နိုင်သည် တင်လျှောက်တာဟာ ရှေ့စကားနောက်စကားမညီဘူးမောင်မင်း'

'မှန်လှပါ၊ ကျွန်တော်မျိုးကြီးတင်ခဲ့တဲ့ ကစားများဟာ တရားဟောလာ ဘုံသုံးပါး၌ ကုစားတော်မူသော သမားတော်ကြီးတည်းဟူသော မြတ်စွာဘုရားကိုယ်တော်မြတ်က သတ္တဝါတို့ရဲ့စရိုက်လိုက်ပြီးဟောတော်မူပါတယ်ဘုရား။ ကျွန်တော်မျိုးကြီးကလည်း အရာဌာနကိုလိုက်ပြီး လျှောက်ထားရတာပါ ဘုရား'

အဲဒီလိုတင်လျှောက်ပြီးမှ ဦးပေါ်ဦး အညွှန့်တင်လိုက်ပုံ ကတော့....

'ပညာရှိတို့ရဲ့သဘောဟာဗိန္ဒောဆရာကဲ့သို့ကျင့်ရာသည် ဆိုတဲ့ စကားလည်းရှိကြောင်းပါဘုရား'

ရယ်လို့ဖြစ်ပါတယ်။ ဒီတော့မင်းတရားကြီး မနေနိုင်။ မေးရပြီလေ။

'ဗိန္ဒောဆရာက ဘယ်လိုကျင့်လဲ မောင်မင်း'

'ဆေးကျမ်း ၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်းတို့ကို နှုတ်တက်အာဂုံ အရကျက်ပြီး ဗိန္ဒောဆရာများဟာ ရွတ်ဖတ်ပြောဆိုတတ်ပါတယ် ဘုရား'

'အင်း .... ဆက်ပြီးတင်ပါအုံးဟဲ့'

'မှန်လှပါ၊ ဗိန္ဒောဆရာများ ဆေးပေးဆေးကုသရာမှာလည်း မီးယပ်သွေးတက်တဲ့လူကိုကုသတဲ့အခါမှာ မိသလင်နနွင်းပေါင်းကို အစားခိုင်း အလျက်ခိုင်းပြီး စမုန်နက်စေ့နှမ်းထုပ်လုပ်။ အရှုခိုင်းပါတယ်ဘုရား။ ဒူလာပါဒရက်အကြောတက်တဲ့သူကို တွေ့တဲ့အခါမှာတော့ သတ္တကွတ္တံ့စတဲ့ ဓာတ်အခဲများ သတ္တုများကိုသွေးပြီး အဆစ်အမြစ်စတဲ့ နေရာတွေ စုတ်နဲ့ထိုးပြီး ကုသရပါတယ်

ဘုရား’

‘အင်း … နင်နဲ့ တွေ့တော့မှာပဲ ငါ့မှာ ပါဒရက်သားဖြစ်ရတော့တယ်’

‘မင်းတရားကြီး တပြုံးပြုံးကြီးမိန့်တော်မူတဲ့အဆုံးမှာ တော့ ခစားနေတဲ့ အမတ်တွေအနေနဲ့ ပြုံးသူ ပြုံး ရယ်သူရယ်နဲ့လေ။

× × × × × × × × × × × × × × × × × × × × × × × × ×

# အရင်ပုပ်မည့်သူပါဗျာ

အမတ်ကြီးဦးပေါ်ဦးအနေနဲ့ သီတင်းသီလစောင့်သုံးမှုဘက်မှာလည်း ဝါသနာထုံတယ်။ ဒါကြောင့် တစ်ခုသော ဥပုသ်နေ့မှာ သာသနာပိုင်ဆရာတော်ရဲ့ ကျောင်းကိုရောက်သွားပြီးတော့အခါ အေးဆေးငြိမ်အေးစွာ သီလ တည်နေတယ်။

သီလဆောက်တည်အပြီးမှာ အိမ်ပြန်ရင်လူမှုကိစ္စ တွေက စောင့်ကြိုနေမှာသေချာတယ်။ သီလကို စင်စင်ဖြူဖြူ ဆောက်တည်ချင်တဲ့အတွက် ကျောင်းမှာပဲ ဆက်နေတယ်။

အဲ့ဒါနဲ့ သံဃာတော်များဆွမ်းဘုန်းပေးအပြီးမှာ ဆရာတော် ဆရာကြီးနဲ့ ဦးပေါ်ဦးတို့ စာစကား ပေစကား ဆွေးနွေးကြတယ်။

“ဋီကာစုံစေ့ သဘောက်နီးပါး တပည့်တော် ကြည့်ဖူးပါတယ် ဘုရား၊ ကြည့်ဖူးသမျှတွေထဲမှာတော့ ပထမ တောင်ဖီလာဆရာတော်ကြီး ပြုစုတော်မူတဲ့ ဝိနယလင်္ကာ၊ ဋီကာလောကီ။ ဝါကျအသွား အလာညံ့တဲ့စာ မတွေ့ဖူးဘူး ဘုရား၊ ဒါမှ သိက္ခာပုဒ် အဆုံးမှာလည်း ခိုင်မာအောင် မရေးနိုင်ရှာ တာ ကို တွေ့ရပါတယ် ဘုရား။’

ကဲ့ရဲ့လိုလို့မဟုတ်။ ကိုယ့်ထက် သိတဲ့ တတ်သိတဲ့ ပုဂ္ဂိုလ်ရဲ့ အဆိုအမိန့်ကို နာခံချင်လို့ဖြစ် တယ်။ ပညာရှိဆိုတာ အဲဒီလိုပဲ ရှာရတာပါ။

သို့သော်မနီးမဝေးမှာ ဝိုင်းဖွဲ့နေတဲ့ ဒါယကာတစ်စုကတော့ အဲ့ဒါတွေလည်းမသိဘူး။ အခုပြော နေတဲ့သူဟာ အမတ်ကြီး ဦးပေါ်ဦးလို့လည်းမသိဘူး။ သူတို့သိတာက ဆရာတော်ကြီးတစ်ပါး ရေးတဲ့စာအုပ်ကို မကောင်းပြောတဲ့လူ ဒါပဲ။

အဲ့ဒါကြောင့်စွာကျယ်ကျယ်လူတစ်ယောက် ဦးပေါ်ဦးကိုလှမ်းငေါက်တယ်။

‘မောင်ရင် ...မောင်ရင် ၊ ဇရာမဆရာတော်ကြီးရေးတဲ့ ဋီကာကို မှားသလားမှန်သလားဝေဖန်ရ အောင် မောင်ရင်နဲ့ ဆရာတော်ကြီးနဲ့ အဖက်တန်လို့လား’

ဦးပေါ်ဦးကြားပေမယ့် လှည့်မကြည့်ပါဘူး။ ဆရာတော်ကြီးကတာ ပိုဆိုးလာမှာဆိုးလို့ အညောင်းပြေထရပ်သလို သင်ပိုင်းပြင်ဝတ်သလိုနဲ့ ထတယ်။ အညောင်းပြေ စင်္ကြန်ကြွဟန်နဲ့ လမ်းလျှောက်သွားတယ်။ စွာကျယ်ကျယ် ဒါကာရဲ့ လက်ကိုတက်နင်းတယ်။

လက်ကိုတက်နင်းလို့ မော့ကြည့်တော့ ဆရာတော်ကမျက်ရိပ်မျက်ကဲ ပြတယ်။ ဒီတော့ကာ ဒါယကာတွေ မျက်ကလဲ ဆန်ပြာနဲ့ နောက်ဆုတ်သွားတယ်။ ဒါကိုမြင်တဲ့ ဦးပေါ်ဦးက ....

‘ကျောင်းဒါယကာတို့ ရှေ့တိုးထိုင်ကြပါခင်ဗျာ ၊ မောင်ပေါ်ဦးဆိုတာကျွန်တော်ပါပဲ။ သို့သော် လည်း အပုပ်ကောင် အရုပ်ဆောင်တာချင်းအတူတူ ကြောက်တလန့်တကြားဖြစ်နေဖို့မလိုပါဘူး ဗျ’ လို့ပြောတယ်။

အမတ်ကြီး တစ်ယောက်က ဒါကလို မဝင့်မဝါ ပြောလိုက်တော့ ဒါယကာတစ်စုမှာ ဘာပြန်ပြော ရမှန်း မသိအောင်အံ့သြနေကြလေရဲ့။

‘ပုပ်စရာရှိရင် ကျွန်တော်က အလျင်ပုပ်မယ့်သူပါခင်ဗျ၊ ဘာကြောင့်လဲဆိုတော့ ကျောင်းဒကာတို့

မှာ တောရွာအလျောက် စားသောက် နေထိုင်သူတွေနဲ့ ကျွန်တော်တို့ထီးနား နန်းနား ကလူတွေ မတူလို့ပါပဲ’

အံ့ဩမပြေသေးပေမယ့် ဒါယကာတို့တစ်စုမှာ ဦးပေါ်ဦး ဘာပြောတယ်ဆိုတာ နားထောင်နိုင်ကြပြီ။

‘ထီးရိပ် နန်းရိပ်ခိုနေတဲ့သူတွေက အဆီအဆိမ့်တွေ အများကြီး စားလို့မို့ ဗိုက်ကြီးတွေ ရွဲနေကြတဲ့အတွက် သေတဲ့အခါတစ်ခဏချင်းပုပ်တော့ နံတော့တာပါပဲ ခင်ဗျား၊ အဲဒါကြောင့် အပုပ်ကောင်ချင်းအတူတူမှာ ကျွန်တော်ကသာ အရင်ပုပ်ပြမယ့်သူ ဖြစ်တဲ့အတွက် နောက်တွန့် ကြောက်ရွံ့မနေကြပါနဲ့လေ။ ရှေ့ကိုတိုးပြီး ပြောစရာ ရှိတာ ပြောကြပါခင်ဗျာ’

မင်းတရားကြီး အရေးပေးခံရတဲ့ အိမ်တော်ပါ ငယ်ကျွန် အမတ်ကြီးက စိတ်မဆိုးတဲ့အပြင် သူ့ကိုယ်ကို ကြဲဖန်နှိမ့်ချပြောသွားတဲ့သတင်းဟာ ရက်ပိုင်းအတွင်းမှာ ပျံ့နှံ့သွားတယ်။ တံဆိပ်တော်ရ ဆရာတော်ကြီးတွေလည်း ကြားတော်မူတဲ့အခါ ဦးပေါ်ဦးကို အထူးတလည် ချီးပတော်မူကြသတဲ့။

× × × × × × × × × × × × × × × × × × × × × × × × ×

# ကြိုးကြာဥကွဲသောအမှု

'ဟဲ့ ....ပေါ်ဦး ဘာများအကြောင်းကြီးငယ်ရှိလို့ မောကြီးပန်းကြီးအခစားဝင်လာရတာလဲ ဟဲ့'

အတွင်းတော်သို့အချိန်အခါမဲ့ ဝင်ထွက်ခွင့်ရသောအမတ်ကြီးဦးပေါ်ဦးအား ဘိုးတော်မင်းတရားကြီးက ဆီးကြိုမေးမြန်းခြင်းဖြစ်ပါတယ်။

ဦးပေါ်ဦးကလက်ဆယ်ဖြာထိပ်မှာမိုးပြီး သံတော်ဦး တင်တယ်။

'မှန်လှပါ၊ ဘုန်းတော်ကြောင့် သတ္တလောက၊ သင်္ခါလောကတွေမှာ အနတ္တတရားနဲ့ မမြဲခြင်းတရားတို့သာ အစဉ်လွှမ်းမိုးအုပ်ချုပ်တဲ့အတွက် အရာအားလုံးဟာ ပျက်စီးခြင်းဖြင့်သာ အဆုံးသတ်သည်မှာ ဓမ္မတာပါဘုရား'

မင်းတရားကြီးစဉ်းစားတယ်။ ဒါလောက်ကြီးကြီးကျယ်ကျယ်တွေနဲ့ အစချီနေတာတွေဟာ တိုင်းရေးပြည်ရေးလား၊ သာသနာတော်အရေးလား တွေးတော်မူနေတယ်။

ယူဇနာ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်မင်းသည် သတ္တလောက စကြဝဠာ ကမ္ဘာမြေပြင်ကြီးမှာတော့ အကြီးဆုံးအရာဝတ္ထု ဖြစ်ပါတော့သည်ဘုရား၊ ဒါလောက်ကြီးကျယ် ခိုင်ခံ့ကြီးမားတဲ့ မြင်းမိုရ်တောင်ကြီးသည်ပင် ပျက်ရွှေ့သောသင်္ခါရ သဘောတရားကို မလွန်ဆန်နိုင်ပါဘုရား'

မင်းတရားကြီး ခန့်မှန်း၍မရ။ သတင်းအစအနလည်း ကြိုတင်မရတဲ့အတွက် ဖြစ်တယ်။

'ထိုကဲ့သို့သော မြင်းမိုရ်တောင်မင်းသည်ပင်လျှင် ပြိုကွဲပျက်စီးရသေးလျှင် နိစ္စဓူဝ လူတို့သုံးစွဲသော မြေအိုးမြေခွက် များမှာပင် သင်္ခါရစစ်လှပါတော့သည် ဘုရား'

လိုရင်းကို ယခုထက်တိုင်မရသေးတဲ့အတွက် မင်းတရားကြီးမေးတော်မူရပြီ။

'ပေါ်ဦး လိုရင်းကိုတင်စမ်းပါဟဲ့'

'မှန်လှပါ၊ ဆိုအပ်ပြီးသော ကွဲပျက်လွယ်သည့် မြေအိုးမြေခွက်တို့နည်းတူ အရှင်မင်းမြတ် သုံးဆောင်တော်မူသည့် ကြိုးကြာဥ သောက်တော်ရေ အိုးကြီး မှာလည်း မမြဲသော သင်္ခါရ သဘောတို့ ရွှေ့လျောကွဲအက်သွားကြောင်းရှိခိုးသံတော်ဦးတင်ရပါတ ယ် ဘုရား'

မင်းတရားကြီးမှာ ဝန်ထုပ်ဝန်ပိုးကို ပစ်ချလိုက်သလို ယခုမှ စိတ်လက်ပေါ့ပါးသွားတယ်။

'ဖြစ်ရလေ ပေါ်ဦးရယ် ၊ သောက်တော်အိုးကွဲတာများ စာတွေပေတွေဖွဲ့ပြီး အကျယ်ချဲ့နေရသလား ဟဲ့၊ အသစ်တစ်လုံး ထပ်တည်ပေါ့ဟယ်'

ဦးပေါ်ဦးလည်း ယခုမှပဲ ရင်ထဲမှာပေါ့ပေါ့ပါးပါး အေးချမ်းသွားတယ်။

ဘာကြောင့်တုန်းဆိုတော့ သောက်တော်ရေဆက်ရတဲ့ ရေတော်သားတွေ ငိုကြီးချက်မနဲ့လာ တောင်းပန်တဲ့အတွက်ပဲ ဖြစ်တယ်။

ကြိုးကြာဥပုံသဏ္ဍာန်လုပ်ထားတဲ့သောက်တော်အိုးက ရေကို မင်းတရားကြီးခံတွင်းတွေ့တော်မူ

တယ်။ ဒါကြောင့်အဲ့ဒီအိုးကို ဂရုစိုက်ကြပါကွယ်။ မကွဲပါစေနဲ့သေသေချာချာမိန့်မှာထားတယ်။
ဒီလိုမှာထားလျက်က မတော်တဆ ကွဲသွားရတယ်။ ဒီတော့ ရေတော်သားတွေ သေမတတ်
တုန်လှုပ်ရပြီလေ။ အဲဒါကြောင့် ဦးပေါ်ဦးဆီပြေးလာတဲ့အတွက် အမျက်မရှ အောင်
ကြီးကြီးကျယ်ကျယ် စကားတွေစပြီးမှ တင်ရခြင်းဖြစ်ပါတယ်။

× × × × × × × × × × × × × × × × × × × × × × × × ×

# ဆင်ဖြူတော်ပျက်ပါ့မယ်

ဘိုးတော်မင်းတရားကြီးရဲ့ ရွှေဖဝါးတော်အောက်ကို ဆင်ဖြူတော် အဆက်အသရောက်လာတယ်။ ဟံသာဝတီ တောင်ဘက် 'နိဗ္ဗာန်' ဆိုတဲ့ရွာက ဖြစ်တယ်။

ဆင်ဖြူဆိုတာ ရတနာတစ်ပါးဖြစ်တဲ့အတွက် ဆက်သသူတွေ ကြီးမားစွာ သူကောင်းပြုခံရတယ်။ မင်းတရားကြီး အနေနဲ့ အဲဒီဆင်ဖြူတော်ရတနာကို 'နိဗ္ဗာနပစ္စယ'ဆင်ဖြူတော်လို့အမည်ပေးပြီး၊ ဆင်ကျုံး၊ ဆင်တန်ဆောင်းနဲ့ ခမ်းနားစွာထားတော်မူတယ်။

ပွဲလမ်းသဘင် အကြီးအကျယ်ခံပြီး ကြိုဆိုခဲ့ရတဲ့ဒီဆင်တော်ကို ဂုဏ်ပြုတဲ့အနေနဲ့ ပညာရှိအများက ' ဆင်တော်မော်ကွန်း' တွေ ရေးသားဆက်သွင်းရတယ်။ သို့တစေ အဲဒီလို မော်ကွန်းရေးစီ ဆက်သွင်းသူတွေထဲမှာ အမတ်ကြီးဦးပေါ်ဦး မပါဘူး။

ဒါကြောင့် တစ်ခုသောနေ့မှာ မင်းတရားကြီး အမေးတော်ရှိလေတော့တယ်။

'ငါ၏နိဗ္ဗာနပစ္စယ ဆင်ဖြူတော်ကို ချီးမွမ်းပြီး မော်ကွန်း အသီးသီး ဆက်သွင်း စာဆိုကြတယ်။ အတွင်းဝန် ဦးပေါ်ဦး မောင်မင်း ဘာကြောင့် မရေးသား မဆက်သွင်း စာမဆိုတာလ'

ဦးပေါ်ဦးက လက်ဆယ်ဖြာ ထိပ်ဝယ်မိုးပြီး သံတော်ဦး တင်တယ်။

'အရှင့်ဘုန်းတော်ကြောင့် ရွှေဖဝါးတော်အောက်ကို အခစားရောက်လာတဲ့ ဆင်ဖြူတော်ဟာသာမန် ဆင်မဟုတ်ပါဘုရား၊ ဘုန်းသမ္ဘာနဲ့ပြည့်စုံတဲ့ မင်းဇကရာဇ် များသာ စီးနင်းထိုက်တဲ့ဆင် ဆဒ္ဒန်ဆင်မျိုးအစစ်ဖြစ်တဲ့ရတနာဆင်တော်ပါဘုရား'

သူ့ဆင်ကိုချီးမွမ်းရင်းက ဘုရင်ကိုပါ ချီးမွမ်းနေပြန်တော့ မင်းတရားကြီး နှစ်သက်တော်မူနေပြီ။ သို့ပေမယ့် ဦးပေါ်ဦးက ပြည့်စုံအောင် ဆက်လက်လျှောက်တင်ပါတယ်။

'ဝေသန္တရာမင်းမြတ်ရဲ့ ဘုန်းကံကြောင့် ဆိုက်ရောက် လာတဲ့ ပစ္စယ ဆင်ဖြူတော်ရတနာကို ဘယ် ပညာရှိမျှ မော်ကွန်း ဆက်သွင်းတယ် လို့ ကျမ်းဂန်များတွင် မတွေ့ဖူးကြောင်းပါဘုရား'

'အေး ... ကျမ်းကိုး ကျမ်းကားနဲ့ပါကလား'

'အခုဆိုက်ရောက်လာတဲ့ ဆင်ဖြူတော်ကို ဘုရားကျွန်ဝန်ငပေါ်ဦး ချီးကျူးတဲ့မော်ကွန်းရေးသား စပ်ဆိုလျှင်လည်း ဆင်ဖြူတော်ရဲ့ ဂုဏ်ပုဒ် အပုံတစ်ရာပုံလို့ တစ်ပုံလောက်ပဲ ချီးမွမ်းတတ်မှာပါ ဘုရား။ ကောင်းမွန်တဲ့ ဇမ္ဗူရာဇ်ရွှေကို ပညာသိမ်တဲ့ ရွှေပန်းတိမ်က မွမ်းမံလျှင် အရောင်မှိန်ပြီး တန်ဖိုးညံ့သလို အရှင့်ဘုန်းကံကြောင့် ပေါ်ပေါက်လာရတဲ့ နိဗ္ဗာနပစ္စယနာကဆဒ္ဒန်ဆင်ဖြူတော် ရတနာကို ဘယ်သူတွေ ဘယ်လောက်ပဲ စာစပ်စေကာမူ စာစပ်ရကျိုးမနပ်ဘဲ ဆင်ရတနာမှာသာ ဂုဏ်ပျက်နိုင်ကြောင်းပါ ဘုရား'

'ပေါ်ဦးတို့ပြောလိုက်ပြီဆိုမှဖြင့် ကြီးကြီးကျယ်ကျယ် တွေချည်းပါကလားဟဲ့'

'ကြီးကျယ်မြင့်မြတ်တဲ့ မင်းဇကရာဇ်ရဲ့ ကျွန်တော်ရင်းပီပီ ကြီးကျယ်ပါတယ်ဘုရား'

'ထပ်ပြီး ကြီးကျယ်ပြန်ပြီကိုးဟ ပေါ်ဦးရ'

'ဘုန်းတန်ခိုး အာဏာနဲ့ ပြည့်စုံတော်မူတဲ့ မင်းဇကရာဇ် များသာ စီးနင်းထိုက်တဲ့ မင်္ဂလာဆင်ဖြူတော် ရတနာကို အကောင်းဆုံးအညွန့်ဆုံးစကားလုံးတွေ သုံးပြီး ကျွန်တော်မျိုး စာဆိုတာတောင် မင်္ဂလာဆင်ဖြူတော် ဂုဏ်တင့်မလာဘဲ ဂုဏ်ပျက်သွားစရာရှိလို့ ကျွန်တော်မျိုးစာမဆိုတာပါ ဘုရား၊ အရှင်မင်းကြီးရဲ့ ဆင်ဖြူတော် အပျက်ခံနိုင်မည်ဆိုပါလျှင် ဘုရာ့ကျွန်ဝန်ပေါ်ဦးလဲ ဆင်တော်မော်ကွန်း ဆက်တင်ပါ့မယ် ဘုရာ့'

မင်းတရားကြီး လက်ဝါးကာပြတော်မူတယ်။

'တော်ပါပြီ ဦးပေါ်ဦး … တော်ပါပြီ၊ နင်လဲ ဆင်တော်မော်ကွန်းမဆက်သွင်းပါနဲ့ ၊ ငါ့ဆင်ဖြူတော် ပျက်ပါ့မယ်။'

ရယ်ရယ်မောမောနဲ့ မင်းတရားကြီး လက်လျှော့ သွားလေရဲ့။

× × × × × × × × × × × × × × × × × × × × × × × × ×

# သိကြားမင်းလာရောက်စေသောနတ်

အောင်မြေလောကစေတီတော်ဒါယကာ မင်းတရားကြီးရဲ့ မှူးမတ်စုံညီ ညီလာခံတွေထဲက တစ်ခု
သောညီလာခံမှာ အတွင်းဝန်ဦးပေါ်ဦးကို မင်းတရားကြီး အမေးတော်ရှိလေရဲ့။

'ဟဲ့…ပေါ်ဦး၊ ရှေ့ဘေးတော် ဘိုးတော် ဧကရာဇ်မင်းများ အဆက်ဆက်က အခုထက်ထိ တည်ထားခဲ့
ကြတဲ့မြေနန်းပြာသဒ်တော်များရဲ့ ဒုတိယ ဘုံဆင့် မှာ တံခါးတစ်ပေါက် ပါလေ့ရှိတယ်တဲ့'

'မှန်လှပါ၊ ဘုန်းတော်ကြောင့် နာခံလျက်ရှိကြောင်းပါဘုရား'

'အဲဒီ တံခါးပေါက်ကို သိကြားပေါက်လို့ အဆက်ဆက်ခေါ်တွင်ခဲ့ကြတာဟာ ဘာကြောင့်လဲ မောင်မင်း'

ညီလာခံ သဘင်ကျင်းပရာ မြေနန်းပြာသဒ်တော်ကြီးရဲ့ ဒုတိယအဆင့်က အပေါက်ကို ရှုစား
တော်မူရင်းက ဖျတ်ခနဲ ကောက်ကာငင်ကာ မေးတော်မူလိုက်ခြင်းဖြစ်တယ်။

ဦးပေါ်ဦးက လက်နှစ်ဖက် ပူးရှက်ပြီး ဖြေကြားတယ်။

'ဘုန်းတော်ကြီးမြတ်တော်မူသော တရားမင်းမြတ်၊ ရွှေနားဆင်တော်မူပါဘုရား၊ ပြည့်ရှင်မင်းတို့အ
နက်၊ မင်းကျင့်တရား ဆယ်ပါးကိုမကျင့်ခဲ့၊ လောကဓမ္မရာဇာဆိုတဲ့အကြောင်းသုံးပါးကို မလိုက်
နာဘဲ ညံ့ညံ့ဖျင်းဖျင်း ဆိုးဆိုးသွမ်းသွမ်း အုပ်ချုပ်တဲ့မင်းတွေ ပါခဲ့ပါတယ်ဘုရား၊ အဲဒီလိုမင်းမျိုး
စိုးအုပ် မင်းလုပ်တဲ့အခါ တိုင်းပြည်အလုံးညှိုးချုံးပြီး ဒုက္ခရောက်နေကြတာကို ဣန္ဒာဒေဝ
သိကြားမင်း မနေသာဘဲ တရားပြသဆုံးမဖို့ရာ ရောက်လာတဲ့အခါမှာ ဒုတိယဘုံဆင့် မှာ ရှိတဲ့
တံခါးပေါက်ကိုလာလေ့ ရှိပါကြောင်း၊ ထိုအပေါက်ကိုသိကြားပေါက်ခေါ်ခြင်းဖြစ်ကြောင်းပါ
ဘုရား'

မင်းတရားက ထပ်ဆင့်လို့မို့ မေးတော်မူပြန်တယ်။

'သြော်…သြော် နတ်တို့ဘုရင် သိကြားမင်းလာပြီး လူမင်းကို တရားပြတဲ့အပေါက်မို့လို့
သိကြားပေါက်ခေါ်တာလား'

'မှန်လှကြောင်းပါ ဘုရား'

'အနို့ သိကြားမင်းကြွလာပြီး အဲဒီနေရာက တရားဟောတယ်လို့သာ မောင်မင်းကတင်တယ်။
ကိုယ်တော်ရှင်မြတ်မင်းဖြစ်နေတာ နှစ်ပေါင်းအတော်ကြာပြီကော၊ တစ်ခါမျှလည်း သိကြားမင်း
ဆင်းလာပြီး တရားဟောတာမတွေ့ရပါကလား'

ညီလာခံမှာ အခစားဝင်နေတဲ့ မင်းညီမင်းသား၊ မင်းမြေး၊ မင်းတူများနှင့် အမတ်များကပါ စိတ်ဝင်
တစားနဲ့ နားစွင့်ကြရပြီ၊ ဦးပေါ်ဦးဖြေမှဖြေနိုင်ပါ့မလား၊ ဘယ်လိုဖြေမတုန်းပေါ့'

'မှန်လှပါ၊ ဘုန်းတော်ကြောင့်အရှင်မင်းကြီးဟာ 'သစ္စာဓမ္မစာဂဓိပတိ' တရားလေးပါးနဲ့အညီ တိုင်း
သူပြည်သားများအား ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်တော်မူတာကို ရဟန်းရှင်လူ ပြည်သူများသာ
မက သိကြားမင်းပါ အသိဖြစ်ကြောင်းပါဘုရား'

ဦးပေါ်ဦးအနေနဲ့ လက်ဖျားမှာ ဖုံးနေတဲ့ အကျီစကို ဆွဲချပြီးမှ ဆက်လက်တင်ပြန်တယ်။

'သိကြားမင်းပေါက်ကို သိကြားမင်းနတ်ဘုရင်ကြွလာပြီး တရားဟောတယ်ဆိုရာမှာ မင်းကျင့် တရားနဲ့အညီ မကျင့်တဲ့မင်းများကိုသာ ဖြစ်ပါတယ် ဘုရား'

ဒီအထိမင်းတရားကြီးတပြုံးပြုံး အမတ်တွေ ခေါင်းတညိတ်ညိတ်၊ ဒါပေမယ့် တင်လျှောက်တဲ့ စကားက မပြီးသေးဘူးလေ။

'အရှင်မင်းမြတ်ထံသို့ နတ်တို့သနင်း သိကြားမင်းကြွလာစေချင်ပါက အရှင်မင်းကြီးသည်လည်း မင်းဆိုးမင်းညစ်တွေလို တရားလက်လွတ် ပြုကျင့်တော်မူပါဘုရား။ ခဏမကြာ သိကြားမင်း လာပြီး တရားဟောပါလိမ့်မယ်ဆိုသည့် အကြောင်းတင်လျှောက်ပါတယ် ဘုရား'

ဦးပေါ်ဦးရဲ့ ထုံးစံအတိုင်းကသိကအောက်လုပ်ပြီး အဆုံးသတ်လိုက်တာ ညီလာခံတစ်ခုလုံး ရယ်မောသံ တွေညံသွားလေရဲ့။

'တော်စမ်းဟယ်၊ နင့်သိကြားမင်းမလာချင်လည်း နေပါစေတော့၊ ငါ့နာမည်ဖြင့် ရာဇဝင်မှာ အပျက်မခံပါရစေနဲ့ဟယ်'

မင်းတရားကြီးရဲ့မိန့်တော်သံ အဆုံးမှာလည်းရယ်မောသံကြီးက ညံသည်ထက် ညံသွားပြန်တော့ သည်။

× × × × × × × × × × × × × × × × × × × × × × × × ×

# တိရစ္ဆာန်၏ အမြီးနှင့် ပညာ

တစ်ခုသောညီလာခံမှာ ဘိုးတော်မင်းတရားကြီး အနေနဲ့ အမတ်တစ်ယောက်ယောက်ကို အမျက်တော်ရှတယ်။ ဒီအမတ်အကြောင်းတင်လျှောက်သံ အစမှာ အတွင်းဝန် ဦးပေါ်ဦးကို လှမ်းလင့်လို့ မိန့်ကြားတော်မူတယ်။

'ဟဲ့ .... ပေါ်ဦး၊ မိုးထားစားအမတ်ကြီးဟာ ပညာဂုဏ်မောက်ပြီး မာန်စွယ်လွန်စွာပြတယ်လို့ ကိုယ်တော် ထင်တော်မူတယ် မောင်မင်း'

မင်းတရားကြီးရဲ့ ရွှေမျက်နှာတော်မှာ မနှစ်သက်ခြင်း အရိုးအငွေ့တွေ သမ်းနေတယ်လေ။ အခစားကျွမ်းကျင်တဲ့ အမတ်ကြီး ဦးပေါ်ဦးအနေနဲ့ မဆန့်ကျင်ရဲပါဘူး။

'မှန်လှပါ၊ ဘုန်းတော်ကြောင့် မိုးထားစား အမတ်ကြီးမှာ ပညာတည်းဟူသော အမြီးပေါက်ခြင်းမှာ ခွေးမှာ ပေါက်တဲ့ အမြီးနဲ့သာ တူညီကြောင်းပါ ဘုရား'

'အလို....ဟဲ့၊ ဘယ့်နှယ်ကြောင့် ပညာကို ခွေးမြီးနဲ့ နှိုင်းရသလဲ'

မင်းတရားကြီးလှုပ်လှုပ်ရှားရှားဖြစ်သွားသလို ခံစားနေရတဲ့အမတ်တွေလည်း လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြလေရဲ့။

'မှန်လှပါဘုရား၊ အခြားတစ်ပါးသော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခြင်္သေ့တို့မှာ ပေါက်တဲ့အမြီးမှာ အခြားလူတို့တွင်ရှိသော ပညာနဲ့ တူပါတယ်ဘုရား၊ တူပုံတူနည်းက ဒီလိုပါ ဘုရား'

မင်းတရားကြီး မျက်နှာထား ပြောင်းမပြောင်း စိတ်ဝင်စားမှု ရှိမရှိ သတိထားပြီးမှ ဆက်လက်တင်လျှောက်တာကိုး။

'ဆင်မြင်း ခြင်္သေ့ ကျွဲနွား တို့မှာ ပေါက်တဲ့အမြီးဟာ မှက် ခြင် ယင် တွေကို ပုတ်ခတ်ဖယ်ရှားရာမှာ အသုံးဝင်သလို အရှက်ကိုလည်း ဒီအမြီးနဲ့ပဲ ဖုံးလွှမ်းပါတယ်ဘုရား'

မင်းတရားကြီး ခေါင်းဆတ်တယ်။ အမတ်ကြီးအားတက်သွားတယ်။

'သို့ပါသော်လည်း ခွေးသတ္တဝါများမှာ ပေါက်တဲ့ အမြီးကဖြင့် ယင်နဲ့မှက် ခြင်တို့ကိုလည်း ခြောက်လှန့် ပုတ်ခတ်လို့မရ။ မိမိရဲ့ အင်္ဂါဇာတ် ကို မဖုံးလွှမ်းနိုင်ဘဲ ရှိပါတယ် ဘုရား'

မင်းတရားကြီး သဘောတော်ကျကာ မျက်နှာတော် ကြည်လင်လာတဲ့အတွက် ဦးပေါ်ဦးအနေနဲ့ ဆက်လက် တင်လျှောက်ပြန်တယ်။

'မိုးထားစားအမတ်ကြီးဟာလည်းပဲ ပညာဂုဏ်နဲ့ ပြည့်စုံမှန်ပါလျှက်ကနဲ့ မိမိအရှက်ကိုလည်း မဖုံးလွှမ်း၊ သူတစ်ပါးတို့ပြုလာတဲ့ အန္တရာယ်ကိုလည်း မကာကွယ်နိုင်တဲ့အပြင် ပညာတည်းဟူသော မာန်မာန အမြီးကို ခွေးမြီးလိုပဲ တစ်ထောင်ထောင်လုပ်နေတာဟာဖြင့် ပညာရှိတို့အလယ်မှာ ရှက်ဖွယ်အတိဖြစ်ကြောင်းရှိခိုးသံတော်ဦးတင်ပါတယ်ဘုရာ း'

မင်းတရားကြီးအစ ပညာခွေးမြီး ဥပမာကို နှစ်သက်လွန်းလို့ ရယ်မောတော်မူတယ်။ မင်းတရားကြီးရယ်မောတော့မှတော့ အမတ်တွေလည်းအားရပါးရ ရယ်မောကြပြီပေါ့။

# ရင့်မာတစ်ကျိပ် နငါးရာ

ဘိုးတော်မင်းတရားကြီးအနေနဲ့ နိုင်ငံတော်ကို ပြုစုသလို သာသနာတော်ကိုလည်း ပြုစုတော်မူခဲ့တယ်၊ ဒါကြောင့် သူ့ကိုယ်သူ မြတ်စွာဘုရားလောင်းလို့ ထင်တော်မူခဲ့တယ်။ ထင်တော်မူတာတောင် ရိုးရိုးမဟုတ်ဘူး။ ပါရမီ ရင့်မာတဲ့ အလောင်းအလျာလို့ ထင်တာကလား။

သာဓကပြရရင် ကျွန်အရှင်နှစ်ဖော် ဆွေးနွေးပုံကို ကြည့်။

'ငါကိုယ်တော်ရှင်မြတ်ဟာ အများသတ္တဝါဝေနေယျာတွေကို သံသရာဝဲဂယက်က လွတ်မြောက်စေဖို့အတွက် မဂ္ဂင်ဖောင်ကူးတို့ရဲ့ ကယ်တင်ဆောင်ပို့လိုတဲ့ စေတနာ အရ ဘုရားဆုကို ပန်ဆင်တော်မူခဲ့တာ မောင်မင်းအသိပဲ'

'အသိဖြစ်ကြောင်းပါ ဘုရား'

'အဲဒီလိုဘုရားဆု ပန်ဆင်နိုင်တာကလည်း အရင်ဘဝတွေတုန်းက ဖြည့်ကျင့်ဆည်းပူးခဲ့တဲ့ အရင်းခံမရှိဘဲနဲ့တော့ အခုဘဝမှာ ကိုယ်စိတ်နှလုံး သုံးပါးလုံးနဲ့ ဖြည့်ကျင့်ဆည်းပူးမှာ မဟုတ်ဘူး မောင်မင်း'

'ဘုန်းတော်ကြောင့် အမှန်ဖြစ်ကြောင်းပါ ဘုရား'

'အကြောင်းကတော့ ရှေးရှေးတုန်းက ဘုရားလောင်းအစဉ်အဆက်ဟာ၊ ပါရမီတော်ကို ဖြည့်ကျင့်ဆည်းပူးရာမှာ စိတ်နဲ့ ကြံတာက ခုနစ်သင်္ချေ၊ နှုတ်နဲ့မြွက်ဟတာက ကိုးသင်္ချေ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးနဲ့ ဖြည့်ကျင့်ဆည်းပူးတော်မူတာက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း မဟုတ်လားဟဲ့'

'ဟုတ်မှန်လှကြောင်းပါ ဘုရား'

ဘိုးတော်မင်းတရားနဲ့ မိန့်တော်မူရင်းက သူ့အနေနဲ့ အနာဂတဝင် ကျမ်းအလာ ရာမမင်းသားဖြစ်တယ်။ ဒါကြောင့် အရိမ္မိတေယျ မြတ်စွာဘုရားပွင့်အပြီး ၊ ပွင့်မယ့်ဘုရားလောင်းလို့ ထင်နေတာပဲ။

ဒီအခါမှာ ဦးပေါ်ဦး ပြန်လည်တင်လျှောက်ပုံက ..........

ဘုရားအလောင်းတော်များအနေနဲ့ ဗျာဒိတ်ပေးခံရချိန်ကလွဲရင် ကိုယ့်ကိုကိုယ် ဘုရားအလောင်းအလျာအဖြစ်မသိကြောင်း၊ ဘုရားအလောင်းလို့ အယူစွဲနေရင် ပုက္ခလိဂေါ်သာလ တို့လို နိဗ္ဗာန်ရွှေပြည်မြတ်နဲ့ ဖီလာဖြစ်သွားနိုင်ကြောင်း၊ အယူမစွဲဘဲ ပါရမီတော်ကို ဆက်လက်ဖြည့်ကျင့်သင့်ကြောင်း၊ ပါရမီမရင့်သန်သေးသမျှ ဘုရားမဖြစ်နိုင်ကြောင်း .... ဆိုတာတွေတင်လျှောက်အပြီးမှာ ခင်ကြီးပေါက်ပုံပြင်ကို ထည့်သွင်းတင်လျှောက်ပုံက ဒီလိုလေ ဒီလို။

ရဟန်းသံဃာတော်များကို သခင်ကြီးလို့ ခေါ်တဲ့ခေတ်ရှိခဲ့ဖူးပါတယ်။ နောက်တော့ 'သ' မပါဘဲ ခင်ကြီးလို့ ခေါ်ကြတယ်။ ဦးပေါက်ဆိုတဲ့ ရဟန်းတစ်ပါးကို ရဟန်းဘွဲ့မခေါ်ဘဲ လူအမည်နဲ့တွဲပြီး 'ခင်ကြီးပေါက်' ခေါ်တာ ဖြစ်လိမ့်မယ် ထင်ပါတယ်။

အဲဒီ သခင်ကြီးပေါက်အနေနဲ့ သာသနာတော်မှာ သဒ္ဓါတရား အလွန်ထက်သန်တာကလား၊ တစ်ကိုယ်ထီးတည်း တောရပ်မှီးပြီး နွေမရွေး၊ ဆောင်းမရှောင်၊ မိုးမခိုဘဲ 'ရုတင်' ဆောက်တည်တော်မူတယ်။

အဲဒီလို သာမန်တရားအားထုတ်နေရာက အဓိဋ္ဌာန် တစ်ခု ပြုတော်မူပြန်ပါလေရော။

ငါသည် သုံးနှစ်အတွင်း လောကီဈာန် ခရီးနဲ့ ကွန့်မြူးပျံသန်းနိုင်အောင်အားထုတ်မည်။
လောကီဈာန်မရ သမျှ ဤနေရာမှ ငါမထ’

ဒါတင်လားဆိုတော့၊ မကသေးဘူး၊ ခင်ကြီးပေါက်ထံ ဝင်ထွက်ခစားသူတွေထံက ကြားရတဲ့
စကားတစ်ရပ်ရှိသေးတယ်။

‘ ငါ ….ဒီဘဝက ကွယ်လွန်ပြီးနောက်ဘဝမှာ ဘုရားဖြစ်ရမယ်’

ခင်ကြီးပေါကို ကိုယ်တော်ရဲ့ အဲဒီ အဓိဋ္ဌာန်၊ အဲဒီစကားဟာ တစ်စတစ်စနဲ့ ရွာနီးချုပ်စပ်ကို
ပြန့်တယ်။ တစ်ဆင့်ပြီး တခြားမြို့တွေ ရွာတွေကိုပါ ပြန့်နှံ့ပြန်တယ်။

တစ်ဆင့် စကား တစ်ဆင့်နားကြားသူတွေ အနေနဲ့ သဒ္ဓါထက်သန်စွာနဲ့ အမွန်အမြတ် ဆီဦး
ထောပတ်တွေကို လာရောက်လှူဒါန်းကြတယ်။ ခင်ကြီးပေါက်က အလှူပစ္စည်းကို လက်ခံသော်
လည်း အချိန်ကုန်မှာစိုးလို့ မစားဘူး။ ကာမရာဂ ဖြစ်ပေါ်မှာစိုးလို့ မစားတာလည်းပါတယ်။
လှူဒါန်းလာသမျှ အမွန်မြတ်တွေကို သူတစ်ပါးအတွက် လှူဒါန်းပစ်တယ်။

ကိုယ်တကယ်မှီဝဲတာကတော့ သစ်သီးသစ်ရွက် အနည်းငယ်သာဖြစ်တဲ့ ခင်ကြီးပေါက်အနေနဲ့
တစ်နေ့တခြား ပိန်ချည့်လာတယ်။ လဲကျလုလု အခြေအနေကို ရောက်လာတယ်။

အဲဒီလိုနေရာက တစ်ခုသော ညဥ့်ဦးမှာ ကာလသားတစ်သိုက်အနေနဲ့ ရွာတစ်ရွာက ပြန်လာကြ
တယ်။ ပျော်ပျော်ပါးပါး ကခုန်သီဆိုရင်းနဲ့ ခင်ကြီးပေါက်ရဲ့ ကျောင်းရှေ့က ဖြတ်သွားကြတာကိုး

လက်ခုပ်သံပြိုင်တီးတဲ့ သံချပ်တစ်ပုဒ်က ကျောင်းထဲ ပြေးဝင်လာလေရဲ့ ။

‘ရင့်မာတစ်ကျိပ် နငါးရာဗျ၊ နောင်လာရစ်သောင်း ဘုရားပေါင်းဗျို့’

‘ဘုရားပေါင်းနောက် တို့နှစ်ယောက်ဟ’

‘တို့နှစ်ယောက်နောက် ခင်ကြီးပေါက်ဗျ’

ဒါကိုကြားတဲ့ ခင်ကြီးပေါက်က စဉ်းစားတယ်။

‘ ငါ….. အဓိဋ္ဌာန်နှစ်ရပ်နဲ့ အပြင်းအထန်အားထုတ်တာကို သမ္မာဒေဝနတ်တွေသိလို့ ငမူး ငရှူး
ယောင်ဆောင်ပြီး သတိပေးကြလေရော့သလား’

သံချပ်ရဲ့ ဆိုလိုရင်းက ဒီလိုလေ။

ပါရမီ ရင့်သန်ပြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ၊ ဘုရားအဖြစ် ပွင့်တော်မူမယ်၊ အဲဒီနောက်မှာ
ပါရမီနုသေးတဲ့ ပုဂ္ဂိုလ်ငါးရာက ပါရမီရင့်သန်လာပြီး ဘုရားဖြစ်ကြမယ်။ နောက်တစ်ခါ ဘုရား
အဆူပေါင်း ရှစ်သောင်းပွင့်စရာရှိသေးတယ်။ အဲဒီနောက်မှာမှ တို့နှစ်ယောက်လို့ဆိုသွားတဲ့
အမူးသမားတွေ၊ ဒီနှစ်ယောက်ပြီးရင်တော့ ခင်ကြီးပေါက်ရဲ့ အလှည့်ပဲ။

ခင်ကြီးပေါက်ဆက်ပြီး စဉ်းစားနေတယ်။ မူးရူးအော်သွားတာကို အဟုတ်မှတ် နေတာကိုး။

'ငါ့နောင်တော်တွေတောင် မူးကြ ဟစ်ကြတုန်း ရှိကြသေးတာပဲ။ ငါဘယ်လောက်ပဲ ကြိုးစား အားထုတ်ပေမယ့် အလှမ်းက အတော်ကြီး ကွာလှမ်းနေသေးပါကလား'

ခင်ကြီးပေါက် စိတ်ပျက်သွားတယ်။

အမတ်ကြီးဦးပေါ်ဦးအနေနဲ့ ခင်ကြီးပေါက်ပုံပြင်ကို ဆက်လက်တင်လျှောက်ပါတယ်။

'ခင်ကြီးပေါက်ဟာ စိတ်ပျက်သွားပါတယ် ဘုရား'၊ စိတ်ပျက်ပြီးတရားအားထုတ်မှုကို လျော့ချတာ ရပ်ဆိုင်းတာဆိုတော်သေးတယ်ဘုရား၊ အခုတော့ တစ်ခါတည်း လူထွက်ပြီး နီးပုခက် တောင်းပလုံး ရက်လုပ် စားသောက်နေပါတယ် ဘုရား'

ဦးပေါ်ဦး သံတော်ဦး တင်ချက် အဆုံးမှာ ရယ်မောသံတွေ ညံသွားတယ်။ တစ်ခါထပ်ပြီး ရယ်မောသံတွေ ဆူသွားရတဲ့ နောက်ထပ် ကိစ္စကတော့ 'ခင်ကြီးပေါက် လူထွက်ဦးမယ်ဗျာ' ဆိုပြီး မင်းတရားကြီး ထသွားလို့ပါပဲ........။

× × × × × × × × × × × × × × × × × × × × × × × × ×

# နစ်လှမ်းနှင့် သုံးဖဝါး ပါလာပြန်ခြင်း

အမတ်တွေကို ဘိုးတော်မင်းတရားကြီး လုံနဲ့. လိုက်တုန်းက အမတ်ကြီးဦးပေါ်ဦးအနေနဲ့. တာဝတိသာ နတ်ပြည်သို့. ရှင်တော်မြတ်ဘုရားနှစ်လှမ်း သုံးဖဝါးဖြင့် ကြွသွားတော်မူပုံကို တခြားအမတ်များအား မတိုးမကျယ် လှမ်းပြောခဲ့ဖူးတယ်။

ဟော .... အခုလည်းသုံးပြန်ပြီ။

သုံးရတဲ့ အကြောင်းက ဝန်ကြီးလေးပါးကို မင်းတရားကြီး အမျက်တော်ရှပြီး အကျဉ်းချထားလို့.ပါတဲ့။

မင်းတရားကြီးအနေနဲ့. မှတ်လောက်သားလောက်အောင် ဒဏ်ပေးမယ်ဆိုတဲ့ သဘောလုပ်ခဲ့တာပါ၊ သို့.ပေမယ့် မေ့လျော့နေတဲ့အတွက် လွှတ်တော်ဝန်ကြီးတွေ အကျဉ်းကျနေတာ ကြာသွားပြီ။ ရွှေလွှတ်တော်ကြီးမှာ အရေးတကြီး ပြဿနာ တွေ မဖြေရှင်းနိုင်ဘူး။

ဒါကြောင့် .... ဘုရင့်အပါး ခစားနေသူတွေမှာ နလုံးစိတ်ဝမ်း မချမ်းမြေ့. ကြဘူးလေ။မချမ်းမြေ့. ပေမယ့် ဘယ်သူမှလည်း မင်းတရားကြီး အမှတ်ရအောင် မတင်ရဲကြဘူး။

ဒါဖြင့် ...ဘယ်လို လုပ်ကြမလဲ။

လမ်းစရှာကြတဲ့အခါ။ ပရိယာယ်ဝေဝုစ် ကောင်းတဲ့ တင်ရဲ လျှောက်ရဲ တဲ့ ဦးပေါ်ဦးကိုပဲ တွေ့.ကြတယ်။ ဒါကြောင့် ဦးပေါ်ဦးကိုပဲ ဝိုင်းဝန်းတောင်းပန်ကြတယ်။ ဒီအခါမှာ အမတ်ကြီးဦးပေါ်ဦးအနေနဲ့. သံတော်ဆင့် အမတ်ကို ပြောရမယ့် စကားတွေ သင်ပေးလိုက်တယ်။

အဲ...နောက်တစ်နေ့. ညီလာခံကို ရောက်ပါလေရော။

ညီလာခံမှာ မိမိတို့. သန်ရာသန်ရာ မြင်ရာမြင်ရာများကို ထုတ်ဖော်တင်လျှောက်ကြတာ ထုံးစံပါပဲ။ ဒီနေ့.မှာတော့ ဦးပေါ်ဦးအနေနဲ့. ဘာမျှမပြောဘဲ ကောင်းကင်ပြာကြီးကို တိတ်ဆိတ်စွာ မော့ကြည့်လေရဲ့.။

'အလို ... အတွင်းဝန်မင်း။ နေပုံထူးလှချည်းလား'

တစ်ယောက်ကျော်မှာ ခစားနေတဲ့ သံတော်ဆင့်က လှမ်းမေးတော့ ဦးပေါ်ဦးက လှည့်ကြည့်တယ်။

'သူများတွေ ပြောကြ ဆိုကြတဲ့အထဲမှာ အတွင်းဝန်မင်းမပါတာဟာ ဝိသေသထူးသဗျ။ ဘာတွေများ တွေးတောငေးမော ကြံစည်စိတ်ကူးနေပါလိမ့်ဗျာ'

မင်းတရားကြီးလည်း သံတော်ဆင့်၏အမေးကို ကြားတော်မူတယ်။ ရာဇပလ္လင်ပေါ်က လှမ်းကြည့်နေတယ်။

'သြော် .. ဟုတ်ကဲ့ အမတ်မင်း၊ မြတ်စွာဘုရားရဲ့. တန်ခိုးပြာဋိဟာကို စဉ်းစားနေမိလို့.ပါဗျာ'

'ဟဲ့ ... ပေါ်ဦး၊ ဘယ်အချက်များကို စဉ်းစားမိပြန်သတုံး၊ ငါ့လဲ တင်ဦးမှပေါ့'

မင်းတရားကြီးကပါ လှမ်းပြီးမေးတော်မူတယ်။ အမတ်ကြီးက လက်အုပ်ချီပြီးမှ တင်တယ်။

'သုံးလူ့ထွတ်ထား မြတ်စွာဘုရားဟာ၊ သာဝတ္ထိပြည်တံခါးအနီးက သရက်ဖြူပင်ရင်းမှာ ... တိတ္ထိတို့ကို နှိမ်နင်းသောအားဖြင့် ယမကပြာဋိဟာများ ပြသတော်မူပြီးနောက် ယုဇနာ ရှစ်သောင်း လေးထောင်ဝေးတဲ့ တာဝတိသာပြည်ကို နှစ်လှမ်းသုံးဖဝါးနဲ့ ကြွသွားတော်မူတယ်ဆိုတာကို အခုမှပဲ မျက်မြင်ကိုယ်တွေ့ တစ်ခုနဲ့ ကြုံတော့မှ ဟာ – ဟုတ်ပါလားလို့သဘောပေါက်ကြောင်း ပါဘုရား'

'ဟဲ့ .... မောင်မင်းရဲ့ ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၊ တာဝတ္တိသာနတ်ပြည်ကို နှစ်လှမ်းသုံးဖဝါးနဲ့ကြွတော်မူတာကို သဘောပေါက်ဖို့ ဘယ်မှာဘယ် လို အထောက်အထားတွေ တွေ့ခဲ့ရလို့ တွေးနေရပြန်တာလဲ ဟဲ့ '

'မှန်လှပါ... ဗုဒ္ဓမြတ်စွာဘုရားဟာ ကြီးမားသော ပါရမီတော်ရှင်ဖြစ်တဲ့အတွက် နှစ်လှမ်း သုံး ဖဝါးနဲ့ ကြွသွားတော်မူနိုင်တာဟာ ပြောစရာမရှိကြောင်းပါဘုရား၊ ဘာကြောင့်တုန်းဆိုတော့၊ ကျွန်တော်မျိုးတို့ရဲ့ ဝန်ကြီးလေးပါးတောင် ဆယ့်နှစ်တောင်ရှိတဲ့ လှေကားကို တစ်ဖဝါးမျှ မနင်း ဘဲ အချူပ်ထဲ ရောက်သေးတာပဲလို့ သတိရပါသဖြင့် ကြံစည်တွေးတော သဘောပေါက်နေခြင်း ဖြစ်ကြောင်းပါ ဘုရား'

'ဟဲ့ ... ဟဲ့ ပေါ်ဦးလျှောက်မှ ငါသတိရတယ်။ လွှတ်တော်ဝန်ကြီးလေးပါးကို အကျဉ်းက လွှတ်ပြီး မူလ အဆောင်အယောက် စာကျေး စားလက်များ ပြန်ပေးပြီး ၊ ခစားမြဲ ခစားစေ၊ အမိန့်တော် ပြန်ကြစေ မောင်မင်းများ'

အဲဒီနည်းနဲ့ပဲ ဝန်ကြီးလေးပါးအနေနဲ့ ဦးပေါ်ဦးကြံဖန်တင်လျှောက်မှုကြောင့် အကျဉ်းမှ လွတ် သွားကြရတယ်။

ဘယ်သူမှ မပြောရဲ မဆိုရဲတာကို ဦးပေါ်ဦးအနေနဲ့ အဲဒီလိုပဲ တခ်နုပ္ပိဉာဏ်၊ ဇဝနဉာဏ်၊ ဟာသ ဉာဏ်တွေသုံးပြီး သူတစ်ပါးကို ကူညီခဲ့တာ များလှပြီကော။

× × × × × × × × × × × × × × × × × × × × × × × ×

# ဘောဂဝတီ၏ အခမ္မမှု

ဘိုးတော်မင်းတရားကြီး၏ ရွှေလက်ထက်တော်က အမှုထမ်းတွေအနေနဲ့ အမှုတော်ကို ဦးလည်မသုန် ထမ်းရွက်ဖို့ ဝန်လေးကြတယ်။ ပေါ့ပေါ့တန်တန်လုပ်တာများတယ်။ ကိုယ့်ပေါ့လျော့မှုကိုလည်း သိက္ခာရှိစွာနဲ့ ဝန်မခံချင်ကြဘူးလေ။

ဖြစ်တော့မှ ဟိုပြေးဒီပြေး ၊ ဟိုအကြောင်းပြ ဒီအကြောင်းပြပြီး ဟိုလွှဲချ ဒီလွှဲချ လုပ်လား လုပ်တတ်ရဲ့၊ အခုကြည့်လေ။ အမှုတော်ကို ပေါ့ပေါ့လျော့လျော့ ထမ်းရွက်ပြီးမှ အမတ်ကြီး ဦးပေါ်ဦးဆီကို ပြေးလာနေကြပြီကော။

ဖြစ်ပုံက ဘာမျှ ကြီးကျယ်ဝန်လေးတဲ့ ကိစ္စမဟုတ်ဘူး။ တာဝန်ကိုမလေးစားတာ အရင်းခံပဲ။

ဘိုးတော်မင်းတရားကြီးအနေနဲ့ ဧယျာပူရဘက်က ကျောက်ဆင်းတုတော်တစ်ဆူ သပွယ် လွန်းလို့ တအားကြည်ညိုတယ်။ ဒါကြောင့် နီးနီးနားနား အဖူးရ သွားရ လွယ်ကူတဲ့ အမရပူရ ရွှေနန်းတော်ကို ပင့်ထားချင်တယ်။

အဲ့ဒါကြောင့် ဆင်းတုတော်ကို အမရပူရသို့ ပင့်ဆောင်ကြဖို့ အမှုတော်ထမ်းအချို့ကို မိန့်တော် မှုခဲ့တယ်။ အမှုထမ်းတွေလည်း ဖောင်တော်ကို ကောင်းကောင်းမလုပ်၊ လေရိုပ်မိုးရိပ်မကြည့်ဘဲ ပေါ့ပေါ့တန်တန် ပင့်လာကြတယ်။

ဟော…ဆင်းတုတော်ကြီးစမ္ပာယ်တဲ့ဖောင်လည်းမြစ်လယ်ကိုရောက်ရော လေကြီးမိုးကြီးကျ တော့တာပဲ ။ ဖောင်ကြီးအိုးတည်နစ် နစ်မြုပ်ပျက်စီးရာမှ အမှုတော်ထမ်းတစ်ရာပါ ရေအောက် ကို ရောက်သွားတော့သည်။

အစတုန်းက ပေါ့ပေါ့ဆဆလုပ်ခဲ့ပြီး အခုမှ မျက်လုံးပြူးကြပြီ။ ဟိုဝန်ထောက်ကယ်ပါဦး၊ ဒီအ တွင်းဝန် ဆောင်မပါဦးပေါ့။ ဝန်ထောက်၊အတွင်းဝန်မဆိုထားနဲ့။ ဝန်ကြီးတောင်တာဝန်မယူ ရဲဘူး။ နည်းနည်းနောနော ပေါ့ဆမှုမှမဟုတ်တာ။

နောက်ဆုံးဦးပေါ်ဦးထံ ရောက်လာတဲ့အခါမှာတော့ ဦးပေါ်ဦးကသူတစ်ပါးစိတ်ချမ်းသာစေရေး အတွက် ကူညီဖို့ အာမဝန္တာ ခံလိုက်တယ်။ တစ်ဆက်တည်းပဲ အခစားဝင်ခဲ့တယ်။ မင်းတရား ကြီး ရွှေမျက်နှာတော် ကြည်သာမှု ရှိလား၊ မရှိလား အကဲခတ်ပြီးမှ တင်လျှောက်တယ်။

'ဘုန်းတော်ကြောင့်အရှင့်ကျွန် ငပေါ်ဦး သံတော်ဦးတင်လျှောက်ခွင့်ပြုပါဘုရား။ သုံးလောက ထွတ်ထားမြတ်ဘုရားဟာ ဝေသာလီပြည်မှာ ဖုတ်သဘက် မြေဖုတ် ဘီလူးတို့နှိပ်စက်လို့ ကပ်သုံးပါး ကျရောက်တာကို ကယ်မသနားတော်မူအပြီးမှာ ရာဇဂြိုလ်ပြည်သို့ ပြန်လည် ကြွချီတော်မူလာပါတယ် ဘုရား'

'ဘာတွေဖြစ်လာပြန်တယ်မသိဘူး မိဖုရားကြီးရေ၊ ပေါ်ဦးအစချီပုံကတော့ ရာဇဂြိုလ်ပြည် ဝေသာလီနဲ့ကို စတော့တာပဲ'

မင်းတရားကြီးကြည်သာစွာမိန့်တော်မူတဲ့အတွက် ဦးပေါ်ဦးအနေနဲ့ အားတက်ရတာပေါ့။

'ဒီအခါမှာ ဂင်္ဂါမြစ်ကို စောင့်ရှောက်ရတဲ့ နဂါးမင်းဟာ ဆီးကြိုပြီး အခြားသော လူနတ်များကို တရားရေအေး အမြိုက်ဆေးတိုက်ကျွေးသည့်နည်းတူ သူတို့နဂါးပြည်ကို ကြွပြီးတော့လည်း နဂါးတွေကို တရားရေအေးအမြိုက်ဆေး တိုက်ကျွေးပါမည့်အကြောင်းအသနားခံ တောင်းပန်

ပါတယ်ဘုရား။ အစိန္တိတဂုဏ်ပေါင်းလျှံတဲ့ သမ္ဗုဒ္ဓကျသဗ္ဗညု မြတ်စွာဘုရားဟာ နောက်ပါ
သံဃာတော်များနဲ့ နဂါးပြည်ကို ကြွပြီး ဆွမ်းဘုဉ်းပေးကာ တရားအနုမောဒနာပြုပြီးတော့မှ
ရာဇဂြိုလ်ပြည်သို့ ပြန်လည်ကြွမြန်းတော်မူကြောင်း စာပေကျမ်းဂန်များ၌ လာရှိကြောင်းပါဘုရား’

‘ကိုယ်တော်အသိဖြစ်တယ်မောင်မင်း၊ အဲ့ဒါဘာဖြစ်တုန်း’

‘မှန်လှပါ၊ ယခုအခါမှာလည်း ဘဝရှင်မင်းဇကရာဇ်အမိန့်တော်အရ ဆင်းတုတော်ကြီးကို ဝန်ကြီး၊
အတွင်းဝန်များ၊ စစ်ကိုင်းမြို့က လေ့ဖောင်နဲ့ ပင့်ဆောင်အလာမှာ ရေလယ်ရောက်လျှင်ရောက်ချင်း
ဘောဂဝတီနဂါးပြည်က မြတ်စွာဘုရားကိုယ်ပွားဆင်းတုတော်ကို ပူဇော်လိုသည် ဆိုပြီး
အဓိမ္မပင့်ဆောင်သွားရာတွင် နောက်ပါ လူတစ်ရာပါ ပါသွားကြောင်း ရှိခိုးသံတော်ဦးတင်ပါတယ်
ဘုရား’

ဘုရင်တို့မည်သည် သေတယ် ၊ ပျက်စီးတယ် ၊ ပြိုလဲတယ်၊ ဆုံးရှုံးတယ်ဆိုတဲ့ အမင်္ဂလာစကား
ကိုမကြားချင်ဘူး၊ မကြားချင်ပေမယ့် ဦးပေါ်ဦးက ဘယ်လောက်ပဲ သွယ်ဝိုက်လျှောက်ပေမယ့်
အဓိပ္ပာယ်က ဒါပါပဲ။

ဒါကြောင့် လူတစ်ရာနဲ့အတူ ဆင်းတုတော် ရေထဲကျသွားတယ်လို့ တင်တာပဲလို့ မင်းတရား
ကြီးနားလည်တော်မူတယ်။ သက်ပြင်းချတော်မူပြီး စဉ်းစားတယ်။

ခဏကြာမှ အသံထွက်လာတယ်။

‘အင်း … ရေထဲကျတဲ့သူများနဲ့ ကျန်ရစ်သူ များကို ငွေတော်များထုတ်ပေးသနားပြီး ကုသိုလ်
ကောင်းမှုများ ပြုပါဘိ မောင်မင်း’

အမှုတော်ထမ်းပေါ့လျော့သူက လွယ်လွယ်ကလေး ပေါ့လျော့ပေမယ့် တင်လျှောက်သူမှာ
အလွန်ခက်တာကလား။

× × × × × × × × × × × × × × × × × × × × × × × ×

# ဦးပေါ်ဦးရှေ့နေဖြစ်သွားပြန်ခြင်း

ရှေးမြန်မာမင်းမြတ်များအနေနဲ့ သာသနာတော်ကို ပြုစုကာ ဆည်မြောင်းချောင်းကန်တွေ ပြုစုတာကို အထူးဂရုစိုက်ပြီး ဆောင်ရွက်တော်မူလေ့ရှိကြတယ်။ ဆည်ဟောင်းပြင်၊ ဆည်သစ်တည်၊ ကန်သစ်တူးပြီး ကန်ဟောင်းတွေ ပြုပြင်ရာမှာ မြန်မာဘုရင်များရဲ့ ရည်သန်ရင်းစိတ်က အလွန်ကြီးကျယ်တယ်။ မြင့်မြတ်တယ်။

'သတ္တဝါတို့ချမ်းသာစွာ အသက်မွေးဝမ်းကြောင်း ပြုနိုင်ကြရန် အလို့ငှာ'

မြန်မာပြည်သူပြည်သားများဆိုရင် နယ်နိမိတ် ပေါင်ကျဉ်သေးတယ်။ သတ္တဝါတွေဆိုတော့ တစ်ကမ္ဘာလုံးမဟုတ်ဘူး။ စကြဝဠာတစ်ခုမဟုတ်ဘူး၊ စကြဝဠာအနန္တပါခြုံတယ်။

အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးအနေနဲ့လည်း ရှေးမင်းကြီးတို့ပြုစုခဲ့တဲ့ ဆည်တွေ ပိုပြီး တောင့်တင်းအောင်ပြုပြင်တော်မူတယ်။ ဘေးတော်ဘုရင်များတူးထားခဲ့တဲ့ကန်တော်ကြီးတွေကိုလည်း ဆည်ဖို့ပြုပြင်တော်မူတယ်။

အဲဒီကန်တွေထဲမှာ ရတနာသိခ် မြို့တော်ဟောင်းမှာရှိတဲ့ နန္ဒာကန်တော်လည်းပါတယ်။ နန္ဒာကန်အနေနဲ့ ကျွဲ နွား လူသူသောက်သုံးရုံသာ အသုံးဝင်တာမဟုတ်ဘူး။ လယ်သမားတွေ၊ ဥယျာဉ်သမားတွေရဲ့ အသက်သွေးခဲလည်း ဖြစ်တယ်။

ဒါကြောင့် အောင်မြေလောက စေတီတော် ဒါယကာ မင်းတရားကြီး အနေနဲ့ နန္ဒကန် ကျိုးပေါက်ပျက်စီးတယ်ကြားလျှင်ကြားချင်း စစ်အင်္ဂါလေးပါးနဲ့ ချီတက်တော်မူလာပြီး ရဲမက်အင်အားကန်ရေသောက်ကျေးရွာသားများ အင်အားနဲ့ ပြုပြင်တော်မူတယ်။ စိတ်ကျေနပ်လောက်အောင် အခိုင်အခံ့ ပြုပြင်ပြီးမှ ကန်ဝန်တစ်ယောက် ခန့်ထားတော်မူတယ်။ ကန်တော်ကြီး အရှည်ခိုင်ခံ့တည်တံ့အောင် စောင့်ရှောက်ဖို့။

ဘိုးတော်မင်းတရားကြီး ကန်ဝန်ခန့်အပြီးမှာ ဟောဒီလိုမိန့်တယ်။

'ဒီနန္ဒာကန်တော်ကြီး တည်ဆောက်တုန်းက လူအင်အား နွားအင်အား အများကြီးသုံးခဲ့တယ်။ သို့သော်လည်း ကန်ဝန်အဆက်ဆက်တို့ ဝတ္တရားလစ်ဟင်းပျက်ကွက်တဲ့အတွက် ကန်တော်ကြီးကျိုးပေါက် ပျက်စီးရတာ ဖြစ်တယ်။'

လာဘ်ကိုမျှော်ကိုးပြီး ငါး၊ ဆင် ဖမ်းတာမမြင်ယောင်ဆောင်နေ၊ တံစိုးလက်ဆောင် မျှော်ငဲ့ပြီး ငှက်ဆင်းထောင်တာ နှာစေးနေလုပ်ခဲ့ကြတော့ ဟိုနေရာက ဂလိုဏ်ဖြစ် ဒီနေရာပဲ့ဖြစ်တော့တာပေါ့။ ကြာလာတဲ့အခါ ဝေါခနဲကျိုးတာပဲ။ အခုတစ်ဖန် မွမ်းမံ ပြင်ဆင်ရာမှာ အလွန်ဝန်လေးပင်ပန်းကြရတယ်။ နောက်တစ်ဖန် ထပ်မံ ပြင်ဆင်ရလျှင်လည်း ပင်ပန်းကြီးစွာ ဆောင်ရွက်ကြရဦးမည်သာဖြစ်သည်။ သို့ဖြစ်၍လက်ရှိကန်ဝန်က အထူးဂရုစိုက် စောင့်ရှောက်ရမည်။ ဝတ္တရားလစ်ဟင်းသဖြင့် ကန်တော်ကြီး ပျက်ယွင်း ကျိုးပေါက်သည်ရှိက အသက်ဆုံးအောင် စီရင်ရမည်။'

ရေကန်ကြီးတစ်ခုလုံး သံကွန်ခြာခုနစ်ထပ်နဲ့ အုပ်ထားသလိုလုံခြုံအောင် စောင့်ကြပ်စေဖို့အမိန့်ပဲ။

`ကန်ဝန်လည်း နေ့ကင်းညကင်း ထူထပ်စွာနဲ့ အထူးဝါယမစိုက်ပြီး စောင့်ရှောက်ခဲ့တယ်။ အဲဒီလိုစောင့်ရှောက်တဲ့ နှစ်ကျတော့မှပဲ ကောင်းလိုက်တဲ့မိုး၊ ပြင်းလိုက်တဲ့လေ၊ နေ့မစဲ ညမစဲ တိုက်ခိုက်ရွာသွန်းလိုက်တာ အင်းအိုင်ချောင်းမြောင်းတွေပြည့်လျှံကုန်တယ်။ နန္ဒကန်ကြီးလည်း ရေထုတ်ပေါက်က နိုင်အောင်မထုတ်နိုင်လို့ တရဟော လျှံကျတယ်။ အဲဒီလျှံကျတဲ့ နေရာက မြေသား

ကို ရေစားပြီး ပြိုကျကျိုးပေါက်တော့တယ်။

ကန်ဝန်ဟာ နေစရာမရှိတော့ဘူး။ အပြင်းအထန်ကြပ်မတ်ပါလျက်နဲ့ ကျိုးကျတာဟာ ဝတ္တရားလစ်ဟင်းလို့ မဟုတ်ဘူး။ ဒါပေမယ့် ကန်ဝန်ကြောက်တယ်လေ။ ရွှေမြို့တော်ကိုပြေးလာတယ်။ဝန်မင်း ကယ်တော်မူပါဦးဘုရားဆိုပြီး ဦးပေါ်ဦးရဲ့ ခြေကိုဖက်တယ်။

ဦးပေါ်ဦးအနေနဲ့နောက်တစ်နေ့ညီလာခံကိုကန်ဝန်ပါခေါ်ပြီး အခစားဝင်ရောက်ပြီးတင်လျှောက်တယ်။

'ဘုရားကျွန်ဝန် ငပေါ်ဦး ရှိသေစွာ ခြေတော်ဦးခိုက် လျှောက်တင်ဝံ့ပါသည် ဘုရား'

'ဒီလောကဓာတ်ကြီးမှာ ရေမြေလေဆိုတဲ့ဓာတ်ကြီးလေးပါးတို့လွှမ်းမိုးအုပ်ချုပ်တ ာကို ကျမ်းဂန်အဖြာဖြာမှာ လာရှိကြောင်းပါဘုရား၊ လေဖျက်လို့ လေတက်ရ၊ ရေတက်လို့ မြေပျက်ရတာဟာလည်း လောကတံထွာ ဓမ္မတာပါဘုရား'

'အိမ် .... အခုရက်ပိုင်းမှာ မိုးအတော်ကောင်းတယ်ဟဲ့။ အင်း ... ဆက်တင်'

'များမကြာမီ ရက်များအတွင်းက ရတနာသိင်္ခကုန်းဘောင်ပြည်ကြီးမှာ မိုးကောင်းလေထန်အဆမတန် ရွာသွန်းတဲ့အတွက် အင်းအိုင်မြစ်ချောင်းတို့ ရေလျှံပြီး နန္ဒကန်ပေါင်ကို ရေတိုက်စားတဲ့အတွက် နန္ဒကန်ကြီး ကျိုးပေါက်သွားကြောင်းပါ ဘုရား'

ဦးပေါ်ဦးအနေနဲ့ ဒါလောက်နဲ့ ရပ်မနေဘဲ ဆက်တင်တယ်။

'ဒီအရေးမှာ ကန်ဝန်ရဲ့ ချွတ်ယွင်းလစ်ဟင်းမှု တစ်ရံတစ်ဆစ်မျှ မရှိကြောင်းပါဘုရား၊ ဖျက်ဆီးရန်တစ်စုံတစ်ယောက် တစ်အုပ်တစ်သင်းတို့ လာရောက်ပါမူ အသက်ကိုတောင်စွန့်ပြီး အရှင့်အမှုတော်ကို ထမ်းရွက်မည့်ကျွန်ဖြစ်ကြောင်းပါဘုရား၊ ယခုသော်ကား လောကဓာတ် ကမ္ဘာမြေကြီးကိုပင်ဖျက်ဆီးနိုင်သော ရေအားက ကန်ပေါင်ကို ဖြိုချသွားတဲ့အတွက် နန္ဒာကန်ကြီးကျိုးပေါက်ပျက်စီးရသည့် အရေးတွင် ကန်ဝန်အားသေဘေးမှ ချမ်းသာခွင့်ပေးတော်မူပါမည့်အကြောင်း အသနားခံ သံတော်ဦးတင်ရကြောင်းပါဘုရား'

လူတို့မတားဆီးနိုင်သောသဘာဝဘေးအန္တရာယ်ဖြစ်ကြောင်းမင်းတရားကြီး သဘောပေါက်တော်မူတယ်။ ဒါကြောင့် သူ့ကျွန်ကိုပစားပေးတဲ့သဘောနဲ့ မိန့်တော်မူပုံကတော့...............

'ဟဲ့ .... ကန်ဝန်က ငပေါ်ဦးကို ရှေ့နေခေါ်လာတာကိုးဟဲ့ ..... '

ရယ်လို့ဖြစ်ပါတယ်။ ဒီအခါကျမှပဲ ကန်ဝန်ခမျာမှာ ဖက်ထဲအုပ်ထားတဲ့ အသက်ကိုဖြေပြီး ကိုယ်ထဲ ထည့်နိုင်တော့တယ်လေ။

× × × × × × × × × × × × × × × × × × × × × × × × ×

# တောင်ကျွန်းမို့ လက်ယာရစ်သည်

ဘိုးတော်မင်းတရားကြီး သောက္ကထဲ ကမန်ပိုက်ကိုစစ်ချီတော်မူဖို့ စီစဉ်တော်မူတဲ့အခါ တဘောင်ပေါ်ခဲ့တယ်။ အယူတော်မင်္ဂလာကိုစနည်းနာခိုင်းတယ်။

စနည်းဆိုတာ၊ ကိုယ့်ရည်ရွယ်ချက်ကိုအထောက်အကူပြုတဲ့စကား၊ ပြောဆိုနေကြ အသံကိုနားထောင်တာပါပဲ။ တဘောင်ကတော့ ထူးခြားတဲ့ သတိထားစရာ စကားပါပဲ။

အယူတော်မင်္ဂလာစနည်းနာတဲ့အခါ.............

'မရှိလျှင်ခေါင်က ၊ ရှိလျှင် နောင်တ'

ရယ်လို့ဖြစ်ပါတယ်။ ရာသီဥတုကလည်းမကောင်းတဲ့အချိန်ဖြစ်တဲ့အတွက် ချီတော်မမူသင့်ကြောင်း။

ချီတော်မမူခြင်းသည် အကောင်းတကာ့ အကောင်းဆုံးဖြစ်ကြောင်း၊ နိမိတ်ဖတ်ပေမယ့် နာယူတော်မမူဘူး။

လက်နက်၊ လူ၊ ဆင်၊ မြင်း များအရေးမလှဖြစ်ခဲ့တယ်။ ဒါကို ရည်ရွယ်ပြီးအခုမိန့်တော်မူပုံက နောင်တ မဖြစ်အောင် ကြိုးစားကာကွယ်နေကြောင်း ပေါ်လွင်တယ်။

'တဘောင်စနည်းဆိုတာ မှတ်ယူသင့်သောစကား မဟုတ်ဘူးလို့ ကိုယ်တော်ထင်တယ်။ သောက္ကထဲ တမန်ပိုက်ဆိုသည်မှာလည်း မင်းသိမ်၊ မင်းငယ်ဖြစ်လေတော့ အရေးထားစရာ မရှိဘူး၊ အယူတော်ရှိတယ်။ သို့ကလို ပေါ့ဆသောကြောင့် အရေးမလှ ရှိခဲ့ရတယ်ဟဲ့ ပေါ်ဦးရဲ့'

'အခွင့်မသင့်ပါက တောသုံးတောင်ကို အုပ်စိုးတဲ့ ကေသရာဇာခြင်္သေ့မင်းသော်မှ ဖားသူငယ်ကို ရှုံးကြောင်းပါ ဘုရား'

'မှန်ပေတယ် မောင်မင်း ၊ အယူတော်မင်္ဂလာရဲ့ တဘောင်ကို ကြံစည်ချေပကြသော်လည်း အရာမထင်ရှိနေချေတယ်။ ငါ့ထံတွင် ခစားထမ်းရွက်ကြသော မှူးတော် မတ်တော်တို့မှာ အရေးရှိသော အခါ၌ ယတြာကိန်းခန်း၊ လောကီလမ်းကို အားမကိုးရဘူး၊ အဲဒီဘက်မှာ တတ်ကျွမ်းကျင်တဲ့ ဆရာဆိုသူများမှာလည်း အမည်ခံမျှသာ ရှိချေတယ်။'

ဒါကို ပေါ်ဦး လက်သင့်မခံပါ။

'မှန်လှပါ၊ ဘုန်းတော်ကြောင့် ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းသြဘာနိမိတ်ထွန်းဆိုတဲ့ စကားရှိကြောင်းပါဘုရား၊ သို့ပါသောကြောင့် ဒီကျွန်းဟာ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း အစစ်အမှန်ဖြစ်ကြောင်းပါဘုရား၊ နိမိတ်သြဘာများထွန်းရာ မှာလဲ အမှန်ပင် ဖြစ်သောကြောင့် သူ့အခါ အလိုက်ပေါ်ပေါက်လာတဲ့ တဘောင်များဟာလဲ မှန်တာများ ကြောင်းပါဘုရား'

'မောင်မင်းက ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း အစစ်အမှန်ဖြစ်ကြောင်း ထပ်တာလဲလဲ တင်နေတော့ ဘယ်အထောက်အထားများနဲ့ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း စစ်မှန်တယ်ဆိုတာ ပြသနိုင်သတုန်း ပေါ်ဦးရဲ့'

ဦးပေါ်ဦးထပ်ပြန်တလဲလဲ ဆီပွတ်ကျည်ပွေ့တင်လျှောက်စကားကို မင်းတရားကြီးက ထောက်ပြတော်မူတယ်။

'မှန်လှပါ ဘုန်းတော်ကြောင့် ဇမ္ဗူဒီပါကျွန်းမှာပေါက်ရောက်ကြတဲ့ သစ်ပင်ဟူသမျှအနက် နွယ်ပင်များဟာ သူတို့ မှီခို အားထားရာဖြစ်တဲ့ သစ်ပင်များကို နွယ်ပြီးတက်ရာမှာ လက်ဝဲရစ် မတက်ကြပါဘူးဘုရား၊ လက်ျာရစ်ပြီးတော့သာ တက်တတ်ကြပါတယ်ဘုရား'

မင်းတရားကြီး စူးစိုက်ရွှေနားတော်ဆင်ရင်း ခေါင်းဆတ်သည်။

'အပင်ကြီးကို နွယ်ပြီးတက်ရာမှာသာ မဟုတ်ပါဘုရား၊ နွယ်ပင်ကြီးကို ရစ်ပတ်နွယ်တဲ့ နွယ်ပင်ကလေးများသည် ပင်လျှင် လက်ျာရစ်ပြီးတော့သာ နွယ်တက်တတ်ကြောင်းပါဘုရား၊ အဲ.... ရှားရှားပါးပါး လက်ဝဲရစ်ရစ်ပြီး နွယ်တက်တဲ့ နွယ်ပင်များရှိနေရင်၊ အဲဒါကိုထူးခြားတယ်ဆိုပြီး ပယောဂဆရာတွေက ပယောဂဆေးအဖြစ် ဖော်စပ်အသုံးပြုကြောင်းပါဘုရား'

'အင်း .... နင့်စကားက ဟုတ်တုတ်တုတ်ပါလား'

'သို့ဖြစ်ပါ၍ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းသည် နိမိတ်ကြီးကာထွန်းသည့် ကျွန်းဖြစ်သည့်အလျောက်၊ သူ့အကြောင်းအရာနဲ့ သူကြုံကြိုက်ဖြစ်ပေါ်လာတဲ့ သြဘာနိမိတ်စကားများဟာ မှန်ကန်တယ်လို့ သဘောရကြောင်းပါဘုရား'

ညီလာခံတစ်ခုလုံးတိတ်နေသည်။ ဦးပေါ်ဦးရဲ့ စကားက ဘယ်ကို ဦးတည်သွားနေသလဲဆိုတာ အာရုံစိုက်နေကြလို့ ဖြစ်ပေတယ်။

သို့ဖြစ်ပါသောကြောင့် အယူတော်မင်္ဂလာတင်လျှောက်သောစကားကို ဖယ်ရှားတော်မူကာ ချီတက်တော်မူသောကြောင့် ဗိုလ်လူဆင်မြင်း အလုံးအရင်းတို့ ပင်ပန်းရခြင်းဖြစ်ပတော့သည်ဘုရား'

ဦးပေါ်ဦးက အကြားရသက်သာအောင်ပင်ပန်းလို့ သုံးနှုန်းတယ်။ အမှန်က ဗိုလ်လူ ဆင်မြင်းတွေ သေကျေပျက်စီးတာပါ။

ဒီတော့.... လူကြီးရှက်တော့ ရယ် ဆိုတာလိုပေါ့။ မင်းတရားကြီးမှာ ပြုံးရယ်လို့သာ နေတော်မူရတော့တာပေါ့။

× × × × × × × × × × × × × × × × × × × × × × × × ×

# အကြောင်းပေါ်လာက

အမတ်ကြီးဦးပေါ်ဦးအနေနဲ့ မင်းတရားကြီး အမျက်တော်ရှလောက်တဲ့ အရေးအရာများမှာ အမှုထမ်းတွေ သက်သာအောင်ဝင်ရောက်ပြီး ကြံဖန် လျှောက်ထားပေးလေ့ ရှိတယ်။

အမျက်ရှစရာ မဟုတ်သော်လည်း လျှောက်ထားမှဖြစ်မယ်ထင်တာမျိုးမှာ လျှောက်ထားရတယ်။ အခုအကြောင်းပေါ်လာပြီ။

အကြောင်းပေါ်လာတဲ့အခါ ဦးပေါ်ဦး ရဲရဲဝံ့ဝံ့ လျှောက်ပုံကို ကြည့်။

'ပေါ်ဦးရဲ့ .... ငါ့တို့ရဲ့ ရှင်တော်မြတ်ဘုရားဟောကြားတော်မူခဲ့တဲ့ ပိဋကတ်သုံးပုံကို သံဃာယနာ (၄)ကြိမ် တင်ခဲ့ပြီးပြီတဲ့'

'မှန်လှကြောင်းပါဘုရား'

'အေး ... ပထမသံဃာယနာ၊ ဒုတိယသံဃာယနာ၊ တတိယသံဃာယနာတွေတုန်းက ရဟန်း ၊ သံဃာတွေဟာ နှုတ်ထက်အာဂုံဆောင်ခဲ့ကြပေမယ့် ငါတို့ လက်ထက်မှာတော့ နှုတ်ထက် ရသူ အလွန်ရှားပါးကုန်ပြီ၊ စာများများ ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်ကိုပဲ အကျော်လုပ်နေကြရပြီကော'

'မှန်ကြောင်းပါ ဘုရား'

'အဲဒီလို ပိဋကတ်သုံးပုံကို နှုတ်ထက်နှုတ်ငုံအာဂုံ ဆောင်မထားနိုင်ကြတာဟာ ငွေဖြုန်းပေဖြုန်း သလိုဖြစ်နေပြီ မောင်မင်း၊ တစ်ခါပေစာကလဲ ထားရသိုရ သိမ်းဆည်းရတာ မလွယ်ကူဘူးတဲ့။ အဲဒါကြောင့် အဲ့ဒီပေစာတွေကို မီးရှို့ပြာချပစ်ပြီး စေတီတော်တွေထဲမှာ ဌာပနာလိုက်ရရင် မကောင်းပေဘူးလား မောင်မင်း'

ဦးပေါ်ဦး လက်ရှက်ပြီး သံတော်ဦးတင်တယ်။

'မှန်လှပါ၊ ဘုန်းတော်ကြောင့် ပိဋကတ်စာ ပေတွေကို မီးရှို့ပူဇော်ပစ်ဖို့ ကြံစည်တော်မူတာဖြစ်ရင် ဦးစွာပထမ အရှင်မင်းကြီး ကိုးကွယ်တော်မူတဲ့ စန္ဒာမုနိ ရုပ်ပွားတော်မြတ်ကို ဧရာဝတီမြစ်ထဲသို့ ဦးစွာ ပစ်ချပြီး နောက်မှသာပိဋကတ်ပေစာများကို မီးသင်္ဂြိုဟ်သင့်ကြောင်းပါဘုရား'

'မောင်မင်းစကားလွန်လွန်းလှချည်းလားဟဲ့'

မင်းတရားကြီးအနေနဲ့ ဦးပေါ်ဦးရဲ့စကားကို နားစိုက်ပြီး ရွှေနားတော်ဆင်နေရာက စူးစိုက်ကြည့်တော်မူမိပါလေရော။

'မှန်ပါ၊ ကျွန်တော်မျိုး တင်လျှောက်သော စကားမလွန်လွန်းပါ ဘုရား'

'ခွေးမသား ပေါ်ဦး နင့်စကားကို ပြေအောင်ဖြေနိုင်ရင် ဖြေပေတော့၊ မဖြေနိုင်ရင် ရာဇဒဏ် ခံရပြီမှတ်'

ဘဝရှင်မင်းတရားကြီး ငေါက်ငမ်း ကြိမ်းမောင်းသော်လည်း အမတ်ကြီးအနေနဲ့ မဖြုပါ။

'အမတ်မင်းကြီး ဆင်ခြင်စဉ်းစားကြည့်တော်မူပါ ဘုရား၊ ပိဋကတ်တော်ပြာချပစ်လို့ ကုန်စင်သွားမှတော့ ဘုရားဂုဏ်တော်များ၊ တရားဂုဏ်တော်များ၊ သံဃာ့ဂုဏ်တော်များကို ဘယ်သူ့မှ

သိကြတော့မှာ မဟုတ်ကြောင်းပါဘုရား၊ သို့ကလို ရတနာသုံးပါးရဲ့ ဂုဏ်တော်ကျေးဇူးတော်ကို မသိတာကြာလာတဲ့အခါ ရုပ်ပွားဆင်းတုတော်များကို လူရုပ်လား၊ နတ်ရုပ်လား၊ တွေးတောဝိုးဝါး မြင်လာတော့မှာမို့ အရှင်မင်းတရားကြီးကိုးကွယ်တော်မူတဲ့ ရုပ်ပွားတော်ကို ကြိုကြိုတင်တင် ရေထဲကို ပစ်ချသင့်ကြောင်း တင်ရတာဖြစ်ကြောင်းပါဘုရား'

စကားဆုံးတဲ့အခါမှာတော့ မင်းတရားကြီးရော အမတ်တွေပါ တဝေါဝေါ တသဲသဲနဲ့ ရယ်မောကြတော့သကိုး။

× × × × × × × × × × × × × × × × × × × × × × × ×

# သိဒ္ဓတ္ထမင်းသားနှင့် နားသန်သီး

ဘိုးတော်မင်းတရား ဦးဝိုင်းသည် ဦးပေါ်ဦးအား ပညာနှင့် ပတ်သက်သော ဗုဒ္ဓဝင် မဟာဝင် စသည့် အပိုင်းများကို တစ်ခါတစ်ရံ မေးမြန်းလေ့ရှိပေသည်။

'မင်းကြီးများ၊ ငါကိုယ်တော် စဉ်းစားမိသည်မှာ ငါတို့၏ဂေါတမဘုရားသခင်သည် ဟိန္ဒူအမျိုး အနွယ် ဖြစ်သည်ဟု ယူဆမိတယ်။အဲဒါကို ဘယ်လိုသဘောရကြသလဲ။'

ဘိုးတော်မင်းတရားသည် 'မင်းကြီးများ' ဟုခေါ်င်းတင်ပြီး မေးမြန်းလိုက်သော်လည်း အဘယ်အား ဖြင့် ဓမ္မဓိဋ္ဌာန်သဘော အမျှားကို မေးမြန်းခြင်းမဟုတ်၊ ပုဂ္ဂလိကဓိဋ္ဌာန် သဘောဖြင့် ဦးပေါ်ဦးအား မေးမြန်းလိုက်ခြင်း ဖြစ်ကြောင်းကို ဦးပေါ်ဦးနှင့်တကွ အမတ်အားလုံးပင် နားလည်လိုက်ကြပေ သည်။

ဦးပေါ်ဦးကလည်း ဤနေရာမျိုးတွင် ဖင့်နွှေးလေးကန်း၍ နေပါက အထင်အမြင်သေးခံရတော့ မည်ဟု ယူဆကာ မဆိုင်းမတွပင် လျှောက်တင်လိုက်လေသည်။

'မှန်လှပါ၊ ရွှေဘုန်းတော် ကျွန်ဝန် ငပေါ်ဦး လျှောက်တင်အပ်ပါသည်။ ကျွန်တော်မျိုးတို့ ကိုး ကွယ်ရာ ဂေါတမ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထ ကုမာရ မင်းသားသည် ဘုရားအဖြစ်သို့ ရောက်ရန်အတွက် နိမိတ်ကြီးလေးပါးကို ထင်ရှားစွာမြင်ပါတယ် ဘုရား'

သူအို၊ သူနာ၊ သူသေ ရဟန်း စသော နိမိတ်ကြီးလေးပါးကို မြင်ပြီးသည့်နောက် ရမ္မ သုဘ သုရာမ စသည့် သုံးဆောင်သော နန်းမမှ လုပချောမွေ့ နလုံးတွေ့ဘွယ်ရာသော မောင်းမ မိသံ ခြွေရံသင်းပင်းနှင့်တကွ ထီးနန်းစည်းစိမ် ကို စွန့်လွှတ်ခဲ့ပါသည်။

ထီးနန်းစည်းစိမ်ကို စွန့်ခွာ၍ အနော်မာ ကမ်းတစ်ဘက်သို့ တောထွက်ခဲ့ရာတွင် ခဏ္ဍကမြင်းနှင့် မြင်းတော်ခံ အမတ်မောင်ဆန်တို့သာ ပါခဲ့ပါသည်။

တစ်ဖက်ကမ်းသို့အရောက်တွင် သိဒ္ဓတ္ထ မင်းသားသည် မိမိဝတ်ဆင်ထားသော မင်းမြောက် တန်ဆာများကို ချွတ်လျက် အမတ်မောင်ဆန်အား ယသော်ဓရာ ပေးလိုက်ပါလေဟု မှာကြား ကာ ရဟန်းပြုပါသည် ။

ထိုအခါ ခဏ္ဍကမင်းနှင့် မောင်ဆန်တို့သည် အထုပ်ကို ပိုက်လျက်ပြန်လာရာ ခဏ္ဍကမှာ ရင်ကွဲနာကျ သေဆုံး၍ အမတ်မောင်းမောင်ဆန်သာလဆင် တိုင်းပြည်သို့ ပြန်ရောက်ပါသည်။

သိဒ္ဓတ္ထမင်းသား၏ မိဖုရားကြီး ယသော်ဓရာထံသို့ ဝင်ရောက်ခစားသော အမတ်မောင်ဆန်သည် မင်းသားပေးလိုက်သောမင်းမြောက်တန်ဆာများကို တစ်ခုစီ၊ တစ်ခုစီ ပေးအပ်ရာတွင် နားသန် သီးမပါသော အထောက်အထားများရှိပါသည်။

ဟိန္ဒူလူမျိုးများဆိုပါက နားသန်သီး ပါသည်သာဖြစ်ပါကြောင်းလျှောက်ထားအပ်ပါသည်ဘုရား'

ဘိုးတော်ဦးဝိုင်းသည် ဦးပေါ်ဦးက ယုတ္တိ ယုတ္တာနှင့် အထောက်အထားပြုကာပြောဆိုတင်လျှောက် သော်လည်း ခိုင်မာသော အထောက်အထားဟုသာ မှတ်ထင် ယူဆ လေသည်။

သို့ကြောင့် 'ဟဲ့ ... ပေါ်ဦး ၊ ဒါဘုရားကိစ္စနော်၊ မတော်တရော် မလုပ်နဲ့ ၊ ဟုတ်မှန်တဲ့ အထောက်အထားကို တင်ပြလျှောက်ထားစမ်း' ဟု ငေါက်ငမ်းသံဖြင့် မိန့်တော်မူလိုက်လေသည်။

ထိုအခါ ဦးပေါ်ဦးကလည်း အညံ့မခံဘဲ 'ဘုရားကျွန်တော်မျိုး အလွတ်မဲ့ မလျှောက်တင်ဝံ့ကြောင်းပါ၊ ရှေးအခါက ပညာရှိကြီးများ ရေးသားသီကုံးခဲ့သော လင်္ကာကို အထောက်အကူပြုကာ လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား' ဟု ရဲဝံ့စွာ ပြန်လည်တင်လျှောက်လေသည်။

'ကဲ...ဒါဖြင့် အဲဒီလင်္ကာကို အခု လျှောက်တင်စမ်း'

'မယ်ယသော် ထုံးဖွဲ့ရွှေရောင်ဆီမပါဘဲနဲ့ သူပြောင်' ဟူ၍ဖြစ်ပါသည်။ ဦးစွန်းပုတ်ဟု မဆိုပါ ။ ဦးစွန်းဖုတ်ဟု ဆိုမှသာ လျှင် ဟိန္ဒူလူမျိုးလို့ ဆိုရပါမည် ဘုရားဟု လျှောက်တင်ရာ ဘုရင်ကြီးနှင့် တကွ အားလုံး ပြုံးရွှင်ကြလေတော့သည်။

× × × × × × × × × × × × × × × × × × × × × × × × ×

# စက်ခုန်ခေါ်မီးအိမ်ပျံ

သီတင်းကျွတ် လပြည့်ဆိုလျှင် မယ်တော်မိနတ်သားစံရာ တာဝတိံသာနတ်ပြည်၌ စုဋ္ဌမုနိမြတ်စွာဘုရားကို မီးပူဇော်သည်ဟူသော အယူအဆ ရှိခဲ့ကြလေသည်။

ထို့ကြောင့် ထိုဘုရားအား မီးပူဇော်သည့်အနေဖြင့် စက္ကူကို သဘော်သီးပုံချိုးကာ ရေနံချေးမှိုင်းများဖြင့် ကောင်းကင်သို့လွှတ်လေ့ရှိကြသည်။

ထိုသို့လွှတ်သည်ကို အရပ်အခေါ်အားဖြင့် မီးအိမ်ပျံ မီးပုံးပျံဟု ခေါ်သော်လည်း နန်းသုံးစကားမှ စက်ခုန်တော်ဟု ခေါ်တတ်ကြသည်။

လေ့ပြိုင်ပွဲကဲ့သို့ပင် မိဖုရားကြီးနှင့် ဘုရင်ကြီးတို့၏ မီးပုံးပျံ များကို ပြိုင်ပွဲပြုလုပ်ကြပြန်ရာ ဘုရင်ကြီးဘက်မှ ဦးပေါ်ဦးပင် တာဝန်ယူကာ မီးပုံးပျံချိုးရသည် ။

ပြိုင်ပွဲနေ့ရောက်၍ ယှဉ်ပြိုင်သောအခါတွင် မိဖုရားကြီး၏ မီးပုံးပျံမှာ ချောချောမောမော ကောင်းကင်သို့ တက်သွားရာ ပရိသတ်တို့က လက်ခုပ်သြဘာပေးကာ ချီးကျူးကြလေသည်။

မရှေးမနှောင်းမှာပင် ဦးပေါ်ဦး တာဝန်ယူသောဘုရင်ကြီး၏ မီးပုံးပျံ(စက်ခုန်) ကိုလွှတ်ရာ ဝါးတစ်ရိုက်ခန့်ကို တက်လိုက်မြေသို့ကျလိုက်၊ ဖြစ်၍နေရာ ပရိသတ်များက ဟားတိုက်၍ရယ်ကြ လှောင်ကြလေတော့သည်။

ထိုအခါ ဘိုးတော်ဦးဝိုင်းက ဦးပေါ်ဦး၏ ဇက်ကိုနှိမ်ကာ ကျောကို တံတောင်ဖြင့်ထောင်းလိုက်လေသည်။

'သေပေတော့ ငါ့အရှက်ကိုခွဲတာ ဒါပါနှစ်ခါရှိပြီ' ဟု ကြိမ်းမောင်းလိုက်လေသည်။ ထိုအခါ ဦးပေါ်ဦးက ကျွန်တော်မျိုးကြီး ဘုရားဟောနဲ့အညီဆောင်ရွက်တာပါဘုရား' ဟုလျှောက်ထားလိုက်လေသည်။

'လာပြန်ပြီ ငါ့ကို ဘုရားနဲ့ကိုင်ပြောတော့မယ်၊ ဘယ်လိုသက်ဆိုင်သလဲ ပြောစမ်း'

'မှန်လှပါ၊ စက်ခုန်ဥတပါဒိ၊ ဥဇ္ဈာဥတပါဒိ၊ အာလောကောဥတပါဒိ ပါဘုရား' ဟု လျှောက်တင်လိုက်သောအခါ ဘိုးတော်ဦးဝိုင်းမှာ ထောင်းရန်နှိမ်ထားသော လက်ကို လွှတ်လိုက်ပြီးလျှင်....

'ပေါ်ဦးနဲ့တော့ ခက်နေပြီ။ နင့်ကြောင့် ငါ အရှက်ကွဲရတာ နှစ်ခါရှိပြီ'လို့မိန့်တော်မူမှ ပြုံးရဲရယ်ရဲ ဖြစ်လာကြတော့သည်။

× × × × × × × × × × × × × × × × × × × × × × × × ×

# ကိုရင်ဒီပရေးသည့်စာ

ဘိုးတော်ဦးဝိုင်းသည် ကိုယ်တိုင်ကပင်လျှင်ပဟာသဥာဏ်ကလည်းရွှင်သည်။ပျော်ရွှင်စွာလည်းနေတတ်ဟန် ရှိလေသည်။

ထိုမှုမက စာများ ပေများမှ မသိသော အနက်များသည်လည်း နှိုက်နှိုက်ချွတ်ချွတ် တွေးတောတတ်လေသည်။

ဤသို့လော တွေးတောချက်များမှ တချို့ကိုလည်း အပျော်တော်ဝန်အမတ်ကြီး ဦးပေါ်ဦးအား မေးမြန်းတတ်လေသည်။

ဦးပေါ်ဦးကလည်း တတ်အားသမျှရယ်စရာဖြစ်အောင် လျှောက်တင်တတ်လေရာ၊ ယခုမေးမြန်းမှာလည်း စေ့စေ့တွေးလေ ပြုံးရလေသော အဖြေတစ်ခုပင် ဖြစ်လေသည်။

“ဦးပေါ်ဦးရယ်၊ ငါလဲ ရဟန်းသံဃာတော်များ ဝိနည်းတော်နဲ့အညီ နေထိုင်ရ၊ သီတင်းသုံးရပုံကိုသိချင်တာနဲ့ ဝိနည်းတော်များကို ဖတ်ကြည့်ရင်း ဘိက္ခုနီ ပါတိမောက်ကို ဖတ်မိတော့ တော်တော် ညစ်ညမ်းတဲ့အသုံးအနှုန်းတွေ တွေ့ရတယ်။’

‘ဒီတော့ ဒီကိစ္စဟာ ဘုရားဟောမှ ဟုတ်ရဲ့လား၊ မထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်ကများ ရေးလေသလားလို့သံသယ ရှိမိတယ်။ မောင်မင်းကော ဘယ်လို့သဘောရသလဲ’

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးသည် မဆိုင်းမတွပင်လျှောက်တင်လိုက်လေသည်။

‘ဘုရား ကျွန်တော်မျိုးလဲ အရှင့်လိုပဲ ဘိက္ခုနီပါတိမောက်ဟာ ဘယ်သူများ ရေးသလဲလို့ ရှာဖွေခဲ့သူဖြစ်ပါတယ် ၊ အဲ့ဒီလို ရှာဖွေရင်းက တစ်နေ့သောအခါမှာ စာပေဟောင်းများကို သွားတွေ့မိပါတယ်။’

‘ဘယ်မှာ တွေ့ပါသလဲဆိုတော့ သာလွန်မင်းတရားကြီးကိုးကွယ်တဲ့ စစ်ကိုင်းမြို့ ဝိဇယ ရွှေကျောင်းမှာ ဖြစ်ပါတယ်။’

အဲ့ဒီစာပေဟာ ဟောင်းနွမ်း စုတ်ပြတ်နေလို့ အဆုံးသတ်ပေရွက်ကိုပဲ တွေ့ရတော့တယ်။ ဘယ်လိုတွေ့သလဲဆိုတော့ (ကိုရင်ဒီပရေးသည့် စာ ‘ပု-ဒိ-အာ’ နှင့် ပြည့် စုံရပါစေလို၏) လို့ဆုတောင်းစာ တွေ့ရပါသည်ဘုရား’ ဟု လျှောက်ထားလိုက်လေသည်။

× × × × × × × × × × × × × × × × × × × × × × × ×

# ဆားနဲ့ပါ ဘုရား

ဤသို့ ဦးပေါ်ဦးမှာ အခါတိုင်းထက်ပင် ယနေ့ပို၍ လျှာသွက် နေသကဲ့သို့ ရှိနေရာ ဘိုးတော်ဦးဝိုင်းသည် ယခင်ကတည်းက ဦးပေါ်ဦး သတိအလစ်တွင် မေးရန် ကြံစည်ထားသော အစားထဲတွင် မည်သည့်ဥ အကောင်းဆုံးလဲဟူသော မေးခွန်းအဆက်ကို မေးရန် သတိရလေသည်။

သို့ကြောင့် ဦးပေါ်ဦးသည် ငယ်ပေါင်း ဝန်ကြီးဖြစ်သော ဦးကျော်ရွှေ၊ ဦးမြတ်ထင်တို့နှင့် တွေ့ရ၍ စိတ်အာရုံဝင်စားနေချိန်တွင် မေးရသော် ရုတ်တရက် မဖြေနိုင်ဘဲ ရှိမည်ဟု တွေးတောမိသောကြောင့် ဦးပေါ်ဦးဟာ တော်တော် စာပေကျမ်းဂန် နှံ့စပ်ပေတယ် မောင်မင်းများ' ဟု အမတ်များကို ပြောရင်းက ဦးပေါ်ဦးအား ..........

'သူချည်းပဲလားဟဲ့'ဟု စကားဆက်၍မေးလိုက်ရာ၊ ဦးပေါ်ဦးကလည်း သတိလုံးဝမလွတ်ဘဲ 'ဆားကလေးနဲ့ပါဘုရား' ဟု ယခင်ရက်များက ပညာရှိဆိုသည်မှာ စကားမြဲရသည်ဟူသော (ဖွတ်ဥ) စကားအဆက်အရ (မင်းစကား မြဲမြဲမှတ်ထား ) ဟုသတိပေးချက်ကို အမြဲ သတိထားနေခြင်းကြောင့် မဆိုင်းမတွ လျှောက်တင်လိုက်ရာ ဘိုးတော်ဦးဝိုင်း သည် ဘာမျှ မိန့်တော်မမူဘဲ အဆောင်တော်ထဲသို့ ဝင်သွားသောကြောင့် ဝန်ကြီးများမှာ ရယ်မောရင်းနှင့် ညီလာခံစဲလိုက်လေသည်။

× × × × × × × × × × × × × × × × × × × × × × × × ×

# လက်ဖက်ရည်ကြမ်းအမြည်းဆန်း

တရုတ်ပြည်ဘုရင် ဦးတည်ဘွားထံမှ သံတမန်တို့သည် လက်ဆောင်ပဏ္ဏာများဖြင့် မဟာမိတ်ဖွဲ့ရန် ဆိုက်ရောက်လာသဖြင့် နန်းတွင်းနန်းပြင် လှည့်လည် လည်ပတ်ခြင်း အထူးအဆန်းများကို ကြည့်ရှုခြင်း၊ ကုသိုလ်တော်များကို ဖူးမြော်ခြင်းများနှံ့စပ်စုံလင်ပြီးဖြစ်ရာ ပြန်ရန်အတွက် နီးကပ်ပြီ ဖြစ်၍ဧည့်သည် သံတမန်တို့က အိမ်ရှင် မှူးကြီး မတ်ကြီး၊ ဝန်ကြီးတို့အား မိမိတို့လက်စွမ်းပြ ဟင်းများ ချက်ပြုတ်၍ ဂုဏ်ပြု ထမင်းပွဲ လုပ်လေသည်။

မြန်မာတို့ဘက်မှဦးပေါ်ဦးကလည်း ဤသို့မိတ်ဆွေများက ဖိတ်ကြားသည်ကဲ့သို့ကျွန်ုပ်တို့ကလည်း အထူးစားပွဲတစ်ရပ်ဖြင့် ဂုဏ်ပြုပါသည်။ မိတ်ဆွေတို့ စားတော်ကဲနှင့် ကျွန်ုပ်တို့ စားတော်ကဲ မည်သူက သာသည်ကိုလည်း အကဲခတ်ကြပါလေ ဟုပြောဆိုကာ နေ့ရက် သတ်မှတ်လိုက်ကြ လေသည်။

တရုတ်တို့က ချက်ပြုတ် ဧည့်ခံသောပွဲတွင် ဝက်ကလေးကောင်လုံးကြော်၊ ဝမ်းဘဲပေါင်း၊ ခရုဟင်း ၊ ကြက်ကင် ဟုန်ပေါက်ချီ ခေါ် ကြက်သားနှင့် ငရုတ်ခြောက်ကြော်၊ လျှော်မြန်ခေါ် ခေါက်ဆွဲချဉ်၊ ဝက်အူမကြီးသုပ်၊ မှိုခြောက်သုပ်၊ ပေါက်စီ၊ ကျန်မဆိုင်၊ ကုဆိုင်နှင့် အသည်းအမြစ် ချက်၊ ဘဲဥမြေမြှုပ်၊ ဘဲမဲပြာစိမ် စသည့် အထူးထူးသော အဆန်းအပြားဟင်းများဖြင့် ချက်ပြုတ်ဂုဏ်ပြုရာ၊ မြန်မာ မှူးမတ်များအထူးအရသာတွေ့ကာ ချီးမွမ်းကြရလေသည်။

နောက်တစ်နေ့ညတွင်ကား မြန်မာများက ဂုဏ်ပြု ဧည့်ခံမည့် ထမင်းပွဲဖြစ်ရာ၊ စားတော်ကဲနှင့် တကွ အမတ်ကြီးဦးပေါ်ဦးပါ စီမံခန့်ခွဲလျက်ရှိလေသည်။

ဖိတ်ကြားချိန်ရောက်သောအခါတွင် ငါးသလဲထိုးများကို နွားနို့ထဲလွတ်ထားကာ အနံ့နို့ဖြင့် ကြော်သော ငါးကလေးကြော်၊ ပျားသလက်တွင်းမှ ပျားကောင်ကလေးများ အရည်ကိုညှစ်၍ ကြော်ထားသော ပျားနို့ကြော်၊ တစ်နှစ်တွင် တစ်လအတွင်း တစ်နေရာတည်းမှာသာ ရသော ပိုးကောင်လောင်းကြော် ဝက်ပျို့သားကို ဆားနယ်ကာ နေလှန်းပြီး ချက်အရက်ဖြင့် လူးကာ ကင်ထားသော အသားကင်၊ ဖန်ခါးသီး၊ ဆီးဖြူသီး၊ စောင်းလျားသီး တို့ဖြင့်ချက်ထားသော ဝက်သားတော်ကြီးချက်၊ တရုတ်စကားခေါ် အကြော်ပင်မှအပွင့်များကို သုပ်ထားသော လက်သုပ်၊ ငှက်ပျောဖူးကို အချဉ်တည်ကာ ပါးပါးလှီးထားသော ပတ္တမြား လက်သုပ်၊ စံပါဖူးသုပ် စသော ဖွယ်ဖွယ်ရာရာ ဟင်းများဖြင့် ကောင်းစွာကျွေးမွေးရာ၊ တရုတ်တို့မှာ ခံတွင်းတွေ့လျှက် ရှိ ကြလေသည်။

ထိုသို့ကောင်းစွာ ကျွေးမွေးဧည့်ခံပြီးနောက် လက်ဖက်ရည်ကြမ်းကို အမြည်းများဖြင့် ဧည့်ခံသော အခါတွင်မူကား တရုတ်များမှာ တအံ့တသြဖြစ်လျှက် ရှိကြလေသည်။

အဘယ်ကြောင့်ဆိုသော် လက်ဖက်ရည်ကြမ်းနှင့် မြည်းရင်း ဧည့်ခံသော အစာများမှာ စာကလေး ကြော်နှင့် ပုရစ်ကြော်များဖြစ်ရာ အုပ်တွင်းခွဲစာကလေးကြော်ကို နှိုက်လိုက်လျှင် စာကလေး အရှင် ထွက်လာကာ တရုတ်သံ၏ပုခုံးပေါ် ခေါင်းပေါ် တွင်နားပြီးမှ ပျံသွားသည်ကို တွေ့သောကြောင့် ဖြစ်လေသည်။

တစ်ဖန်ပုရစ်ကြော်ကို နှိုက်လိုက်သောအခါတွင်လည်း ပုရစ်အရှင် ၃-၄ ကောင်တို့သည် ပန်းကန်မှထွက်ကာ ဟိုခုန်သည်ခုန် လုပ်သောကြောင့် ဖြစ်ပေသည်။

သို့ကြောင့် တရုတ်သံတမန်တို့မှာ စား၍လည်း ခံတွင်းတွေ့ကြကာ ဝမ်းသာပျော်ရွှင်လျက် မြန်မာများက

သာပေသည်ဟာ ချီးကျူးစကား ပြောကြလေတော့သည်။

ဤကဲ့သို့ ပုရစ်များ၊ စာကလေးများ အကြော်ပန်းကန်အုပ်ထဲမှ ထွက်လာစေရန် ကြံစည်ဖန်တီးသူကား အခြားမဟုတ် အမတ်ကြီး ဦးပေါ်ဦးပင်ဖြစ်ပေတော့သည်။ ဦးပေါ်ဦးသည် လက်ဖက်ရည် အမြည်းပွဲအုပ်ကို ဖန်တီးပြီး စာကလေးကြော်၊ ပုရစ်ကြော် တစ်ကောင်စီ တစ်ကောင်စီ နေရာအောက်၌ အပေါက်ဖောက်ထား၍ စာကလေးအရှင်ထည့်သွင်းထားရာ၊ စာကလေးကြော် နှိုက်ယူလိုက်တိုင်း ထွက်ပေါက်ရပြီးဖြစ်သော စာကလေးအရှင် က ပျံထွက်လာခြင်းပင်ဖြစ်သည်။ ပုရစ်ကိုလည်း ဤအတိုင်းပင် လုပ်ထားခြင်းပင်ဖြစ်ပေသတည်း။

× × × × × × × × × × × × × × × × × × × × × × × ×

# ဆင်မည်းကြီးဖြူမည့်အချိန်

ဘိုးတော်မင်းတရားကြီး အမရပူရ နန်းသစ်မြို့သစ် တည်ထောင် စိုးစံသည့်အတွက်ကြောင့် တရုတ်ပြည်က သံတမန်များ လာရောက်ကာ လက်ဆောင်ပဏ္ဏာများဆက်သခြင်း၊ နှစ်ပြည့် တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်ခြင်းမျိုးရှိသကဲ့သို့လက်အောက်ခံစော်ဘွား စော်ခံများထံမှ လည်း လက်ဆောင်ပဏ္ဏာများရောက်ရှိလေသည်။

မောကိုးပြည်ထောင် အပါအဝင် ရှမ်းပြည်မြောက်ပိုင်း သိန္နီစော်ဘွားများထံမှလည်းဆင်မည်း ကြီးတစ်ကောင်ကို ဆက်သရန်ဆင်ထိန်း၊ ဆင်ကိုင်တို့နှင့် စေလွှတ်လိုက်လေသည်။

ဘိုးတော်ဦးဝိုင်းမှာ ဆင်ဖြူရှင်ဟုအခေါ်ခံရထိုက်သည်ဖြစ်ရာ ဟံသာဝတီအပါအဝင် နိဗ္ဗာန်ရွာမှ ဆက်သသောနိဗ္ဗာနပစ္စယ နာဂရာဇာအမည် ချီထားသောဆင်ဖြူတော်အထီးလည်းတစ်စီးရှိသည်။ အောက်မြို့ကျေးရွာ လှိုင်မြို့ မင်းလှအရပ်မှ ဆက်သသော သီရိမင်္ဂလာမဟာ သဘတ္တာဘွဲ့ အမည်ချီထားသော ဆင်ဖြူမ တစ်စီးလည်းရှိသေးသည်။

သို့သော် ယခုလာရောက်ဆက်သသော သိန္နီမှ ဆင်မည်းကိုလည်းဆင်ဖြူတော် အဖြစ်ဖြင့် လက်ခံ ထားရှိသော ဆန္ဒရှိနေပြန်လေသည်။

အမှန်ကား ဆင်ဖြူတော် ကြန်အင် လက္ခဏာပါလျှင် ဆင်သည် အမည်းပင်ဖြစ်သော်လည်း ဆင်ဖြူတော် စာရင်းသို့ သွင်းရသည်။ ထို့ကြောင့် ယခုဆင်မည်းကြီးကို ဆင်ဝန်များ ဆင်ကြန် ဖတ်ခေါ် ဆင်၏ကြန်အင်လက္ခဏာကိုကြည့်ရှုကြရသောအရာရှိ၊ ဆင်ဝန်ဆင်ထိန်းတို့သည် ကြည့်ရှုကြသော်လည်း ဆင်ဖြူတော်လက္ခဏာဟူ၍ မတွေ့ရ။

'ဘယ်နှယ့် ဆင်ကြန်ဖတ် အမတ်ကြီး၊ ဆင်ဖြူတော်အင်္ဂါပါရဲ့လား'

'အခုထိတော့ တစ်ချက်မှမတွေ့သေးဘူး'

'ဒါပေမယ့် ဆင်ကတော့ မည်းသာမည်းတယ်၊ ကြီးတာရယ် လှတာရယ်ကတော့ ထူးလှပါတယ်'

'ဒါတော့ ဟုတ်ပါရဲ့ ၊ ဆင်ဖြူတော် ကြန်အင်လက္ခဏာတစ်စုံတစ်ခုမပါတော့ လျှောက်တင် ရမှာ ခက်နေတယ်'

'ဘုန်းဘုရားကလည်း ငါ့ရဲ့ဘုန်းသမ္ဘာတော်ကြောင့် ပေါ်လာဆက်သတဲ့ ဆင်လို့ချည်း မိန့်တော် မူနေတော့ ဆင်ဖြူတော်ကြန်အင်မပါဝင်လို့ မလျှောက်ရဲအောင် ဖြစ်နေတယ်'

ဆင်ကြန်ဖတ်နှင့်တကွ အမတ်များ၊ ဝန်များတို့မှာ အခက်အခဲတွေ့၍ နေကြလေသည်။

နောက်တစ်နေ့နံနက်တွင်ကား မြေနန်းပြသာဒ်တွင် ဆင်တော် အပ်နှံရတော့မည်ဖြစ်ရာ ဆင်ကြန် ဖတ်တို့အကြံရကျပ်၍နေကြလေသည်။

နောက်တစ်နေ့နံနက် ညီလာခံအပြီးတွင် ဆင်တော်ကို မြေနန်းပြသာဒ်သို့ ဆင်းသက်ကြွလာ တော်မူသည်။

'ငါ့ရဲ့ ဘုန်းတော်ကံတော်ကြောင့် ပေါ်ပေါက်ဆင်းသက်လာတဲ့ ဒီဆင်ဖြူတော်မှာ ဆင်ဖြူတော် လက္ခဏာပါရဲ့မဟုတ်လား မောင်မင်းများ' ဟု ရေလာမြောင်းပေး မေးမြန်းတော်မူပေသည်။

အကယ်၍ အမှန်အတိုင်း(မပါပါဘုရား ဟု လျှောက်ချေတော် ရွှေဘောတော်မကျာဘဲရှိချိမ့်မည်။ (ပါပါသည်ဘုရား ဟု လျှောက်လျှင်လည်း အကယ်၍မပါသောကြောင့် မည်သည့်အချက်သည် အင်္ဂါညီပါသည်ဟု မလျှောက်တင်နိုင်သောကြောင့် မည်သို့မျှလျှောက်တင်ခြင်း မပြုကြဘဲတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငေးငိုင်၍ နေကြသည်။

မိမိတို့၏ မှူးမတ်ဆင်ကြန်ဖတိုး အကြံရ ကျပ်ကာ လျှောက်တင်ရန် ခက်နေသည်ကို အကဲခတ်မိသော ဘိုးတော်မှာလည်း 'မင်းတို့စကားမိုးကြိုးသွား' ဟူသကဲ့ မိမိလိုလားသောဆင်ဖြူတော်ကို မလိုလားဟူ၍လည်း မမိန့်လိုပေ။

တစ်ကြောင်းမှာလည်းခရီးဝေးကွာလှသော ဒေသမှ ပို့ဆက်လာခြင်းဖြစ်၍ ငြင်းဆန်ရန်လည်း မသင့်၊ ငြင်းဆန်ရန်မဖြစ်နိုင်သောအကြောင်းများလည်း ရှိသောကြောင့်ဘိုးတော်ဦးဝိုင်းမှာဆင်တော်ကို လက်ခံရမည်သာ ဖြစ်သည်ကို တွေးတောမိပြီးသား ဖြစ်ပေသည်။

ယခုမူ မိမိတို့၏ ဆင်ကြန်ဖတ်နှင့် မှူးမတ်များကလည်းတစ်စုံတစ်ရာ မလျှောက်တင်ကြသောကြောင့် ဘိုးတော်မှာ ဤနေရာတွင်လိမ္မာပါးနပ်စွာ လျှောက်တတ်သောအတွင်းဝန်ဦးပေါ်ဦးကို ကြည့်သောအခါမတွေ့မမြင်ရဘဲ ရှိလေသည်။

'ဟဲ့.... မြတ်ထင်၊ ပေါ်ဦးကို မမြင်ပါလားဟဲ့'

'မှန်လှပါ၊ မြဲတိုက်တော်မှာပါဘုရား'

'ခစားစေလေကွဲ့'

ထိုအခါ ဦးမြတ်ထင်က ဦးပေါ်ဦးထံ သံတော်ဆင့်တစ်ယောက်အားစေလွှတ်ကာ ခေါ်စေသဖြင့် ဦးပေါ်ဦးရောက်ရှိကာ ရှိကိုးစွား ခစားနေလေသည်။

ထိုအခါ ဘိုးတော်ဦးဝိုင်းကမိန့်ကြားလိုက်ပြန်သည်။

'ဟဲ့...ပေါ်ဦး၊ ငါ့ရဲ့ဘုန်းသမ္ဘာတော်ကြောင့် ပေါ်ပေါက်ဆက်သလာတဲ့ ဒီဆင်တော်မှာ ဆင်ဖြူတော် အင်္ဂါပါမပါကိုအသေအချာလျှောက်စမ်း မောင်မင်း'

'မှန်လှပါ၊ ဆင်ဖြူတော်ဆိုသည်မှာ အာဠာဝကဆင်၊ ဂင်္ဂေယျဆင်၊ ပဏ္ဍရဆင်၊ တမ္ဗဆင်၊ ပိင်္ဂလဆင်၊ ပန္ဒဝဆင်၊ ၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ ဆန္ဒန္တဆင် စသည် ဆင်ဆယ်မျိုးရှိပါတယ်ဘုရား၊ အခု ဆက်သရောက်လာသောဆင်မှာ (ဟေမဆင်)မျိုး အပါအဝင် အင်္ဂါနှင့် ညီပါသဖြင့် နောက်အနှစ် ၆၀ ကြာသောအခါတွင် တစ်ကိုယ်လုံး ဖြူသောဆင်ဖြူတော် ဖြစ်လာပါလိမ့်မည် ဘုရား' ဟု လျှောက်ထားလိုက်လေသည်။

ဤတွင်မှ ဆင်ဖြူတော် ပြဿနာမှာလည်း ဖြေရှင်းသွားပြီးဘိုးတော်ဦးဝိုင်းလည်း ကျေနပ်တော်မူကာ ဆင်ဝန်ဆင်ထိန်းက သင့်လျော်သော တင်းကုပ်၌ထားစေ၊ ဆင်ဆက်သလာသူများအားလည်း ရွှေတိုက်စာရင်းတွင် သွင်းကြစေဟု မိန့်ကြားကာ အတွင်းတော်သို့ ဝင်ကြွသွားလေသည်။

မြတ်ထင်နှင့်တကွ ဝန်ကြီးများသည် မြဲတိုက်တော်သို့ ပြန်လာကြရင်း ဦးပေါ်ဦးအား ဦးမြတ်ထင်က မေးမြန်းလေသည်။

'ဘယ့်နှယ့်လဲ ဦးပေါ်ဦး၊ ဆင်မည်းကြီးကို မြင်ပါလျက်နဲ့ ဆင်ဖြူတော် ဖြစ်အောင်လျှောက်တင်နိုင်လို့သာ ပေါ့ကွယ် ၊ နို့မို့ရင်အခက်ပဲ'

'ဟုတ်တယ်လေ၊ ဒီလိုမှမလျှောက်တော့ မဖြစ်တော့ဘူး၊ ကိုယ်တော်တိုင်က လိုလားနေပြီကိုး'

'အဲ့ဒါကတော့ ဟုတ်ပါပြီ၊ နောက်အနှစ်ခြောက်ဆယ်ကြာတဲ့အခါ ဒီဆင်တကယ်ဖြူမှာလား'

'သြော်… ဦးမြတ်ထင်ရယ်၊ လူကြားပါ့မယ်၊ နောက်အနှစ်ခြောက်ဆယ်ကြာရင် ဘုရင်ကြီးရော၊ ဆင်ရော၊ ငါရော၊ မင်းရော ရှိတော့မှာလားကွယ်၊ ဖြူတာ၊ မဖြူတာဘယ်သူလာပြီး သိဦးမှာလဲ' ဟုရယ်သွေးကာပြောလိုက်မှ 'အယ်…ဟုတ်ပေသားမို့'ဟုပြောဆိုရယ်မောကာမြဲတိုက်ပေါ် သို့တက်ရောက်သွားကြလေတော့သည်။

× × × × × × × × × × × × × × × × × × × × × × × ×

# ကြိမ်ဒဏ်ကိုမခံနိုင်လို့ရေလျှံရ

အမရပူရမြို့သည် ဧရာဝတီမြစ်နှင့် နှစ်မိုင်ကျော် သုံးမိုင်နီးပါး ဝေးသော်လည်းရေစီး ရေကာတာ မရှိသောကြောင့် ဝါဆို၊ ဝါခေါင် စသောလများတွင် ရေတိုးရေလျှံမြဲ ဖြစ်သည်။

တိုးသည့်ရေမှာ အမရပူရမြို့ အနောက်ဘက်သို့ကပ်လျက်ရောက်လာတတ်၍ မတ္တရာဘက်မှ စီးဆင်းခဲ့သော ချောင်းနှင့် ပေါင်းဆုံကာ ရေပြင်ကျယ်ကြီး ဖြစ်နေလေသည်။

သည့်ထက်သာ ရေတက်ပါက အမရပူရမြို့ထဲသို့ ဝင်ရောက်လေမည်လားဟု စိုးရိမ်လောက်သည် အထိ တိုးနိုင်သောကြောင့် ဘိုးတော်ဦးဝိုင်းသည် စိုးရိမ်မကင်း ဖြစ်လာပြီးအတွင်းဝန် ဦးပေါ်ဦးအားတိုင်ပင်လေသည်။

'ပေါ်ဦးရယ်၊ ဧရာဝတီမြစ်ရေကလဲ တစ်နေ့ထက်တစ်နေ့ တိုးနေလေတော့ နေပြည်တော်ပေါ်များ ရေရောက်နိုင်သလားဟဲ့'

'မှန်လှပါ၊ သည့်ထက်တိုးရင်တော့ နေပြည်တော်သို့ ရောက်နိုင်ကြောင်းပါ'

'အဲ့ဒီရေကို ဆက်ပြီးမတိုးနိုင်အောင် မောင်မင်း မကြံဆောင်နိုင်ဘူးလား'

'ဘုန်းတော်ကြောင့် လက်နက်စကြာသခင် ဘုန်းတော်ကြီးဘုရား အမိန့်တော်နဲ့ ဧရာဝတီမြစ်ရေကို မတိုးစေရန် ကြိမ်စကြာနဲ့ ရိုက်ပါက ရေများကို တန့်သွားနိုင်ကြောင်း ဘေးလောင်းတော်၊ ဘိုးတော်တော်များ ထုံးတမ်းစဉ်လာရှိဖူးကြောင်းပါ ဘုရား'

'ဒါဖြင့် လုပ်စမ်းပါဟယ်'

ထိုအခါ ဦးပေါ်ဦးသည် ကြိမ်လုံးကို ဆွဲယူကာ တိုးနေသော ဧရာဝတီမြစ်ရေကို အမိန့်တော်ပြန်ကာ 'မတိုးနဲ့ဟဲ့ ...မတိုးနဲ့ဟဲ့' ဟု အကြိမ်ကြိမ် အခါခါ ရိုက်နှက်လေသည်။

သို့သော်လည်း နောက်ရက်များ၌ရေမှာ မလျော့သည့်အပြင် ပို၍တိုးလာသောအခါ ဘိုးတော်ဦးဝိုင်းက ' ဟဲ့ ...ပေါ်ဦး နင့်ရေက မလျော့တဲ့အပြင် တိုးတောင်လာပါကလား' ဟု မိန့်တော်မူသောအခါ၊ ဦးပေါ်ဦးက .....

'မှန်လှပါ၊ ရေဟာ တိုးလာတာ မဟုတ်ပါဘုရား၊ ရိုက်လိုက်တဲ့ ဒဏ်ရာ ဒဏ်ချက်များကြောင့် ရောင်လာခြင်းသာ ဖြစ်ပါတယ်ဘုရား' ဟုလျှောက်ထားလိုက်လေသည်။

× × × × × × × × × × × × × × × × × × × × × × × ×

# ဟိုဘက်ကမ်းကူးမည့် ခြသေ့ံကြီး

ဘိုးတော်ဦးဝိုင်းသည် စေတီတော် ပတ်လည်ကို လှည့်လည်ရှုစားနေသည့်အခိုက်တွင် အမတ်ကြီး ဦးပေါ်ဦးသည် မယောင်မလည်နှင့် နောက်ချန်ကာ နေခဲ့လေသည်။

ထို့နောက် ပုထိုးတော်ကြီး၏အရှေ့ဘက် မလှမ်းမကမ်းတာ ၃၀ ( အတောင် ၂၀၀)ခန့်အကွာ တွင် ရှိသော ခြသေ့ံကြီးနှစ်ကောင်ကို လှည့်ပတ်၍ ကြည့်ရှုလေသည်။

ဦးပေါ်ဦး၏နောက်မှလည်း အဆောင်ကိုင် တပည့် ၃-၄ ယောက်လောက် ပါလာလေရာ ဦးပေါ်ဦးက ခြသေ့ံကြီးနှစ်ကောင်၏ပုံပန်းသဏ္ဍာန်တို့အား ကြည့်ကာ ခေါင်းက ဘယ်လို၊ ခါးကဘယ်လို၊ ခြေထောက်က ဘယ်နှယ့်၊ လက်က ဘယ်ပုံ၊ ကိုယ်အလုံးမှာ အရှေ့ငိုက်နေပုံ စသည်ဖြင့် ဝေဖန်ပြောဆိုနေလေသည်။

ဘိုးတော်ဦးဝိုင်းကလည်း ဦးပေါ်ဦးသည် မိမိ၏ခြသေ့ံကြီး ၂ကောင်အား ကဲ့ရဲ့နေပေလိမ့်မည်ဟု တွေးတောမိသဖြင့် နောက်ပါသက်တော်စောင့် ၄ယောက်ကိုသာ ခေါ်လျက်ဦးပေါ်ဦးရှိရာ အသာအယာ ကြွလာခဲ့လေသည်။

ဦးပေါ်ဦးကသူ့တပည့်များနှင့် ခြသေ့ံကြီးဘေးတွင်လှည့်ကာ ဝေဖန်ဆဲပင်ရှိရာ ခြသေ့ံကြီး၏တစ်ဖက်တွင်ချောင်းမြောင်းနားထောင်နေသော ဘိုးတော်ဦးဝိုင်းရောက်ရှိနေသည်ကိုမသိပေ။ ဝေဖန်ပြောဆိုမြဲ ပြောဆိုလျက်ရှိလေရာ ဘိုးတော်ဦးဝိုင်းသည် ဦးပေါ်ဦးရှိရာဘက်သို့အရောက်တွင် ဦးပေါ်ဦးက သူ့တပည့်များအား ' ခြသေ့ံကြီးကတော့ကွာ.....' ဟု အပြောတွင် ဘိုးတော်က ရုတ်တရက် အကွယ်မှထွက်ကာ သန်လျက်ဖြင့်ရွယ်လျက် 'ဘာဖြစ်လဲ ဆိုစမ်း' ဟု ငေါက်လိုက်ရာ ........

'မှန်လှပါ.... ဟိုဘက်ကမ်း ကူးမည့်အတိုင်းပါ ဘုရား' ဟုလျှောက်လိုက်ရာ........

'အေး ....... တော်သေးတာပေါ့ ' ဟုမိန့်ကာ ပြုံးတော်မူရလေသည်။

× × × × × × × × × × × × × × × × × × × × × × × ×

# နိဗ္ဗာန်ရဲ့အရသာ

အခါတစ်ပါးသော် ဘုရင်ဇကရာဇ်မင်းတရားကြီးသည် ဝန်ကြီးအတွင်းဝန်စသည်တို့နှင့် တရားရေး ဖြင့်ဆွေးနွေးမေးမြန်းတော်မူရာတွင် ဦးပေါ်ဦးသည် ဤသို့မေးတော်မူ၏။

'ပေါ်ဦး၊ ငါသည် နိဗ္ဗာန သစ္ဆိကိရိယာစ ဟူသောမင်္ဂလာတရားတော်ကို ဘုရားသခင်ဟောတော်မူ သောကြောင့် နိဗ္ဗာန်သို့မျက်မှောက်ပြု၍ ဓမ္မာရမ္မဏအာရုံ ထုံတော်မူသည်။

'ကာလေနဓမ္မသာဝန်' ဟူသောမင်္ဂလာတရားလည်း တစ်ပါး 'ကာလေနဓမ္မသာကစ္ဆာ' ဟူသော ဒေသနာတော်လည်း တစ်ရပ်၊ ဤနှစ်ရပ်သော မင်္ဂလာတို့ကို ဖြစ်ပွားစေခြင်း၊ အကျိုးငှာတရားတော် ကိုလည်းနာ၏။ တရားတော်မြတ်ကိုလည်း ဆွေးနွေး မေးမြန်းတော်မူရာ၊ သာသနာပိုင် အစရှိသော တံဆိပ်ရ ဆရာတော်များကိုပင် အကြိမ်ကြိမ် လျှောက်ထားတောင်းပန်ငြားသော်လည်း နိဗ္ဗာန်၏ အရသာကို ဘယ်အခါမှလျှင် ချို၊ ချဉ်၊ ငန်၊ အဖန်၊ အခါး၊ ခြားနားမိန့်မြွက်၍အချက်ကျနဟောနိုင် ကြသည်မရှိ၊ နိဗ္ဗာန်အရသာကိုချို၊ ချဉ်၊ ငန်၊ အဖန်၊ အခါးဟူ၍ခြားနားစွာသိသာလောက်အောင်ပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့၌ ကြည့်တော်မူသော်လည်း အဘယ်မည်သော ကျမ်းဂန် မှာမရှိ၍ နိဗ္ဗာန်၏ရသကို လွန်စွာပင်သိတော်မူလိုသည်။ မောင်မင်းသည် ထင်လင်းခြားနား အောင်ငါ့အား သံတော်ဦးတင်နိုင်လျှင် တင်လျှောက်စေချင်သည် ဟုမိန့်တော်မူလေ၏။

ထိုအခါ ဦးပေါ်ဦးက နိဗ္ဗာန်၏အရသာကို ဘုရားကျွန်ဝန် ပေါ်ဦးသည် အထူးမှတ်တော်မူရန် သံတော်ဦးတင်ပါမည်။ နိဗ္ဗာန်၏အရသာကို များစွာသော ကျမ်းဂန်တို့၌ ဘုရား ကျွန်တော် ပင်လျှင် ငယ်စဉ်အခါကစ၍ အဋ္ဌကထာ၊ ဋီကာ ထိုးလည်ရှာကြံကြည့်ရှုခဲ့ရာ၊ အဘယ်မည်သော ကျမ်းဂန်မှာမှ မတွေ့မရှိပါ။ ထို့နောက် ရဟန်း သုံးဝါအရတွင် သာသနာတော်၌ငြီးငွေ့ခြင်းဖြစ် သဖြင့်သိက္ခာတော်မှလျောသက်၍လူထွက်ပြီးလာရာ၊ ကျွန်တော်မျိုးများရပ်ရွာ 'မိသာလှော်က' 'မိဂျာရော်က'ညီအစ်မနှစ်ယောက်တို့ကိုတွေ့မှ နိဗ္ဗာန်၏အရသာကို သေချာကွဲပြား၍ကြံဆ ခြင်းတည်းသော ဝိတက်တရားများငြိမ်းရပါတော့သည်။ ဤသို့ဝိတက်ငြိမ်းသည့်နေ့မှစ၍လည်း ယင်းသည် 'မိသာလှော်က' နှင့် 'မိဂျာရော်က' တို့ညီအစ်မကိုပင် ငါ၏ကျေးဇူးရှင်ဆရာများ ဖြစ်ချေသည်တကားဟုသဘောထားပြီးလျှင် မခြားနေ့စဉ် ကျေးဇူးတင်လျက် နေပါတော့သည်' ဟူ၍ လျှောက်၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မေးတော်မူသည်မှာ ............

'ပေါ်ဦး၊ မိသာလှော်က နှင့် မိဂျာရော်က တို့ညီအစ်မနှစ်ယောက်ကြောင့် နိဗ္ဗာန်၏အရသာကို ကောင်းစွာ မောင်မင်း သိရသည်ဆိုသည်ကို ငါ့အားလျှောက်ကြားဦးလော့'ဟု မိန့်တော်မူသဖြင့်..

သာလှော်က်နှင့် ဂျာရော်က်တို့အကြောင်းမှာ အစ်မဖြစ်သူ သာလှော်က်ကား အပျိုပါဘုရား၊ ညီမဖြစ်သူ ဂျာရော်က်ကား တစ်လင်ကွာဖြစ်ပါတယ်ဘုရား၊ တစ်နေ့သ၌ ဘုရားကျွန်တော်လည်း သူငယ်တို့ ဘာဝအလျောက် ညဥ့်အခါ၌ ရပ်ရွာတွင် လည်ပတ်ရာ သာလှော်က်နှင့် ဂျာရော်က်တို့ အိမ်အနီးသို့ ရောက်လျှင် အိပ်ခန်းတွင်းမှ တီးတိုးစကားသံ ကြားရသဖြင့် အခန်းနံရံဘေး ပဲထည့် သော ပုတ်ကြီးနှစ်လုံးစပ်ကြားတွင် ခို၍ချင်းတို့၏စကားကို တိတ်တဆိတ် နားထောင်ရာ အစ်မ ဖြစ်သူမိသာလှော်က်မှာ ညီမကို လင်ယူကြခြင်း၏အရသာ မေးပါသည်။ ညီမဖြစ်သူ ဂျာရော်က်က............

'အစ်မကြီး လင်ယူခြင်း၏အရသာသည် အရသာတကာတို့ထက်ထူးကဲလွန်မြတ်လှပါသည်။ ရိုးတွင်းချည်ဆီကပင် စိမ့်ပြီးသွားအောင် ကောင်းပါသည်' ဟုပြောပါသည်။ အစ်မဖြစ်သူက ....

"ညီမ "အရသာ" တကာတို့ထက် ထူးကဲလွန်မြတ်သည်ဆိုသော် ညီးတို့အရသာသည် အချို၊

အချဉ်၊ အစပ်၊ အငန်၊ အဖန်၊ အခါး၊ အဆိမ့် ဤခုနစ်ပါးတို့တွင် အဘယ်အရသာမျိုးပေနည်း’
ဟု မေးပြန်ပါသည်။

ညီမဖြစ်သူဂျာရောက်က ဤသို့ပြန်ပြောပါသည်။ အစ်မကြီး၊ အစ်မကြီးပေးသောအရသာတို့တွင်
အချို၊ အချဉ် စသည် တို့ကို ကျွန်မဖြင့် ခွဲခြား၍ မပြောတတ်အောင် ရှိတော့သည်။ အကောင်းမှာမူ
ကား ရိုးတွင်းချဉ်ဆီသို့စိမ့်၍ ကိုယ်ပစ်လက်ပစ် ချစ်လှစွာသောလင်ကိုမှ စကားပြောပချင်အောင်
ပင် နုံးခွေ၊ နွမ်းယိ မချည့် မောပိုက်လျက် မျက်ဖြူဆိုက်သွားမတတ် ကောင်းပါသည်။ ထိုသို့
ကောင်းခြင်းကို အဘယ်သို့ကောင်းသည်ဟု အချို၊ အချဉ်ဟူ၍ အမည် မမှည့်တတ်သော အရသာ
ထူးကို နောင်အခါ အစ်မကြီး လင်ရလျှင် သိရပါလိမ့်မည်ဟုပြောပါသည်။

ဤအကြောင်း ပဟောင်းကောင်းကြီးသဘောကျခဲ့ပါသည်။ သို့ဖြစ်သည်ကြောင့် ဤနည်းကို
ထောက်ထား၍ ဘဝရှင်မင်းတရားကြီးဘုရား သိတော်မူလိုသော နိဗ္ဗာန်၏အရသာသည် ကောင်းသည်ကားမှန်၏။
သို့သော်လည်း အဘယ်အရသာမျိုး ကောင်းသည်ကို ဘုရား ကျွန်တော်
မျိုး အချို၊ အချဉ် ဟူ၍အမည်မှည့်ပြီးလျှင် မတင်မလျှောက်တတ်ပါ။ သိတော်မူလိုပါလျှင် အစ်မ
ကြီး လင်ရတော့သေချာသိတော်မူလိမ့်မည်အကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်
ဦးတင်ပါသည် ဘုရား’ ဟု လျှောက်ထားလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးနှင့်တကွသော မှူးတော်၊ မတ်တော်တို့သည် များစွာပင်ရယ်မော
ကြလေသည်။ မင်းတရားကြီးကလည်း ပေါ်ဦးကိုမေးလိုက်ရမှ ရှင်းရှင်းလင်းလင်းရှိပေသည်ဟု
မိန့်တော်မူလျက် အတွင်းတော်သို့ဝင်တော်မူ၏။

× × × × × × × × × × × × × × × × × × × × × × × × × ×

# ပုထိုးတော်ကြီးဘုရား ဖူးမိမှုဖြင့်

ရတနာပူရ စတုတ္ထ မြို့တည်နန်းတည် ဆဋ္ဌနန်ဆင်မင်းသခင်ဘကြီးတော် မင်းတရားကြီးသည် မဟာဝိဇယရံသီဘွဲ့ထူးချီသည့်စေတီတော်ကြီးကို ထီးတော် တင်လှူပြီးသောအခါကောင်းမှုလုံးစုံ အပုံအယင်တို့ကို မျက်မြင်မနေ့ာဇော အဆင့်ဆင့် ကြီးရင့်ထက်သန်ဉာဏ်အာရမ္မဏအာသေ ဝပစ္စယ တို့ဖြင့်ပါမောဇ္ဇတိပီ ဆီထိသောဂွမ်းကဲ့သို့ရွှင်လန်းနှစ်သက်တော်မူရကား မင်းတရားကြီးက ဦးပေါ်ဦးသို့ အမိန့်တော်ရှိသည်မှာ............

'မင်းကြီး ယခုဓာတ်တော် အပေါင်းတို့ကို ဌာပနာ၍ 'မဟာဝိဇယရံသီ'စေတီတော်ကြီး ပြီးစီးအောင်မြင်တော်မူသည်မှာ တရာ့ရှစ်ဆယ်သံတောင်အမြင့်ဆောင်သဖြင့် ရွှေတောင်ကြီးအသွင် ကဲ့သို့ အလွန်ပင် ကြည်ညိုဖွယ်ရာကောင်းပေသည်။ ဤစေတီတော်ကြီးလောက် မြင့်မောက် ကြီးကျယ်သော ဘုရားလည်းအရှားသားပင်ရှိပေမည်။ ငါကိုယ်တော်မြတ်လည်းမပြတ်အာရုံထား ပျလျက် များစွာကြည်ညို ဝမ်းမြောက်တော်မူသည်။ ဤစေတီကြီးကိုဖူးမြင်ရက ကြည်လင်နှစ်သက် တိုးတက်သောသဒ္ဓါတရား ဖြစ်ပွားစရာ မကောင်းလော' ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက စိတ်ကူးဆင်ခြင်သည်မှာ ဘဝရှင်မင်းတရားသည် စေတနာ တရားဖြစ်ပွားကြည်ညိုတော်မူသည့်အခါ ကြည်ညိုသည်ထက်ကြည်ညိုခြင်း သဒ္ဓါတရားတိုးပွား အောင် လျှောက်တင်မှ သင့်လျော်မည်ဟု မြင်မြော်တွေးသိ ပညာရှိသော မှူးကောင်းမတ်ကောင်း တို့အင်္ဂါတရားနှင့် လျှောက်ထားသံတော်ဦးတင်သည်မှာ.............

'ဘုန်းတော်ကြောင့် ယခု ဆဋ္ဌနန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး တသည်ထားကိုးကွယ် တော်မူသော မဟာဝိဇယရံသီရှိစေတီတော်ကြီးသည် ဖြစ်ပြီးသော စေတနာ တရားတွင် တိုးပွားမပျက်ဆက်ကာ ဆက်ကာ သဒ္ဓါတိုးပွားကြမည့်စေတီတော်ကြီးဖြစ်ပါသည်။ အဘယ် ကြောင့်ဆိုသော် ထိုစေတီဘုရား၌ အဆင်းအားဖြင့် သုံးပါး၊ ပမာဏအားဖြင့် သုံးရပ်၊ ဓာတ်တော် မြတ် အစစ်တို့ကို ဇမ္ဗူရာဇ်ရွှေသား ပတ္တမြား ကြုတ်တောင်း ရွှေပန်းတောင်းနှင့်ထည့်၍ ဌာပနာ သည့်အတွက် ဤအချက်လည်းတစ်ကြောင်း၊ သံတောင်တစ်ရာ့ရှစ်ဆယ် မြင့်ကျယ်ဉာဏ်တော် ထင်ပေါ်လှစွာ အရပ်လေးမျက်နှာ မြင်မြင်ရာက လှမ်း၍ မြော်မှန်း ကြည်ညိုကုသိုလ် တိုးပွားရန် ဖြစ်သည် လည်းတစ်ကြောင်း၊ ယင်းသို့သော အကြောင်းများကြောင့် ဤစေတီတော်ကြီးကို ဖူးမြော်ပြီးသောအခါ သေးငယ်စွာသောစေတီ အပြည့်ပြည့်အရပ်ရပ်၌ရှိသော ကိုယ်တော်များကို ဘုရားချင်းတူကြလျှင်သော်လည်း နှလုံးသွင်းနှံလျက် အာရုံမပြည့်အောင်ရှိကြပါကြောင်း ခြေဖဝါး တော်မြတ်အောက်ရှိခိုးသံတော်ဦးတင်ဝံ့ပါသည် ဘုရား'

ဟု တင်လျှောက်လျှင် ၊ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူပြန်သည်မှာ .......

ဘုရားချင်းအတူတူပင် ကြည်ညိုသူများ၏ စိတ်ထားသာလိုရင်းဖြစ်သည် မဟုတ်လော မေးတော် မူပြန်ရာ ဦးပေါ်ဦးက .....

ဘုန်းတော်ကြောင့် မနောပုဗ္ဗင်္ဂမာ ဓမ္မာဟူသည်နှင့်အညီစိတ်သာလျှင်ပင် ပဓာန ယောနိသော မနသိကာရ ဖြစ်က စင်စစ် ကုသိုလ်ရမည်ချည်း အမှန်ပင် ဖြစ်ပါသည်။ သို့သော်လည်း ပုထု ဇဉ်သတ္တဝါတို့၏သဘောမှာ 'ရွှေမရှိသောဘုရားကိုလူမရှိသေ' ဆိုသကဲ့သို့ ကုသိုလ်ချင်းပင် တူသော်လည်း ကြည်ညိုသူစိတ်ထားလွဲ၍ ကွဲပြားခြင်း ဖြစ်ပါသေးသည်။

**ကျေးတောသား သူငယ်၏အမြင်**

ရှေးအခါက ကျေးတောသားသူငယ်တစ်ဦးသည် တစ်ခါတစ်ရံမျှ မရောက်ဖူးသော မင်းနေပြည်တော်ကြီးသို့ရောက်လာရာကြီးကျယ်လှစွာသော စေတီကြီး၊ ရွှေဖြင့် ပြီးသော ဘုရားခမ်းခမ်းနားနားတို့ကို ဖူးမြင်ရလျှင်ဆင်ခြင် စဉ်းစားသည်မှာ

ဩော် ....ရေမြေ့အရှင် ဘုရင်မင်းမြတ်တို့စံရာ နတ်ရွာသမျှ သာယာလှပသော ရွှေပြည်တော်ကြီး၊ ရွှေထီး၊ ရွှေနန်းစိုက်ရာဖြစ်သည့်အလျောက် မြေပေါက်တည်ထား ဘုရား ပုထိုး အုတ်ရိုးစေတီကြီးတို့သည် ထိန်ညီးရွှေရောင် ဖြိုးဖြိုးပြောင်လျက် အံ့မဆုံးနိုင်အောင်ကြီးကျယ်သဖြင့် အံ့ဖွယ်ရာဖြစ်ပေသည်။ ငါတို့ နေရာ တောတွင်းရွာများမှာ ဘုရားဟူ၍သာ ဆိုသော်လည်း ကုသိုလ်ရအောင်သာ ကန်တော့ရသည်။ ရွှေကလည်းမရှိ၊ ဖြစ်ရဘိသည်ဟု သူငယ်၏ဘာသာ မလိမ္မာသေးသည့်သဘောထားနှင့်မနေသာတွင် ယွင်းမှားလျက် စဉ်းစားမိလေ၏။

ထိုသူငယ်သည် မြို့တော်ဝယ် အတန်ကြာနေပြီးမှ တောရွာသို့ အဖော်များနှင့်ပြန်သွားလေရာ ရွာသို့ရောက်သောအခါတစ်နေ့သ၌ သီတင်းရက်အခါတွင် မိခင်သည် ကျောင်းသို့ ရောက်သောအခါ ကျောင်းမှာရှိသော ဘုရားရှင်တို့ကို မိခင်က ပူဇော်လျက်ဖူးမြော် ဝပ်ချငြားသော်လည်း သားငယ်သည် ဦးမချဘဲ နေလေ၏။

ထိုအခါတွင် မိခင်က....

'ငါ့သား ဘုရားကို ဦးချ၊ ကုသိုလ်ရသည်' ဟု တိုက်တွန်းပြောဆိုရာ.....

'မိခင်သာ ဦးချ၊ မိခင်သာ ဦးချ၊ ရွှေမြို့တော်က ပြန်လာကတည်းက အမေ့သား တောရွာက ဘုရားများကို လူလိုလိုမထင်ပါဘူး' ဟုဆိုပါသတဲ့ဘုရား .......

ဟုလျှောက်တင်လျှင် ဘဝရှင်ဘိုးတော်မင်းတရားကြီးသည် စဉ်းစားပြုံးရယ်လျက်......

တကယ်ကြံ၍ ပြောသည့်မင်းကြီး ၊ ယခုလည်း ပုထိုးတော်ဘုရားကြီးကို ဖူးပြီးသောအခါ အခြားမှာရှိသော စေတီတော်ကို ဖူးမြော်၍ မရဘူး ဆိုလိုတာလေဗျား ........ ဟုမိန့်ကြားတော်မူလေသည်။

× × × × × × × × × × × × × × × × × × × × × × × × ×

# သေခါနီးမှ ပေါင်ကျိုးရ

အောင်မြေလောက စေတီတော် ဒါယကာ ဘိုးတော်မင်းတရားကြီးအနေနဲ့ အမရပူရ နန်းတော်သစ်ကြီးတည်ထောင်းဖန်ဆင်းဖို့အတွက် သစ်တောဝန်၊ သစ်စာရေးဆိုတာတွေကို သစ်ကောင်းသစ်မှန်စုဆောင်းပေးဖို့ ခိုင်းတော်မူခဲ့တယ်။

အားလုံးစုံလင်သလောက်ရှိတဲ့အခါမှာ နေ့ကောင်းရက်သာရွေးဖို့ ညီလာခံ ကျင်းပတော်မူတာကိုး။ ဝန်ကြီးအတွင်းဝန် ဝန်ထောက်တွေသာမကဘဲ ပုဏ္ဏားပညာရှိလူပညာရှိတွေပါ ဝင်ရောက်ခစားကြတယ်။

အဲဒီမှာ အားလုံးစုံညီတော့မှ မင်းတရားကြီးက ဦးပေါ်ဦးကိုမေးတယ်။

'ဟဲ့ ... ပေါ်ဦး၊ ငါကိုယ်တော်ရှင်မြတ်လို ရှေးရှေးသော ဘေးလောင်းတော်၊ ဘိုးလောင်းတော်များနန်းတော်ဆောက်တဲ့အခါမှာ သစ်ကောင်းရရှိအောင် ဘယ်လိုလုပ်ရွေးချယ်ကြသလဲဟဲ့။ ထုံးဟောင်း သာခေနည်းဟောင်း ပုံဟောင်းများ ရှိရင် တင်စမ်းလဟဲ့'

'မှန်လှပါ၊ ဘုန်းတော်ကြောင့် ပေါက္ကံပြည့်ရှင် ဘုရင်အနော်ရထာမင်းမြတ်ဟာ နန်းတော်သစ်တည်ဆောက်ရာမှာ သစ်ဆွေး၊ ခေါင်၊ သက်၊ ခွံဝက် ဆိုတဲ့ အမျက်လေးပါး မပါအောင် ပညာရှိပုဏ္ဏားတော်တို့နဲ့ တိုင်ပင် ညှိနှိုင်း ရွေးချယ်တော်မူခဲ့ပါတယ် ဘုရား'

ဦးပေါ်ဦးကလက်အုပ်ချီပြီး သွက်သွက်လက်လက် တင်လျှောက်တယ်။

'အဲဒီလို မင်းတရားကြီးကိုယ်တော်တိုင် ကြီးကြပ်ရွေးချယ်နေဆဲမှာ ညာဘက်မျက်စိမကောင်းတဲ့သာမဏေမှန်ကန်း ရောက်လာပါတယ် ဘုရား။ သူ က ဥရုတိုင်လုပ်မယ့် တိုင်ဟာမကောင်းဘူး။ ဘာပြုလို့လဲဆိုတော့ တိုင်ထဲမှာ စလောင်းလောက်ကြီးတဲ့ ဖားပြိတ္တာကြီးရှိလို့ပဲ ပြောပါတယ် ဘုရား။ ပုဏ္ဏားပညာရှိ စိတ်ဆိုးပေမယ့် ဘုရင့် အမိန့်အရ စစ်ဆေးတဲ့အခါမှန်ကန်နေတာ တွေ့ရကြောင်း ကြားဖူးပါတယ် ဘုရား'

ဒီအခါမှာ ဘိုးတော်မင်းတရားကြီးအနေနဲ့ အာရုံပြောင်းသွားတယ်။

'မောင်မင်းတင်ဟဲ့ ငမှန်ကန်း အကြောင်းကို စုံစုံစေ့စေ့သံတော်ဦးတင်စမ်း မောင်မင်း'

ဒါကြောင့် ဦးပေါ်ဦးလည်း သူကြားဖူးသမျှ တင်လျှောက်တာက ဒီလိုပါ။

အရိမဒ္ဒနာပူရရယ်လို့လည်းခေါ်တဲ့ ပေါက္ကံပြည်ကြီးကို အနုရုဒ္ဒဒေဝဘွဲ့တော်သတဲ့ အနော်ရထာမင်းမြတ်စိုးစံတော်မူစ အချိန်ကပေါ့။ မင်းနေပြည်ရွှေမြို့တော်မှာ မင်းတိုင်ပင်ပုရောဟိတ်ပုဏ္ဏား တစ်ယောက်လည်း ရှိလေရဲ့။

တစ်ညမှာ ပုရောဟိတ်အနေနဲ့ အိပ်မက်ဆိုး မြင်မက်ပါလေရော။ မက်တဲ့ အိပ်မက်က သူ့မယားက ကလေးတစ်ယောက်ဖွားမြင်တယ်။ အဲဒီကလေးမှာ ညာဘက်မျက်စိကွယ်နေတယ်။အဲဒီလကျာကန်းအနေနဲ့ ဖအေ့လျှာ ကို ဓားကြီးနဲ့ လှီးဖြတ်တယ်လို့ ဖြစ်ချေတယ်။

ပုရောဟိတ်အနေနဲ့ ကြောက်လန့်လို့ ချွေးတွေပျံနေတယ်။ အိပ်မက်က လန့်အနိုးမှာ အလန့်တကြား ထထိုင်တယ်။ မယားကိုနှိုးပြီး အခြေအနေကို စုံစမ်းတဲ့အခါ မယားမှာ ပဋိသန္ဓေရှိနေတာ သိရတော့တယ်။

ပုရောဟိတ်အနေနဲ့ ကိုယ့်အသက် သူ့အသက်လုတဲ့ အနေနဲ့ ပဋိသန္ဓေကို အဖျက်ခိုင်းတယ်။ မယားက မအေပဲ။ ကြီးမားတဲ့ မိခင်မေတ္တာနဲ့ ကိုယ်ဝန်ကို စောင့်ရှောက်တယ်။ အပျက်မခံဘူး။

ဒါနဲ့ အချိန်စေ့တော့ မီးဖွားတယ်။

အိပ်မက်ကလည်း စင်းလိုက်တာ။ ကလေးအနေနဲ့ ညာဘက်မျက်လုံးပါမလာရှာဘူး။ အဲဒီလို ညာဘက်မျက်စိပျက်နေတာ တစ်ခုတည်းနဲ့ပဲ ပုရောဟိတ်ဟာ နောက်တစ်ချက်လည်း မုချ မှန်ရမယ် လို့ ယုံကြည်တယ်။ ဒါအတွက် ကလေးကို ငှက်ပျောတုံးဖောင်ပေါ်တင်ပြီး ဧရာဝတီရေလျဉ်ကြောကို မျှောလိုက်ပါလေရော။

ငှက်ပျောတုံးဖောင်အနေနဲ့ ဧရာဝတီမြစ်အတိုင်းမျောသွားရာက ပင်လယ်ထဲ။ အဲဒီကမှ သမုဒ္ဒရာထဲ။ နောက်တော့ သီဟိုဠ်ကျွန်းကို ရောက်အသွားမှာ သူအိုလင်မယားက ဆယ်ယူလို့ သားအဖြစ် မွေးစားထားလေရဲ့။

ညာဘက်မျက်စိပျက်နေတဲ့ လက်ျာကန်းကလေးဟာ ကျောင်းနေတဲ့အခါ အလွန်စာတော်တယ်။ အထူးသဖြင့် ဗေဒင်အရာမှာ ဆရာ အံ့ဩယူရအောင် တော်တယ်။ ဒါကြောင့် ဗေဒင်အရာမှာပဲ ချပြီး သင်ပေးတယ်။ လက်ျာကန်း ကလေး အရွယ်ရောက်လာချိန်မှာ သူဟာ ဗေဒင်ပါရဂူ ကလေးဖြစ်နေပြီ။

လက်ျာကန်းကလေးအနေနဲ့ သူဟာ ဒီအရပ်သားကဟုတ်ကြောင်းသိတဲ့အတွက် မိဘများထံ စုံစမ်းတယ်။ မိဘများကလည်း ပင်လယ်ကရကြောင်း အမှန်အတိုင်း ပြောပြကြတယ်။

ဒါကြောင့် ဗေဒရာဇာ လက်ျာကန်းဟာ မိရင်းဖရင်းကို ရှာမယ်လို့ စိတ်ကူးနဲ့ မွေးစားမိဘများ ကို ရှိခိုးကန်တော့ပြီး မဇ္ဈိမဒေသကိုကူးခဲ့တယ်။ တစ်ရွာဝင် တစ်ရွာထွက် တစ်မြို့ဝင်တစ်မြို့ထွက် ဗေဒင်ဟောရင်းနဲ့ လာလိုက်တာ အန္တရာယ်တွေ တွေ့ရတယ်။ မဖြစ်ချေဘူးဆိုပြီး လက်ျာကန်းအနေနဲ့ သာမဏေ ဝတ်လိုက်ရတယ်။

သာမဏေဟာ သူ့ရည်ရွယ်ချက်ကို မစွန့်ဘူး၊ ခရီးဆက်လာလိုက်တာ ဆိပ်ဖြူ ချင်းတောင်ဆိုတဲ့ အရပ်ကိုရောက်လာတယ်။ အဲဒီရွာကို အရောက်မှာ ဆွမ်းချိန်နီးနေတဲ့အတွက် ရွာသူကြီးအိမ်မှာ ဆွမ်းရပ်တယ်။

'ကိုရင်ရေ ...ဆွမ်းကပ်ချင်ပေမယ့် မကပ်နိုင်တာ ခွင့်လွှတ်ပါဘုရား၊ ဘုရားတပည့်တော်မှာ ဆွမ်းထက်အရေးကြီးတဲ့ နွားပျောက်နေလို့ပါဘုရား'

ရွာသူကြီးက တစ်နေရာကို သွားဖို့ ဟန်ပြင်ရင်းအော်ပြောတာကိုး။

'ဒါယကာ ... ဆွမ်းကိုသာ ကပ်ဖြစ်အောင် ကပ်ပါ။ နွားပျောက်တာအတွက်ကြောင့် ကြမနေနဲ့။ ကိုရင်ဗေဒင်ဟောမယ်'

ရွာသူကြီးအနေနဲ့ နွားပျောက်နောက်ကိုလိုက်မယ့်အစီအစဉ်ဖျက်လိုက်တယ်။ကိုရင်အိမ်ပေါ်တက် ပြီး ဆွမ်းကပ်တယ်။ ကိုရင်လည်း ဆွမ်းဘုဉ်းပေးပြီးမှာ နွားရဲ့ အရောင်ကျောင်းတဲ့အရပ် ပျောက် တဲ့နေရာကိုမေးပြီး ဗေဒင်တွက်တယ်။

'ဟိုအရပ်မှာ သွားရှာချေ ဒါယကာ၊ နွားရှိလေရဲ့'

သာမဏေက အတတ်ဟောတယ်၊ သူကြီးနဲ့တပည့်တပန်းတွေ သာမဏေဟောတဲ့နေရာကို သွား
တယ်။ အတိအကျပါပဲ။ သာမဏေ ဟောတဲ့နေရာမှာ နွားကိုတွေ့တယ်။

သူကြီးအနေနဲ့ အိမ်ကို ဒုန်းစိုင်းပြီးပြန်လာတယ်။ အိမ်ကိုရောက်လျှင် ရောက်ချင်းဝမ်းသာအားရ
ပြောတယ်။

'မောင်ရှင်၊ တခြားမကြွပါနဲ့တော့၊ တပည့်တော် ငွေခုနစ်တင်းလည်း လှူမယ်။ ကျောင်းလည်း
ဆောက်ပေးမယ်။ ဒီမှာပဲ သီတင်းသုံးပါ'

'ဒါယကာ ငွေခုနစ်တင်းလည်းမလို။ ကျောင်းလည်း မမက်။ ဒါယကာရဲ့ အခက်အခဲကို ကူညီခြင်းသာ ဖြစ်တယ်။
ဒါယာကစေတနာရှိလျှင် စဥ့်ကူကို ပို့ပေးပါ'

ရွာသူကြီးအတန်တန်တားသေးတယ်။ မရတဲ့အဆုံးမှတော့ လှေနဲ့ ကူးပြီး စဥ့်ကူကိုပို့ပေးလိုက်
ရတယ်။ မောင်ရှင်လည်းကျောင်းတစ်ကျောင်းမှာ ဝင်ရောက်တည်းခိုပြီး ပေါက္ကာရာမကို
ဘယ်လိုသွားသလဲ ခရီးသတင်းစုံစမ်းတယ်။ အဲဒီအခိုက်မိန်းမခုနစ်ယောက် ရောက်လာတယ်။
ပုံပန်းသဏ္ဍာန် က အပူသည်တွေ။

သူ့ကိုဗေဒင်မေးကြတယ်။ သူတို့ လင်သားတွေ ခရီးသွားကြတာ ပြန်ရမည့်အချိန်ကို လွန်လာ
တာ သုံးလရှိပြီ အဲဒါကြောင့် ရွှေရင်အေးရအောင် ဗေဒင်မေးကြတာ။

'ဒါယိကာမတို့၏ခင်ပွန်းများ ဒုက္ခတွေ့နေကြတယ်'

ဒီဟောသံကို လက်ျာကန်းသာမဏေ ကြားတဲ့အခါသေသေချာချာတွက်ပါဦးလေလို့ ဝင်ပြောတယ်။

'မောင်ရှင်၊ ငါတော့ ဒီလောက်ပဲ တတ်တယ်။ မောင်ရှင် အတတ်ဟောနိုင်ရင် ဟောလိုက်ပါဘိ'

အခွင့်ရှိသူက အခွင့်ပေးလိုက်တဲ့အခါမှာ သာမဏေက ဟောဒီလို ဟောလေရဲ့။

'ဒါယကာလေးယောက် လှေမှောက်ပြီး သေပြီ ဒါယိကာမတို့ ၊ သို့ရာတွင် ကျန်သုံးယောက်က
တော့ နက်ဖြန်မှာ ပြန်ရောက်လာလိမ့်မယ်။'

ဒါယိကာမများသည် ငိုယိုပြီး ပြန်သွားကြသည်။ သူတို့ အနက်သုံးယောက်ဟာ နောက်တစ်နေ့
နံနက်ကျတော့ လှူဖွယ်ရာတွေနဲ့ တပြုံးပြုံးတရွှင်ရွှင် ရောက်လာကြသကိုး။ မသေဘဲ ပြန်
ရောက်လာသူတွေရဲ့ မယားတွေပေါ့။

ဒါကိုမြင်တဲ့ ကျောင်းထိုင်ဆရာတော်က အမိန့်ရှိတယ်။

'တပည့်ကားဆရာဖြစ်၍ ဆရာကားတပည့်ဖြစ်ဖို့ကောင်းသည်။ အမောင် မောင်ရှင်၊ ငါ့ကျောင်း
မှာနေပါ'

ဒါပေမယ့် သာမဏေရဲ့ ရည်စူးရင်းက ပေါက္ကာရာမပဲ ဖြစ်တယ်။ ဒါကြောင့် ဆရာတော်ကို
ရှိခိုးပြီး လက်ျာကန်းဟာ ပေါက္ကာရာမကို ကြွလာခဲ့တော့တယ်။

ပေါက္ကာရာမမြေကို လက်ျာကန်းနင်းမိချိန်ဟာ အနော်ရထာဘုရင်မင်းမြတ်အနေနဲ့ နန်းတော်သစ်
တည်ဆောက်ဖို့ စီစဥ်နေချိန်ဖြစ်တယ်။ သာမဏေကလည်းအဲဒီနေရာကို ရောက်သွားပြီးဝင်ကြည့်

နေတယ်။

'ပုရောဟိတ်ကြီး ၊ နန်းတော်တိုင်ထူဖို့ သစ်ကောင်းများ အသင့် ရွေးသန့် ထားပြီးပြီလား'

'မှန်လှပါ၊ ကျွန်တော်မျိုး သေသေချာချာ အထပ်ထပ် စစ်ဆေးပြီးတော့ ရွေးချယ်ထားကြောင်းပါ ဘုရား'

ရပ်ကြည့်နေတဲ့ သာမဏေဟာ ဒီစကားကို ကြားတဲ့အခါမှာ လှမ်းပြောတယ်။

'ပုဏ္ဏားကြီး၊ မဟုတ်တဲ့စကားကို ရမ်းသမ်းပြီး မပြောနဲ့လေ။ ပုဏ္ဏားကြီးရွေးထားတဲ့ မင်္ဂလာတိုင်မှာ 'ရွှက်အိုး'လောက်ကျယ်တဲ့ အခေါင်းကြီး ရှိတယ်။'

ပုရောဟိတ်ကြီးရဲ့ မျက်နှာက ကြည့်ချင်စရာမကောင်းအောင် ဒေါသတွေဖုံးသွားတယ်။

'မလောက်လေး မလောက်စားနဲ့ ရှင်ပျက်ရှင်ဆိုး၊ လာမရှုပ်နဲ့'

'ကျုပ်ထပ်ပြောဦးမယ် ပုရောဟိတ်ကြီး အဲဒီမင်္ဂလာတိုင်ရဲ့ အခေါင်းထဲမှာ စလောင်းဖုံးရွှယ်ဖား ပြိတ္တာကြီးတစ်ကောင်လည်း ရှိသေးတယ်ဗျာ'

အမတ်တွေရဲ့ ရှေ့မှာ ဆိုတော်သေးရဲ့၊ အခုတော့ ဘုရင့်ရှေ့မှာဆိုတော့ ပုရောဟိတ်ကြီးကို အရှက်ခွဲရာရောက်တာပေါ့။

'မောင်ရှင်ပြောတဲ့ မင်္ဂလာတိုင်ဟာ တိုင်ကောင်း တိုင်မြတ်၊ ဘာအနာအဆာမှမရှိဘူး၊ အသပြာ တစ်ထောင်ကြေး လောင်းမလား'

ပုရောဟိတ်က ရှက်ရှက်နဲ့ စိန်ခေါ်ပြီ။

'ပုရောဟိတ်က ပြောတာမှားတယ်။ သို့သော်ကျုပ်မှာ ရှင်ဖြစ်နေတဲ့အတွက် အသပြာမရှိဘူး။ မှန်သူက မှားသူကို လျှာဖြတ်ကြေး လုပ်ချင်လုပ်'

'ကောင်းတယ်၊ လျှာဖြတ်ကြေး ၊ အားလုံးကြားကြတယ်နော်'

ပုရောဟိတ်က မင်းပရိသတ်ကို သက်သေထူပြီးတော့ လက်သမားကို ခေါ်တယ်။ မင်္ဂလာတိုင်ကို သာမဏေပြောတဲ့ နေရာမှာ အခွဲခိုင်းတယ်။

ခွဲလိုက်တဲ့အခါမှာ ပုရောဟိတ် ပက်လက်လန်သွားတယ်။ ရွှက်အိုးတစ်လုံးစားကျယ်ဝန်းတဲ့ အခေါင်းထဲက ခုန်ဆွ ခုန်ဆွထွက်လာတာက ဇရာမ ဖားကြီးတစ်ကောင်။

'ပုဏ္ဏားကြီးမှားတယ်၊ ကတိအတိုင်း လျှာကိုလှီးဖြတ်မယ်၊ ပါးစပ်ဟပြီး ရတနာသုံးပါး အောင့်မေ့ပေတော့'

မောင်ရှင်က လက်သမားဆီက ဓားကိုဆွဲပြီး ရှေ့တိုးလာတယ်။

'ခဏဆိုင်းပါဦး မောင်ရှင်၊ လုပ်စရာ ကျန်သေးလို့ပါ။'

ဟုတ်တယ်၊ ကျန်သေးတဲ့ လုပ်စရာကတော့ 'ကြငှန်းတိုင်' ထူဖို့ဖြစ်တယ်။ ထူရမယ့် အချိန်ကို တွက်ချက်ပြီး တော့ ပုရောဟိတ်ကြီးက အခါမေးတယ်။

'တူရွင်းကိုင်ပြီး အသင့်ပြင်ဆင်ထားကြ၊ မကြာခင်အချိန်အတွင်းမှာ မြောက်အရပ်က စွန်တစ်ကောင်ဟာ ငါးကို ချီလာပြီး လွှတ်ချလိုက်မယ်၊ အဲဒီငါး ကျတဲ့နေရာမှာ တူးကြပေတော့'

'မဟုတ်ဘူး ....မှားတယ်'

ဝင်ပြောသူက ဗေဒင်ရာဇာ လက်ျာကန်းပဲ။

'ငါးဟာ ပုဏ္ဏားကြီးပြောတဲ့နေရာမှာ ကျပမေယ့် ငြိမ်မနေဘူး၊ ခုန်သွားဦးမယ်၊ ခုန်သွားပြီး ငြိမ်တဲ့ နေရာမှာသာ တူးရမှာ'

'မောင်ရှင် ရှုပ်ပြန်ပြီလား တစ်ချက်မှန်ရုံနဲ့ နောက်တစ်ခါမှန်လိမ့်မယ်မထင်နဲ့ ၊ စွန်ချီလာတဲ့ ငါးဟာ အသေကြီး'

ပုရောဟိတ်အနေနဲ့ အရှက်ကွဲတဲ့အတွက် ပျစ်ပျစ်ခါခါ ပြောတယ်။ ဗေဒရာဇာကလည်း မလျှော့ ဘူး။

'ငါးအရှင် ဖြစ်တယ်'

'အသေ'

'အရှင်'

'ဒါဖြင့် မှားသူ က လျှာအဖြတ်ခံကြေး လောင်းမလား၊ ဘယ့်နှယ်လဲ မောင်ရှင်'

စတင်စိန်ခေါ် သူက ပုဏ္ဏားကြီး၊ ရှုံးသူကလည်း ပုရောဟိတ် ပုဏ္ဏားကြီးပဲ ဖြစ်တယ်။

ဟော .... လူတွေ တမော့မော့ မျှော်ကြည့်နေဆဲမှာ စွန်တစ်ကောင်ပျံသန်းလာပါပြီကော။ ဟော... လူတွေရဲ့ ခေါင်းပေါ်အရောက်မှာ တစ်ခုခု လွှတ်ကျလာတယ်။ ဟော ချက်ထဲက အတိုင်းပဲ၊ ငါးတစ်ကောင်။

ငါးအနေနဲ့ ပုရောဟိတ်ကြီးဟောသလိုကျလာတယ်။ သို့သော်လည်း ဗေဒရာဖာ ဟောတဲ့အတိုင်း အရှင်ဖြစ်နေတယ်။ တွန့်ရွန့်နေပြီးမှ ဆတ်ခနဲ ခုန်တယ်။ ငြိမ်ကျသွားတယ်။

'မှန်လဲ မှန်တဲ့ ငမှန်ကန်းပါလားဟေ့'

ပရိသတ်သြဘာပေးနေခိုက်မှာ ဗေဒရာဇာ ငမှန်ကန်းဟာ ဓားကြီးကို ဆွဲပြီး ပုရောဟိတ်အနား ကပ်လာတယ်။

'ပုဏ္ဏားကြီး၊ ပါးစပ်ဟပါ၊ လျှာထုတ်ပါ။'

'ကောင်းပါပြီ ၊ ကောင်းပါပြီ၊ အဲ အဲ ဆရာတော်ဘုရားကြွလာလို့ ခဏလေးနော် မောင်ရှင်၊ ခဏလေး'

မှန်ပါတယ်၊ ပုရောဟိတ်ကြီး လီဆယ်တာ မဟုတ်ပေဘူး ၊ နန်းဦးဆရာတော်အနေနဲ့ နန်းတော်သစ်ကို တိုင်ထူမယ် ကြားလို့ ကြွလာတော်မူခြင်းဖြစ်ပေတယ်။

'ကြွပါဘုရား၊ ဆရာတော်ဘုရား ကျန်းခန့်သာလို့ မာတော်မူပါရဲ့လား ဘုရား'

ပုရောဟိတ်အနေနဲ့ နန်းဦးဆရာတော်ကို သစ်ပင်ရိပ်မှာ ရှိတဲ့ ကန္နားဖျင်တဲ ကို ပင့်လာတယ်။ သူ့ကိုယ်က အဝတ်ကို ခွာပြီး ခင်းပေးလိုက်တယ်။

'မှာထား အလားသင့် ဆိုသလိုပဲ ပုရောဟိတ်ကြီး'

ထိုင်မိလျှင် ထိုင်မိချင်း ဆရာတော်က မိန့်တော်မူတာ ဖြစ်တယ်။

'အမိန့်ရှိတော်မူပါဘုရား'

'အိပ်မက်ရာမက်မကောင်းဘူး ပုရောဟိတ်ရေ၊ ငါသေတယ်လို့ အိမ်မက်မက်တယ်'

'အရှင်ဘုရားရဲ့ ဇာတာတော်ကို တလောကမှ တွက်ထားတာပဲ ဘုရား၊ ဘာဥပါဒ်မျှ မရှိဘူး၊ အသက်ရာကျော် ရှည်မှာပါဘုရား'

'လုပ်ပြန်ပြီ ပုဏ္ဏားကြီး၊ တော်စွ လျော်စွ မလုပ်နဲ့ '

ဝင်ပြောသူက တစ်ခြားမဟုတ်၊ ဗေဒရာဇာ ငမှန်ကန်းပေါ့။

'မောင်ရင် ဝင်မရှုပ်ပါနဲ့'

ပုရောဟိတ်ကြီးမာန်မဲ ဟန့်တားပေမယ့် ငမှန်ကန်း တွန့်မသွားပါဘူး။

'ဆရာတော် ဘုရားကြီးဟာ ဦးခေါင်းတော်ကို သံစူးပြီး ကနေ့ပဲ ပျံလွန်တော်မူလိမ့်မယ်'

'မပျံလွန်ဘူး'

ပုရောဟိတ်ကြီး ထပြီးငြင်းရတော့တယ်။ ဟုတ်တယ်လေ ၊ သူက သက်တော်ရာကျော်ရှည်လိမ့်မယ် ဟောထားတယ် မဟုတ်လား၊ ရမ်းဟောတာပဲဖြစ်ဖြစ် တကယ်ဟောတာပဲ ဖြစ်ဖြစ်သူ့သိက္ခာကို သူကာကွယ်ရတော့မှာပေါ့။

'ပုဏ္ဏားကြီး ရှက်ရမ်းရမ်းမနေနဲ့ ၊ ဆရာတော်ဟာ မကြာမီပဲ ပျံလွန်တော်မူမှာ'

'မှားတယ်၊ မောင်ရင်နဲ့ ကျုပ်လျှာလှီးကြေး လောင်းမလား'

'လောင်းပါတယ်ဗျာ လောင်းပါတယ်'

ဘုရင်အသုံးပြုတဲ့ မင်းဆရာပုရောဟိတ်က ဘယ်လောက်ပဲ မသေဘူးပြောပြော နန်းဦးဆရာတော် ဒေါသ ဖြစ်မိတယ်။ ဘယ့်နှယ် ပေပေစုတ်စုတ် သာမဏေကလေးက သူကဲ့သို့သော ပုဂ္ဂိုလ်ကို ကနေ့ပဲ ပျံလွန်တော်မူမယ်တဲ့။

ကြည့်ကြသေးတာပေါ့ကွာ လို့ နန်းဦးဆရာတော်စိတ်ထဲက ကြုံးဝါးပြီးပြန်ကြွတော်မူတယ်။ ကျောင်းကို ရောက်သည်အထိ ဒေါသမပြေဘူး။ ဒေါသတကြီး ကုဋီပေါ်တက်ရာမှာ ခေါင်းကို သံစူးပြီး ပွဲချင်းပြီး ပျံလွန်တော်မူပါလေရော။

ဒီကုဋီကို ဆရာတော်ကြီးနေစဉ် သုံးစွဲနေတာပဲ။ တစ်ခြားရဟန်းတွေလည်း တက်နေဆင်းနေတာပဲ ၊ အဲဒီတုန်းက အဲဒီသံ ဘယ်သွားပြီး ပုန်းအောင်းနေသလဲ။

အရင်နေ့တွေတုန်းက ကုဋီတက်ကြရာမှာ အေးအေးဆေးဆေး တရားနှလုံးသွင်းပြီး တက်ကြတာ ကလား။ အခုတက်တာက ဒေါသတကြီး အရှိန်အဟုန်နဲ့ ဆောင့်တက်တာကိုး။ သံနဲ့ တအား ဆောင့်ပြီး ဦးခေါင်းခွံထဲကို ထိုးဝင်သွားတာ မဟုတ်လား။

ကောင်းပြီ .... အဲဒီ သံဟာ ဘယ်ကလာတာလဲ။

ဟုတ်ကဲ့။ နန်းဦးဆရာတော်ဘုရားကြီးကို သတ်တဲ့လက်သည် တရားခံဟာ လက်သမားပါပဲ။

မင်းဆရာတော်သုံးတဲ့ ကုဋီဖြစ်တဲ့အတွက် ကျနကောင်းမွန်စွာဆောက်လုပ်တယ်။ ဒိုင်းပေါ်မှာ မြား တန်း လာတယ်။ မြားတန်းခိုင်အောင် သံစွဲတယ်။ သံ က ဒိုင်းရဲ့ အထုနဲ့ ညီမျှရုံမဟုတ်ဘူး။ ပိုပြီး ရှည်နေလေတော့ ဒိုင်းတန်းရဲ့ အောက်ကို လက်သုံးလုံးလောက် ပေါက်ထွက်နေတယ်။ ဒီလို ဖြစ်နေလျှင်လည်း တူနဲ့ ရိုက်ပြီး ကွေးပစ်ရမယ်။

လက်သမား ပျေင်းက မကွေးဘူးလေ။ ဒီအတိုင်း သံကို ငုတ်တုတ်ကြီး ထားခဲ့တယ်။တရားနှလုံး သွင်းပြီး ကုဋီတက်စဉ်က ဘာမှမဖြစ်ပေမယ့် ဒေါကြီးမာန်ကြီးနဲ့ ဆောင့်အတက်မှာ ငယ်ထိပ် တည့်တည့်ကို ထိုးမိတော့တာပဲ။

ကျောင်းနေရဟန်းတွေဟာ နန်းဦးဆရာတော်ကိုသွေးစက်လက်နဲ့ ကုဋီထဲမှာ ပျံလွန်တော်မူနေ တာကို တွေ့လျှင်တွေ့ချင်း ကျောင်းပေါ်သယ်ကြတယ်။ ဆေးဝါးကုသဖို့ ကြိုးစားပေမယ့် ဇီဝိန်ချုပ်နေပြီ။

ဒီအခါမှာ ငိုသူငို၊ ကြေးစည်ရိုက်သူရိုက်၊ စည်တီးသူတီး၊ တုံးခေါက်သူကခေါက်နဲ့ ဆူညံသွား တော့တာပေါ့။

လူတွေအမတ်တွေအနေနဲ့ ရင်သပ်ရှုမောအံ့သြကြတယ်။ မောင်ရှင်ငမှန်ကန်း မှန်ပုံကတော့ ကြောက်စရာပါကလားလို့ချီးမွမ်းကြတယ်။ခဲဖွယ်ဘောစဉ်တွေ ဆွမ်းတွေ အလုအယက်ကပ်ကြတယ်။

ပုရောဟိတ်ကြီးမှာ လျှာအလီးခံဖို့ပဲရှိတယ်။ ဒီအခါမှာ သူဆင်ခြင်ကြည့်တယ်။ သူငှက်ပျောတုံး ဖောင်နဲ့ မျှောလိုက်တဲ့ မလေး ရေမနစ် ငါးမဟပ်ရင် ဘယ်အရွယ်ရှိနိုင်ပြီလဲ။ ဗေဒင်ရာဇာ ငမှန်ကန်းရဲ့အရွယ် ရှိလောက်ပြီလေ။

ဒါကြောင့် ပုရောဟိတ်ကြီး အနေနဲ့ ဝုန်းခနဲ ထလာပြီး ငမှန်ကန်းကို မေးကြည့်မိတော့တယ်။

'မောင်ရှင်... မောင်ရှင့် ဇာတိ ပြောစမ်းပါ'

'ဇာတိကိုမသိဘူး ပုဏ္ဏားကြီး၊ ကျုပ်ရဲ့ မွေးစားမိဘက သီဟိုဠ်ကပါ။ မိရင်းဖရင်း တွေ့ချင်လို့ ထွက်လာတာ'

'မွေးစားမိဘများကို မောင်ရှင့်ကို ဘယ်လိုရတာတဲ့လဲ'

'ငှက်ပျောတုံး ဖောင်ကလေးနဲ့ မျောလာတာတဲ့၊ သုံးလသားအရွယ်ပဲရှိသေးတယ်တဲ့။ လက်မှာ လိပ်ရုပ်၊ ငွေပြား ကလေးကိုကြိုးနဲ့ ချည်ထားတယ် ပြောတာပဲလေ'

'ဒါဖြင့် မောင်ရှင်ဟာ ကျုပ်သားပါလား'

'လျှာအလိုးခံရမှာ ကြောက်ပြီး မညာပါနဲ့ ပုဏ္ဏားကြီး'

'မယုံရင် အိမ်လိုက်ခဲ့ပြီး ပုဏ္ဏေးမကို မေးကြည့်ပါလေ'

ငမှန်ကန်းမောင်ရှင်က မယုံကြည်စွာဖြင့် လိုက်လာတယ်။ ပုဏ္ဏေးမကို မေးကြည့်တယ်။ ပုဏ္ဏားကြီးအမှတ်မဲ့ ရှိစဉ် လိပ်ရုပ်ငွေပြားကလေး ချည်ပေးလိုက်ကြောင်း ဖြေကြားတယ်။ သူ့သားရှိလျှင် ဒီအရွယ်ပါပဲ ပြောပြီးငိုတယ်။

ဒီအခါကျတော့မှ ပုရောဟိတ်ကြီးက ဇာတ်စုံ ခင်းပြတဲ့ အတွက် သားအရင်းမှန်း သိရှာတော့တယ်၊ ငမှန်ကန်းအနေနဲ့လူထွက်ပြီး ဗေဒင်ဟောစားတယ်။ အတတ်ဟောတစ်ကယ်မှန်လေတော့ ပေါက္ကာရာမ တစ်မြို့လုံး ဟိုးဟိုးကျော်တော့တယ်။ ဒါပေမယ့် ငမှန်ကန်းအနေနဲ့ ငမှားကန်းဖြစ်ဖို့ အကြောင်းဖန်လာတယ်။

ဖန်လာသူက သာမဏေတစ်ပါး။

သာမဏေက ငမှန်ကန်းထံ ဗေဒင်လာမေးတယ်။ ငမှန်ကန်းက ကိုရင်ကနေ့ပဲ သေလိမ့်မယ်လို့ ဟောပါလေရော။ ကိုရင် အထိတ်တလန့် ဖြစ်သွားတယ်။ ခဏကြာမှ သတိဝင်လာပြီးမေးတယ်။

'ဘယ်လိုသေမှာလည်း ဒကာကြီး'

'မကြာခင် မိုးရွာပြီး မိုးကြိုးပစ်လိမ့်မယ်၊ အဲ့ဒီမိုးကြိုးတွေထဲက တစ်ချက်ချက်ဟာ ကိုရင့်ကို ထိပြီး သေလိမ့်မယ်'

သာမစေ အနေနဲ ကျောင်းကို ပြန်ပြေးတယ်။ ဆရာတော်ကို ငိုယိုလျှောက်ထားတယ်။ ငမှန်ကန်းဟောကြောင်း သိရတဲ့အခါ ဘုန်းတော်ကြီးက ငါ့တပည့် မကြောက်နဲ့လို့ နှစ်သိမ့်တယ်။

အဲဒီနောက် ကိုရင်ရဲ့ ဆရာက ဒေါက်ချာထဲမှာ စိန်နဲ့ ဓာတ်လုံးထည့်ပြီး သာမဏေကိုဆောင်းပေးတယ်။ ကျောင်းနားက ရေကန်ထဲမှာ အဆင်းခိုင်းတယ်။ မွန်းတည့်ကာနီးမှာမိုးရွာတယ်။ မိုးကြိုးတွေလည်း အဆက်မပြတ် ပစ်တော့တာပဲ။

သာမဏေဟာ ဝင်းခနဲ မြင်လိုက်တိုင်း ရေထဲကို တစ်ခါငုပ်တယ်။ မိုးကြိုးတွေကလည်း ရေကန်ကိုချည်း ပစ်တာပဲ။ မွန်းတိမ်းသွားတော့မှ မိုးကြိုးအပစ်ရပ်ပြီးမိုးတိတ်သွားလေရဲ့။

နောက်တစ်နေ့ နံနက်ကျတော့ သာမဏေရဲ့ ဆရာက တပည့်ကို လက်ဆွဲပြီး ငမှန်ကန်းထံသွားတယ်။

'ငါ့တပည့်ကို မိုးကြိုးထိပြီးသေလိမ့်မယ် ဟောလိုက်တာ မမှန်ပါကလား လက်ျာကန်းရဲ့ ...

ဒီမှာလေ .....ငါ့တပည့်'

ငမှန်ကန်းဟာ ဘာပြုလို့ မသေတာလဲ မမေးမိဘူး။ ကာယကံရှင်ကလည်း ပြောမသွားဘူး။ ဒီမှာ ငမှန်ကန်းဟာ သူ့မှာ ရှိတဲ့ ဗေဒင်ကျမ်းတွေမှားလို့သာ သူ့အဟောမှားရတယ်ထင်ပြီး မီးရှို့ပစ်တယ်။

ဘုရင့်ထံမှာ ခစားပြီးတော့ ပုရောဟိတ်ကြီး အိမ်ပြန်လာတဲ့အခါ ပုရပိုက်တွေကြားပေထုပ်တွေကြားထဲ မှာ အလုပ်များနေတဲ့ ငမှန်ကန်းကို မတွေ့ရဘူး။ ပေပုရပိုက်တွေလည်း မရှိတော့ဘူး။ ငမှန်ကန်းလည်း မှိုင်နေတယ်။

'ပေတွေ ပုရပိုက်တွေ ဘယ်ရောက်ကုန်တုန်း၊ ရှင်းလို့ပါကလား'

'မီးရှို့ပစ်လိုက်ပြီ'

ပုရောဟိတ်ကြီး အနေနဲ့ အိမ်ရှေ့မြေတလင်းကို ပြေးကြည့်ရာက ထပ်ဆင့်မေးပြန်တယ်။

'ဒါဖြင့် ... ပြာတော့ ကျန်မှာပေါ့'

'ပြာလဲ ကြက်တွေယက်ကုန်ရောပေ့ါ'

ပုရောဟိတ်ကြီး နှမြောတသစွာဖြင့် သက်ပြင်းချရာက အမေးထပ်ဆင့် လာပြန်သေးတယ်။

'ဒါဟာကောင်းသလား'

'မကောင်းဘူး'

'ဘယ်လိုမကောင်းတာလဲ ၊ ဘာဖြစ်နိုင်သလဲ'

'ဗေဒင်စာကို ကြက်ယက်တဲ့အတွက် နောင်အခါမှာ လူတစ်ချို့ဟာ ကြက်ရိုးကို ဗေဒင်စာအဖြစ်ထားပြီး ဗေဒင်ဟောကြမှာပေ့ါ'

အဲဒီအချိန်ကစပြီးငမှန်ကန်းစိတ်ပျက်သွားတယ်။ ပျက်တဲ့စိတ်ဟာ ပြန်ကောင်းမလာဘဲ ဆိုးသည်ထက်ဆိုးလာရာက ရူးတဲ့ ဘဝတိုင်အောင် ရောက်သွားပါလေရော၊ သို့ပေမယ့် ရူးမှန်းမသိသူတွေကတော့ ဗေဒင်လာမေးကြဆဲပါပဲ။ အဲ....စိတ်ကောင်းတုန်းက ဟောတာ မှန်ပြီးစိတ်ဖောက်တုန်းဟောတာတွေမမှန်တော့ဘူး။

ငမှန်ကန်းရဲ့ မိခင်ပုဏ္ဏားမကြီးမှာ ရင်ကွဲပက်လက်ဖြစ်ရတယ်။ ကြီးမှတွေ့ရတဲ့ သားအဖိုးတန်ရူးသွားတာကိုး။ ဆေးဝါးအစုံနဲ့ ကြိုးစားပမ်းစား ပြုစု ကုသရှာတယ်။

တစ်နေ့မှာ ပုရောဟိတ်က သားရဲ့ အခြေအနေကို မေးတယ်။

'နေကောင်းရဲ့လား၊ ခေါင်းထဲက ဘယ်နှယ့်နေသတုန်း'

'အခုတော့ မထောင်းတာပါဘူးလေ၊ ဒါပေမယ့် ...... သေရင်တော့ ပေါင်ကျိုးလိမ့်မယ်လေ'

'သေပြီးမှတော့ ဘယ်လိုလုပ်ပြီး ပေါင်ကျိုးရမှာတုန်း'

'မယုံရင် စောင့်ကြည့်လေ'

ဟုတ်ပါတယ်။

ငမှန်ကန်းအနေနဲ့ စိတ်ဖောက်လာချိန်မှာ၊ နေပူမိုးရွာမရှောင် တွေ့ရာစားတာကိုး။ မစားဘဲ မအိပ်ဘဲ နေတာလဲ ပါတယ်။ အဲ.........ထမသွားနိုင်အောင် ဖျားနာတော့မှပဲ အိမ်က အိပ်ရာထဲ မှာ လဲနေတော့တယ်။

ဒီအနာက ငမှန်ကန်း မထပါဘူး။ သေတယ်။ ရပ်ရွာထုံးစံအရ၊ အရပ်လက်သမားက ခေါင်းစပ်တယ်။ ခေါင်းအရှည်နဲ့ လူအရပ်ကို အတိလုပ်ထားတယ်လေ။ဟော... ငမှန်ကန်းရဲ့ အလောင်းကို ခေါင်းသွင်းတဲ့ အခါကျတော့ ခေါင်းက တိုနေပြီး မသာက ရှည်နေပါလေရော။

ဘယ်လိုလုပ်ကြမလဲ၊ ခေါင်းအသစ်လဲ ထပ်မံ မလုပ်ကောင်း။

'သူ မသေခင်ကြိုတင်ပြီး ဟောထားတဲ့ အတိုင်း ဖြစ်နေပါပြီကော'

ပုရောဟိတ်ကြီးမြည်တမ်းတယ်။ နာရေးမှာ ဝိုင်း ဝန်း သူတွေ မသာပို့မယ့်သူတွေက ဝိုင်းမေးကြတယ်။

'ကြိုတင်ဟောတယ် ဟုတ်လား ပုရောဟိတ်ကြီး၊ ပြောပြစေချင်ပါတယ်။'

'တစ်နေ့မှာ သူလန်းလန်းဆန်းဆန်းမှမရှိတာမြင်လို့ နေကောင်းရဲ့လား မေးတဲ့အခါ၊ အခုတော့ မထောင်းသာပါဘူး၊ သေတဲ့ အခါမှာတော့ ပေါင်ကျိုးလိမ့်မယ်တဲ့။ ဟောသွားလေရဲ့။'

'တော်ပါပေတယ်၊ ဒါကြောင့်လဲ ပေါက္ကာရာမမှာ ကျော်ပေတာပဲ'

တစ်ယောက်တစ်ပေါက် ချီးမွမ်းကြရင်းက ခေါင်းထဲမှာ ထည့်လို့ရအောင် ငမှန်ကန်းကို ပေါင်ချိုးပြီး ထည့်လိုက်ကြရတယ်။

အမတ်ကြီးဦးပေါ်ဦးအနေနဲ့ အတ္တုပ္ပတ္တိအဆုံးမှာ ဟောဒီလို ဆက်လက်တင်လျှောက်သကိုး။

'အဲဒီလို လက္ခဏာကန်းသာမဏေက ဗေဒင်ကျမ်းဂန်အမြင်နဲ့ လျှောက်တင်သွားခဲ့ဖူးပါတယ်ဘုရား၊ အဲဒီနည်းကိုချင့်ချိန်တွက်ဆပြီးတော့ နန်းတော်တိုင်လုပ်မယ့်တိုင်များကို ပညာရှိများနဲ့ ညှိနှိုင်း တိုင်ပင်ပြီးသကာလ ရွေးချယ်အပ်ပါတယ်ဘုရား၊ သစ်ရွေးမမှားသင့်ကြောင်း ကိုလဲ ထပ်မံ အထောက်အထားပြုတင်လျှောက်ရကြောင်းပါဘုရား'

'အင်း ... ပေါ်ဦးကိုမေးမှပဲ ရှင်းရှင်း လင်းလင်း ရှိတော့တယ်ဟဲ့'

မင်းတရားကြီးက နှစ်သက်ကျေနပ်စွာ မိန့်တော်မူလိုက်တယ်လေ။

× × × × × × × × × × × × × × × × × × × × × × × × ×

# အခွန်တော်ဆန်းပေါ်လာခြင်း

အောင်မြေလောက စေတီတော် ဒါယကာ မင်းတရားကြီးအနေနဲ့ တစ်ခါမှာတော့ သူ့ငယ်ကျွန်တော်ရင်း ဦးပေါ်ဦးကို ကျီစယ်လိုစိတ်ပေါ်လာတယ်။ စကားကို ကြံကြံဖန်ဖန် အကျကောက်တတ်သူကတ်တီးကတ်ဖဲ့ တွေးတတ်ကြံတတ်သူ မဟုတ်လား။

အခုအရာမှာလည်း ဘယ်လိုများ ကတ်ဦးမှာလဲ သိချင်တော်မူတဲ့အတွက် ညီလာခံ စံတော်မူကာနီးမှာအမိန့်တော်ရှိတယ်။

'အတွင်းဝန် ဦးပေါ်ဦးဟာ ငါကိုယ်တော်အရှင်မြတ်ရဲ့ အိမ်တော်ပါ ငယ်ကျွန်ဖြစ်တယ်။ ကိုယ်တော်၏အကျိုးကိုလည်း များစွာသည်ပိုးခဲ့တဲ့အတွက် ရာထူးအသစ် ပေးသနားတော်မူမယ်'

'ဘုန်းတော်ကြောင့် အရှင်ချီးမြှောက်မှသာ တောက်ပရမယ့် ကျွန်ရင်း ဖြစ်ကြောင်းပါ ဘုရား'

ဦးပေါ်ဦးကလည်း လက်အုပ်ချီပြီး တုံ့ပြန်ပါတယ်။

'အေး .... ငပေါ်ဦးအား ကိုယ်တော်ရှင်မြတ် သနားတော်မူမည့် ရာထူးသစ်က မြေဝန်ပဲ၊ သို့သော် နိုင်ငံတော်တစ်နံ တစ်လျားမှာ ရှိတဲ့ မြေကို ချန်လှပ်၍ ရွှေနန်းတော်ကြီးအတက် အဆင်းရှိ လှေကားမှ စတင်၍ 'အရှည်ခုနစ်တောင်၊ အကျယ်ခုနစ်တောင်ရှိတဲ့ မြေကို ကုန်အောင်စားစေ မောင်မင်း'

ဦးပေါ်ဦးအနေနဲ့ အကျကောက်ပြီး မြေကြီးကို ပါးစပ် ဖြင့် စားရန် ကြိုးစားမည်လော။ မည်သို့လုပ်မည်နည်း မင်းတရားကြီးသိတော်မူလိုတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရယ်ရမှာ မုချပဲ။

သို့သော်လည်း ဦးပေါ်ဦးက မင်းတရားကြီး တွေးသလိုမြေကြီးကို ထမင်းစားသလိုမစားဘူး။ နောက်တစ်နေ့ နံနက်ကျတော့ ရွှေနန်းတော်ကြီးအုတ်လှေကားရင်းကို အစောကြီး ရောက်လာတယ်။

အဲ.... ဦးပေါ်ဦးရောက်လာပြီး ရှေ့ဆင့် နောက်ဆင့်ပဲ တောင်သမန် ဥယျာဉ်တော်မှူးအနေနဲ့ ပန်းဆက်ဖို့ ရောက်လာတယ်။

'ဥယျာဉ်မှူးမောင်မင်းဟာ ငါအပိုင်စားရတဲ့ မြေကို ဝင်ရောက်လာတဲ့အတွက် အခွန်တော် တစ်ပဲ ပေးဆောင်စေ'

ဥယျာဉ်မှူး အံ့သြသွားတယ်။

'ဘဝရှင် မင်းတရားထံ ပန်းတော်ဆက်မလို့ပါ အမတ်ကြီးရဲ့'

'ဟဲ့ ......ငါ ပြောတာက မင်းတရားကြီးရဲ့ အမိန့်တော်အရ ငါစားခွင့်ရတဲ့ မြေထဲကို ဝင်လာတဲ့အတွက် အခွန်ကောက်တာ ၊ အသပြာမပါရင် ခေါင်းပေါင်း ချွတ်ထားခဲ့'

ဥယျာဉ်တော်မှူး ယောင်တိယောင်နနဲ့ ခေါင်းပေါင်းချွတ်နေဆဲမှာ ပဲ စားဖိုသည်တွေ ရောက်လာပြန်တယ် ။ သူတို့ကတော့ အသပြာပါတဲ့အတွက် ပေးသွားတယ်။ ပေးသွားပေမယ့် ဘယ်ကျေနပ်မလဲ။

တစ်ဆက်တည်း ဆိုသလိုပါပဲ။ သားတော် သမီးတော်တွေ၊ နာခံတော် သံတော်ဆင့် ၊ စာတော်ဖတ်၊ ဝန်ကြီးမှူးကြီး ယပ်တော်ဆက်၊ လက်ဖက်ရည်တော်သား၊ ကွမ်းတော်ဆက် ၊ ဘယ်သူ့ကို

မှ ချမ်းသာမပေးဘူး ။ အကုန်အခွန်ကောက်တော့တယ်။

ဘယ်သူမှ မကျေနပ်ဘူး။ မကျေနပ်သော်လည်းပဲ ဘုရင့်အမိန့်တော်နဲ့ စားခွင့်ရတဲ့ မြေပေါ်
ကျူးကျော်လာလို့ ကောက်တယ်ဆိုတော့ ပေးဆောင်ကြရတယ်။ အဲဒီထဲမှာ သမီးတော် တစ်ပါး
က ငြိမ်မနေဘူး ။ ကျိတ်မခံဘူး။ ခမည်းတော်ဆောင်ကို ရောက်လျှင် ရောက်ချင်း တိုင်တော့
တာပဲ။

'ခမည်းတော် ဘုရားရဲ့ ပျော်တော်ဝန် အမတ်ကြီးက သူစားတဲ့ မြေပေါ်ကျူးကျော်တယ်ဆိုပြီး
အခွန်တော် တစ်ပဲ ကောက်ပါတယ်ဘုရား၊ သမီးတော်မှာ မပါတဲ့အတွက် ဖိနပ်တစ်ဖက် ပေးခဲ့ရ
တယ် ဘုရား'

တစ်ယောက်က ဦးဆောင်ပြီး တိုင်တော့မှ တိုင်သူတွေ ဟောတစ်ယောက် ဟောတစ်ယောက်
ပေါ်လာတော့တာ ကလား။

'မှန်လှပါ ၊ ကျွန်တော်မျိုးမှာ တစ်နေ့လျှင် အကြိမ် (၂၀ ) ခန့် အဆင်းအတက် လုပ်ရပါလျှင်
ရသောကြောင့် တစ်ကြိမ်လျှင် တစ်ပဲ ကျ ပေးဆောင်ရပါလျှင် ရသော ရိက္ခာတော်ကုန်ပါ
တော့မည် ဘုရား'

ထိုသူကတော့ မြဲတိုက်တော်နဲ့ လွှတ်တော်နန်းကို ပြေးလွှားကူးသန်းနေရတဲ့ မင်းချင်းတစ်ယောက်
ပေ့ါ။

မင်းတရားကြီး မသုန်မှုန်တဲ့အပြင် ပြုံးတော်မူတယ်။ အဲဒီအမှုထမ်းကိုပဲ ဦးပေါ်ဦးကို ခေါ်ချေ
မောင်မင်းလို့ ခိုင်းလိုက်တယ်။

အဲ – တစ်ခဏအတွင်းမှာပဲ အမတ်ကြီးဦးပေါ်ဦးရောက်လာတယ်။ ရှေ့တော်မှာ ဝပ်လျှိုးပြီး
ခစားဝင်နေတယ်။

'ဟဲ့ ဦးပေါ်ဦး၊ ငါ့ရဲ့နန်းတော်ကို ဝင်ထွက်ခစားလာသူတွေကို တစ်ပဲနှုန်းနဲ့ အခွန်ကောက်နေ
တာ ဘယ်သူ့ အမိန့်တုန်း'

'အရှင်မင်းကြီးက ရွှေနန်းတော်လှေကားရင်းရှိ ခုနစ်တောင်ပတ်လည် မြေအကျယ်အဝန်းကို စားစေ
အမိန့်တော်ရှိ ပါသဖြင့် ကျွန်တော်မျိုး စားရသော မြေပေါ်သို့ ကျူးကျော်လာသူ မှန်သမျှထံမှ
ကောက်ခံခြင်း ဖြစ်ကြောင်းပါဘုရား'

'နင်ဟာ တော်တော်တတ်သည့် အရှုးပဲ၊ မြေဝန်နှင့် မတော်၊ ယနေ့မှ စပြီး လေဝန်ခန့်တော်မူလိုက်တယ်။'

ဦးပေါ်ဦးပဲ ဘယ်ရမလဲ ၊ တစ်ခါတည်း တပည့်လက်သားအစုံအညီနဲ့ မြစ်ကမ်းကို ဆင်းသွားတယ်။
ရွက်လွှင့်သွားလာတဲ့လှေမှန်သမျှ တံငါလှေကလေးပါမကျန် ကမ်းကို အကပ်
ခိုင်းတယ်။ လေကို အသုံးပြုရွက်လွှင့်တဲ့အတွက် လေခွန်ပေးဆောင်စေ။

ငါးအရှာ ထွက်လာတဲ့ တံငါလှေတွေမှာ အခွန်ဆောင်စရာငွေပါမလာဘူး။ အရင်တုန်းကလည်း
ငွေကြေးယူဆောင်လာစရာ အကြောင်းမှ မပေါ်ပေါက်ခဲ့ဖူးပဲကိုး ။ မပါရင်ငါးပေးခဲ့။ ကုန်စိမ်းလှေ
တွေ အသီးအရွက်ပေးခဲ့။

'လေခွန်တဲ့တော်၊ ကြုံမှ ကြုံရပလေ'

တံငါလှေတွေ၊ ကုန်စိမ်းလှေတွေ ဒါလောက်ပဲ ညဦးတွားပေမယ့် ကုန်သည် လှေကြီးတွေက
အကောက်ဝန်ကို တိုင်တယ်။ ရွှေမြို့တော်ဝန်ကို တိုင်ကြားတယ်။

'ကျွန်တော်မျိုးတို့မှာ ဆောင်ရိုး ဆောင်စဉ် အခွန်များကို ဆောင်ရ၍မထောင်းတာစေကာမူ လေခွန်
ကို ပေးဆောင်ရသည်မှာ များစွာဝန်လေးကြောင်းပါဘုရား'

ကင်းခွန်ဆိပ်ခွန်ဆိုင်ရာ အမတ်တွေက လေခွန်ကောက်သူ မည်သူနည်း စုံစမ်းတဲ့အခါ ဦးပေါ်ဦး
ဖြစ်နေတော့ ပြုံးရအခက် မဲ့ရအခက်နဲ့ ဝန်ထောက်တွေ ၊ အတွင်းဝန်တွေ ကို တိုင်တာပေါ့။

အဆင့်ဆင့်သော ဝန်တွေလည်း ထိန်ချန်မထားရဲဘူး၊ သူတို့ကျွန်အရှင် ကျီစယ်တာ မကျီစယ်တာ
ကို ကိုယ့်အလုပ်မဟုတ်ဘူး။ ဒီလိုက ဒီလိုဖြစ်ကြောင်း သံတော်ဦးတင်ရမှာက ကိုယ့်အလုပ်။

မင်းတရားကြီး ရွှေနားတော်ကို ပေါက်ကြားသွားတဲ့ အခါ အတွင်းဝန်ဦးပေါ်ဦးကို ရှေ့တော်သို့
ဆင့်ခေါ်တယ်။

'ဟဲ့ ... ပေါ်ဦး ၊ မောင်မင်းဟာ ဘယ်သူ့အမိန့်နဲ့ အခွန်တော်တစ်မျိုး ထပ်မံ တိုးချဲ့ ကောက်ခံ
နေရသတုန်း မောင်မင်း '

'မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင်က ဘုရားကျွန်ပေါ်ဦးအား
လေဝန်ခန့်ထားတော်မူခဲ့ပါသည်ဘုရား၊ သို့ပါသောကြောင့် ဘုရားကျွန် ပိုင်ဆိုင်သော လေကို
အသုံးပြုသည့် ရွက်လှေများကို လေဝန်၏ တာဝန်အရ လေခွန်ကောက်ခံ ရခြင်း ဖြစ်ကြောင်းပါ
ဘုရား၊ ယခုပင်လျှင် အရှင်မင်းမြတ် စာဖိုမှူးကို စောင့်ဆိုင်းထောက်လှမ်းနေဆဲတွင်အရှင်မင်းမြတ်ခေါ်တော် မူ၍
လိုက်လာရပါသဖြင့် တစ်ဖုံနာ
သွားကြောင်းပါဘုရား'

'မောင်မင်းက ငါ့စာဖိုမှူးကို ဘယ်လိုအကြောင်းကြောင့် စောင့်ဆိုင်း ထောက်လှမ်းနေရတာလဲ'

မင်းတရားကြီးအနေနဲ့ သူ့စာရေး သောက်ရေးကိုပါ ဦးပေါ်ဦးထိပါးနိုင်ကြောင်း မရိပ်မိခဲ့တဲ့
အတွက် မေးတော်မူရတယ်။

'ကိုယ့်တော့် စာဖိုမှူး မီးမွှေးအပြီးမှာ မီးမတောက်လို့ လားဘားလားမသိပါဘူး။ မီးပုလွေ (မီးပြောင်း
ကြီး)တကိုင်ကိုင်နဲ့ လုပ်နေတယ်ရော့။ အဲမီးပုလွေနဲ့ မီးတစ်ချက်မှုတ်လိုက်ရင် တစ်ခါ
တည်း လေခွန်ကောက်မလို့ စောင့်နေတာ ဘုရာ့'

ဘိုးတော်မင်းတရားကြီးမရယ်မောဘဲ မနေနိုင်။

'ကဲပါဟယ် ၊ မောင်မင်းကို ကျီစယ်တာပါ။ အန္တရာယ်မလွယ်နိုင်လို့ လေလည်တာတောင် လိုက်
ပြီး လေခွန်ကောက်ဦးမယ့်ကောင်၊ အခုချိန်ကစပြီး လေဝန်အရာက ရုပ်သိမ်းတော်မူတယ်။'

ကျွန်အရှင်က ကျီစယ်တာ ၊ ကြားကလူတွေမှာ ကသိကအောက်။

× × × × × × × × × × × × × × × × × × × × × × × × ×

# ငယ်ကျွန်တော်နောက်တစ်ဦး

ဘိုးတော်မင်းတရားကြီး အထွတ်အထိပ်ကို မရောက်မီမင်းသားမောင်ဝိုင်းဘဝနဲ့ အိမ်နိမ့်စံစဉ်က ဆင်းရဲကျပ်တည်းစွာနဲ့ နေထိုင်ရတယ်။ အဲဒီအခါမှာ မင်းသားလင်မယားကို လုပ်ကိုင်ကျွေးမွေးနေတဲ့ သူတွေထဲမှာ ကျော်ရွှေနဲ့ မြတ်ထင်အပြင် ရွှေလေးဆိုသူလည်း ပါသေးတယ်။ ပေါ်ဦးကတော့ အိမ်မှာနေပြီး တောက်တိုမယ်ရလုပ်၊ မင်းသားနဲ့ ဆွေးနွေးတိုင်ပင် တရားစကား ပြောကြတာပေါ့။

အဲဒီရွှေလေးအနေနဲ့ အရှင်ဘုန်းကြီးတော့ ကျွန်ဓားပြီး အရှင့်မြင့်တော့ ကျွန်တင့်ဆိုတာလို မင်းသား မောင်ဝိုင်း အထွတ်အထိပ်ရောက်ချိန်မှာ အရာတွေ ဘာတွေ ရတော့တာပေါ့။

ဦးရွှေလေးအနေနဲ့ စာကောင်းကောင်းမတတ်ရှာဘူး။ မတတ်ပေမယ့် နာခံတော်အရာမှာ ထမ်းရွက် ရာက သံတော်ဆင့်ဖြစ်လာတယ်။ အဲဒီကမှ ထပ်ဆင့် ချီးမြှင့်ခံရတာက သံတော်အရာရှိ။

စာကိုဟုတ်ဟုတ်ညားညား မတတ်မြောက်ဘဲ ဒီတာဝန် တွေ ထမ်းရွက်နိုင်ပါ့မလား မေးစရာရှိ တယ်။ ရေးရာမှတ်ရာမှာ စာရေးရှိတယ်လေ။ စာချိုးလည်း ရှိသေးတယ်။ ဦးရွှေလေးရဲ့ တာဝန် က မင်းခမ်းမင်းနားကို နားလည်ဖို့ ကျွမ်းကျင်ဖို့ပဲဖြစ်တယ်။

အဲဒီ ဦးရွှေလေးအနေနဲ့ အိမ်တော်ပါ ငယ်ကျွန်ရင်းဖြစ်တဲ့ ဦးပေါ်ဦးကို အရမ်းအားကျတယ်။ ဦးပေါ်ဦးက လူပုံလယ်မှာ မင်းတရားကြီးကို ပြောင်ချော်ချော်ပျက်ချော်ချော် တွေပြောတယ် မဟုတ်လား။ မင်းတရားကြီးကလည်း အပြစ်မယူဘူး။ ဟဲ့ … အရူးလို့ငေါက်တယ်။

တစ်ခုသော ညီလာခံမှာတော့ ဦးရွှေလေးရဲ့ ဆန္ဒ ပြည့်ဝလာပြီ။

'ဟဲ့ … ရွှေလေး'

'ခစားလျက်ရှိကြောင်းပါ ဘုရား'

'ရှေးရှေးသော မင်းအဆက်ဆက်တို့ရဲ့ လက်ထက်တော်နဲ့ ကိုယ်တော်ရှင်မြတ်ရဲ့ ရွှေလက်ထက် တော်မှာ စပါး ဈေးအတက်အကျ ဘယ်လို ရှိသတုန်းဟဲ့။ ငါ့အထင်မှာတော့ ငါ့လက်ထက် တော်မှာ စပါးသာ၍ ပေါသည် ထင်တယ်ဟဲ့။'

စပါးပေါတယ်ဆိုတာတော့ စပါးဈေးမကြီးမြင့်ဘူးလို့ အဓိပ္ပါယ်ရတယ်။

ဒီတော့ ဦးရွှေလေးစဉ်းစားတယ်။ သူက ဝန်ထောက် ဆိုတော့ တင်နိုင်မည်လား။ အထင်တော် ရှိပြီး မေးတာလား။မင်းတရားကြီး လက်ထက်တော်မှာ စပါးဆန်ရေ ပေါများတယ် ဆိုတာ ကြားချင်လို့လား။

ဘာပဲဖြစ်ဖြစ် မင်းတရားကြီးရဲ့ စကားထဲမှာ ရေလာမြောင်းပေးတဲ့ စကားက ပါနေပြီ။ ဒါကြောင့် အရှင့် ရွှေလက်ထက်တော်မှာ စပါးဈေးပေါပါကြောင်း တင်ရင် တစ်ခြားသူတွေ က ကဲ့ရဲ့မယ်။ ထူးမခြားနားပါပဲ လို့ တင်ပြန်ရင်လည်း ဘုရင်ကျောင်းပေးထားတဲ့ စကားနဲ့ မညီတဲ့အတွက် ရွှေစိတ်တော်ငြိုငြင်မယ်။ တစ်ကယ့် အခြေအနေမှန်ကတော့ အဟုတ်ကို ထူးမခြားနားပါး။

ဘယ်လို့ တင်ရပါ့မလဲ။

ဦးရွှေလေး အကြံထုတ်တဲ့အခါ ငယ်ကျွန်တော်ရင်း အပေါင်းပါကြီး ဦးပေါ်ဦးကို သတိရတယ်။

ဒါကြောင့် အမျက်လည်းလွတ်စေ၊ မင်းတရားကြီးလည်း ရွှေစိတ်တော် ရွှင်စေမယ့် စိတ်ကူးတစ်ခု ပေါ်လာတယ်။

ဒါကြောင့် ဦးရွှေလေး အနေနဲ့ လက်ဆယ်ချောင်းကိုထိပ်မှာ ပေါင်းလိုက်တယ်။

'မှန်လှပါ၊ ရှေးရှေးသမယ အခါများက ဘေးလောင်းတော်၊ ဘိုးလောင်းတော် မင်းမြတ် လက်ထက်တွင် စပါးတစ်တင်းလျှင် တစ်ကျပ်ပေး၍ ဝယ်ခဲ့ကြသော်လည်း အရှင်မင်းကြီး၏ ရွှေလက်ထက်တော်မှာတော့ စပါးနှစ်ခွဲကိုမှ တစ်ကျပ်သာ ပေး၍ ဝယ်ကြရကြောင်းပါ ဘုရား'

မြန်မာ့အခြင်အတွယ် လက်ာမှာ လေးပြည်တစ်စိတ်၊ နှစ်စိတ်တစ်ခွဲ၊ နှစ်ခွဲ တစ်တင်းရယ်လို့ရှိတယ်။ ဒါကြောင့် ဦးရွှေလေး အနေနဲ့ မထူးခြားပါဘုရား လို့ တင်တဲ့သဘောပဲ။

တစ်ကယ်တော့ အရှင်ရင်း ကျွန်ရင်းမို့သာ ဒီလိုတင်ရဲတာ ။ အမှန်က မလေးမခန့် ပြက်ရယ်သဘောသက်ရောက်တယ်လေ။ မင်းတရားကြီး အနေနဲ့ကလည်း အိမ်တော်ပါငယ်ကျွန်ရင်းမို့ အမျက်မထွက်ဘူး။ သို့သော်လည်း စကားတင်စီးတဲ့ကောင်ရယ်လို့ သဘောထားလိုက်တယ်။

ဦးရွှေလေးအနေနဲ့ကတော့ သူ့စကားဟာသမြောက်တယ်။ ဒါကြောင့် ဘုရင်သဘောကျနေတယ် ထင်နေတယ်။ ဒါကြောင့် အိမ်ပြန်အရောက်မှာ ဇနီးဖြစ်သူကို ပြန်ပြောပြပြီး ကျေနပ်အားရနေလေရဲ့။

တစ်နေ့မှာတော့ ဦးရွှေလေးဟာ သူ့မယားနဲ့ တိုင်ပင်တယ်။

'ရှင်မရေ၊ ငါ့မှာ ဘုန်းတော်ကြီးဘုရားချီးမြှင့် မြှောက်စားတော်မူလို့ ရာထူးအဆင့်ဆင့် တက်လာလိုက်တာ ဝန်ကြီးကို ထောက်မ ကူညီရတဲ့ ဝန်ထောက်တောင်ဖြစ်လာပြီ'

'ဒီတော့ ဝန်ကြီးဖြစ်လာပြီလား ၊ မင်းဖုရားကို တင်ပေ့ါရှင်'

မယားက အလိုက်သင့် အကြံပေးတယ်။

'မဟုတ်ပါဘူးကွယ်၊ ငါ့မှာ သံတော်ဆင့် အရာရတုန်းကလဲ သံတော်ဆင့် ဦးရွှေလေးပဲ၊ တစ်ဖန် နာခံဖြစ်ပါလဲ နာခံတော်မင်း ဦးရွှေလေးပဲ၊ သံတော်ခံ ဖြစ်ပြန်တော့လဲ သံတော်ခံ ဦးရွှေလေး၊ အခုလဲ ဝန်ထောက်မင်း ဦးရွှေလေးပဲ ဖြစ်နေတယ်ကွယ့်'

'ရှင်တို့ အရှင်ရင်းတွေ ကျွန်ရင်းတွေပဲလေ၊ နို့ဝန်ထောက်မင်းက ဘာလုပ်ချင်တာတုန်း'

'နာမည်အသစ်လိုချင်တာကွယ့်၊ သူများတွေမှာ နေမျိုးကျော်ခေါင်၊ သတိုးမင်းကြီး မဟာသုဓမ္မရာဇကျော်ထင် စသည်မျိုးပေ့ါကွယ်၊ ငါလဲ အဲဒါမှ ရွှေလေးနာမည်ပျောက်မှာ'

'ရွှေနန်းတော်ကြီးကို ဝန်ထောက်မင်း အခစားဝင်ချင်တဲ့ နေ့ကိုပြောလေ၊ ကန်တော့ လက်ဆောင်တော်တွေ ကျွန်မ အသင့်ပြင်ထားပါ့မယ်'

မယားက မင်းရေးမင်းရာ တီးခေါက်မိသူပီပီ အလိုက်သင့်ပြောပြီး အကြံပေးတယ်။ အဲဒါကြောင့် တစ်ခုသော နေ့မှာ ဝန်ထောက်မင်းဦးရွှေလေးနဲ့ မယားဟာ အတွင်းတော်ဝင်ပြီးခစားတယ်။ လက်ဆောင်ကောင်းတွေ ပါတဲ့အတွက် ပြောရဲ လျှောက်ရဲတယ်လေ။

'ကိုယ်တော်ဘုရား၊ ကိုယ်တော်ဟာ ကျွန်တော်မျိုးကို ရာထူးတွေ အဆင့်ဆင့် ချီးမြှင့်ပေးသနား

ပေမယ့် ရွှေလေးနာမည်မပျောက်ဘူးဘုရား၊ ရွှေလေး အမည်ပျောက်အောင် ပေးတော်မူပါဘုရား’

စစ်ဘက်ဆိုင်ရာ အမှုထမ်းတို့ အမှုတော်ကို အသက်ပေးထမ်းရွက်သလို စစ်ဘွဲ့ပေးတဲ့အတွက် ငယ်မည်ပျောက်တယ်။

လွှတ်တော် ဖြတ်ဖိုက်တော်စတဲ့ ရုံးအမှုထမ်းတွေကို လည်း သူတို့ အရည်အချင်းအလျောက် နှစ်သက်တော်မူတဲ့အခါ ကျွန်ကိုလို နေမျိုး၊ သားကိုလို သတိုး အစရှိတဲ့ဘွဲ့ပေးတယ်။ ဒီတစ်ခါ အမည်ရင်းပျောက်တယ်။

ဦးရွှေလေးကို ဘာဘွဲ့ပေးမလဲ။ အိမ်တော်ပါ ငယ်ကျွန်ရင်းမို့ ရာထူးအဆင့်ဆင့် တက်ပေးခဲ့ပြီ။ တော်ပြီပေါ့။

ဒါပေမယ့် ဒါတွေရှင်းပြလို့ နားလည်မည့်သူ မဟုတ်တဲ့အတွက် .... အေးကွယ်၊ ပေါ်ဦးစီမံပေးလိမ့်မယ်လို့ မင်းတရားကြီး မိန့်တော်မူလိုက်တယ်။

မကြာမီ တစ်ခုသောနေ့မှာ မင်းတရားကြီးနဲ့ဦးပေါ်ဦး တို့ နှစ်ဦးတည်း ရှိနေတုန်းမှာ မင်းတရားကြီးက မိန့်တော်မူတယ်။

‘ဟဲ့ ... ပေါ်ဦး၊ ဟိုကောင်ရွှေလေး ငါ့ကို စကားတင်စီးသွားတာ မှတ်မိသေးလားဟ’

‘ဘာများပါလိမ့် ဘုရား’

‘ရှေးမင်းများလက်ထက်မှာ စပါးတစ်တင်းကို တစ်ကျပ်ဖြစ်ပြီး အရှင့်လက်ထက်ကျတော့ စပါးနှစ်ခွဲမှ တစ်ကျပ်ပါ ဘုရားတင်သွားတာဟာယ်’

‘ပျော်တော်ဆက်လိုရိပ် ရှိကြောင်းပါ ဘုရား’

‘အေး .. တစ်မြန်နေ့က အတွင်းတော်ကို အခစားဝင်လာပြီး ပူဆာတယ်ဟဲ့။ သူ့အမည်ရွှေလေးပျောက်အောင်ဘွဲ့တစ်ခုပေးသနားရမယ်တဲ့။ အဲ့ဒါ မောင်မင်း လုပ်ပေးလိုက်စမ်းဟယ်’

ဦးပေါ်ဦးကား ချက်ဆိုလျှင် နားခွက် မီးတောက်သူဖြစ်တယ်။ မင်းတရားကြီး စကားတင်စီးခံရတာ အခံရခက်တော်မူကြောင်းသိပြီ။ ဒါနဲ့ ဆက်စပ်တဲ့ မင်းတရားကြီးရဲ့ သဘောထားကလည်း တစ်ခါတည်း ပါနေပြီလေ။

‘မှန်လှပါ၊ အမိန့်တော်မြတ် အတိုင်း ဆောင်ရွက်ပါ့မယ် ဘုရား’

ဒါကြောင့် နောက်တစ်နေ့မှာ အမတ်ကြီးဦးပေါ်ဦးက ဝန်ထောက်တော်မင်း ဦးရွှေလေးကို မင်းတရားကြီး အမိန့်တော်ဆိုပြီး ဘွဲ့တစ်ခုပေးတယ်။ ဘွဲ့အမည်က သုဝဏ္ဏခနေတဲ့ လေ။

ဦးရွှေလေး ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်။

‘အမတ်မင်းတို့ ကျုပ်ကို ဝန်ထောက်တော် ဦးရွှေလေးမခေါ်ကြနဲ့တော့။ မင်းတရားကြီး သနားတော်မူတဲ့ ဘွဲ့အတိုင်း ဝန်ထောက်တော်မင်း သုဝဏ္ဏခနေ လို့ခေါ်ကြပေတော့’

ဒါလို အပြောခံရတဲ့ အမတ်တိုင်း ဟားတိုက်ရယ်ကြလေရဲ့၊ တစ်ချို့ကဖြင့် လက်ခုပ်လက်ဝါး

တီးပြီး ရယ်လိုက်သေး။

ဦးရွှေလေး သင်္ကာမကင်းဖြစ်တယ်။ ဘာပြုလို့ ရယ်ကြပါလိမ့်ပေ့ါ။ အဲ့ဒီအခါမှာ ရင်းနှီးတဲ့ အမတ်တစ်ယောက်က အဲ့ဒါ ပါဋ္ဌိဖြစ်တယ် ဝန်ထောက်မင်းရဲ့ ၊ မြန်မာပြန်ရင် ရွှေလေးပဲ ရ တယ်လို့ ရှင်းပြတယ်။

'ဟင် .. ဟုတ်လား၊ ကျုပ်မှ ပါဋ္ဌိမတတ်တာ'

'ဟော ...... သုဝဏ္ဏဆိုတာရွှေ၊ ခနဆိုတာက လေး ၊ ရွှေနဲ့ ပေါင်းလိုက်တဲ့အခါ ရွှေလေးပဲ ပြန်ဖြစ်သွားတာပေ့ါ'

ဦးရွှေလေးအနေနဲ့ တအားစိတ်ညစ်သွားတယ်။ ရွှေလေး အမည်ပျောက်ချင်ပါတယ်ဆိုတာမှ ရွှေလေးလို့ ပါဋ္ဌိလို လှည့်ပေးပြန်တယ်။ တယ်ခက်ကလား။

သူ့အနေနဲ့ အတွင်းတော်ဟာ မခက်ခဲတဲ့ နေရာကို ဖြစ်လေတဲ့အတွက် မင်းတရားကြီးရဲ့ ရှေ့တော်မှောက်ကို ရောက်သွားပြန်တယ်။

'ဟဲ့ ... ရွှေလေး၊ အခစားဝင်လာတာ ထူးလှချည်လားဟဲ့'

ကုက္ကိုရွက်တွေ၊ မန်ကျည်းရွက်၊ သနပ်ရွက်တွေ ခူးရောင်းပြီး အိမ်နိမ့်စံဘဝမှာ လုပ်ကျွေးခဲ့တဲ့ ကျေးဇူးရှိနေတော့ ကြည်ဖြူရင်းနှီးစွာ ဆီးကြိုလို့ မေးတော်မူတာပေ့ါ။

'မှန်လှပါ၊ ကျွန်တော်မျိုးက ရွှေလေးအမည်ပျောက်ချင်လို့ ဘွဲ့တစ်ခုပေးပါဆိုတာ အခုတော့ ကိုယ်တော့် သုဝဏ္ဏခနက ပါဋ္ဌိနဲ့ မြန်မာပဲ ကွဲတာပဲ ဘုရာ့ ၊ 'ရွှေလေးပါပဲ'ကလား'

'ဒီတော့ ဘာလုပ်ချင်သတုန်းဟဲ့'

'နောက်ထပ် ဘွဲ့တစ်ခု သနားပါဦး ဘုရား'

'ဘွဲ့ဆိုတာ ပေးချင်တိုင်းပေးလို့မရဘူး၊ ရွှေလေး၊ အနို့နေပါဦး၊ သုဝဏ္ဏခနဘွဲ့ကို ဘယ်သူပေး တာတုန်း'

'ဦးပေါ်ဦးပါ ဘုရား'

ဘုရင်မင်းမြတ် ပြုံးတော်မူတယ်။

'မောင်မင်းကို စပါးဈေး၊ ငါးဈေးမေးတုန်းက မလိမ့်တပတ်နဲ့ ရှေးတုန်းက စပါးတစ်တင်း တစ် ကျပ်၊ အခုအခါ မှာတော့ နှစ်ခွဲကို တစ်ကျပ် တင်ခဲ့တယ်မဟုတ်လား၊ အဲဒါ ဘာခြားနားသတုန်း'

'ပျော်တော်ဆက်ချင်တာကြောင့် ရွှေနားတော်သက်သာစေရန် တင်ခဲ့ခြင်း ဖြစ်ကြောင်းပါ ဘုရား'

'အေး ..... အေး ၊ နှစ်ခွဲနဲ့ တစ်တင်း မထူးသလို ရွှေလေးနဲ့ သုဝဏ္ဏခန တူနေလျှင်လည်း ပေါ်ဦးက အတွင်းဝန်ကွယ့်၊ သူပေးတဲ့ဘွဲ့မို့ ငါလည်း မတတ်နိုင်ဘူးဟဲ့'

မင်းတရားကြီးက ပြုံးပြုံးကြီး မိန့်တော်မူလိုက်ပေမယ့် ဦးရွှေလေးမှာတော့ မပြုံးနိုင်ရှာ။ ။

# အယူတော်မင်္ဂလာ

'ပေါ်ဦးရဲ့ ... အယူတော်မင်္ဂလာ တင်လျှောက်ချက်တွေ မှန်ကန်ပုံက ဖြင့် များစွာအံ့ချီးမွမ်း အံ့ဩဖို့ ကောင်းပါကလား မောင်မင်း'

ညီလာခံမှာ တင်စရာ ရှိတာတွေတင်၊ မင်းတရားကြီး ကလည်း မေးစရာရှိတာမေး မိန့်စရာရှိတာ မိန့်ကြားတယ်။ အရေးကြီးတာတွေ အပြီးမှာ ဘိုးတော်မင်းတရားကြီး အနေနဲ့ တစ်စုံတစ်ရာ သတိရဟန်နဲ့ ဖြတ်ပြီး မိန့်တော်မူလိုက်တာပဲ ဖြစ်တယ်။

ကိုယ်တော်ရှင်မြတ် မြင်မက်တော်မူတဲ့ အိပ်မက်ကို နိမိတ်ကောက်ပြီး သမီးကညာ လေးယောက် ဆက်သပါလိမ့်မယ် ဆိုတဲ့ နိမိတ်ဖတ်ချက်အတိုင်း ဝေသာလီပြည်က သမီးကညာလေးယောက် ပြည့်အောင် ဆက်သလာတယ်။'

'ချီးမွမ်းဖွယ်ရာ ဖြစ်ကြောင်းပါ ဘုရား'

'တစ်ခါ၊ ဆင်ဖြူတော်နှစ်စီး ရောက်လာမယ် ဆိုတဲ့ နိမိတ်ဖတ် စကားလည်း မှန်တာပဲဟဲ့'

'အံ့ဩဖွယ်ကောင်းကြောင်းပါဘုရား'

'နောက်ထပ်တစ်ဖန် နိမိတ်ဖတ်တာက ဓာတ်တော်မွေတော်များကို ပူဇော် ကိုးကွယ် ရလိမ့်မယ် တဲ့။ ဟော ........ တိုက်တိုက်ဆိုင်ဆိုင် သီဟိုဠ်ကျွန်းက သရီရဓာတ်တော်များ ကြွရောက်လာလို့ ပူဇော်ရတယ်ဟဲ့'

'ဘုန်းတော်ကြောင့် ဝမ်းမြောက်ဖွယ် ဖြစ်ကြောင်းပါ ဘုရား'

'အဲဒီလို တစ်သဝေမသိမ်း မှန်ကန်အောင် နိမိတ်ကောက်ဖတ်လျှောက်တင်နိုင်တဲ့ အတွက် အယူတော်မင်္ဂလာကို လွန်စွာ အံ့ဩဖို့ ကောင်းပေတယ်ဟဲ့ ပေါ်ဦးရဲ့'

'မှန်လှပါ၊ အရှင်မင်းမြတ် မြင်မက်တော် မူသောအိပ်မက်ကို အယူတော်မင်္ဂလာနိမိတ်ကောက် လျှောက်ထားတဲ့အတွက် သနားတော်မူတဲ့ဆုဟာ နည်းတယ်ထင်ကြောင်းပါ ဘုရား'

'အေး ... အဲဒီလိုချည်းပဲ ၊ နင့်ကို စလိုက်ရင် အတွန့်ကလေးနဲ့'

အယူတော်မင်္ဂလာ ဦးနိုးရဲ့ နိမိတ်ကောက်လျှောက်ထားမှုနဲ့ စပ်လျဉ်းတဲ့အတွက် ကိစ္စတွေကြီး ကျယ်လွန်းလို့သာ ဘုရင်ပေးတဲ့ဆုကို နည်းတယ်လို့ ပြောဝံ့တာဖြစ်တယ်။

'မှန်လှပါဘုရား၊ အိပ်မက်များ အတိတ်များကို နိမိတ်ကောက်ယူရာမှာ များစွာအရေးကြီးကြောင်း ပါဘုရား၊ အိပ်မက်ပင်ကောင်းသော်လည်း နိမိတ်ကောက်သူက ပညာ နံ့နဲ့ ရင်အိပ်မက်ရဲ့ နိမိတ် တစ်ဝက်တစ်ပြက်ကိုသာအကျိုးခံစားရတတ်ပါသဖြင့် နိမိတ်ဖတ်သူကိုပင် ရန်ရှာတတ်ကြောင်းပါ ဘုရား'

'အင်း ... ပေါ်ဦးတို့တင်လိုက်မှဖြင့် စိတ်ဝင်တစား ရှိအောင် တင်တတ်ပါပေ့ကွယ်'

'မုန်လုပါ၊ ဘုန်းတော်ကြောင့် သက်သေ သာဓက အထောက်အထားနဲ့ တင်ခြင်းဖြစ်ကြောင်းပါ ဘုရား'

မင်းတရားကြီး မရယ်သော်လည်း ရယ်တော့မတတ် ရွှင်ပြစွာနဲ့ မိန့်တော်မူတယ်။

'အေးပါ၊ မင်းရာကြံပြီး သံတော်ဦး တင်မယ်ဆိုတာ ငါကိုယ်တော်မြတ် သိပြီးသားပါလေ'

ဦးပေါ်ဦးကို သရော်ရာက အမတ်တွေကို ဝေ့ဝဲ ရှုစားတော်မူပြီးတော့လည်း မိန့်တော်မူသေးတယ်။

'သူရဲ့ ဆင်ခြေဆင်လက်ဆင်နားရွက်တွေကို နားထောင်လိုက်ကြစမ်းပါ မင်းကြီးတို့ရယ်'

ဒါလိုမိန့်တော်မူပြီးမှ ဦးပေါ်ဦးကို 'ကဲ ... ကဲ တင်စမ်း ပါဦး' ရယ်လို့ မေးဆတ်ပြီး မိန့်တော်မူတယ်။ ဦးပေါ်ဦးကလည်း သူ့သခင် သရော်တာကို နည်းနည်းလေးမျှ မကြားလေဟန်နဲ့ ဆက်လက်လျှောက်တင်တယ်။

ဦးပေါ်ဦးတင်တဲ့ အကြောင်းအရာက လေ့ထိုးသား ဘုရင် စလေငခွေးမင်းအကြောင်းလေ။

အစက ဒီလိုပါ။

ပုဂံပြည်မှာ သိန်းခိုမင်း နဲ့ ညီတော်တို့ အမျက်ပွားပြီး စစ်ထိုးရာမှာ ညီတော် စစ်ရှုံးတယ်။ ညီတော်အနေနဲ့ မယားကို ခေါ်ယူထွက်ပြေးပြီး စလေဆိုတဲ့ အရပ်မှာ တိမ်းရှောင်နေရတယ်။

ဒီလို တိမ်းရှောင်နေရင်းက သားတစ်ယောက် ဖွားမြောက်တယ်။

အထည်ကြီးပျက်မင်းသားကျဖြစ်လို့ မလုပ်မကိုင်တတ်တာက တစ်ကြောင်း လူမြင်သူမြင် ထင် ထင်ပေါ်ပေါ်မသွားမလာဝံ့တာကလည်း တစ်ချက်တို့ကြောင့် အရမ်းဆင်းရဲတယ်။ ထမင်းတောင် နပ်မှန်အောင် မစားကြရဘူး။

ဒါကြောင့် သူတို့သားကလေး ထမင်းနပ်မှန်မှန်စားရေး နည်းလမ်းရှာတော့ သူဌေးကိုတွေ့တယ်။ 'ဒါနဲ့ပဲ သားကလေးကို သူဌေးအိမ်မှာ ထမင်းစားကျွန်ခံဘဝနဲ့ အပ်နှံထားလိုက်ကြရတယ်။

သူဌေးအိမ်မှာတော့ ဘယ်လိုပဲ ပင်ပန်းကြီးစွာလုပ်ရ လုပ်ရ ထမင်းလောက်တော့ နပ်မှန်အောင် စားရတယ်။ သူငယ်လေးရဲ့အမည်က ငခွေးတဲ့လေ။

ငခွေးဟာ ဘယ်လောက်ပဲ ပင်ပန်းကြီးစွာ လုပ်ရ ပေမယ့် တစ်နေ့ကို ခေါင်းသုံးခါဖြီးတယ်။ ဝတ် ကောင်းစားကောင်းနံ့သာပျောင်း ကြိုက်လိုက်ပုံများကလည်း လူနဲ့ မလိုက်ဘူး။

သူဟာ လယ်ထဲယာထဲကို မလိုက်ရဘူး။ ထိုးဝါးမနိုင်ခင် ကတည်းက လှေမှာ ထမင်းချက်လိုက်

ရတယ်။ အလုအပ ကြိုက်တဲ့သူနဲ့ လေ့သမားဘဝဟာ သင့်မြတ်ပါပေ့။

အဲ ထိုးဝါးကိုနိုင်ပြီ ရေတိုင်းနိုင်ပြီဆိုတဲ့ အခါကျတော့ လေ့ထိုးသားကြီး အစစ်ဖြစ်သွားပြီ။ လေ့ထိုးသားငခွေးအနေနဲ့ ကျောက်ပစ်ကျောက်တင်လည်း ရပါတယ်။ ရွက်တင်ရွက်ချလည်း အလျဉ်းသင့်သလို ဝင်တာပါပဲ။ အများဆုံး လုပ်ရတာကတော့ လေ့ထိုး အလုပ်။

လေ့ထိုးတယ်ဆိုတာ လေ့မျှောမသွားအောင် ထိုးဝါးနဲ့ ထိုးပြီး အားတင်းထားရတာ။ လေ့ကို ရွေ့သွားအောင် ထိုးဝါးနဲ့ တွန်းပေးရတာ အားလုံးကို ထိုးဝါးထိုးတယ် လို့ခေါ်တာပေါ့။

ငခွေးအနေနဲ့ လူရည်မလည်ခင်ကတော့ လောက ကြီးမှာ စလေမြို့တစ်မြို့တည်းရှိတယ်။ သူခိုကိုးစရာကလည်း သူဌေးအိမ်ပဲလို့ထင်တယ်။ အဲ .... သူဌေးရဲ့ လေ့နဲ့ နှစ်အတန်ကြာ
အောင် လိုက်တဲ့အခါ မြန်မာပြည် ထက်အောက် နံလျား ရောက်ဖူး၏။ လူပေါင်းစုံ ၊ လူမျိုးစုံ နဲ့လည်း ဆက်ဆံဖူးတဲ့အခါမှာလောကကြီးက စလေမြို့တစ်မြို့တည်း မဟုတ်ကြောင်းသိလာတယ်။

သိလာတာနဲ့အမျှ ခေါင်းမော့လာတယ်။ သူဌေးရဲ့ လူယုံကဆဲရင် ပြန်ဆဲလာပြီ။ သူဌေးက ငေါက်တာတောင် ပြန်ပြောလာတယ်။ နောက်တော့ သူဌေးရဲ့ ခွင့်ပြုချက်မရဘဲ အိမ်က ထွက်
လာတယ်။ သူ့ကို လက်ယပ်ခေါ်နေတဲ့ လေ့တွေက ကမ်းနားမှာ တအားပေါတာကလား။

လေ့တွေမှာ ငခွေးလွတ်လပ်စွာ လိုက်ပါအလုပ်လုပ်တဲ့အခါမှာ တစ်နေရာတည်းက လူတွေ မဟုတ်ဘူး။ မြောက ထွန်းသာ၊ မြင်းခြံက ငပွ၊ ဟသာ်တက ရွှဲကြီးစသည်ဖြင့်ပါတယ်။ အဲဒါကြောင့် ငခွေးကိုလည်း သူ့ဇာတိနဲ့တွဲပြီး စလေငခွေးခေါ်ကြလေရဲ့။

တစ်ညမှာ စလေငခွေးတို့ရဲ့လေ့ဟာ တက်သစ်အရပ်မှာ ညအိပ်တယ်။ ငခွေးလည်း မောမော ပန်းပန်းနဲ့ အိပ်လိုက်တာ အိပ်မက်ကြီးမက်တော့ လန့်နိုးပြီး ထထိုင်မိတယ်။

အိပ်မက်ထဲမှာ ဘုရားဂူကျောင်းတွေ ပြည့်လျှံနေတဲ့ ပေါက္ကာရာမပြည်ကြီး၊ ဆည်းလည်းသံတဝေဝေ၊ ခေါင်းလောင်းသံတညံညံနဲ့ ရွှေရောင်တဝင်းဝင်းနဲ့ပေါ့။

စလေငခွေးအနေနဲ့ လောကနန္ဒာဆိပ်က လှမ်းမျှော်ပြီးစေတီဂူကျောင်းတွေကိုဖူးမျှော်နေတုန်းမှ ၁ သူ့ဗိုက်ထဲက အူတွေထွက်လာတယ်။ သူအံ့သြနေခိုက်မှာ အူတွေဟာ လွင့်ပျံတက်ပြီး

ပေါက္ကာရာမ တစ်ခုလုံးကို ရစ်ခြုံတော့တယ်။

အဆိုးလား အကောင်းလား၊ စလေငခွေး မခွဲခြား တတ်ဘူး၊ စိတ်လေးလေးနဲ့ ပြန်အိပ်တယ်။

နောက်တစ်နေ့နံနက်မှာ သူတို့လေ့ဟာ ပေါက္ကံကို ခရီးဆက်တယ်။ တစ်နေရာအရောက်မှာ ‘ငခွေးတို့လေ့အနေနဲ့ စည်းထိပ်တစ်ခုကိုကျော်ရတာကိုး၊ ငခွေးလည်း လေ့နံမှာဝင်ပြီး ပခုံးအခွက်ထဲကို ဝါးစွန်းထည့်ပြီးထိုးတယ်။ ဝမ်းလျားထိုးအနေအထားက မတ်တတ်ဖြစ်သွားပြီး ဆက်ထိုးဖို့ မဖြစ်တော့တဲ့အတွက် ထိုးဝါးကို ဆွဲယူလိုက်တယ်။

ကိုင်တွယ်နေကျ ဝါးရဲ့အလေးချိန်ဟာ ထူးခြားနေတယ်။ ဘာတွေများ ငြိနေပါလိမ့် သိချင်တဲ့အတွက် ရေပေါ်ကိုထိုးဝါးအဖျားပေါ်လာအောင် ဆွဲတင်ရင်း လှုပ်ကြည့်တယ်။

လင်ပန်းကြီးပါကလား။

လင်ပန်းကို ထိုးဝါးအချွန်နဲ့ ထိုးမိလို့ စွပ်လျက်သား ပါလာတာလေ။ ရှပ်ပြီး ရေနဲ့ဆေးသလို လုပ်လိုက်တော့ ရွှေရောင်တွေထွက်လာတယ်။ ဘာလင်ပန်း ဆိုတာလည်း ပီသလာတယ်။

'ဘုရင်မင်းမြတ်တွေ စားတော်ခေါ်ရာမှာ အသုံးပြုတဲ့ ရွှေမနော လင်ပန်းကြီးပဲ'

စလေငခွေး ဆွဲတင်မယ် လုပ်ပြီးတော့မှ 'ငါ့အိပ်မက်အဖိုးတန်ကို ရွှေလင်ပန်း တစ်ချပ်နဲ့ မလဲနိုင်ဘူးဟေ့' အံကြိတ်ပြီး ပြောတယ်။ လင်ပန်းကို ရေထဲနှစ်ပြီး ထိုးဝါးကို လှုပ်ခါပစ်လိုက်တယ်။ ထိုးဝါးအဖျားကို နောက်တစ်ကြိမ် ဖော်အကြည့်မှာတော့ မနောလင်ပန်းကြီးမရှိတော့ဘူး။

စလေငခွေးတို့ လှေအနေနဲ့ ပေါက္ကာရာမ ကို ရောက်လာပါပြီ။ ဆိပ်ကမ်းမှာ ကြိုးချည်ပြီးလျှင် ပြီးချင်း အလုပ်ရှိသေးတာမဟုတ်တဲ့အတွက် ငခွေးအနေနဲ့ မြို့ထဲကို အပြေးလာခဲ့တယ်။ ဟိုမေး ဒီမေးနဲ့ မင်းဆရာ ပုရောဟိတ်အိမ်ကို ရောက်လာတယ်။

ငခွေးက ငွေတစ်မတ်ကို တဘက်ပေါ်တင်ပြီးကြုံကြုံ ရုံ့ရုံ့ ကလေးထိုင်ရင်းက ပုရောဟိတ်ကြီး ထွက်အလာကို စောင့်နေတယ်။ မကြာခင် ပုဏ္ဏေးမထွက်လာတယ်။

'ဆရာမရှိဘူး၊ ကိစ္စရှိသလား'

'အိပ်မက်နိမိတ် ဖတ်ခိုင်းချင်လို့ပါ ဘုရာ့'

'ဘာတွေမက်သလဲ ၊ ငါက ဆရာ့မယားပါ ၊ ငါလဲ တတ်တယ်'

ဒါကြောင့် ငခွေးက သူ့အိပ်မက်ကို ပြန်ပြောပြတယ်။

'အေး … အေး …. အိပ်မက်ကောင်းပဲ ၊ အသက်ရှည်မယ်၊ ဘုန်းကြီးမယ် အမောင်'

ငွေတစ်မတ်ကို ဆတ်ခနဲ ကောက်ယူတယ်။ အိမ်ထဲကို ဝင်သွားတယ်။

ငခွေးဆက်နေဖို့ အကြောင်းမရှိတော့ဘူး၊ ဒါကြောင့် ပြန်ထွက်လာရတော့တာပေါ့။

ပုရောဟိတ်အိမ်က ငခွေးဆင်းလာဆဲမှာပဲ ပုရောဟိတ်ကြီး ပြန်ရောက်လာတယ်။

ငခွေးမှာလည်း ပေးစရာနောက်ထပ် မရှိတော့လို့ အိမ်ပေါ်ကို ပြန်မတက်ဘူး။

ပုရောဟိတ်အနေနဲ့ ငခွေး သူ့အိမ်ပေါ်ကဆင်းလာတာ မြင်တယ်လေ၊ အိမ်ပေါ်ရောက်လျှင် ရောက်ချင်းပဲ အော်မေးတယ်။

'ခုနကလူ ဘာလာလုပ်တာလဲဟေ့'

ပုဏ္ဏားမက သွက်သွက် လှမ်းထွက်လာရင်း ဖြေတယ်။

'အိပ်မက် နိမိတ် ကောက်ခိုင်းတာပါ … အရှင်'

ခြေဆေးရည်တွေ စင်အောင် သုတ်အပြီးမှာ ပုရောဟိတ်ကြီးအနေနဲ့ ကွပ်ပျစ်ဘက်ကို လှမ်းသွားရင်း မေးပြန်တယ်။

'ဘယ်လိုမက်တာတုန်းဟေ'

'သူဗိုက်ထဲက အူတွေ ထွက်ပြီး ပေါက္ကံရာမ တစ်ပြည်လုံးကို ပတ်သတဲ့ရှင်'

ပုရောဟိတ်ရဲ့ ခြေလှမ်းတန့်သွားတယ်။ တောက်ပြောင်တဲ့ မျက်လုံးတွေက ပုဏ္ဏေးမကို စိုက်ကြည့်တယ်။

'အဲ့ဒါ ... အဲ့ဒါ မယ်မင်း ဘယ်လို နိမိတ်ဖတ်လိုက်သလဲ'

'အိပ်မက်ကောင်းပဲ ၊ ဘုန်းကြီးမယ်၊ အသက်ရှည်မယ်လို့ နိမိတ်ဖတ်လိုက်ပါတယ်'

'ဟယ်' ခနဲအော်ပြီး ပုရောဟိတ်ကြီးဟာ မျက်လုံးပြူးသွားတယ်။ အဲဒီဟယ်က ပုဏ္ဏေးမကိုလည်း ကူးစက်သွားတယ်။

ပုရောဟိတ်ဟာ ချက်ချင်း ခါးပြေးယူပြီးပုဏ္ဏေးမရဲ့ ဆံတုံးကို ဆွဲတယ်။

'မင်္ဂလာ အိပ်မက်ကို မရှိမသေ စော်ကားတဲ့ဒဏ်ခံပေတော့'

တစ်ခါတည်း ပုဏ္ဏေးမရဲ့ဆံတုံးကို လှီးဖြတ်တယ်။ အထွေးအအုံးလိုက်ကြီး အိမ်ရှေ့ကို ပစ်ချလိုက်တာ နေပူကျဲကျဲ ကြီးမှာ ချက်ချင်းမိုးကြိုးပစ်တယ်။ ပုဏ္ဏေးမရဲ့ ဆံထုံးမီးလောင်ပြာကျသွားတယ်။

အဲဒီလို အမတ်ကြီး ဦးပေါ်ဦးက စီကာပတ်ကုံးတင်လျှောက်နေတာကို ဘိုးတော်မင်းတရားကြီးက စိတ်ပါဝင်စားစွာ နားထောင်နေတော်မူလျက်ရှိတယ်။ ဦးပေါ်ဦးက ဆက်ပြီး တင်ပြန်တယ်။

'ပုရောဟိတ်ကြီး ဒီလိုမလုပ်ရင် ပုဏ္ဏေးမဟာ မကြာခင်မှာပဲ မိုးကြိုးပစ်ခံရမှာ သေချာပါတယ် ဘုရား'

'ဒါကြောင့် အိပ်မက် နိမိတ် ဖတ်ရာမှာ မဖတ်တတ်ရင် ဒဏ်သင့်ပါတယ် ဘုရား'

'ဒါနဲ့ ......စလေငခွေး ဘယ်ရောက်သွားတုန်း မောင်မင်း'

မင်းတရားကြီးမေးတော်မူတဲ့အတွက် အမတ်ကြီးက ဆက်လက်တင်လျှောက်ရတယ်။

အဲဒီနောက်မှာ ပုရောဟိတ်ဟာ စလေငခွေးရဲ့ ပုံပန်းသဏ္ဌာန်ကို ပုဏ္ဏေးမထံမှာ စုံစမ်းပြီးတော့ ပေါက္ကံရာမ မြို့ထဲမှာလိုက်လံ ရှာဖွေပါတယ်ဘုရား။

တွေ့တဲ့အခါ အိမ်ခေါ်လာပြီးကျကျနန အိမ်ဦးခန်းမှာအထိုင်ခိုင်းပါတယ်ဘုရား'

ဒီနေရာ အရောက်မှာ ဦးပေါ်ဦး ချောင်းဆိုးနေတဲ့အတွက် .........

'ခွေးမသား အကျင့်က အရေးဆို ဒီလိုချည်းပဲ' လို့မင်းတရားကြီးက ငေါက်ငန်းတဲ့အတွက် အမတ်တွေ ရယ်မောကြရတယ်။

'မှန်လှပါ၊ သွေး သည်းခြေ လေ သလိပ်နဲ့ တည်နေတဲ့ ကိုယ် ........ '

'ကဲပါဟယ်၊ စလေငခွေးကို ဆက်မှာ ဆက်စမ်းပါ'

'မှန်လှပါဘုရား၊ ပုရောဟိတ်ကြီးက စလေငခွေးအား အမောင်သည် ဤပြည်၌မကြာမီ မင်းဖြစ်လတ္တံ့ ။ရတနာသုံးပါးကို အထူးတလည်ဆည်းကပ်ပါလေ' လို့ နိမိတ်ဖတ်လိုက်တယ် ဘုရား

ငခွေးဟာလည်း မကြာမီပေါက္ကံရာမ ရွှေထီးရွှေနန်းမှာ မင်းဖြစ်သွားပါတယ် ဘုရား'

မင်းတရားကြီး ကျေနပ်စွာ ခေါင်းဆတ် နေပေမယ့် ဦးပေါ်ဦးရဲ့ တာဝန်က မပြတ်သေးတဲ့အတွက် ဒါကြောင့် လို့ဆက်ပါတယ်။

ဒါကြောင့် အိပ်မက်များရဲ့ နိမိတ်များကို ကောက်ယူရာမှာ ကောင်းတာကို ကောက်မှ ကောင်းကျိုးပေးပြီးမကောင်းတာကို ကောက်မိပါက မကောင်းကျိုး ရောက်တတ်ပါသောကြောင့် အယူတော် မင်္ဂလာရဲ့ နိမိတ်ကောက်စကားဟာဖြင့် ကောင်းရာကောင်းကြောင်းကို ဖြောင့်ဖြောင့် တန်းတန်း ဟောနိုင်တဲ့အတွက် အရှင်မင်းတရားကြီးမှာ အကျိုးတော် လွန်စွာ များခဲ့ကြောင်းပါ ဘုရား'

'ဒီစကားအမှန်ပဲ မောင်မင်း'

'သို့ဖြစ်ပါသဖြင့် အယူတော်မင်္ဂလာအားဆုတော်လာဘ်တော်များကို ထပ်မံတိုးဆင့် ပေးသင့်ကြောင်း ရှိခိုးသံတော်ဦးတင်ရကြောင်းပါ ဘုရား'

ဒီတော့ မင်းကြီးက အပြုံးနဲ့ မေးတော်မူတယ်။

'ပေါ်ဦးရယ်၊ ပွဲခလိုချင်လို့ ပွဲစားလုပ်နေပြီလားဟဲ့'

'မဟုတ်ပါဘူး ဘုရား၊ ချီးမြှောက်သင့်သူကို ထိုက်တန်တဲ့ အချီးအမြှောက်ခံစေချင်လို့ ဖြစ်ကြောင်းပါ ဘုရား'

အဲ့ဒီလိုလူတစ်ပါးကောင်းစားတာ မနာလိုဝန်တို မဖြစ်သည့်အပြင် ပိုပြီး ကောင်းစားအောင် ဦးပေါ်ဦး တင်လျှောက်တဲ့အတွက် အယူတော်မင်္ဂလာအနေနဲ့ ဆင်ပေါက်တစ်စီး ထပ်မံ အသနားတော်မြတ် ခံရပြန်ပါလေရော။

× × × × × × × × × × × × × × × × × × × × × × × ×

## တာသွားသော စကားတစ်ခွန်း

အောင်မြေလောက စေတီတော်ဒါယကာ ဘိုးတော်မင်းတရားကြီးမှာ အလွန်ချစ်ရမြတ်နိုးရတဲ့ မြစ်တော်တစ်ပါး ရှိလေရဲ့။

အဲဒီမြစ်တော်ကို မွေးလျှင် မွေးချင်း ညောင်ရမ်းမြို့ကို အပိုင်စား ပေးသနားတော်မူတယ်။

အဲဒါကြောင့် အဲဒီမင်းသားလေးကို ညောင်ရမ်းမင်းရယ်လို့ ခေါ်တွင်ကြတယ်။

ဒီမြစ်တော်ကို ဒါလောက်ချစ်တာ ဟာ တစ်ချက်မကတဲ့ အချက်တွေ အကြောင်းတွေရှိတယ်။

ဒီမြစ်တော် ညောင်ရမ်းမင်းရဲ့ ခမည်းတော်က ဘိုးတော်မင်းတရားကြီး အရမ်းအားထားတော်မူခဲ့တဲ့ အိမ်ရှေ့မင်းရဲ့ သားတော်ဖြစ်နေတာ တစ်ကြောင်းပါဝင်တယ်။

တစ်ခါမယ်တော်ကိုကြည့်ဦးမလား၊ ညောင်ရမ်း မင်းသားလေးရဲ့ မယ်တော်အနေနဲ့ကလည်း ဘုန်းရှိသူဖြစ်နေပြန်တယ်။ နောက်ပြီး မြစ်တော်ကလေးကို မီးရှူးသန့်စင်ဖွားမြင်စဉ်ကလည်း အတိတ်ထူး နိမိတ်ထူးတွေ ပေါ်ခဲ့ပြန်တယ်။

ဒီတော့ မြစ်တော်ကလေးအကြောင်းကို စာမြည်းသဘောပေါ့လေ၊ အနည်းအပါး ဖော်ပြရမှာပေါ့။

မြောက်နန်းမိဖုရား သီရိမဟာစန္ဒာဒေဝီဟာ ဘိုးတော်မင်းတရားအမြတ်နိုးဆုံးထဲမှာ ပါဝင်သူပဲ။

အဲ .....သူက ဖွားတာကတော့ သတိုးသုဓမ္မရာဇာလို့ခေါ်တဲ့သားတော်ကြီး အိမ်ရှေ့မင်းသားလေး။
–
ဘိုးတော်မင်းတရားကြီးရဲ့ တောင်နန်း မိဖုရားကြီးက သီရိပဝရမင်္ဂလာဒေဝီတဲ့။

သူကမွေးတဲ့ သမီးတော်ကတော့ သီရိမဟာတိလောကရတနာဒေဝီလေ၊ တောင်တွင်းမြို့စားကြီးပေါ့။

အဲဒီဆိုခဲ့တဲ့ သားတော်ကြီး အိမ်ရှေ့ဥပရာဇာနဲ့ တောင်တွင်းကြီးမြို့စား မင်းသမီးတို့က ဖွားမြင်တဲ့ သားတော်ကလေးကတော့ သတိုးမင်းလှ ရွှေတောင် ဆိုတာပါပဲ။

သူဟာ ဘိုးတော်မင်းတရားကြီးရဲ့ မြေး ၊ ဘိုးတော်မင်းတရားရဲ့ မြေးဦးမင်းလျာမင်းလောင်း မို့ မင်းတရားကြီး တအားချစ်တာ။

အဲဒါကြောင့် သူ့ကို သူ့ခမည်းတော် အလောင်းမင်းတရားကြီးပေးခဲ့တဲ့ဘွဲ့ကို မြေးကို ပေးတာပဲ။

အဲဒီမြေးတော် သတိုးမင်းလှရွှေတောင်ကို မှန့်ဖိုးပေးတာက စစ်ကိုင်းမြို့ဖြစ်လို့ စစ်ကိုင်းမြို့စား မင်းသားရယ်လို့ အမည်တွင် ပြန်ပါလေရော။

အဲဒီမြေးတော် စစ်ကိုင်းမင်းဟာ နောင်အခါ ခမည်းတော်အိမ်ရှေ့မင်း နတ်ရွာစံရာမှာ အိမ်ရှေ့ဥပရာဇာ။

ဘိုးတော်မင်းတရားကြီး နတ်ရွာစံချိန်မှာ ပြည့်ရှင်မင်းဖြစ်လာတဲ့ စစ်ကိုင်းမင်း သို့မဟုတ် ဘကြီးတော်မင်းတရားဖြစ်လာသူပါပဲ။

အဲဒီစစ်ကိုင်းမြို့စား မင်းသားကလေးနဲ့ စုံဖက်ရတဲ့ မင်းသမီးလေးကတော့ ဆင်ဖြူမယ်တဲ့။ ပြည်မင်းရဲ့သမီးတော်လေ။

ပြည်မင်းဆိုတာဟာ တကယ်တော့ ပြည်မြို့ကို စားတဲ့ မင်းသားတစ်ပါးပေ့ါ။ ဘိုးတော်မင်းတရားရဲ့ သားတော် တစ်ပါးပေါ့။

အဲဒီသားတော်ရဲ့ မိဖုရားက ဆင်ဖြူမယ်ကို ဖွားတာပေါ့။ ဆင်ဖြူမယ်ကို ဘိုးတော်မင်းတရားက သီရိသုမာယာစန္ဒာဒေဝီဘွဲ့ ပေးပြီး ချီးမြှင့်မြှောက်စားတော်မူတယ်။

အဲ ... ဆင်ဖြူမယ် အမည်သစ်ရလာတာက ဒီလိုပါ။

မင်းတရားကြီးမှာ ဟံသာဝတီတောင်ဘက် နိဗ္ဗာပစ္စယရွာ နားက ရတဲ့ နိဗ္ဗာပစ္စယ ဆင်ဖြူတော်ရှိတာ သိပြီးပြီနော်။

တစ်နေ့တော့ အဲဒီဆင်ဖြူတော်ကို ဥယျာဉ်တော်ထဲရှိရေကန်မှာ ရေချိုးပေးတယ်။ ဘိုးတော်မင်းတရားကြီးလည်း မြေးကလေး သီရိသုမာယာ စန္ဒာဒေဝီကို လက်ဆွဲပြီး ဆင်ဖြူရေချတာကို ကြွရောက်ရှုစားတော်မူတာကိုး။

ဆင်ဖြူတော်အနေနဲ့ ကန်တော်ထဲမှာမြူးတူးနေရင်းက ပဒုမ္မာ ကြာတစ်လက်ကို ချိုးပြီး မြေးတော်မင်းသမီးကလေးကို ဆက်သတာကလား။

မင်းတရားကြီးလည်း ဝမ်းလည်းသာ၊ အံ့လည်း အံ့သြတော်မူတဲ့အတွက် ............

'မောင်မင်းများ ..... ကြည့်ကြစမ်းဟဲ့ ၊ ဆင်မင်းက မြေးတော်ကိုပဲပေးတယ်၊ ဒီပြင်လူ ဘယ်သူမှ မပေးဘူး၊ တယ်လည်း မျက်နှာလိုက်ပေတာကိုး'

လို့မိန့်တော်မူရာမှ ဆင်ဖြူတော်က နောက်ထပ်ကာ သုံးလက်ချိုးပြီး မင်းတရားကကို ဆက်သသတဲ့။

အဲဒါကို အကြောင်းပြုပြီးအဲ့ဒီ မြေးတော်ကလေးကို ဆင်ဖြူမယ်ခေါ်တွင်တာပါပဲ။

ဘိုးတော်မင်းတရားကြီးအနေနဲ့ အချစ်ဆုံးမြေးတော်နှစ်ပါးကို စုံဖက်ပေးတော်မူတယ်။

အချစ်ဆုံးမြေးတော်နှစ်ပါးဆိုတာကတော့ အိမ်ရှေ့မင်းရဲ့သားတော် စစ်ကိုင်းမြို့စားနဲ့ ဆင်ဖြူမယ်လေ။

အဲ ... သူတို့က ဖွားသူကလေးဟာ ဘိုးတော်မင်းတရားရဲ့ မြစ်ဦးအသည်းအသက်ပေါ့။

တိုင်းသူပြည်သား တွေက ညောင်ရမ်းမြို့စားမင်းသား ကလေးကို စကြာမင်းရယ်လို့ ခေါ်ကြလေရဲ့။

ဒီမြစ်တော်ကလေးကို စကြာမင်းကလေးလို့ခေါ်ကြတာကလည်း အရမ်းကာရော မဟုတ်ပါဘူး။

ဘာတွေထူးသလဲ၊ ထူးတာတွေကတော့ ........

ဆင်ဖြူမယ်မှာ ညောင်ရမ်းကို ကိုယ်ဝန်ဆောင်ရကတည်းက နိုင်ငံတော်အတွင်းမှာ နေ့တိုင်းငလျင်လှုပ်တယ်။

အဲဒီကလေးကို မီးရှူးသန့်စင်ဖွားမြင်လို့ တစ်လအလိုမှာ မင်းတရားကြီးရဲ့ နန္ဒာဥယျာဉ်တော်ထဲက သစ်ဖြူပင်ရဲ့ အခက်အလက် အရွက်အကိုင်းတွေက ရေတွေထွက်ကျလာတယ်။

နောက်တစ်ပင် တစ်ပင်ရှိသေးတယ်။ သီလဝနန္ဒပင်တဲ့။ အဲဒီအပင်ကလည်း ရေထွက်တာပဲ။

မြေးတော်ဆင်ဖြူမယ်အနေနဲ့ ဝမ်းနာတဲ့ ဝေဒနာကို သုံးရက်လုံးလုံး အလူးအလိမ့် ခံစားနေရတယ်။

ဘိုးတော်မင်းတရားကြီးက ထီးဖြူတော်နဲ့ ရွှေထီး ရှစ်လက် လက်ဖွဲ့ပြီး ဆင်ဖြူမယ်အပေါ်မှာ အဆောင်းခိုင်းတော့မှ စကြာမင်းကလေးကို ဖွားမြင်တော့တယ်။

အဲဒီ အတိတ်ကြီးနိမိတ်ကြီးနဲ့ ဖွားမြင်လာတဲ့ မြစ်တော်ညောင်ရမ်းရဲ့ ဇာတာကို ပုဏ္ဏားတွေက ချက်ချင်းဖွဲ့ ၊ ချက်ချင်းတွက်ချက်စစ်ဆေးပြီး ထီးဖြူတော် လေးလက်နဲ့ မနောလင်ပန်းလက်ဖွဲ့ဖို့ တင်ကြလို့ ချက်ချင်း လက်ဖွဲ့တယ်။

ထီးဖြူတော်လေးလက် ရွှေထီးရှစ်လက်မိုးပြီး နဝရတ်ကိုးပါးစီခြယ်တဲ့ မနောလင်ပန်းကို သဥ္စာလီအောက်ကခံမှ ဖွားတယ်။

အချင်းစလွယ်သိုင်းလျက် ဖွားတယ်။

လကျ်ာဘက်လက်မှာ ပါတဲ့ ခရုသင်းပုံ အရေးဟာ လက်ဖဝါး ပြည့်လုမတတ်ရှိပြီး ခုနစ်ပတ်ရစ်လည်မို့လို့ လက်ခလယ်အဖျားထိတက်သွားတယ်။

ဘယ်ဘက်လက်မှာတော့ မှည့်ရှင်ကြီးတစ်လုံးပါလာတာဟာ ရတီချိန် ၃၂ လောက်ရှိတယ်။

အဲ့ဒီမင်းသားကလေးကို ဖွားမြင်ချိန်မှာ သစ်တပ်မှာ ရှိတဲ့ နာရီတော်၊ ခေါင်းလောင်းနဲ့ ရွှေဗဟိုရ်စည်တော်တို့အနေနဲ့ တီးသူမရှိ အလိုအလျောက် မြည်တယ်။

ရာဇပလ္လင်မှာ စိုက်ထူထားတဲ့ ထီးဖြူတော်အနေနဲ့လည်း သူ့အလိုအလျောက် ပွင့်တယ်။

နိဗ္ဗာနပစ္စယ နာဂရာဇာ ဆင်ဖြူတော်ကြီးအနေနဲ့ ကလည်း အရှေ့ဘက်ကို လှည့်ပြီးလက်နှစ်ဖက်မြှောက်လို့မို့ သုံးကြိမ်အော်တယ်။ နာကျင်လို့ အော်တာမျိုးမဟုတ်ဘူး။ သာယာတဲ့အသံနဲ့။

'ရွှေလဝန်း'ဆိုတဲ့ မြင်းတော်ကို မင်းသားကလေးနဲ့ ပြိုင်တူမွေးတယ်။

လူထဲကလည်း မင်းသားပြိုင်တူမွေးသူ ခြောက်ဦးရှိရာမှာ ငမှတ်ကတော့ မင်းသားလေးနဲ့ အလွန်တူတယ်။

ဘုရားလောင်းများမှာသာဖြစ်တတ်တဲ့ နောက်တစ်ချက်လည်း ရှိသေးတာကတော့ ဆင်ဖြူမယ်အနေနဲ့ သားတော်ကလေးကို ဖွားမြင်တော်မူအပြီး ၊ ခုနစ်ရက်အကြာအနိစ္စရောက်သွားတဲ့အကြောင်းပါပဲ။

ဘိုးတော်မင်းတရားအနေနဲ့ မြေးတော်ဆင်ဖြူမယ် ခန္ဓာပြောင်းတဲ့အတွက် အရမ်းကြေကွဲဝမ်းနည်းတော်မူတာနဲ့အမျှ မြစ်တော်ကလေးကို အတိုးချပြီး ချစ်တော်မူတော့တာကလား။ ကိုယ်တိုင်ချီပွေ့ ချော့မြူသည်အထိ ချစ်တော်မူတယ်။

အဲဒီမိတဆိုးမင်းသားကလေးနဲ့ နန်းတွင်းအမည်က ညောင်ရမ်းကိုယ်တော်ကလေး။

အထက်က အကြောင်းတွေကြောင့် တိုင်းသူပြည်သားလူအများခေါ်နေတာကဖြင့် စကြာမင်းကလေး။

အမတ်အချို့က ဆိုရင် အဲဒီကိုယ်တော်ကလေးကို ဘိုးဘိုးအောင်ဆိုတဲ့ သိဒ္ဓိပေါက်ပုဂ္ဂိုလ်ကြီးက စောင့်ရှောက်နေတယ်ဆိုပါကလား။

စကြာမင်းကလေး ခေါ်ညောင်ရမ်းမင်းသားလေးကို မြပုခက်တင်ဧယဉ်ကျူးတဲ့ အခမ်းအနားကျင်းပဖို့ ဖြစ်လာတယ်။

ဧယာဉ်ကျူးတယ်ဆိုတာ ကလေးကို ပုခက်ထဲထည့်လွှဲပြီးသီချင်းဆိုတာ လေ ၊ သို့သော်လည်း ဘုရင့်သားသမီး၊ ဘုရင်ရဲ့မြေးမြစ်များအတွက်တော့ ပညာရှိတို့က ဧချင်းစပ်ဆိုပြီး ရွှေနားတော်သွင်းရသတဲ့။

ဘိုးတော်မင်းတရားအနေနဲ့ မြစ်တော်ကလေးအတွက် ကြီးကျယ်မြင့်မြတ်တဲ့ ပစ္စည်းနဲ့ လက်ဖွဲ့တော်မူလိုတဲ့အတွက် ရွှေတိုက်ဝန်ကိုခေါ်ပြီး အမိန့်တော်မြတ်ချမှတ်တော်မူတာက ဒီလို။

မြစ်တော် ညောင်ရမ်းမင်းကို မြပုခက်တင်လို့မို့ မြဧယဉ်နဲ့ ငါကိုယ်တော်မြတ် လက်ဖွဲ့တော်မူလိုက်သည်။

သဿမေဓဆိုင်ရာ ခွန်သီးတော်ထိန်းဖြစ်သော ဘဏ္ဍာတော်ထိန်းဝန်ကြီး ရွှေတိုက်စိုးကြီးအတွင်းဝန်တို့က ငွေတိုက်တော်မှာ ငွေတော်ရှစ်သိန်း ထုတ်ယူပြီး သကာလ၊ အတွင်းဝန်ဦးပေါ်ဦးအားအကြီးအကဲခန့်အပ်လျက် ရာဖြတ်အဝယ်တော်ကို ခေါ်ဆောင်၍ အယုဒ္ဓယတိုင်းဇင်းမယ်သို့သွားရောက်ကာ မြကောင်းမြမြတ်များကို ရွေးချယ်ဝယ်ယူစေရမယ်’

အမိန့်တော်ကြီးထဲမှာ သဿမမေဓဆိုင်ရာလို့ပါတဲ့အတွက်ဒီအခွန်ငွေထဲက ယူသွားရမယ်ဆိုတာကိုး။ ဒီတော့ခွန်သီးတော်ထိန်းက စာရင်းရှင်းရပြီလေ။

အဲဒီလို ရွှေတိုက်စိုးတွေ ဘဏ္ဍာတော်ထိန်းတွေ အလုပ်ရှုပ်နေတုန်းမှာ ဦးပေါ်ဦး ရောက်သွားတယ်။ ဘာလုပ်နေကြတာလဲပေါ့။

မြစ်တော်ညောင်ရမ်းမင်းသား မြပုခက်တင်မင်္ဂလာမှာ မင်းတရားကြီးလက်ဖွဲ့ချင်လို့ ဇင်းမယ်ကို မြကောင်းမြသန့်များ သွားရောက်ဝယ်ယူရမယ်တဲ့ ၊ အတွင်းဝန်မင်းက အကြီးအကဲတဲ့။

ဆီးပြီးသတင်းပေးကြတဲ့အခါ ၊ ဘယ်ငွေထဲက သုံးငွေ နဲ့ ဝယ်မှာတဲ့လဲ မေးရာမှာ သဿမေဓအခွန်တော်ထဲက ပါ အတွင်းဝန်မင်းရာပေါ့။

‘အင်း … ခင်ဗျားတို့ ရှင်ဘုရင်ဟာ အတော့်ကို ရှင်ဘုရင်ပါး မဝတာပါကလား’

ရှင်ဘုရင်ပါး မဝဘူးဆိုတာ ရှင်ဘုရင်တို့ ကျင့်ထုံးရမယ့် နည်းနာကို နားမလည်ဘူးပြောတာပါ။

ဒီစကားကိုတော့ ဦးပေါ်ဦး အရမ်းပြောတာမဟုတ်ဘူး။ မင်းတို့ရဲ့ကျင့်ထုံးနည်းနာတွေရှိနေတာကိုး။

ဘယ်လိုရှိသလဲ ဆိုတော့ ပြည့်ရှင်မင်းများ ငွေတော်သုံးစွဲမှုဆိုင်ရာ ခန့်ခွဲပုံက ........

ပြည့်ရှင်မင်းများအနေနဲ့ စစ်ရေးစစ်ရာ ပေါ်ပေါက်လာတဲ့အတွက် ငွေသုံးရတော့မယ်။ ဘယ်က ငွေကို သုံးမည်နည်း။

သဿမေဓ အခွန်တော်ငွေမှ သုံးရမယ်။ ဒါကြောင့် ဒီငွေကို လက်ဝဲလက်ျာစစ်သူကြီး များထံကို စာရင်းအင်းနဲ့ လွှဲအပ်ထားရသတဲ့။

အတိုင်းတိုင်း အပြည်ပြည်က သံတော်တွေ တမန်တော်တွေ ရွှေဖဝါးတော်အောက်ကိုရောက်လာတယ်။ ဘာနဲ့ဧည့်ခံမလဲ။ လက်ဆောင်ပစ္စည်းဝယ်ရမယ်။

ဆုတော်လာဘ်တော်ချီးမြှင့်ရမယ်။ ဒီအခါမှာ အရွတ်ဝန်ထံက ငွေတော်ကိုသုံး၊ သုဿန်ကရတဲ့ အခွန်အကောက်လေ။

မင်းနေပြည်တော် ကိုလုပသာယာရေးအတွက် လမ်းတွေကို ပြုပြင်ထားရမယ်။ ညဥ့်အခါမှာ အဲဒီလမ်းတွေတစ်လျှောက် မီးတိုင်တွေမှာ မုန်မီးအိမ်တွေကို လိုက်ထွန်းထားရတယ်။ ဘယ်က ငွေတွေကိုသုံးမလဲ၊ သူဌေး သူကြွယ်တွေဆီက ရတဲ့ ခွန်ငွေကိုသုံး။

မင်းတရားကြီးအနေနဲ့ သာသနာပြုမင်းဖြစ်တောမူတယ်။ ဒါကြောင့် ဂူကျောင်း တန်ဆောင်း ကျောင်းပြဿဒ်ဘုရားစေတီပုထိုးတွေ အဟောင်းပြင်တယ်။ အသစ်တည်တယ်။ ဘယ်ကငွေကို သုံးမလဲ။

အဲ.....မဟာဒါန်ဝန်ဆီက တောင်း ၊ သူ့ဆီမှာ သာသနာ့ မြေတွေကထွက်တဲ့ ခွန်သီးတော်တွေ ရှိလေရဲ့။

ဒါဖြင့် မင်းဇေကရာဇ်က ဘာတွေသုံးမလဲ။ တစ်တိုင်းတစ်ပြည်ကလာတဲ့ ပဏ္ဏာတော် လက်ဆောင် တော်တွေ၊ ပြီးတော့ မိမိပိုင် လယ်ယာကိုင်းကျွန်းတို့က ရတဲ့ငွေ။

အဲဒီလိုကျင့်ထိုးကို မကျင့်သုံးဘဲ မဆီမဆိုင်သဿမေဓအခွန်ထဲက သုံးတဲ့အတွက်သဘောမကျ လို့ ခင်ဗျားတို့ ရှင်ဘုရင် ဘုရင်ပါးမဝသေးပါဘူးလို့ဦးပေါ်ဦးပြောတာ။

ဒါပေမယ့် ဘာတွေဘယ်လိုပဲရှိရှိ မင်းတရားကြီးရဲ့ ရွှေနားတော်ကို ပေါက်ကြားသွားပြီ။

'အတွင်းဝန် ဦးပေါ်ဦးက ခင်ဗျားတို့ရှင်ဘုရင်ဟာ ဘုရင်ပါးမဝသေးပါကလား လို့ရွှေတိုက်စိုး ရဲ့ အခွန်ဝန်ကြီး ရှေ့မှာ ပြောသွားကြောင်းပါဘုရား'

ဘာမျှမပြောဘဲနဲ့တောင် 'ဦးပေါ်ဦးအိမ်မှာ လူအဝင်အထွက် အထူးများပြားပါတယ် ဘုရား၊ နန်းရိပ်ထီးဖြူ လုယူဖို့ တပည့်လက်သားမွေးပြီးလူစုနေဟန်ရှိသဖြင့် သတိထားတော်မူပါ ဘုရား' လို့မင်းတရားကြီးကို တင်တဲ့ လူရှိခဲ့ဖူးသေးတာပဲ။

အခုလို တကယ်ပြောတဲ့အခါမှာ တော့ ငိုချင်လျက်လက်တို့ဖြစ်သွားပြီး ကုန်းတိုက်ချင်သူတွေရဲ့ ရှေ့မှာ မှ ဦးပေါ်ဦးပြောမိတာကလား။ မင်းတရားကြီး အမျက်တော်ရှပြီး ယမ်းပုံမီးကျ အမျက်ဒေါ သထွက်ပုံကကြောက်စရာကြီး။

'ပေါ်ဦးသည် အခြားတစ်ပါးသော ထီးဆောင်းမင်းတို့ကြား၍ မျှမလျော်အောင် ရိုင်းပြစော်ကား

သည်။ အရှူးဟူ၍မြှောက်စားသူကောင်းပြုသည်။ ကျေးဇူးတော်ကိုမှ မမျှော်မထောက်၊ လွန်လွန်
ကျူးကျူး စော်ကားသော ငပေါ်ဦးအား စားကျေးစားလက် အဆောင်ရာထူးများ နုတ်သိမ်း၍
သိန္နီနယ်သို့ အကျဉ်းဖြင့်ပို့စေ’

တာသွားလှတဲ စကားတစ်ခွန်းကြောင့် ဦးပေါ်ဦးဒုက္ခရောက်ခဲ့ဖူးတယ်။

× × × × × × × × × × × × × × × × × × × × × × × ×

# သကြ္ကန်တော်ခေါ်ခြင်းအကြောင်း

အခါတစ်ပါးမှာ အောင်မြေလောက စေတီတော်ဒါယကာ ဘဝရှင်မင်းတရားကြီးအနေနဲ့ သကြ္ကန်တော်ခေါ်ခြင်းအကြောင်းကို ဆင်ခြင်သုံးသပ်တော်မူမိသည်။

'ရှေးရှေးသောမင်းအဆက်ဆက်မှ ငါ၏လက်ထက်တော်တိုင်အောင် သကြ္ကန်တော်ခေါ်ရိုးထုံးစံရှိခဲ့သည်။ မည်သည့် ထုံးဟောင်းအကြောင်း သင်္ဂေတကိုမျှော်၍ သကြ္ကန်တော်ခေါ်ရိုးထုံးစံဖြစ်လေသနည်း။ အင်း … ပေါ်ဦးကိုမေးဦးမှ ……..

အဲဒီလို ကြံစည်ရင်းစွဲရှိသည့်အတွက် နံနက်ညီလာခံ သဘင်မှာ ဝန်ကြီးအတွင်းဝန်၊ ဝန်ထောက်တွေ စုံညီတဲ့အခိုက် မေးတော်မူတယ်။

'ဟဲ့ … ပေါ်ဦး၊ မင်းဧကရာဇ်အပေါင်းတို့ ထီးဆောင်း မင်္ဂလာဥကင်တော်ဖွင့်လျှင် မြို့ပြင်သင့်ရာအရပ်၌ သကြ္ကန်တော်ခေါ်ရသည်။ တစ်စုံတစ်ခု ဉပါဒ်အန္တရာယ် ငြိတွယ်မကင်း အစီးအနင်းကြုံ၍သော်လည်းကောင်း၊ ဖုသျှနက္ခတ်နှင့် ကြုံ၍သော်လည်းကောင်း သကြ္ကန်ခေါ်လျှင်အတွင်းတော်မှာ ခေါ်ရသည်။

'ယင်းသို့ သကြ္ကန်တော်ခေါ်ရိုးထုံးရှိသည်မှာ မည်သည့်ထုံးဟောင်းအကြောင်း သင်္ဂေတကို မြှော်၍သကြ္ကန်တော်ခေါ်ရိုးပြုသည်ကို ဉပဒေနည်းလမ်း၊ ကျမ်းဂန်အထောက်ကိုးနှင့်တကွ နေရာတကျသံတော်ဦး တင်ရမည် မောင်မင်း'

အမတ်ကြီးဦးပေါ်ဦးအနေနဲ့ လက်နှစ်ဖက် ယှက်မိုးပြီး သံတော်ဦးတင်ရတော့တယ်။

'မှန်လှပါ၊ ဘုန်းတော်ကြောင့် မြတ်စွာဘုရားအလောင်းတော် 'မဟာသုတသောမ'မင်းကြီးဟာ ထက်ဝန်းကျင်သုံးယူဇနာ ပမာဏရှိတဲ့ ခြေသည်၊ ဆင်၊ မြင်း၊ အလုံးအရင်း အစောင့်အရှောက်နဲ့တကွ ဣန္ဒပပတ္ထနရိုရ်ပြည်ကြီးမှာ မိဂါဇိန်ဉယျာဉ်ရေကန်ကို ထွက်တော်မူပြီး ဖုသျှနက္ခတ်နဲ့ စန်းမြတ်ယှဉ်ကြည့်တဲ့အခါ မဟာသကြ္ကန်တော် ခေါ်ကြောင်းကို အသိတ်နိမိတ် မဟာသုတသောမ ဇာတ်တော်မှာ ပါရှိကြောင်း ပါဘုရား'

အမတ်ကြီး ဦးပေါ်ဦးအနေနဲ့ ဆက်လက် သံတော်ဦးတင်ပါသေးတယ်။

'မဟာ သုဒဿန စကြာမင်းဟာ 'ပန္နရသီတီတိရက်စေ့'ဉပုသ်နေ့မှာ သကြ္ကန်တော်ခေါ်ပြီးတော့ သီလကိုဆင်ခြင်လို့ မိုဲ့မြတ်သော ပြာသဒ်ထက်မှာ နေတော်မူတဲ့အခိုက် စကြာရတနာဆိုက်ရောက်လာကြောင်းကို မဟာသုဒဿနအသုတ်မှာ ဟောတော်မူပါတယ်ဘုရား'

မင်းတရားကြီးအနေနဲ့ ကျေနပ်ဟန်နဲ့ ခေါင်းညိတ်တော်မူတယ်။

'ထိုမှတစ်ပါး သိဝိတိုင်း အရိဋ္ဌပုရပြည်ကြီးမှာ သိဝိရာဇ်မင်းကြီးဟာ တစ်ဆယ့် ခြောက်လုံးသောနံ့သာရေတို့ဖြင့် ရေချိုးအပြီးမှာ သကြ္ကန်တော်ခေါ်ပြီးတော့ တန်ဆာဆင်အပ်သော ဆင်ထက်သို့တက်စီးသောအခါအလှူကြီးပေးကြောင်းကို ဝိသတ်နိပါတ်၊ သိဝိဇာတ်၌ လာသည် များကိုထောက်၍သကြ္ကန်တော်ခေါ်ကြောင်းကို သိအပ်ပါတယ်ဘုရား'

'အဲဒီလို သကြ္ကန်တော်ခေါ်ပြီးတော့ အလှူပေးတာ ၊ သီတင်းသီလ စောင့်သုံးတာတွေကိုပြုရင်း သုဒဿနစကြာမင်းလို စကြာရတနာများ လက်ငင်းဆိုက်ရောက် တတ်ပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိသေစွာ ရှိခိုးသံတော်ဦးတင်ဝံ့ပါတယ်ဘုရား'

အဲဒီလို တင်လျှောက်အဆုံးသတ်လိုက်တဲ့အခါမှာ ဘဝရှင်မင်းတရားကြီး အနေနဲ့ နှစ်သက်ကျေနပ် သဘောကျသွားတယ်တဲ့။

(သကြ်န်တော် ခေါ်တယ်ဆိုတာ ခေါင်းဆေးမင်္ဂလာ ပြုတာ၊ အခမ်းအနားနဲ့ ခေါင်းလျှော်ပွဲကျင်းပတာကိုခေါ်တယ်)

× × × × × × × × × × × × × × × × × × × × × × × ×

# ဦးပေါ်ဦးရေးသော မဲဇာရတု

တစ်ရံသော အခါမှာပေါ့။

အမရပူရ ပထမမြို့တည်နန်းတည်၊ ဆဒ္ဒန်ဆင်မင်း သခင် ဘဝရှင် မင်းတရားကြီးအနေနဲ့ ပျင်းရိ ငြီးငွေ့တော်မူတဲ့ အတွက် အတွင်းဝန် ဦးပေါ်ဦးကို ဒီလိုအမိန့်တော်ရှိတယ်။

'ဟဲ့ .....ပေါ်ဦး၊ ကိုယ်တော်ရှင်မြတ် အတွင်းတော်တွင် စံနေတော်မူရသည်ကို ပျင်းရိတော်မူသဖြင့် မောင်မင်းသည် ချက်ချင်းစာဆိုပြီး ယနေ့ပင် ဆက်သရမည် မောင်မင်း'

ဦးပေါ်ဦး အနေနဲ့ကလည်း လက်ရှက်မိုးပြီး တုန့်ပြန်လိုက်တယ်။

'မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘုရားငယ်ကျွန်ပေါ်ဦးက အရှင်မင်းကြီး အပျင်းတော်ပြေစေဖို့ အမြန်စာ ဆိုပြီးတော့ ကာ ဆက်သပါ့မယ်ဘုရား'

အဲဒီနောက်မှာ အမတ်ကြီး ဦးပေါ်ဦးဟာ အိမ်ကိုပြန်လာခဲ့တယ် အသင့်ရှိတဲ့မှတ်စု ပုရပိုက်ကို လှန်တယ်။ ဟောတွေ့ပြီ။ မင်းလက်ဝဲသုန္ဒရ ဆိုရတုများ၊ အဲဒီထဲက စာတွေကို ဦးပေါ်ဦးဟာ ပုရပိုက်အလွတ်ထဲကို ကူးရေးတော့တာပါပဲ။

ရတုဆိုတာ လင်္ကာသွားနဲ့ စပ်တဲ့ကဗျာ တစ်မျိုးပါ။ အချိုးအချညီရတယ်။ ပဒ ညီရတယ်။ အားလုံး သုံးပိုဒ်ရှိလျှင် 'ပိုဒ်စုံရတု' ခေါ်ပြီးနှစ်ပိုဒ်ရှိတဲ့ ရတုကိုတော့ အဖြည့်ခံရတု လို့ခေါ်တယ်။

ကဲ..... ဦးပေါ်ဦး ကူးချတဲ့ ရတုတွေကို ကြည့်ကြစို့ ။

(၁) မဲဇာတောင်ခြေစီး ထွေထွေ တည့်ဆိုပြီး စကားလို့ ဖြောင့်တန်းတော့မည်စိတ်ကရည်သည်၊ ရွှေပြည်ဌာန ဝေးကြောင့် ချတာက တစ်ပိုဒ်၊

(၂) ပွဲခါညောင်ရေ သွန်မြဲပေသည့် ... လို့ချီတော့ ကာ စေ့ရေလှည့်သည် တလျက်မြကသည်၊ နေခြည်ဖြာမှ နွေးသောကြောင့် .....လို့ချထားတာကတစ်ပိုဒ်

(၃) ပွဲခါညောင်ရေ သွန်မြဲပေသည့် ...လို့ချီတော့ ကာ စေ့ရေ လှည့်သည် တလျက်မြကသည် ၊ နေခြည်ဖြာမှ နွေးသောကြောင့် ..... လို့ချထားတာက တစ်ပိုဒ်။

အဲဒါဟာ ရတုပိုဒ်စုံပဲ။ လက်ဝဲသုန္ဒရ အမတ်ကြီး မဲဇာအရပ်က နေပြည်တော်ကို ပို့တော့ ဘုရင် စိတ်မကောင်းဖြစ်ပြီး ပြန်ခေါ်တဲ့ နာမည်ကျော်ရတုကြီးပဲ။

ဒါပေမယ့် အမတ်ကြီး ဦးပေါ်ဦးက ဒါလောက်နဲ့ မကျေနပ်သေးဘူး။ နောက်ထပ် ရတုပိုဒ်စုံ တစ်စုံ ထပ်ကူးပြန်တယ်။

ပထမအပိုဒ်က ဝေရွှန်း စန္ဒာ ချမ်းရိပ်သာတို့လို ချီပြီး ထွန်းလှည့်လည်သည်။ နေခြည်ထဲတွင် ပါလိမ့်မည် လို့ချထားတယ်။

ဒုတိယ အပိုဒ်အနေနဲ့ နေဝန်းဖန်ဝါ ထိန်စကြာလည်း ရယ်လို့ချီပြီးတော့ခါ ရွှေမြို့ရွှေပြည် ပတ်ဝန်း လည်လည် ရေကြည်သဲပြင် သာလိမ့်မည် လို့ချထားတယ်။

တတိယပိုဒ်မှာ နွေကျွန်းသန်ခါ ခုချိန်ခါကို လို့ချီပြီးမှ သားနှင်းရည်သည် ရွှေလည်ဆွဲချင်ရှာ လိမ့်မည် ရယ်.. .လို့ချထားသည်။

အမတ်ကြီး ဦးပေါ်ဦး ၊ ကူးယူတဲ့ ရတုဟာ စုစုပေါင်း ခြောက်ပိုဒ် စုစုပေါင်း နှစ်ပိုဒ်ပေါ့။

အမတ်ကြီးဦးပေါ်ဦးအနေနဲ့ အဲဒီရတုနှစ်ပိုဒ်စုံကို ကူးယူလာပြီးတော့ အတွင်းတော်မှာ မင်းတရားကြီးကိုဆက်သတာကိုး။ မင်းတရားကြီးလည်း ပုရပိုဒ်ပါစာများကိုသေချာစွာ ရှုစားတော်မူရာက…

'ဟဲ့ .. ပေါ်ဦး ဤပိုဒ်စုံရတုများသည် မောင်မင်း ရေးသားစီကုံးသော ရတုစာ မဟုတ်ပေ၊

ခမည်းတော်ဘုရား ရွှေလက်ထက်တော်က လက်ဝဲသုန္ဒရအမတ် ရေးစပ် စီကုံးသော စာပါကလား'

လို့မိန့်တော်မူတော့တာပေါ့။ ဒါပေမယ့် ဦးပေါ်ဦးကတော့ မလျှော့ပါဘူး။

ဘုန်းတော်ကြောင့် ဘုရာ့ငယ်ကျွန် ငယ်ဝန် ပေါ်ဦး ရေးတဲ့စာအမှန်ဖြစ်ကြောင်းပါဘုရား'

ဟုတ်တယ်လေ။ သူ့လက်ရေးနဲ့ ရေးထားတာမို့ မုသားမဖြစ်ပါဘူး။

'ပေါ်ဦး၊ မောင်မင်း ရေးသားသော စာဟုတင်သော်လည်း ယခင်မူအတိုင်းပင် ဖြစ်သည်'

ဒါလောက်မင်းတရားကြီးက အတိအကျ မိန့်မြွက်နေပါလျက်က ဦးပေါ်ဦး မလျှော့ပါဘူး။

'မှန်ပါ၊ ဘုန်းတော်ကြောင့် ဘုရာ့ကျွန်ဝန် ငပေါ်ဦး လက်ဝဲသုန္ဒရအမတ်တို့ ဉာဏ်ထပ်လို့သာ အခုလို တူနေရခြင်းဖြစ်ကြောင်း၊ ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်လျှောက်ထံ့ ပါတယ် ဘုရား'

ထင်ရှားတဲ့ စာကို ယူထားပြီး ဉာဏ်ချင်းတူနေလို့ပါ တင်လျှောက်တဲ့အတွက် မင်းတရားကြီးမှာ ရယ်မောနေရတော့တာပေါ့။ ဘုရင့် အပျင်းတော် ပြေအောင် ပျော်တော်ဆက်ရတာ ကလည်း မလွယ်ပါကလားနော်။

× × × × × × × × × × × × × × × × × × × × × × × × ×

# မြင်းစုဝန်ပေါ်ပေါက်လာခြင်း

ှမင်းသားမောင်ဝိုင်းနဲ့ မင်းသမီး မယ်သဲတို့အနေနဲ့ ဘိုးတော်ဦးဝိုင်းမဖြစ်မီ ပထမမြို့တည် နန်းတည်အောင်မြေလောက စေတီတော် ဒါယကာ မင်းတရားကြီး မဖြစ်ခင် အိမ်နိမ့်စံ ဘဝတုန်းက ရုံဖန် ရုံခါ ခစားဝင်ထွက်တဲ့ ရွှေလေးရှိတယ်။ ဆင်းရဲအတူ ချမ်းသာအမျှ နေထိုင်ပြီး ပြုစုလုပ်ကိုင်ကျွေးမွေး စောင့်ရှောက်သူကတော့ ကျော်ရွှေ၊ မြတ်ထင်၊ ပေါ်ဦးတို့ သုံးဦးပါပဲ။

ပေါ်ဦးကတော့ နှုတ်ရေးစကားတတ်မို့ မင်းသားရဲ့ အိမ်တော်မှာ ခစားရတာ များတယ်။ အဲ... ကျော်ရွှေးက စီမံ ခန့်ခွဲမှုကောင်းတဲ့အတွက် ဟိုဟိုသည်သည် လှည့်လည်သွားလာရတယ်။ မြတ်ထင်ကတော့ ဘာမျှ မတတ်ဘူး။ ထမ်းဟယ် ပိုးဟယ်သမား။

ဒီတော့ လေ့ထိုးလိုက်တယ်။ ရတဲ့အခကြေးငွေကို မိဖုရားမယ်သဲလက်ထဲအပ်တယ်။

ဒါကြောင့် အဲဒီသုံးယောက်ဟာဖြင့် မောင်ဝိုင်း မယ်သဲ တို့နဲ့ အိမ်တော်ပါ ငယ်ကျွန်ရင်းသာမက မွေးစားသား ခေါ်မယ်ဆိုရင်လည်း ခေါ်လောက်ပါပေတယ်။

ဖောင်းကားစားမောင်မောင်ကို သုတ်သင်အပြီးမှာ မင်းသားမောင်ဝိုင်းအနေနဲ့ ရွှေထီးနန်းကိုသိမ်းမြန်းအုပ်ချုပ်လို့ ဘုရင်ဖြစ်လာတယ်။ အမရပူရ ပထမ မြို့တည် နန်းတည်မင်းဖြစ်လာတယ်။ စရိုက်ကြမ်းကြမ်းနဲ့ ပေါ်ဦး ကျော်ရွှေတို့ကို မအေ နမ အလွန်ဆဲတဲ့ မြတ်ထင်ခမျာ ကံဆိုးချင်တော့ အပါးတော်မှာ မရှိဘူး။ သားမယားရှိရာ မင်းကွန်းတစ်ဖက်ကမ်းမှာ ရှိတဲ့ အာဘလောင်ကျွန်းကိုပြန်သွားချိန်နဲ့ တိုက်ဆိုင်နေလေရဲ့။

မင်းတရားကြီးအနေနဲ့လည်း ရှိတဲ့ လူနှစ်ယောက်ကိုပဲ ရာထူးဌာန္တရ များချီးမြှင့်တော်မူရတာပေါ့၊ ဒီအခါမှာ ကျော်ရွှေ က ရန်ကုန်မင်းကြီး ဦးကျော်ရွှေဖြစ်လာတယ်။ ပေါ်ဦးကလည်း ရာဇသင်္ကြန်ဘွဲ့နဲ့ ဖြတိုက်တော်အတွင်းဝန်ဦးပေါ်ဦး ဖြစ်သွားပြီ။

မြတ်ထင်ခမျာ သားမယားထံ ပြန်ရောက်သွားတော့ ချက်ချင်းဘယ်ပြန်နိုင်ဦးမလဲ။ အိမ်ပျက်တာပြင်၊ ကြွေးတင်တာ တွေဆပ် စိုက်ဖို့ပျိုးဖို့လုပ် ဆိုတာတွေနဲ့ ချာလည်လည်နေတယ်။

လပေါင်းအတော်ကြာမှ သတင်းသဲ့သဲ့ မြတ်ထင်ကြားရတယ်။

'မောင်ဝိုင်းဆိုတဲ့မင်းသားက ဖောင်းကားစားမင်းကို လုပ်ကြံပြီး နန်းတက်လာတာပဲ။'

မြတ်ထင်ဝမ်းသာပေမယ့် ချက်ချင်းမသွားရဲသေးဘူး ။ သေချာအောင်စုံစမ်းသေးတာ။ သေချာပြီးဖိဖိစီးစီးအုပ်ချုပ်ရုံမက မြို့သစ် နန်းသစ်တောင် တည်ပြီးပြီ။

လင်မရှိခိုက် ယူစားထားတဲ့ မြတ်ထင်ရဲ့ မယားရဲ့ ကြွေးတွေကျေပြီး ကျွန်းထဲမှာစိုက်ထားတဲ့ ဖရဲ၊ သခွား၊ ရှောက် ပဲမျိုးစုံ ကလည်း ကောင်းလိုက်တာ ၊ ကောင်းပေမယ့် မြတ်ထင် တွယ်တာမနေနိုင်၊ အိမ်ရှင်မပဲ ကြည့်ရှု ခန့်ခွဲလိမ့်မည်။ သူကတော့ ကောင်းပေ့ဆိုတဲ့ ဖရုံသီးတွေ၊ ဖရဲသီး၊ သခွားသီးကြီးတွေကို တောင်းကြီးနှစ်လုံးနဲ့ထည့် ၊ ဝါးလုံးနဲ့ လျှိုထမ်းလာပြီး ရွှေမြို့တော်ကို အပြေးလာတယ်။

ဒါပေမယ့် အိမ်နိမ့်တုန်းကသာ မြတ်ထင်ကြီးပြန်လာပဟေ့ဆိုပြီး အလွယ်ဝင်လို့ရတာကလား၊ အခုဘုရင့်နန်းတော်ထဲကိုဝင်ဖို့ ကျတော့ အချိန်လင့်နေတဲ့အတွက် ပွဲစားတစ်ယောက်အိမ်မှာ တစ်ညတာ ဝင်ရောက် နားခိုနေရတယ်။

တိုက်တိုက်ဆိုင်ဆိုင် ပါပဲ။

အဲဒီနေ့မှာ ရန်ကုန်မင်းကြီး ဦးကျော်ရွှေအနေနဲ့ ရွှေဖဝါးတော်မြတ်အောက်ကို အခစားဝင်လာချိန်နဲ့ တိုက်ဆိုင်နေတာကိုး။ ဝန်ကြီးဦးကျော်ရွှေဟာ မင်းခမ်းမင်းနားနဲ့ အင်းဝဆိပ်က တက်လာတယ်။ မြတ်ထင်တည်းခိုနေတဲ့ ပွဲရုံရှေ့က ဖြတ်အသွားမှာ မြတ်ထင်ကိုလှမ်းမြင်တယ်တဲ့။ နှုတ်ဆက် မယ်စိတ်ကူးရသော်လည်း နှုတ်မဆက်ရဲဘူး။

'ဟော့ ကောင်......... အမယ် မင်းက အခုဝန်ကြီး ဖြစ်နေသလား'

ဒီလိုနှုတ်ဆက်ရင်တော်သေးရဲ့။ ဝသီကြမ်းကြမ်းနဲ့ အဆဲကလေး ဖက်လာရင် ခက်ရချည်ရဲ့။

ဒါကြောင့် ဦးကျော်ရွှေ မနှုတ်ဆက်ရဲတာပါ။

အဲ .... မြတ်ထင်လည်း တောင်းနှစ်လုံးထမ်းပြီး ရွှေနန်းတော်ကိုလာတယ်။ အိမ်တော်ပါ ငယ်ကျွန်ဆိုတော့ ဝင်ခွင့် ရတယ်။ မှန်နန်းဆောင်မှာ မင်းတရားကြီးစံစားတော်မူတယ် သတင်းရတယ်။ ဒါကြောင့် မှန်နန်းဆောင်နားက မောင်းမလည်တန်းလျားက ခစားစောင့်ဆိုင်း နေလေရဲ့။

ဟော ...... မင်းတရားကြီး ကြွလာပြီ။

တောင်းနှစ်လုံးဘေးက ခေါင်းမွေးဘုတ်သိုက်နဲ့ မည်းမည်း ကြုတ်ကြုတ်သတ္တဝါကိုတန်းခနဲ မြင်တော်မူတယ်။

'မယ်မယ်ရယ် ပုစွန်ခြောက်များများ ဆီရွှဲရွှဲနဲ့ မန်ကျည်းရွက်သုတ်စားချင်လိုက်တာ'မြည်တမ်းဖူးတဲ့ မြတ်ထင်ကို မိဖုရားကြီးမယ်သဲမမေ့သလို၊ မင်းတရားကြီးလည်း မှတ်မိတော်မူတာပေါ့။

'ဟဲ့ နင် မြတ်ထင်မဟုတ်လား'

မြတ်ထင် မော်ကြည့်တယ်။

'မှန်လှကြောင်းပါ ဘုရား'

'နင်ပြန်တာ ကြာလှချည်လား မြတ်ထင်ရာ ဒါလောက်ပဲမိုက်မဲရသလား၊ တကယ်ဆိုရင် ကိုယ့်သခင် မင်းအဖြစ်ကို ရောက်တယ် ကြားရင် အပါးတော်ကို လာဖို့ကောင်းတယ်'

'မှန်လှပါ၊ အခု ကြားလျှင် ကြားချင်း အပြေးလာခဲ့တာပဲ ဘုရာ့'

'မောင်မင်း ပြန်သွားတဲ့အတွက် အပါးတော်မှာ ကျန်ရစ်တဲ့ဦးပေါ်ဦးရဲ့ ကျော်ရွှေတို့မှာ ရာထူးဌာနန္တရ အသီးသီးရကုန်ကြပြီ၊ နင်လည်းပဲ သူတို့လို အပါးတော်မှာ ရှိရင် သေနာပတိ ဝန်ကြီး မခန့်ရပါကလား'

မင်းတရားကြီးက အပြစ်တင် စကားဆိုတော်မူအပြီးမှာ ရွှေချိန်ခွက်တစ်ဆယ် သနားတော်မူလိုက်တယ်။ ဒါပေမယ့် မြတ်ထင်အနေနဲ့ ရွာကိုမပြန်ဘူး။ သူကလူကြမ်းပဲ။ မင်းတရားကြီးမိန့်တော်မူတာကို သူအမိပ္ပာယ်ကောက်ချင်သလို ကောက်တယ်။

'မင်းတရားက နင့်ကို ဝန်ကြီးမခန့်ရမလား ၊ မိန့်တော်မူတော့ အခုအပါးတော်ကို ငါရောက်နေပြီ
ပဲ ဝန်ကြီးဖြစ်ပြီပေါ့'

တည်းခိုတဲ့ ပွဲစားကြီးထံ ပြန်သွားတယ်။ သိဟောင်းကျွမ်းဟောင်းလည်းဖြစ် ၊ အိမ်တော်ပါ ငယ်
ကျွန်မှန်းလည်း သိထားတဲ့ပွဲစားကြီး မြတ်ထင်လိုသမျှ ငွေချိန်တစ်ဆယ်ထုခွဲပြီး ဆောင်ရွက်ပေးတယ်။

မြတ်ထင်အတွက်လိုအပ်တာတွေကတော့ လွှတ်တက်ဝန်ကြီးများဝတ်ဆင်တဲ့ ဖောင်း၊ နားတောင်း၊ အင်္ကျီ ၊
ပုဆိုးပေါ့။ နောက်တစ်ချက်က နောက်လိုက်နောက်ပါ အဆောင်ကိုင်များပေါ့။

ဝန်ကြီးဦးမြတ်ထင်အနေနဲ့ ကိုယ့်သဘောနဲ့ အခိပ္ပါယ်ကောက်ပြီး ဝန်ကြီးအဝတ်တွေဝတ်၊
ဝန်ကြီးအဆောင်အယောင်တွေ ဝတ်ဆင်လို့မို့ ၊ နောက်တစ်နေ့နံနက်မှာ လွှတ်တော်ပေါ်ကို
မိန့်မိန့်ကြီး တက်ထိုင်နေလေရဲ့။

အဲ ...... မကြာခင်မှာ ပဲ လွှတ်တော်ဝန်ကြီးလေးပါးအနေနဲ့ လုပ်ရိုးလုပ်စဉ်အတိုင်းတရားစစ်ဆေး
တာ၊ တိုင်းရေးပြည်မှုကြပ်မတ်ခန့်ခွဲတာတွေ ဆောင်ရွက်ဖို့ လွှတ်တော်တက်ဖို့ လာကြတာကိုး။
သူတို့အရင် ဝန်ကြီးတစ်ပါးရောက်နေတယ်။ သူတို့နဲ့ဆိုရင် ငါးပါးဖြစ်နေပြီ။

ဟာ ......ဒုက္ခပဲ။ လွှတ်တော်မှာ ဝန်ကြီးငါးပါးခန့်ရိုးထုံးစံလည်းမရှိဘူး။ ဘယ်သူဘယ်ဝါကို
လွှတ်တော်ဝန်ကြီး ခန့်အပ်ကြောင်းလည်း အမိန့်တော်ရှိသံမကြားပါလား။

လွှတ်တော်ဝန်ကြီးလေးပါးအနေနဲ့ လက်ကုပ်ကုပ်ကလေးနဲ့ ပြန်လာပြီး မြဲတိုက်တော်အတွင်း
ဝန် ဦးပေါ်ဦးကို ခေါ်မေးရတာပေါ့။

'အတွင်း ဝန်မင်းရေ ......လွှတ်တော်ဝန်ကြီးငါးပါးဖြစ်နေပြီ။ တဆိတ်လိုက်ပြီးကြည့်ပေးပါဦး'

အဲဒါနဲ့ ဦးပေါ်ဦးလည်း လွှတ်တော်ရုံးကိုလိုက်လာပြီးကြည့်ရတယ်။ လက်စသတ်တော့ အလွန်
ဆဲတဲ့ မြတ်ထင်ပါလား၊ သို့သော်လည်း မသိသလို မမြင်သလို လုပ်ပြီး ဆင်းပြေးခဲ့ရတယ်။

ဒီအရေးကို ကျွန်တော်မျိုးဆောင်ရွက်ပါ့မယ်။ စိတ်အေးအေးထားပြီး စောင့်ဆိုင်းတော်မူကြပါ။

ဦးပေါ်ဦးအတွင်းတော်ဝင်ခဲ့တယ်။ ဘုန်းတော်ကြောင့် လွှတ်တော်ဝန်ကြီးငါးပါးဖြစ်နေကြောင်း
အစချီပြီး သံတော်ဦးတင်ရတယ်။ ဒါလောက်နဲ့ မပြီးသေးဘဲ ၊ သူ့သူငယ်ချင်း အရှက်မကွဲရေး
အတွက် မိဖုရားခေါင်ကြီးကိုပါ သွားရောက်လျှောက်ထားတယ်။

မိဖုရားခေါင်ကြီးမယ်သဲ ငေါက်ခနဲ ထပြီး လိုက်လာတယ်။ မင်းတရားကြီးရှေ့တော်မှာဖြင့် ကိုယ့်
ဟာကိုယ်ခန့် ဝန်ကြီး ဦးမြတ်ထင်ကို မျက်နှာသေလေးနဲ့ တွေ့လေရော။

'ငါ့သား မြတ်ထင် နင်အခုမှ ရောက်လာရသလား၊ ဟင် နင့်ခေါင်းမှာလည်း ဆီမရှိပါကလား၊
လာလိုက်ခဲ့ မယ်ဘုရားကိုယ်တိုင် ခေါင်းဖြီးပြီး ဆီလိမ်းပေးမယ်'

မိဖုရားခေါင်ကြီးက သန်းကျိုကျိုနဲ့ သျှောင်ကြီးကို မရွံမရှာ ဆွဲခေါ်သွားလေရဲ့။

မိဖုရားကြီးဘာပြောတာတုန်း။ ကျွန်တော်မရဲ့ သားငမြတ်ထင်ကို ကျော်ရွှေး ဦးပေါ်ဦးနဲ့ အရာ
တန်းတူ ပေးရမယ်လို့အသံမထွက်ဘဲ ပြောသွားတာပဲ။

ဒီတော့မင်းတရားကြီးမှာ ဦးပေါ်ဦးကိုတိုင်ပင်တော်မူရတော့တယ်လေ။

'မြတ်ထင်သည် အိမ်တော်တွင် စံစဉ်အခါကတည်းကပင် ငါကိုယ်တော်ရှင်မြတ်၏ အကျိုးကို
သည်ပိုးဆောင်ရွက်ခဲ့ဖူးသည် ။ ရာထူးအလိုရှိက ပေးထိုက်ပေသည် ပေါ်ဦး'

'မှန်လှကြောင်းပါ ဘုရား'

'အေး ..အဲ့ဒီတော့ မြတ်ထင်အရှူးနဲ့ ဘယ်ရာထူးနဲ့ သင့်မတုန်း၊ မောင်မင်းပဲ စဉ်းစားကြည့်ပါအုံး'

အမတ်ကြီးဦးပေါ်ဦးလက်အုပ်ချီလိုက်တယ်။

'မှန်လှပါ ဘုရား ၊ ဘုန်းတော်ကြောင့် တိုင်းရှင်ပြည်ရှင် ဘုရင်မင်းမြတ်များဟာ မှူးမတ်ကျေးကျွန်
တွေထကြ သင့်တော်ရာကရွေးကောက်ပြီး ချီးမြှောက်ထိုက်ကြောင်းကို ကျမ်းဟောင်း တို့ရဲ့
လာရှိကြောင်းပါ ဘုရား'

'အဲ့ဒါကြောင့် အဲ့ဒီအရှူးနဲ့ ဘယ်နေရာတော်မလဲ ကိုယ်တော်မေးနေတာပေါ့ ပေါ်ဦးရဲ့'

'မှန်လှပါ ၊ သခင်မြင့်က ကျွန်တင့်ပြန်သည် ဆိုသလိုပါပဲဘုရား၊ မောင်မြတ်ထင်လည်း အရှင်
မင်းကြီးအထွတ်အထိပ်သို့မရောက်သေးမီကပင် ဝင်ရောက်ခစားဖူးသူဖြစ်တာနဲ့ အညီ
အရှင်ဖြစ်သူ မင်းဧကရာဇ်အဖြစ်သို့ ရောက်နေချိန်မှာ ချီးမြှောက်ထိုက်ပါတယ်။ အဲဒါကြောင့်
ဆင်းရဲဖော် ချမ်းသာဘက်ဖြစ်တဲ့ မောင်မြတ်ထင်အား 'မြင်းစုဝန်' ခန့်သင့်ပါကြောင်း ရွှေဖဝါး
တော်မြတ်အောက် ရှိခိုးလျှောက်ထားဝံ့ပါသည် ဘုရား'

ယခုဦးပေါ်ဦးတင်သည့်အတိုင်းမြတ်ထင်အား မြင်းစုဝန်ခန့်တော်မူသည်။ ကြည်ဖြူစွာ အမှုထမ်း
၍ ချမ်းသာစွာနေစေ ............

မင်းတရားကြီးအနေနဲ့ ဝမ်းသားအားရစွာနဲ့ အမိန့်တော်မြတ်ချမှတ်တော်မူလိုက်တယ်။

စာတစ်ချို့မှာ ဘိုးတော်မင်းတရားကြီးမတိုင်မီ မင်းများရဲ့ လက်ထက်တော်တွေမှာ မြင်းစုဝန်ဆို
တာမရှိဘူးတဲ့ ။ ဘိုးတော်မင်းတရား ရွှေလက်ထက်တော် မြတ်ထင် အကျပ်အတည်းမှာ
ဦးပေါ်ဦး ကြံစည်တီထွင်လိုက်တဲ့နေရာ ဖြစ်ပါသည်တဲ့။

× × × × × × × × × × × × × × × × × × × × × × × ×

# လွှယ်အိတ်မည်းကြီးပုံပြင်

ပုံပြင်အကြောင်းမဖော်ပြခင်မှာ ဦးပေါ်ဦး ခစားရတဲ့ မင်းပြောင်းသွားပုံကို တင်ပြမယ်။ မိဖုရားကြီးငယ် ရွှယ်လတ်ပေါင်း ၅၉ ယောက်၊ သားတော်ခြောက်ကျိပ်တစ်ယောက်နဲ့ သမီးတော် ခြောက်ကျိပ်တစ် ယောက်ရှိခဲ့တဲ့ အမရပူရ ပထမမြို့တည်နန်းတော် အောင်မြေလောကစေတီတော် ဒါယကာ ဘိုးတော် မင်းတရားကြီးအနေနဲ့ မြန်မာ သက္ကရာဇ် (၁၁၈၁)ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်နေ့မှာ နတ်ရွာ စံတော်မူတယ်။

ထီးမွေနန်းမွေ ဆက်ခံသူက သားတော်မဟုတ်ဘူး။ ကွယ်လွန်သူ အိမ်ရှေ့မင်းရဲ့ သားတော်ဖြစ်တဲ့ မြေးတော် စစ်ကိုင်းမင်းက အရိုက်အရာကိုဆက်ခံစိုးစံတော်မူတယ်။

မင်းတုန်းမင်းနဲ့ ကနောင်မင်းသားကြီးတို့ရဲ့ဘကြီးအဖြစ်တော်စပ်တဲ့အတွက် ဘကြီးတော်ရယ်လို့ နောင်အခါမှာ အမည်တွင်မယ့် စစ်ကိုင်းမင်းသား နန်းတက်ချိန်ဟာ ဘိုးတော်နတ်ရွာလားပြီး နောက်တစ်ရက်ကျော်ဖြစ်တဲ့ နယုန်လပြည့်နေ့လေ။

အိမ်နိမ့်စံ မောင်မောင်စိန်အမည်ရှိတဲ့ ဘကြီးတော်မင်းတရားကို ဖန်နန်းရှင်လို့လည်း ခေါ်ကြပါ သေးတယ် ။ သူ့အနေနဲ့ အမရပူရ မြို့တော်မှာ ဆက်လက်မစံစားလိုဘူး။ ရှေ့မင်းပေါင်းများ စွာ နန်းစိုက်ခဲ့တဲ့ ရတနာပူရ အင်းဝမြို့ကို ပြောင်းရွှေ့နန်းစံတယ်။

ဒါကြောင့်သူ့ကို (ရတနာပူရစတုတ္ထနန်းတည် မင်း ရယ်လို့ခေါ်ကြပြန်သေးတယ် ။ အဲဒီမင်းရဲ့ နန်းတော်မှာ ဖန်တွေမှန်တွေ တအားစီခြယ်ထားလို့မို့ ဖန်နန်းရှင်လို့ ခေါ်တာဖြစ်လေရဲ့။

ဖန်နန်းရှင်မိဖုရားကြီးရဲ့ အမြတ်နိုးဆုံး မိဖုရားကြီးက တော့ သီရိပဝရမဟာရာဇိန္ဒာရတနာဒေဝီ၊ အရပ်အခေါ် မယ်နုပေါ့။ မိဖုရားကြီးရဲ့မောင် စလင်းမင်းသားကြီးက သတိုးမင်းလှကျော်ထင်ဘွဲ့ နဲ့ သီရိသုမဟာ ဓမ္မရာဇာဘွဲ့များ ချီးမြှင့်ခံခဲ့ရတယ်။ အရပ်အခေါ်မောင်အိုး။

ဖန်နန်းရှင်မင်းတရားကြီးအနေနဲ့ ညီတော်သာယာဝတီစားမင်းသားကို သီရိမဟာသုဓမ္မရာဇာဘွဲ့ ပေးသလို ဘိုးတော်မင်းတရားကြီးရဲ့ ပျော်တော်ဝန် ဦးပေါ်ဦးကိုလည်း မဟာနန္ဒသင်္ကြန်ဘွဲ့နဲ့ ဆောမြို့ကိုစားနေရာက ဝန်ကြီးသတိုးမင်းကြီးမင်းခေါင်ဘွဲ့နဲ့ အဂ္ဂမဟာသေနာပတိ ဗိုလ်မှူး ဝန်ကြီးအဖြစ်ပါ ထပ် ဆင့် မြှောက်စားသေးတယ်။

မဟာဝိဇယသီရိစေတီတော်ဒါယကာ ဖန်နန်းရှင် မင်းတရားကြီးအနေနဲ့ တစ်ခုသော ညီလာခံမှာ မှူးမတ်များကို ဆုံးမစကားမိန့်ကြားတော်မူတယ်။

‘ မောင်မင်းတို့ ........ ဝန်ကြီးအတွင်းဝန် စသည့် အရာရှိကြီးငယ်တို့ဟာ ထိုက်ရာသက်ရာ စီရင်နိုင်သော အမှုပိုင် တရားပိုင် ၊ အာဏာပိုင်များဖြစ်ကြလေသည်။ ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာ ဆိုတဲ့ အဂတိလေးပါးဟာ အပါယ်ကျရာ ကျကြောင်းဖြစ်ရကား အဂတိလေးပါး မလိုက်စားကြလေနှင့်ချစ်၍လည်းကောင်း၊ အမျက်ဒေါသထွက်၍လည်းကောင်း၊ ကြောက်ရွံ့ သောကြောင့်လည်းကောင်း ၊ လက်ဆောင်ပဏ္ဏာလာဘ်တံစိုးရ၍လည်းကောင်း၊ မမှန်ကန်သော တရားကိုစီရင်ငြားအံ့၊ လကွယ်ညကဲ့သို့ အခြံအရံအကျော်အစောသတင်းကောင်းတို့ ဆုတ် ယုတ်ရာ၏။

‘အဂတိလေးပါး ကင်းစင်လျက် ၊ မှန်ကန်စွာကျင့်ဆောင်သောသူသည် ၊ ဆန်းစသော်တာ စန္ဒီမာ လမင်းအလားအခြံအရံ စည်းစိမ်ဥစ္စာ တိုးပွားခြင်း၊ ကောင်းသတင်းကျော်စောခြင်း ၊ တန်ခိုး အာဏာတိုးတက်ခြင်း တို့ဖြင့် လပြည့်အလားပြည့်ဝတိုးပွားလိမ့်မည်။ သို့ကြောင့် အဂတိလေးဖြာ

မိစ္ဆာစာရကို မကျင့်ကြံနဲ့ ။ ငါကိုယ်တော်ရှင်မြတ်အတွက်သော်ကား စိုးရိမ်ဖွယ်ရာမရှိ။ မင်းတို့ ကျင့်ရာဆယ်ဖြာသော ရာဇဓမ္မသင်္ဂဟ တရားတို့နှင့်အညီ ကျင့်တော်မူမည် မောင်မင်းများ'

ဒီအခါမှာ အမတ်ကြီးဦးပေါ်ဦးအနေနဲ့ လက်ဆယ်ဖြာ ထိပ်မှာမိုးလို့ ရှိခိုးသံတော်ဦးတင်တာက....

'ဘုန်းတော်ကြောင့် ဘဝရှင်မင်းတရားနဲ့ ကျွန်တော်မျိုး တို့မှာ ညီအစ်မနှစ်ယောက် ဥပမာ ပုံပြင် လိုဖြစ်နေပါပြီ ဘုရား' ရယ်လို့ဖြစ်ပါတယ်။

'ညီအစ်မနှစ်ယောက်ဥပမာပုံပြင်တဲ့လား၊ ကိုယ်တော်မကြားဖူးဘူးမင်းကြီး၊ အပြည့်အစုံတင် လျှောက်ပါ'

ဘကြီးတော်မင်းတရားကြီးနဲ့ မရင်းနှီးဘူး၊ နတ်ရွာစံမင်းတရားကြီးကတော့ 'ဟဲ့ ... ပေါ်ဦး၊ ခွေးမသား၊ အရူး' စုံနေတာပဲ။ အခုတော့ ခေါ်ရိုးခေါ် စဉ် မင်းကြီးတဲ့ ။

ဒါပေမယ့် .......ဦးပေါ်ဦးအနေနဲ့ကတော့ ဝသီကို မဖျောက်ပါဘူး။ အချက်တွေ့ရင်ထောက်ပြ တုန်းပါပဲ။

'မှန်လှပါ ၊ ဘုန်းတော်ကြောင့် ရှေးသရောအခါက ရွာတစ်ရွာမှာ အပျိုကြီးညီအစ်မတို့ ရှိသတဲ့ ဘုရား'

ဖန်နန်းရှင်မင်းတရားကြီးအနေနဲ့ကလည်း သူ့ဘိုးတော် ရဲ့ ငယ်ကျွန်အမတ်ကြီး ပျော်တော်ဆက် တတ်ပုံကို သိထားပြီးလေတော့ ပြုံးစေ့စေ့နဲ့နားဆင်နေလေရဲ့။

'အဲဒီရွာမှာ အစ်မကြီးအပျိုကြီးကို လိုချင်နေတဲ့ လူတစ်ယောက်လဲ ရှိပါသတဲ့။ သို့သော်လည်း အဲ့ဒီလူဟာ လူပျိုကြီးမဟုတ်ဘူး ဘုရား၊ အိမ်ထောင်ပျက် လူအိုတစ်ယောက်သာ ဖြစ်ကြောင်းပါ ဘုရား'

ထိုညီအစ်မနဲ့ ဘုရင်နဲ့ အမတ်တွေနဲ့ ဘယ်လိုတူနေပါလိမ့်။ အမတ်တွေလည်း စိတ်ဝင်တစားနဲ့ နားထောင်နေကြတာကလား။

'အဲဒီလူအိုဟာ လူလစ်တိုင်း လူလစ်တိုင်း အစ်မကြီးအပျိုကြီးဆီလာပြီး စကားပြောပါသတဲ့ ဘုရား၊ ညီမငယ်ကလဲ အားလပ်တဲ့အချိန်ဆိုရင် အိမ်နီးနားချင်းအိမ်တွေကိုလျှောက်လျှောက်ပြီး လည်ပတ်လေ့ရှိပါသတဲ့ဘုရား၊ တစ်နေ့မှာတော့ ညီမအပျိုကြီးဟာ အိမ်လည်ရာက ပြန်လာ တဲ့အခါမှာ အိမ်ထရံမှာချိတ်ထားတဲ့ လွယ်အိတ်မည်းကြီးကို မြင်တဲ့အတွက်အသာကလေးပြန် ဆင်းသွားပြီးချောင်းဟန့်အသံပေးပြီးပြန်တက်လာပါသတဲ့ဘုရား'

'အင်း .. အင်း ... ဘယ်လိုဆက်ဖြစ်တယ်ဆိုတာ တင်ပါဦးမင်းကြီးရဲ့ '

ကာယကံရှင်အနေနဲ့ အရေးတယူ တုံ့ပြန်တယ်။ ဦးပေါ်ဦးလည်း အားတက်သရော ဆက်တင် တာပေါ့။

'ဒီအခါမှာ အစ်မကြီးက ပျာသီးပျာယာနဲ့ ထွက်လာသတဲ့ဘုရား၊ အိမ်ထဲမှာ အဲ့ဟိုလူအိုရောက်နေ တာကို ညီမ မသိစေချင်လို့ စကားဖာပါသတဲ့ဘုရား၊ 'ဟဲ့ .....ညီမ ၊ ဘယ်တွေလျှောက်သွား နေတာတုန်းပေါ့' ညီမကလဲ မသိလေဟန်နဲ့ .........

'အစ်မ ......အစ်မ ၊ ကျွန်မတို့အိမ်ကို ဘယ်သူလာသေးတုန်း'

'မေးပါတယ်ဘုရား၊အစ်မကြီးက လွယ်အိတ်မည်းကြီးကို ညီမမြင်ပြီးလို့ ပြန်ဆင်းသွားတာမသိ လေတော့ ..........

'အမယ်လေးအေ၊ ဘယ်သူမှ မလာပါဘူး။ ညည်းက ဘာပြုလို့ ယနေ့မှ ထူးထူးဆန်းဆန်းမေး ရတာတုန်း၊ အေးငါကတော့ ကိစ္စမရှိပါဘူး။ ညည်းကတာ အိမ်တကာလျှောက်လည်နေလို့ ညည်းအတွက်သာ ငါက စိတ်မချတာ'

လို့ဆိုပါတယ်ဘုရား၊ ဒီအခါမှာ ညီမဖြစ်သူ အပျိုကြီးပြန်ပြောလိုက်ပုံကတော့ ........

'အစ်မကြီးကသာ အိမ်ကို ဘယ်သူမှ မလာဘူးပြောနေပေမယ့် လွယ်အိတ်မည်း မြင်နေရသားနဲ့'

ရယ်လို့ ဖြစ်ပါတယ်ဘုရား၊ ယခုလဲ ဘဝရှင်မင်းတရားကြီးနဲ့ကျွန်တော်မျိုးတို့မှာ အဲ့ဒီညီအစ်မ နဲ့ တူနေကြောင်းပါ ဘုရား'

အရှင်မင်းကြီး အဂတိလေးပါး လိုက်စားနေပြီး ကျွန်တော်မျိုးတို့ကို ဆုံးမနေရသလားလို့ တည့် တည့် မမေးဘဲ သွယ်ဝိုက်ပြီး မေးတဲ့စကားကို ဆိုရင် ရနိုင်တာပေါ့။

ဒါပေမယ့် ဖန်နန်းရှင်မင်းတရားကြီးအနေနဲ့ ထွေထွေထူးထူးမမိန့်ပါ။ ပြုံးရုံပဲ ပြုံးနေပါတယ်။

× × × × × × × × × × × × × × × × × × × × × × × × × ×

# အပျိုချောရဲ့ ခြေသလုံးပုံပြင်

ဖန်နန်းရှင်မင်းတရားကြီး အနေနဲ့ အင်းဝမြို့တော်ဟောင်းကို မွမ်းမံပြုပြင်တော်မူရာမှာ လမ်းတွေကို ချဲ့ထွင်တာလည်း ပါဝင်တာပေါ့။ လမ်းတွေကို ချဲ့ထွင်ပြုပြင်တဲ့အခါ စေတီတော်တစ်ဆူ အနေနဲ့ လမ်းနဲ့မလွတ်ဘူး။ စေတီတော်ကို ဖျက်ပြီးရွှေ့မျှ လမ်းဖြောင့် မယ် ။ ကျယ်ဝန်းလာမယ်။

သာသနာ့ဒါယကာ မင်းတစ်ပါးအနေနဲ့ ဘာသာရေးကို ထိခိုက်လို့မဖြစ်ဘူး။ အရေးတယူ အလေးမူ ရလိမ့်မယ်။ ဒါကြောင့် ဆရာတော် သံဃာတော်များကို ပင့်ဖိတ် ဆွမ်းကပ်တယ်။ လမ်းနဲ့ မလွတ်တဲ့ စေတီတော်အကြောင်း မေးမြန်းလျှောက်ထားတယ်။ ဘယ်ဆရာတော်ကမှ ဖျက်တာမဟုတ်ဘူး။ ရွှေ့တာပဲ ၊ ရွှေ့ကောင်းတယ် လို့ မိန့်တော်မမူကြဘူး။ မရွှေ့ကောင်းရယ်လို့ သာ မိန့်တော်မူကြတယ်။

ဖန်နန်းရှင် မင်းတရားကြီးကတော့ စေတီတော်ကို ရွှေ့ချင်တယ်။ ရွှေ့မှသာ လမ်းကြီးကျယ်ဝန်းဖြောင့်တန်းသွားမှာကိုး။ သို့သော်လည်း သူတစ်ဦးတည်း သဘောနဲ့ လုပ်ရာလည်း အရောက်မခံချင်ဘူး။ ကြံဖော်ကြံဖက် အနည်းဆုံး တစ်ယောက်တော့ ရှိနေစေချင်တယ်။

ဒီအတွက် ညီလာခံသဘင်မှာ ဗိုလ်ပုံစံလင်တဲ့ အခိုက် မေးတော်မူတယ်။

'ကိုယ်တော့်မှာ ဆရာတော်သမားတော်များရဲ့ စကားကို ပယ်လှန်ရန်အခက်၊ စေတီတော်လမ်းနဲ့ မလွတ်ဘဲ မရွှေ့ဘဲ ထားရအခက်ဖြစ်နေတယ်မင်းကြီး၊ မင်းကြီးသဘောတင်ပါဘိ'

အမတ်ကြီးဦးပေါ်ဦး သိတယ်လေ။ ငါ့အရှင်မင်းတရားကြီးဟာ မရွှေ့ကောင်းဘူး သံဃာတော်တွေမိန့်သွားပါလျက်နဲ့ မေးနေတာဟာ သူ့ဘက်က အဖော်လိုနေလို့သာ ဖြစ်ရမယ်ဆိုတာ သိတယ်လေ။ သိတဲ့အတွက် မင်းလိုလိုက်ပြီး မင်းကြိုက်တင်တယ်။

'မှန်လှပါ ဘုန်းတော်ကြောင့် ဘုရင်မင်းတရားကြီးဟာ ဘုရားကို ရွှေ့ပြောင်းချင်တဲ့ဆန္ဒတော်ပြင်းပြနေခြင်းမှာ ကောင်းမြတ်သော စိတ်နဲ့ ရွှေ့လိုခြင်းသာဖြစ်ပါသောကြောင့် စိတ်ထားမြတ်လျှင် ကုသိုလ်လို့ နလုံးတော်ပိုက်ပြီး ရွှေ့သာ ရွှေ့တော်မူပါ ဘုရား'

အမတ်တွေ အံ့အားသင့်သွားသော်လည်း ဖန်နန်းရှင် မင်းတရားကြီး ကြည်သာရွှင်ပြုံးဖြစ်သွားတော်မူတယ်။ အဲ...... ပြုံးပြုံးရယ်ရယ် ဖြစ်သွားပေမယ့် မင်းလိုလိုက်ပြီး မင်းရဲ့ အကြိုက်ကိုလိုက်ပြီး တင်တာဖြစ်နိုင်ကြောင်းကိုလည်း သတိမလစ်ဘူး ၊ဒါကြောင့် ဦးပေါ်ဦးကိုပဲ မေးတော်မူတယ်။

'ကောင်းပြီ မင်းကြီး ၊ အခုမင်းကြီး တင်တဲ့အတိုင်း ကောင်းမြတ်တဲ့စေတနာနဲ့ ဘုရားကို ရွှေ့မယ်၊ ရွှေ့တဲ့နေရာမှာမင်းကြီးကိုပဲ ဘုရားဖျက်ပြီး ရွှေ့ဖို့စေခိုင်းရင် မင်းကြီးက ဘုရားဖျက်သူ ကိုယ်တော်ရှင်မြတ် ကအဖျက်ခိုင်းသူ၊ ဒီသူနှစ်ဦး အပါယ်လားရင် ဘယ်သူခံမည်နည်း မင်းကြီး'

ရယ်ရယ်မောမောနဲ့ အမေးတော်ရှိတာ ဖြစ်လေတယ်။ ဒါကြောင့် ဦးပေါ်ဦးက တင်လျှောက်တယ်။

'မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘဝရှင်မင်းတရားကြီးမေးတော်မူတဲ့ အမေးကို ရှေးရှေးတုန်းက သားအဖ နှစ်ယောက်ပုံပြင်စကားနဲ့ ဥပမာထားပြီး သံတော်ဦးတင်ပါရစေဘုရား'

'သားအဖနှစ်ယောက်ပုံပြင်ကို ရွှေနားဆင်တော်မူသည် မင်းကြီး'

'ရွှေနားဆင်တော်မူပါ ဘုရား'

'ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာက သားအဖနှစ်ယောက် ရှိကြပါသတဲ့ ဘုရား၊ ဖအေက တည်တည်တန့်တန့် ဣန္ဒြေသိက္ခာနဲ့ နေတတ်ပေမယ့် သားကတော့ ဘလွတ်ရွတ်တ ပြောပြီးနောက်နောက် ပြောင်ပြောင် ရယ်ရယ်မောမော နေတတ်တဲ့ ဝါသနာရှိသတဲ့ဘုရား။'

တစ်နေ့ကျတော့ သားအဖနှစ်ယောက်ခရီးတစ်ခုကို အတူသွားဖြစ်ကြပါတယ်ဘုရား။ သူတို့ရှေ့မှာလည်း အပျို ချော ကလေးတစ်ယောက်ကို လှုပ်လီလှုပ်လဲ့နဲ့သွားနေတာမြင်တဲ့ အခါ သားဖြစ်သူရဲ့ ရင်ထဲက ယားကျိကျိ ဖြစ်လာပြီး .............

'အဖေ ....... အဖေ ၊ ရှေ့ကသွားနေတဲ့ အပျိုကို သရော်ရရင် အတော် ရယ်စရာကောင်းမှာပဲ အဖေ'

လို့သားဖြစ်သူက အဖေကို ပြောပါတယ်ဘုရား ။ ဖအေက သူ့ထုံးစံ သူ့ဝတ်အရ....

'ဟဲ့ သား ......... သူတစ်ပါးကို မသရော်ချင်နဲ့ကွယ်၊ မတော်တဆ ပြန်ပြီးဆဲလို့ရှိရင် အရှက်ကွဲတတ်တယ်ကွဲ့'

ရယ်လို့ ပြောပြီး တားမြစ်တဲ့အခါ........

'စိုးရိမ်မနေစမ်းပါနဲ့ အဖေရာ၊ ဒီအပျို ကို ဘာပြုလို့ နိုင်အောင် မပြောနိုင်ရမှာတုန်း'

ဆိုပြီးတော့ ရှေ့ကသွားနေတဲ့ မိန်းကလေးကြားအောင် မကြားတကြား လေသံနဲ့ ပြောပါသတဲ့ဘုရား။

'ဘယ်လိုများပြောပါလိမ့် မင်းကြီး၊ ဆက်ပြီးတင်စမ်းပါဦး'

မင်းတရားကြီး လည်း သိချင်ဇော များနေပြီလေ။

'မှန်ပါ သားဖြစ်သူ လှမ်းပြီး မကြားတကြား ပြောလိုက်ပုံကတော့ ..........

'အဖေ ........အဖေ၊ ရှေ့ကသွားနေတဲ့ မိန်းကလေးကို ကြည့်စမ်းပါဦးဗျာ၊ မိန်းကလေး လှချင်ပါလျက်နဲ့ ခြေသလုံး ကြီးက တုပ်ပွပွနဲ့ဗျာ ၊ အကြည့်ရဆိုးလိုက်တာ '

ရယ်လို့ဖြစ်ပါတယ်ဘုရား၊ မိန်းကလေးက ဆတ်ဆတ်ကျဲနဲ့သွားတိုးတာကိုး ဘုရား၊ မိန်းကလေးကချာခနဲလှည့်ကြည့်ပြီး ....

'ကျုပ်ခြေသလုံးတုပ်တာ မောင့်အပူလား၊ မောင့်ပုခုံးနဲ့ ထမ်းထားလို့ မောင်ကပြောနေတာလား'

ပြန်ရန်တွေ့တဲ့အခါမှာ လူရွှတ်လူနောက် ကောက်ကာငင်ကာ ပြောလိုက်ပုံကတော့ .........

'အို ... အမိငယ် ၊ အမိရဲ့ ခြေသလုံး တုပ်တုပ်ပွပွကို ငါကတော့ မထမ်းဘူးဟေ့ ၊ ထမ်းချင်ရင် ငါ့အဖေ ထမ်းလိမ့်မဟ'

ရယ်လို့ဖြစ်ပါတယ်ဘုရား၊ ဖအေလည်း မျက်ထောင့် ကြီးနီလာပြီး ဒေါသတကြီးနဲ့ ....

'အံမာ ....နှုတ်သရမ်းတာကမင်း ၊ ခြေသလုံးထမ်းဖို့ ကျတော့ ငါ၊ အတော်မတရားတဲ့ကောင်'

လို့သားကို မာန်ပါသတဲ့ဘုရား၊ ဒီအခါမှာ သားကလည်းအလျှော့မပေးသေးဘဲ.

'အဲဒါကြောင့် အစကတည်းက အဖေ့ကို တိုင်ပင်သားပဲ။ မထူးပါဘူးအဖေရာ ၊ ဒီအခြေဆိုက်မှ
တော့ ခြေသလုံးတုပ်ပွပွကို ကြိုးစားပြီးတာ ထမ်းလိုက်ပေတော့'

လို့ပြောလိုက်ကြောင်း ရှိခိုးသံတော်ဦးတင်ရကြောင်း ပါဘုရား

အဲဒီလို အမတ်ကြီးဦးပေါ်ဦးရဲ့ ပုံပြင်အဆုံးမှာ ဖန်းနန်းရှင်မင်းတရားကြီး ရယ်ရယ်မောမောနဲ့ ..

'တော်တော့ တန်တော့ ၊ မင်းကြီးရဲ့စကားအပယ်လားရင်ကြိုးစားပြီး ကိုယ်တော်ခံ'ဆိုတဲ့ အဓိပ္ပာယ်ရောက်နေပြီ ၊
စေတီတော်လည်း မရွှေ့ပါနဲ့တော့၊ ခြေသလုံးတုပ်ပွပွ ထမ်းတဲ့အဖေလည်း မဖြစ်ပါရစေနဲ့'

ရယ်လို့မိန့်တော်မူတဲ့အတွက် မှူးတော်မတ်တော်များရွှင်ကြည်မစဲ တသဲသဲ ရယ်မောကြတော့
တာကိုး။

× × × × × × × × × × × × × × × × × × × × × × ×

# ဖိနပ်ထိုးသမားပုံပြင်

ဖန်နန်းရှင်မင်းတရားကြီးအနေနဲ့ နိုင်ငံတကာ ဗဟုသုတတွေကိုတအားလေ့လာ လိုက်စားတော်မူ တယ်။ မဇ္ဈိမဒေသက စာပေကျမ်းဂန်များကို လေ့လာသလို၊ သင်္ဘောတိုင်းပြည်လို့ခေါ်တဲ့ ဥရောပ အရပ်က စာပေများကိုလည်း ရတတ်သမျှ ဖတ်ရှုတော်မူတယ်။ ရွှေဖဝါးတော်အောက်ကို အခစားဝင် လာတဲ့သံတမန်များထံမှလည်း စုံစမ်း မေးမြန်းတော်မူတယ်။

ဒီအခါမှာ မဇ္ဈိမဒေသနဲ့သီဟိုဠ်ကျွန်းခရီးအကြားမှာကပ္ပလီကျွန်းဆိုတာရှိတဲ့ အကြောင်းသိတော်မူရတယ်။ ဒါပေမယ့် တင်သူများက အကျယ်တဝင့်မသိကြဘူး။

ဒါကြောင့်တစ်ခုသော ညီလာခံမှာ ဦးပေါ်ဦးအား မေးတော်မူတယ်။

'မင်းကြီး၊ ကပ္ပလီကျွန်းအကြောင်းသိသမျှတင်စေ'

အတွင်းဝန်အနေနဲ့ ထင်ရာမြင်ရာ တင်လျှောက်လို့ မရဘူး၊ အကိုးအကားခိုင်လုံရမယ်။ ဦးပေါ်ဦး ကလည်း ကပ္ပလီကျွန်းအကြောင်းကြားဖူးပေမယ့် မြန်မာရာဇဝင်မှာဒီကျွန်းအကြောင်းမပါဘူး။ မပါလို့ 'မသိပါ' တင်ပြန်ရင် အမျက်မလွတ်ဘူး။

ဒါကြောင့် ....................

'ကပ်ငြိးပလီတဲ့ လူမျိုးများနေထိုင်တဲ့အရပ်ဖြစ်သောကြောင့် ကပ်ပလီကျွန်း ခေါ်ကြောင်းပါ ဘုရား'

ရယ်လို့ကြံဖန်ပြီး တင်လျှောက်တာကိုး။ ဒါပေမယ့် မင်းတရားကြီး မကျေနပ်သေးဘူး။

'အဘယ်ပုံ အဘယ်နည်း ကပ်၍ ပလီသည်ကို ထင်ရှားအောင်တင်စမ်းပါဦးမင်းကြီးရဲ့'

ကြံဖန်ပြီးတင်တာကို ထပ်ပြီးမေးလာပြန်တော့ ဦးပေါ်ဦးအနေနဲ့ ထပ်ဆင့်ပြီး အကြံအဖန် ပုံပြင် တစ်ပုဒ် အလျင်အမြန် လုပ်ပြီး လျှောက်တင်ရတာပေါ့။

ရှေးသရောအခါက ဖိနပ်ထိုးသမား ငဖလားဆိုသူရှိခဲ့ဖူးကြောင်းပါ ဘုရား။ ငဖလားဟာ ရွာစဉ် လှည့်ပြီး ဖိနပ်ထိုးဖို့ အတွက် လွယ်အိတ်တစ်လုံး နဲ့ အိမ်ကထွက်လာပါတယ်ဘုရား၊ လွယ် အိတ်ထဲမှာ ကတ်ကြေး ၊ ကော်၊ အပ်၊ စူးစတာတွေနဲ့ ဖိနပ်အစာသိပ်တဲ့ ဂွမ်းမွေးတွေပါပါတယ် ဘုရား။

တစ်နေ့သော အခါမှာတော့ ဖိနပ်ထိုးသမား အနေနဲ့ ရွာတစ်ရွာမှာ ညဥ့်အိပ်ဖို့ ရွာတစ်ရွာက ကူးလာခဲ့တယ်။ လမ်းမှားပြီး ခရီးမတွင်ပဲ ရွာနှစ်ရွာကြားမှာ သုသာန်မှာ အိပ်စက်ရတော့တာပေါ့။

ငဖလားအိပ်ပျော်နေတုန်းသုသာန်ထဲကိုဘီလူးနှစ်ကောင် ရောက်လာပါလေရော။သုသာန်ထဲမှာ လူသေကောင်တွေ့နိုး ရွာနီးချုပ်စပ်မှာ ခွေးသေကောင်တွေ့နိုးနဲ့ ရှာဖွေကြရာမှာအိပ်နေတဲ့ ဖိနပ်ထိုးသမားကို ဘွားခနဲတွေ့ကြပြီ။

ဘီလူးအနေနဲ့ ငဖလားကို ဇရပ်ပေါ်က ဆွဲချတယ်။ ငဖလားလန့်နိုးလာပြီး ဘာလာလုပ်တာလဲ ဟေ့ မေးနေတယ်လို့ အော်ရော။

'နင်ကားငါတို့ အစားဖြစ်ချေပြီ ၊ သင့် အားငါတို့စားအံ့'

ဖေလား စဉ်းစားတယ် ၊ ဘီလူးဆိုတာ လူသားစားတာပဲ။ ငါလိမ်လည်ပြီး လုပ်ကြံစကားပြောမှ အသက်ချမ်းသာတော့မှာ ဆိုတဲ့ အတွေးဝင်လာတယ်။

'ဘီလူးဟုတ်လား၊ နေရာကျလိုက်တာကွယ်၊ ငါတို့ ဖေလားမျိုးဆိုတာ ဘီလူးသားကိုမှ စားတာ၊ ကဲ ....မပြေးနဲ့ ၊ နင်တို့ ငါ့အစာဖြစ်ပြီ။'

ဖေလားက ဘီလူးတွေရဲ့ လက်ကို တစ်ဖန်ပြန်ပြီး ဆွဲထားတယ်။ ဘီလူးတွေဟာ ဖေလားလူမျိုး ဆိုတာ မကြားဖူးတဲ့ အတွက် မယုံဘူး။

'ကောင်းပြီ ၊ အသင်စားလိုက နံနက်မိုးသောက်အလင်း ရောက်မှ စားပါဘိ၊ ငါတို့သင့်ဘေး မှာ အိပ်နေပါမည်'

သချိုင်းမြေပုံပေါ်မှာ ဖေလားကို ဘီလူးနှစ်ကောင် က ဝဲယာညှပ်ပြီး အိပ်စက်ကြတယ်။ တကယ် လို့ ဘီလူးတွေကို ဖေလားက တကယ်စားရင် ကျန်တစ်ကောင်က ထွက်ပြေးမယ်။ ပြောတဲ့ အတိုင်း စားတာမတွေ့ရင်တော့ ဘီလူးနှစ်ကောင်က ဖေလားကို စားပစ်မယ်ဆိုတဲ့ အကြံနဲ့ ညအိပ်ကြတာ။

အဲ .....သို့သော်လည်း ဖေလားက တစ်ကယ်မအိပ်ဘူး။ တစ်ကယ်အိပ်ပြီး အိပ်မောကျသွားက ဘီလူးနှစ်ကောင်။

ဖေလားက သူ့အိတ်ထဲက ကတ်ကြေးကို ထုတ်ပြီး ဘီလူးရဲ့ ကိုယ်က အမွေးတွေကို ပြောင် အောင် ညှပ်ပစ်တယ်။ ဘီလူးတွေရဲ့ ကိုယ်လုံးပြောင်တလင်းခါတော့မှ ဖေလားက သူ့ကိုယ်သူ ကော်သုတ်တယ်။ ဝွမ်းမွေးတွေ ကပ်ထားလိုက်တယ် ။နောက်ပြီး ဘီလူးတွေကို အပ်နဲ့ထိုးတယ်လေ။

ဘီလူတွေက နာနာကျင်ကျင်နဲ့ ထထိုင်တော့မှ ဖေလားကပြောတယ်။

'ဟဲ့ .. ဘီလူးတွေ ၊ နင်တို့ကိုယ်ကို နင်တို့ပြန်ကြည့်စမ်း'

ဘီလူးတွေ အထိတ်တလန့် ဖြစ်ကုန်ကြလေရဲ့ ။ သူတို့ ကိုယ်မှာ ဘာမွေးမျှ မကျန်တော့တာ ကလား ။

'အေး ... အဲဒါဟာ နင်တို့ကိုယ်ကို ငါ လျှာနဲ လျှက်လို့ ဖြစ်ကုန်တာ ။ အခုအမွေးမရှိတော့တဲ့ နင်တို့ကိုယ်ကို ငါစားတော့အံ့။'

ပြောပြောဆိုဆိုနဲ့ ဖေလားက စားဖို့ ဟန်ပြင်တယ်။ ဘီလူးနှစ်ယောက်လည်း တစ်ကယ် ယုံ ကြည်ပြီး ဖနောင့် နှင့်တင်ပါး တစ်သားတည်းကျအောင် အရမ်းထွက်ပြေးကြတော့တာကိုး။

နံနက်မိုးသောက်အလင်းရောက်ဖို့ တအားလိုသေးတယ်။ ဒီလိုဆိုရင် ဘီလူးတွေ ရဲ့ ရန်က အေး ချင်မှ အေးမှာ ။ ဒါကြောင့် ဖေလားအနေနဲ့ စကောလောက်ကြီးတဲ့လိပ်တစ်ကောင်ကိုဖမ်း၊ လွယ်အိတ်ထဲထည့်ပြီး ထန်းပင်ပေါ်ကို တက်နေတယ်လေ။

ဘီလူးနှစ်ကောင်လည်း ငယ်သံပါအောင် အော်ပြီး ပြေးလိုက်ကြတာ ဘီလူးရွာကို ရောက်မှ ရပ် တော့တယ်။ ဘီလူးအမတ်တွေက အမွေးမရှိတဲ့ ဘီလူးနှစ်ကောင်ကို ဖမ်းပြီး ဘီလူးဘုရင်ဆီ ပို့ကြတယ်။

မွေးပြောင်နှစ်ကောင်က တုန်တုန်ယင်ယင် ထစ်ထစ်ငေါ့ငေါ့နဲ့ အကြောင်းစုံ ဖောက်သည်ချတယ်။

'တော်........တိတ်၊ ဆက်မတင်နဲ့ '

ဘီလူးဘုရင်ဒေါသတကြီးအော်တယ်။ အဲဒီနောက်မှာမှ ဘီလူးအမတ်တွေကို မိန့်ကြားတယ်။

'ဤလောက၌ ငဖလားကောင်ဟူသည် မရှိ၊ သူ့အသားကိုစားမည် ဆိုသဖြင့် လှည့်စားလိုက်ခြင်း
သာဖြစ်ချေသည်။'

'ဟဲ့ ...အမတ်တွေ၊ လှည့်ဖြားလိမ်ညာသူ ငဖလားကို ယခုအမြန် သွားရောက်ဖမ်းဆီးရမည်'

ငဖလားဖမ်းဖို့ဘီလူးအမတ်တွေ ဘီလူးရွာက ထွက်လာကြတယ်။ သုသာန်ရောက်လို့ ဟိုကြည့်
ဒီကြည့် ဖြစ်နေကြတုန်းမှာ ထန်းပင်ပေါ်မှာ ငဖလားက လှမ်းအော်တယ်။

'ငါဒီမှာရှိတယ်ဟေ့၊ သေချင်လို့လာကြပြန်တာလား'

ဘီလူးအမတ်တွေမော့ကြည့်ကြတယ်။ သူတို့အနေနဲ့ထန်းပင်ပေါ်ဘယ်လိုတက်ရမယ်ဆိုတာ
မသိဘူး။ ဒီအတွက် တစ်ကောင်အပေါ် တစ်ကောင်ဆင့်ပြီး တက်ကြတယ်။ ဖိနပ်သမားနဲ့
နီးလာပြီ။ အောက်ဆုံးကဘီလူးအနေနဲ့ အပေါ်ဝန်ကို ထမ်းမထားနိုင်တဲ့အတွက် လျှာထွက်ပြီး
သေပါလေရော။

အောက်ဆုံးအကောင်သေတော့ သူ့အပေါ်က အကောင်လည်း တလိမ့်ခေါက်ကွေးလဲပြိုတယ်။ အ
ထပ်လိုက်အကောင်များလိမ့်ကျလာတဲ့အတွက် အတော်များများ သေကုန်တယ်။ မသေမကျိုး
မပဲ့မရွဲ့ ကျန်ခဲ့တဲ့ နှစ်ကောင် အနေနဲ့ ဘီလူးရွာကို ပြန်ပြေးလာကြတယ်။

'မှန်လှပါ ဘီလူးမင်းကြီးဘုရား၊ ငဖလားကောင်သည် အလွန်တန်ခိုးကြီးလှပါသည်။ တစ်ချက်
တည်းဖြင့် ဘီလူးအမတ်များစွာကိုချေမှုန်းပစ်သောကြောင့် စစ်ဖက်ခြင်းမှာ မစွမ်းသာပါဘုရား'

ဒီလျှောက်တင်စကားကို ဘီလူးဘုရင် လက်သင့်မခံနိုင်ဘူး၊ အလွန်ဒေါသဖြစ်တယ်။ နန်းကြမ်းပြင်ကို ဖနောင့်နဲ့
ဆောင့်ပြီး ကြိမ်းမောင်းအော်ဟစ်တယ်။

'စစ်သူကြီးတွေ အမြန်သွားစေ၊ ငဖလားကောင်ဆိုတဲ့ လူသားကို ရှုံးလာရင် အဆုံးစီရင်မယ်'

ဘီလူးစစ်သူကြီး နှစ်ကောင်အနေနဲ့ ဘီလူးရဲမက်ဗိုလ်ပါတွေကိုခေါ်ပြီး သုသာန်ကို လာခဲ့ကြရတယ်။ ဒီအချိန်မှာ
ဖိနပ်ထိုးသမားအနေနဲ့ သုသာန်က ထွက်ပြေးဖို့ထန်းပင်ပေါ်က
ဆင်းလာနေတယ်။ သို့သော်လည်း သုသာန်ထဲက သူထွက်မပြေးနိုင်မှာ ဘီလူးတွေ ရောက်လာ
ကြပြန်တာကိုး။

ဖိနပ်ထိုးသမားမပြေးသာ၊ ပြေးရင် ဘီလူးတွေ အထင်သေးမယ်။ လိုက်ဖမ်းမယ်။ အဲဒီအခါကျ
မှ သေမှာ။

'ငဖလားမင်းတရားအကြောင်းကို နည်းနည်းကလေးမျှ မကြားဖူးလို့ လာတာလား။ အသက်ကို
မနှမြောလို့ လာရောက်ပေးဆက်တာလား'

ဘီလူးစစ်သူကြီးတွေရယ်မောတယ်။

'အမယ်လေးဟဲ့ ၊ ငဖလား ကောင်ဆိုလို့ ဧရာမကောင်ကြီးမှတ်နေတာ ၊ လက်စသတ်တော့
သေးသေးလေးပါကလားဟ'

ဖိနပ်ထိုးသမားကလည်း ပမာမခန့်သဘောနဲ့ တုံ့ပြန်ရယ်မောတာပေါ့။

'ရယ်တယ်ဟုတ်လား၊ နင်တို့ကြောက်ပြီး သေကုန်မှာ စိုးလို့ ငါ့တန်ခိုးဣဒ္ဓိပါဒ်ကိုမပြဘဲ အကောင်သေးကလေး
ဖြစ်အောင်လုပ်ထားတာ ရယ်တယ်ပေါ့လေ။ ထန်းပင်ထက်နှစ်ဆကြီးတဲ့
ငါ့ကိုယ်ကြီးကို မြင်ရင် နင်တို့ သေကုန်မယ်နားလည်လား'

ငေါက်ငမ်းဟိန်းဟောက်ရင်းက ဖိနပ်ထိုးသမားက သူဖမ်းလာတဲ့ လိပ်ကို လွယ်အိတ်ထဲမှ ထုတ်
ပြလိုက်တယ်။

'မယုံကြည်ရင် ဒီမှာကြည့် ၊ ဒါဟာ ငါ့ကိုယ်က သန်း ၊ သန်းတောင် ဒါလောက်ကြီးရင် ငါ
ဘယ်လောက်ကြီးမယ်ဆိုတာ ခန့်မှန်းကြည့်ကြပေတော့ '

ဘီလူးတွေ ပက်လက်လန်မတတ် တုန်လှုပ်ချောက်ချားသွားပြီး ဘီလူးမင်းထံ အမြန်ပြေးပြီး တင်
လျှောက်ကြတယ်။

'ငဖလားကောင်အနေနဲ့ အလွန်တန်ခိုးကြီးလှပါတယ် ဘုရား၊ စစ်မဖက်ဘဲ ချစ်ကြည်ငြိမ်းချမ်း
စွာကမ်းလှမ်းသင့်ကြောင်းပါ'

ဘီလူးဘုရင်အနေနဲ့ ဒါလောက်တန်ခိုးကြီးသူကို ဆွေမျိုးစပ်ထားမှ သင့်မယ်ဆိုတဲ့ အကြံရတယ်။
ဘီလူးတွေကို သုသာန်သို့အမြန်ပြန်သွားပြီး ငဖလားကို ရိုသေစွာပင့်ဆောင်ဖို့ခိုင်းလိုက်တယ်။
ငဖလားရောက်လာတဲ့အခါမှာ သမီးတော်နဲ့ ထိမ်းမြားလက်ထပ်ပေးလိုက်တယ်။

တန်ခိုးကြီးသူကို သားမက်ဖမ်းရရင် ဟန်ကျမှာပဲ အထင်နဲ့ ဖိနပ်ထိုးသမားငဖလားကို မြှောက်စား
မိတဲ့ ဘီလူးဘုရင်ခမျာမှာ မကြာခင်ဒုက္ခရောက်တော့တယ်။

'မှန်လှပါ ၊ အရှင့်သားမက်တော် ငဖလားဟာ လွန်စွာ အစားကြီးလှကြောင်းပါဘုရား'

ဘီလူးအမတ်တွေ တင်လျှောက်ရပြီ။

'ဟဲ့ ....ငါ့သမက်တော်က ဘယ်လောက်တောင်စားသနည်း'

'အရှင့်သမက်တော် ငဖလားအနေနဲ့ တစ်နေ့လျှင် ဆန်တစ်တင်းနဲ့ နွားတစ်ကောင်ကို အကုန်
စားပစ်ကြောင်း ပါဘုရား'

'ကြာရင် ငါတို့ ဘီလူးတွေကိုပါ စားပစ်လိမ့်မယ် အမတ်တို့ နည်းလမ်းရှာကြပါဦး'

ဖိနပ်ထိုးသမားငဖလားအနေနဲ့ ဆန်တစ်တင်းနဲ့ နွားတစ်ကောင် မစားနိုင်ပါဘူး။စားချင်ယောင်
ဆောင်နေတာပါ။ စားရိုးစားစဉ်စားပြီး ပိုတာတွေကို လုံခြုံအောင် ဝှက်ထားလို့ပါ။ ဒါလောက်
စားနိုင်တယ်ထင်မှသာ ဘီလူးတွေ အထင်ကြီးပြီး ကြောက်ရွံ့မယ်မဟုတ်လား။

အေးလေ ၊ ဘာပဲဖြစ်ဖြစ် ဘီလူးတွေမှာတော့ ဖေလားစားဖို့ရှာရတာနဲ့ပဲ အခက်အခဲ ဖြစ်နေပြီ ပေါ့။ ကြာလာတဲ့အခါမှာ ဘီလူးတွေဟာ ဆန်တစ်တင်းနဲ့ နွားတစ်ကောင် ရအောင် မရှာနိုင် တော့ဘူး။

ဘီလူးဘုရင်လည်း ကြံရာမရတဲ့အဆုံးမှာ သားမက်တော်အား ရှေ့တော်သို့ဆင့်ခေါ်တယ်။

'သားမက်တော်ဖေလားအား ပင်လယ်ကြားရှိ ကျွန်းကို အပိုင်စားပေးသနားတော်မူသည်။သား မယားနှင့်တကွ ယခုပင်သွားရောက်စိုးစံနေထိုင်ရမည် အမိန့်တော်'

ဒီလိုလုပ်လိုက်တော့မှပဲ ဘီလူးတွေမှာ ဆန်တစ်တင်းနဲ့ နွားတစ်ကောင်ရှာရတဲ့ ဒုက္ခလွတ်သွား ကြတော့တယ်။

အမတ်ကြီးဦးပေါ်ဦးက သူ့ပုံပြင်ကို ဒီလိုအဆုံးသတ်ပါတယ်။

'မှန်လှပါ။ ဘုန်းတော်ကြောင့် ကိုယ်မှာ ဂွမ်းမွေးတွေ ကပ်ပြီး မဟုတ်မဟတ်လုပ်ကြံပလီတတ် တဲ့ ဖေလားပထမဦးစွာ အခြေချနေထိုင်ခဲ့ပါသဖြင့် ထိုကျွန်းအား ကပ္ပလီကျွန်းလို့ခေါ်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက်ရှိခိုးသံတော်ဦးတင်ရကြောင်းပါဘုရား'

အတွင်းဝန်မင်း ရဲ့ ဖိနပ်ထိုးသမားဖေလားပုံပြင်အဆုံးမှာ ဖန်နန်းရှင်မင်းတရားကြီးရော အမတ်တွေပါ အားရပါးရ ရယ်မောကြလေရဲ့။

× × × × × × × × × × × × × × × × × × × × × × × × × ×

# စကားမတတ်တော့သည့် ဦးပေါ်ဦး

ဖန်နန်းရှင်မင်းတရားကြီးတအားမြတ်နိုးတော်မူတဲ့ မိဖုရားခေါင်ကြီးမယ်နုအနေနဲ့ အုတ်ကျောင်း ကြီး တစ်ဆောင်ဆောက်လုပ်လှူဒါန်းတယ်။ ဆရာတော် ဦးဗုမ်ကို တင်လှူဆက်ကပ်တော်မူ ထားတယ်။

ဆရာတော်ဦးဗုမ်အနေနဲ့သာသနာ့အာဇာနည်တစ်ပါးဖြစ်တော်မူတ ယ်။ ကိုယ်နှုတ်အမူအရာ စောင့်စည်းရာမှာ အံ့သြစရာကောင်းအောင် သမာဓိရှိတော်မူပါပေတယ်။ ဒါကြောင့်လည်း မင်း မိဖုရားအစ အလွန်ကြည်ညိုတယ်။ ကြောက်ရွံ့ရိုသေတယ်။

ဆရာတော် ဘုရားကြီးအနေနဲ့နှုတ်လည်းနည်းတယ်။ အသံထွက်ပြီးရယ်ဖို့ဆိုတာ ဝေးရော။ အလိုက်အထိုက် နှုတ်ဆက်မေးမြန်း ဆက်ဆံမှုမပြုဘူး။ မင်းဇကရာဇ်နဲ့ မိဖုရားခေါင်ကြီးကိုလည်း အရေးတယူလုပ်တာမဟုတ်။ သူ့ကျောင်းအောင်မြေဘုံစံ အုတ်ကျောင်း
ဒါယိကာမ မိဖုရားမကြီးကို ဘယ်လိုခေါ်တယ်မှတ်သလဲ မိနုတဲ့။

ကျောင်းကို ကိစ္စရှိလို့ရောက်လာတဲ့ အတွင်းဝန်တွေ ဝန်ကြီးတွေကို အမိုက်လှဲခိုင်းသလား ခိုင်း တတ်ရဲ့ ။ ကိုယ်တော်တိုင် လည်း အမှိုက်လှဲကျင်းတဲ့ သန့်ရှင်းရေး ဝတ်ကို ဂရုတစိုက်ဖြည့် ဆည်း တော်မူတယ်။

တစ်နေ့မှာတော့ သံတော်ဆင့်တွေ စုရုံးစကားမြည်ပြောရာက ဆရာတော်ဦးဗုမ်အကြောင်းရောက် သွားတော့တာကိုး။

တစ်ယောက်က ............

'ဆရာတော်ထံ သွားတဲ့အခါမှာ အငေါက်ခံရသူဟာ အငေါက်ခံရအောင် လုပ်လို့ဖြစ်တယ်။ သွားသူသာ ပဓာနပါ' လို့ကောက်ချက်ချတယ်။

'အဲဒီလိုဆိုရင် သံတော်ဆင့်မင်းသွားမလား၊ အငေါက်မခံရရင် ကျုပ်တို့တတွေ စုပြီး ငွေသုံးရာ ပေးမယ်။ ဘယ့်နှယ်လဲ ........'

ကျန်သံတော်ဆင့် အမတ်တွေက ဝိုင်းအုံးမေးတာပေါ့။ စကားစသူကလည်း ငွေသုံးရာပေးမယ် ဆိုတော့သွားတယ်လေ။ သွားတဲ့အခါမှာ အဲဒီအချိန်အခါက မင်းစိုးရာဇာလောကမှာ တာစား နေတဲ့ သားမွေးအကျီကြီးကို ဟန်နဲ့ ပန်နဲ့ ဝတ်သွားသပါ့။

အဲဒီသံတော်ဆင့်နောက်က ကျန်သံတော်ဆင့်တွေလိုက်သွားကြပြီး ချောင်းမြောင်းနားထောင်နေ ကြတယ်။

ဆရာတော်ဦးဗုမ်အနေနဲ့ အဲဒီသံတော်ဆင့်ကို မြင်သားပဲ ။ သူ့စာကို သူကြည့်နေတယ်။ သံတော် ဆင့်လည်း ထိုင်ရတာကြာတော့ ညောင်းညာလာတယ်။ ဘယ်ဘက် ပြောင်းထိုင်လိုက်၊ ညာဘက် ပြောင်းပြီးထိုင်လိုက်နဲ့ပေါ့။

ဟော ......ဆရာတော်လှမ်းကြည့်ပြီ။

'တလှုပ်လှုပ်နဲ့ ခွေးနက်ကြုတ်ကြီး ဘာကိစ္စလာသလဲ'

အမွေးဖွားဖွားနဲ့ သားမွေးအင်္ကျီကို ဆရာတော်က အင်းခွေးနဲ့တူတယ်လို့ မြင်ထားတာကလား။ မြန်မာပြည်မှာအမွေးဖွားဖွားနဲ့ ခွေးမျိုးရှိတယ်လေ။ တစ်မျိုးကချင်းတောင်တန်းမှာ ရှိတယ်။ နောက်တစ်မျိုးက အင်းခွေးပဲ။

သံတော်ဆင့်မင်း ဝတ်လာတဲ့ သားမွေးအင်္ကျီကလည်း အမည်းရောင်နဲ့တူပါတယ်။ဒါကြောင့် ဆရာတော်က ခွေးနက်ကြုတ်လို့ ကင်ပွန်းတပ်တော်မူလိုက်တာပဲ။

သံတော်ဆင့်မင်းမှာ ကိုယ်ဝတ်တဲ့ အင်္ကျီကို ဟုတ်လှပြီထင်နေဆဲမှာ ခွေးနက်ကြုတ်လို့အခေါ်ခံရတဲ့အတွက် အရမ်းတုန်လှုပ်သွားတယ်။ ဘာပြောလို့ ဘာလျှောက်ရမှန်းမသိဘဲ ပါးစပ်ထဲတွေ့ရာစကားနဲ့ လျှောက်မိလျှောက်ရာ လျှောက်မိတယ်။

'မှန်.. မှန်ပါ၊ တ ......တ ..........တပည့်တော်နွားနို့ဝတ်နေ့စဉ်နေ့တိုင်းပြုချ င်လို့ပါဘုရား'

'ဒါကိုများလာပြီး လျှောက်နေရသေးသလားဟဲ့ .......နင့်ဘာသာနင် ပို့ချင်ပို့ မပို့ချင်နေ၊ ငါမအားဘူး သွားတော့'

သံတော်ဆင့်မင်းလည်းဘာမျှ ဆက်မတင်ရဲဘူး။ အသာဝတ်ဖြည့်ပြီး ဆင်းပြေးခဲ့ရဖူးတယ်။

ဆရာတော်ဘုရားကြီးအနေနဲ့ သံတော်ဆင့်လို ပါမွားကို မပြောနဲ့။ ပြည့်ရှင်မင်းနဲ့ သားမြေးကိုတောင် ချမ်းသာပေးတာမဟုတ်ဘူး။ တစ်ခါမှာတော့ မင်းဇကရာဇ်နဲ့ မိဖုရားကြီးတို့ဆရာတော်ကို လာရောက်ဖူးမြော်ရာမှာ ကလေးတွေပါလာတယ်။

မင်းရဲ့သားသမီးတော်မြေးတော်ဆိုတာ နန်းတော်ထဲမှာတော့ ဘယ်သူကမျှ မငေါက်ရဲ မတားမြစ်ရဲ သူတွေကိုး။ နန်းတော်ထဲမှာ လျှောက်သွား လျှောက်ဆွဲ လျှောက်ကိုင်။

အဲဒီလိုအကျင့်ပါလာတဲ့ ကလေးတွေအနေနဲ့ ဆရာ တော်ရဲ့ ကျောင်းပေါ်မှာလည်း ဟိုဝင်ဒီဝင်ပေါ့။ လျှောက်ပြေးတယ် ဟိုဟာဆွဲ ဒီဟာကိုင်။

'ဟဲ့ ... ဟဲ့ ... ဘယ်က ခွေးကလေးတွေလဲ'

နိုင်ငံ့ ဦးသျှောင်ဇကရာဇ်မင်းမြတ်နဲ့ မိဖုရားကြီးတို့မှာ စိတ်မဆိုးတဲ့အပြင် ပြုံးလို့တောင်နေကြသေး။

အဲဒီကိုယ်တော်ကြီးကို ဖူးမြော်လိုတဲ့အတွက် အမတ်ကြီး ဦးပေါ်ဦးရောက်သွားချိန်မှာ ဆရာတော်ဘုရားကြီး အနေနဲ့ ရေကန်နားမှာ တံမြက်လှည်းနေတော်မူလေရဲ့။

ဝတ်ချပြီးထိုင်နေသူကို မြင်တော်မူပေမယ့် ဆရာတော်ဘုရားကြီးက ဘာကိစ္စလဲ ဘယ်သူလဲဘာမျှမမေးဘူး၊ တံမြက်ပဲခတ်နေသကိုး။ ဦးပေါ်ဦးလည်း စကားမရှိ စကားရှာတယ်။

'ရေကန်ကြီးက ကောင်းလှ ပါကလား'

'အေး .........'

ဆရာတော်က ဒါပဲ တုန့်ပြန်တယ်။

'ရေတွေကလည်း အလွန်ကြည်ပါကလား ဘုရား'

'အင်း ....'

ဒါပဲ၊ ဒီတစ်လုံးပဲ တုန့်ပြန်တော်မူတယ်။ ဒီအခါမှာ အမတ်ကြီးလည်း စကားရှာနေပြန်တယ်။

'ရေကန်ကြီး ဘယ်လောက်နက်ပါသလဲ ဘုရား'

'မသိဘူး'

အဲ ......စကားရပြီ။ တိုတိုပြတ်ပြတ်ပဲ လိုအပ်သလောက်သာ မိန့်တော်မူတဲ့ ဆရာတော်ဘုရားကြီး စကားပြောရတော့မယ်။

'သြော်....... တပည့်တော်က ကျောင်းနဲ့ နီးနီးကလေးမို့ သိများသိမလားလို့ လျှောက်ထားမိတာပါ ဘုရား'

'နီးတိုင်းသာ သိရရင် နင့်မေးစေ့မှာ မုတ်ဆိတ်မွေးဘယ်နှစ်ပင် ရှိသတုန်း'

ဆရာတော်ဘုရားကြီးဟာ စကားတော့ပြောပါရဲ့ ၊ ပြောတဲ့စကားက ဦးပေါ်ဦး အကြံရခက်ရအောင် လုပ်တဲ့စကားဖြစ်သွားပါပြီကော။

'တပည့်တော် သတိမထားမိကြောင်းပါ ဘုရား'

'အေး ... ရေကန်ထက်နီးတဲ့ နင့်မေးစေ့ က မုတ်ဆိတ်မွေးတောင် ဘယ်နှစ်ပင် ဆိုတာ မသိရင် မေးစေ့ထက် ဝေးတဲ့ ရေကန်ဘယ်လောက်နက်တယ်ဆိုတာ ငါဘယ်သိမလဲ'

ဒါပဲ ၊ အဲဒီလို ဘာ မှ ဆက်မပြောရဲအောင် ပြောပြီးပြန်တော့ တံမြက်ပဲ ဆက်ခပ်နေတော်မူတယ်။ စကားအထအန ကောက်အကျကောက်တော်မူတဲ့ ဦးပေါ်ဦးဟာ စကားမကြွယ်ဝံ့တော့ဘဲ ထပြန်ခဲ့ရပါရောလား။

× × × × × × × × × × × × × × × × × × × × × × × × ×

# ဦးဖုမ်၏နောင်တော် ဦးဘိုး

အာစေးအထည့်ခံရသလိုဖြစ်ပြီး အမတ်ကြီးဦးပေါ်ဦးကုပ်ကုပ်ကလေး ပြန်သွားရအောင် လုပ်လွှတ် လိုက်တဲ့ဆရာတော် ဦးဖုမ်အနေနဲ့ ဒီကျောင်းရဲ့ ပထမကျောင်းထိုင်ဆရာတော်မဟုတ်ဘူး။ ပထမ ကျောင်းထိုင်ဆရာတော်ကတော့ ဦးဖုမ်ရဲ့နောင်တော် ဦးဘိုးဖြစ်သပေါ့။

အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို ဆရာတော်ဦးဖုမ်ကြွရောက်သီတင်းသုံးရတဲ့ အကြောင်း က ဒီလိုလေ။

မြန်မာ သက္ကရာဇ် (၁၁၈၉) ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်နေ့မှာ အင်းဝမြို့စတုတ္ထမြို့တည်နန်း တည်မင်းတရားကြီးရဲ့ အရှင်မိဖုရားခေါင်ကြီးတင်ထားတဲ့ အုတ်ကျောင်းကို အောင်မြေဘုံစံ သမုတ်ပြီး ညောင်ကန်ဆရာတော်ဦးဘိုးကို ဆက်ကပ် လှူဒါန်းပါတယ်။ တစ်ဆက်တည်းဆိုသလိုပေါ့လေ၊ပုညာဘိသီရိသန္ဓမဓဇမဟာဓမ္မရာဇာဓိရာဇာဂုရုဘွဲ့တံဆိပ် တော်ပါ ရေစက်သွန်းချဆက်ကပ်လှူဒါန်းခဲ့တယ်။

ညောင်ကန်ဆရာတော် ဦးဘိုးအနေနဲ့ မယ်ပိုအုတ်ကျောင်းမှာ နှစ်နှစ်ပြည့်အောင်တောင် သီတင်း မသုံးလိုက်ရပါဘူး။

မြန်မာသက္ကရာဇ်(၁၁၉၁)ခုနှစ်၊ နှောင်း တန်ခူးလဆန်း (၁၄)ရက်နေ့မှာပဲ နတ်ပြည်စံကျောင်းကို ကြွပြောင်းသီတင်းသုံးတော်မူတာကိုး။

အရှင်မိဖုရားကိုးကွယ်တဲ့ ဆရာတော်ရဲ့ ဈာပနပဲ။ စည်ကားတာပေါ့။ ကြီးကျယ်တာပေါ့။မြို့ပြင် လေးရပ်တံဆိပ်တော်ရ -မရ ဆရာတော်ကြီးတွေ ကြွရောက်စည်းဝေးတော်မူကြတယ်။ အဲဒီသံဃာ့ အစည်းအဝေးမှာ မင်းဇကရာဇ်ကြည်ညိုလောက်တဲ့ ရဟန်းတော်တစ်ပါးဘယ်လိုရှာပြီး ဒီကျောင်းမှာ တင်မလဲ ဆိုတာ ကိုပါ ဆွေးနွေးတော်မူဖြစ်ကြတယ်။

အမတ်ကြီးဦးပေါ်ဦးအနေနဲ့ဗွာလည်း စကားအစအနကြားရလိုကြားရငြား မနီးမဝေးမှာ ရောက်နေ တယ်။ ဘယ်ပုဂ္ဂိုလ်ကိုများဆရာတော်သံဃာတော်မတွေ သဘောကြိုက်ညီကြပါလိမ့်ပေါ့။

ဆရာတော်တစ်ပါးက ဦးပေါ်ဦးကို လှမ်းမြင်တယ်။

'ဒါယကာ တော်ဝန်ကြီးမင်း ရှေ့နားတိုးပါဦး'

ဒါနဲ့ဆရာတော် ဘုရားကြီးတွေရဲ့ ထံတော်ပါးကို ဦးပေါ်ဦးချဉ်းကပ်သွားရလေရဲ့။

'အခုဆရာတော်သမားတော်ကြီးတွေညှိနှိုင်းတိုင်ပင်ကြည့်ကြတယ် ဒကာကြီး'

'မှန်လှပါ ဘုရား'

'ဒီအုတ်ကျောင်းတော်ကြီးရဲ့ ဒါယိကာမကြီးဟာ တိုင်းနိုင်ငံမှာ ဘုန်းခေါင် ဘုန်းဖျားဖြစ်တဲ့ မင်းဇကရာဇ်ရဲ့ မိဖုရားကြီးဖြစ်နေတယ်'

'ဟုတ်မှန်လှကြောင်းပါ ဘုရား'

'ပျံလွန်တော်မူသွားတဲ့ ဆရာတော်ဘုရားကြီးဟာလည်း မိဖုရားကြီး ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်လေ

တော့ သတ္တိဗလ ဇျတ္တိဗလနဲ့ ပြည့်စုံတော်မူပြီး ကြီးကျယ်မြင့်မြတ်လှတဲ့ ဆရာတော် ကြီးဖြစ်ပေတယ် ဒကာကြီး'

'မှန်ပါ၊ ဆရာတော်ကြီးရဲ့နေရာဟာ အလွန်မြင့်မြတ်တဲ့ နေရာဖြစ်ပါတော့သည် ဘုရား'

'မှန်ရဲ့ ၊ ဒီနေရာမှာ အစားထိုးလို့မို့ ကျောင်းထိုင်ပြီး မိဖုရားကြီးရဲ့ အကိုးအကွယ်အပူဇော်ခံယူထိုက်တဲ့ ပုဂ္ဂိုလ်ဟာ ပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီးနဲ့ ထပ်တူထပ်မျှ ရှိတဲ့ ပုဂ္ဂိုလ်မှသာသင့်တော်ပေလိမ့်မည်။'

'လွန်စွာ မှန်ကန်ကြောင်းပါ ဘုရား'

'အခု တိုင်ပင် ဆွေးနွေးနေကြတာက ဘယ်ပုဂ္ဂိုလ်နဲ့ ဒီကျောင်းနဲ့သင့်တော်မလဲ ဆိုတာပဲ ဒကာကြီးရဲ့ ၊ ဒါကြောင့် ဒကာတော်ဝန်ကြီးမင်းကကော ဘယ်ဆရာတော်နဲ့ တော့ သင့် လျော်လျောက်ပတ် တန်ရာ တန်တယ် ဆိုတာကို အကြံပေးလျှောက်ထားဦး'

ဆရာတော်ဘုရားကြီးများအနေနဲ့ ကလည်း လိုးတဲ့ ပေပင်ထွက်ပြီး မလိုးတဲ့ ပေပင်က မထွက်ပါဘုရား လို့လျှောက်ဖူးတဲ့ ဦးပေါ်ဦးကို သိနေကြတယ်လေ။

ဒါကြောင့် မင်းအဆက်ဆက် အရာရောက်တဲ့ အမတ်အဖြစ် နားစွင့်နေချင်လို့ ခေါ်မေးတာလည်းဖြစ်တန်ရာရဲ့။

အဲဒီအခါမှာ ဦးပေါ်ဦးအနေနဲ့ ရှိသေ တုပ်ကွဦးချပြီး လျှောက်ကြားပုံက လွယ်လွယ်ကလေးရယ်။

'ဒါအတွက်ဖြင့် စိုးရိမ်စရာမရှိပါဘုရား၊ ဟောဒီဇမ္ဗူဒိပ်ကျွန်းဟာ နိမိတ်ထွန်းတဲ့ တောင်ကျွန်းဒိပ်ဖြစ်ကြောင်းပါဘုရား'

'အင်း .........အင်း ၊ နိမိတ်ထွန်းနေပြီလား ၊ ကြားပါရစေဒကာတော်'

'အခုအခါ တိုင်းတော်ပြည်တော်အတွင်း၌ကလေး သူငယ်တို့သီဆိုနေကြတဲ့သဘောင်သီချင်းဟာဖြင့် ပျံလွန်တော်မူသွားတဲ့ ညောင်ကန်ဆရာတော်ဦးဘိုးရဲ့ နေရာမှာ ဘယ်သူဆက်ဆံသင့်တယ်ဆိုတာ ကို ပြညွှန်နေလို့ပါပဲ ဘုရား'

ဆရာတော်ဘုရားကြီး အတော်များများစိတ်ဝင်တစား ဖြစ်သွားလောက်တဲ့ တင်လျှောက် ချက်ကိုး။

'သိပါရစေ ဝန်မင်းရယ်၊ ဘယ်လိုတဘောင်သီချင်းများပေါ်ပေါက်နေတယ်ဆိုတာကို '

'မှန်လှပါ ဘုရား'

'မိုးကြီးချုပ်လို့ ဘုတ်ကြီးမြည်၊ ပူစည်တဲ့တုန်း သာသနာ ဝါယမာ တစ်ဖန်တက်ဖို့ ၊ ရွှေဗုမ်မယ့်ဆံထုံးမှာ နားလှည့်ပါအုံး(ဦး)

ရယ်လို့ တဘောင်စကားများ ဖြစ်ပွားပေါ်ပေါက်လျက်ရှိနေကြောင်းပါ အရှင်သူမြတ်ဘုရား'

ဒါကြောင့် ဆရာတော်တစ်ပါးက အမိန့်တော်ရှိတယ်။

'အဓိပ္ပာယ် ရှင်းစမ်းပါဦး ဒကာကြီး'

'အဓိပ္ပာယ်မှာ များစွာမှာ ပေါ်လွင်ထင်ရှားနေကြောင်းပါ ဘုရား၊ ဘာကြောင့်လဲဆိုတော့.........'

'မိုးကြီးချုပ်လို့ .........'

ဆိုတဲ့စကားမှာ 'မိုး'ဟာ ကြာသပတေးနံပါဘုရား၊ 'ချုပ်'ဆိုရာမှာတော့ ချုပ်ငြိမ်းကွယ်ပျောက်တယ် ဆိုတာပါဘုရား ၊ သို့ပါသောကြောင့် ကြာသပတေးသား ဖြစ်သော ညောင်ကန်ဆရာတော်ဦး ဘိုးဇီဝိတိန္ဒြေချုပ်ငြိမ်းကွယ်ပျောက်တာကို ဆိုခြင်းပဲ ဖြစ်ကြောင်းပါ ဘုရား'

'ဆက်ပါဦး ဒကာကြီး ၊ ဘုတ်ကြီးမည်ကို '

ဆရာတော်တစ်ပါးရဲ့ အမေးတော် ပေါ်လာလို့ ဦးပေါ်ဦးအနေနဲ့ ဆက်လက်လို့ ရှင်းပြရပြန် တာပေါ့။

'ဘုတ်ကြီးမြည်ကတော့ ........

'မိုးချုပ်ချိန်မှာ အော်မြည်တတ်တဲ့ ဘုတ်ငှက်သတ္တဝါမဟုတ်ပေါင်ပါဘုရား၊ ပျံလွန်တော်မူတဲ့ ညောင်ကန်ဆရာတော်ဘုရားကြီးရဲ့ ညီတော်ရင်း ဆရာတော်ဦးဗုဓ်ကို ဆိုချင်တဲ့ တဘောင် စကားပါ ဘုရား'

အရှင်ကောင်း အရှင်မြတ်တွေအနေနဲ့ တစ်ခါထပ်မံပြီး ခေါင်းညိတ်တော်မူရပြန်ခါပကော။

'သာသနာ၊ ဝါယမာ တစ်ဖန်ဆုတ်ဖို့ ဆိုရာမှာလည်း 'ကိလိဋ္ဌ'သဘောမပါတဲ့အတွက် သာသနာ တော်တိုးတက်ကြီးပွားရေးအတွက် ဝါယစိုက်ထုတ်ရန် အတွက်လို့ အဓိပ္ပာယ်ပေါ်ပြီးသားပါ ဘုရား'

'ကျန်သေးတယ် ဒကာကြီး၊ တဘောင်ဆုံးအောင် ရှင်းမှပေါ့'

'မှန်လှပါ ဘုရား'

'ရွှေဗုဓ်မယ့်ဆံထုံးမှာ နားလှည့်ပါအုံး(ဦး)........ ဆိုရာမှာ ဆရာတော်ဦးဗုဓ်ဟာ အရှင်မိဖုရားကြီး ရဲ့ ကိုးကွယ်ဆည်းကပ်မှုကို ခံယူတော်မူလှည့်ပါလို့ အဓိပ္ပာယ်ရကြောင်းပါ ဘုရား၊ သို့ဖြစ်ပါ သောကြောင့် ဆရာတော်ကြီးများ မှာ အထူးကြောင့်ကြစိုက်ပြီး စဉ်းစားကြံဆဖို့ လိုမယ်မထင်ပါ ဘုရား၊ တဘောင်စကားက သူ့သဘောကို သူဆောင်နေပါသဖြင့် ထင်ရှားပြီး ဖြစ်နေကြောင်းပါ ဘုရား'

'ဟုတ်ပေတယ်ယ ဝန်မင်း ၊ ပျံလွန်တော်မူတဲ့ ဆရာတော်ဘုရားကြီးရဲ့ ညီတော်အရင်းဖြစ်ပြီး ကျမ်း ဂန် ဝိမိုရ်ဆရာတော်တစ်ဆူလည်းဖြစ်ပါပေတယ်။ အင်း ........ကောင်းပေ့၊ ကောင်းပေ့'

ဒီအဆိုအမိန့်ကို ကန့်ကွက်တဲ့ ဆရာတော်မရှိပါဘူး။ အဲ .....သံဃာ့အစည်းအဝေးမှာ ဦးပေါ်ဦး ဒီလိုလျှောက်ထားကြောင်း၊ ဖန်နန်းမင်းတရားကြီးရဲ့ မိဖုရားကြီး မယ်နုတို့ ကြားတော်မူတဲ့အခါ အရမ်းဝမ်းသာကျေနပ်တော်မူကြလေရဲ့။

ဒါကြောင့် ညောင်ကန်ရွာမှာ သီတင်းသုံးတော်မူနေတဲ့ ငယ်မည် ဦးဗုဓ်အမည်ခံ အသျှင်စက္ကိန္ဒာ

ကို အင်းဝ ရွှေမြို့တော်ကို ပင့်ဆောင်ကြတယ်။ အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို ကပ်လှူရုံသာမက 'စက္ကိန္ဒာဘိသီရိပဝရ လင်္ကာရသဒ္ဓမ္မပါလကဝိဓဇ မဟာဓမ္မရာဇာဂုရု'ဘွဲ့တံဆိပ်တော်မြတ်ကိုပါ၊ မင်းတံဆိပ်ခပ်နှိပ်လို့ ဆက်ကပ်လှူဒါန်းလိုက်သေးတယ်။

ဆရာတော်ဦးဖုန် ဒီကျောင်းကို မရောက်မီကတည်းက ပတ်သက်ခဲ့သော ဦးပေါ်ဦးသော ဘာသော ဆရာတော် ဦးဖုန် အမှုမထားပါ၊ ရဟန်းတရားကျင့်ကြံအားထုတ်နိုင်ဖို့သာအဓိကပါ။

× × × × × × × × × × × × × × × × × × × × × × × ×

# ကျွဲပွဲဆိုက်ရောက်လာခြင်း

့တစ်ရံရောအခါမှာ ဖန်နန်းရှင် မင်းတရားကြီးရဲ့ ရွှေဖဝါးတော်အောက်ကို သံကြီး တမန်ကြီးတွေ သူတို့နဲ့ အတူ ရှိခိုးကန်တော့ လက်ဆောင်တော်အနေနဲ့ ထည်မျိုး အုပ်မျိုးတွေပါလာတယ်။ မြင်းပျံဆိုတဲ့ မြင်းတစ်ကောင်အပြင် 'ထောက်ကူ'မင်းရဲ့ ချစ်ကြည်ရေးသဝဏ်လွှာလည်း ပါလာသေးလေရဲ့။

မြင်းပျံလို့ဆိုတဲ့အတွက် မင်းတရားကြီး နှစ်သက်တော်မူတယ်။ ဒါပေမယ့် အတောင်မပါဘူး။ စာထဲပေထဲ မှာပါတဲ့ မြင်းပျံမျိုးလိုလည်း ကောင်းကင်ကို ဝဲတက်နိုင်တာမဟုတ်ဘူး။ သာမန်မြင်းပါပဲ။

ဖန်နန်းရှင်မင်းတရားကြီးအနေနဲ့ ဒီမြင်းဟာ မင်းဇကရာဇ်တို့သိမ်းပိုက်ထိုက်သော မြင်းဟုတ်မဟုတ် သိရအောင် မြင်းလက္ခဏာ သိတဲ့မြင်းဆရာများထံ အပ်နှံတော်မူတယ်။

မြင်းက မြင်းကောင်းလို့ခေါ်လောက်တဲ့ အခြေအနေမရှိဘူး။ မန်ကျည်းစေ့ရောင်အမြီး၊ အုန်းခွံရောင် ကိုယ်လုံး ရှိတယ်။ ခွာကြီးတယ်။ လည်အိုင့်တယ်။ ဒီတော့ မြင်းကောင်းစာရင်းမဝင်သလို မြင်းညံ့လည်းမဆိုသာဘူး။

မြင်းကြည့်တတ်တဲ့ အမတ်တွေ၊ မြင်းဆရာတွေအနေနဲ့ မင်းတရားကြီးထံ ဘယ်လိုလုပ်ပြီး လျှောက်တင်ရပါ့မလဲ။ အခက်တွေ့နေကြတာကိုး။ ဒါကြောင့် အမတ်ကြီးဦးပေါ်ဦးကို ချဉ်းကပ်ကြရပြီ။

အမတ်ကြီး ဦးပေါ်ဦးက မြင်း 'ကြန်'တတ်မဟုတ် သော်လည်း ပညာရှိအမတ်ကြီးပဲ ။သိသင့်သလောက်သိတယ်။ အကြံအဖန်လုပ်ထားတဲ့ မြင်းကပြားများဖြစ်လေမလား။ မသင်္ကာဘူး။

ဒါကြောင့် မြင်းတော်ခံတစ်ယောက်ကိုခေါ်ပြီး ပဏ္ဏာတော်မြင်းကို အစီးခိုင်းတယ်။

'စီးနည်းအစုံနဲ့ ဒီမြင်းကို မောအောင်စီးစမ်းကွာ'

အမတ်ကြီးနဲ့ မြင်းတော်ခံ တို့မြင်းစီးလို့ ကောင်းမယ့် နေရာကိုလာခဲ့ကြတယ်။ အမတ်ကြီးက သစ်ပင်ရိပ်ကစောင့်ကြည့်တယ်။ မြင်းတော်ခံက မြင်းစီးနည်းစုံအောင်စီးနင်းတယ်။

အသားကျ၊ လေးဘက်နင်း၊ ခွာစုံမြှောက်၊ ဒုန်းစသည့် ဖြင့်စီးတော့တယ်။ မြင်းအနေနဲ့ ဖတ်ဖတ်မောလာချိန်မှာ မြစ်ထဲဆင်းတယ်။ တစ်ခါတည်း ရေထဲမှာ လှဲအိပ်တော့တယ်။ဒါကြောင့် ဦးပေါ်ဦးက ပဏ္ဏာဆက်သတဲ့ သံတွေနဲ့တွေ့ပြီး မေးတယ်။

'ဘဝရှင်မင်းတရားကြီးအားအဆွေတို့ ဆက်သသောမြင်းသည် မြင်းအစစ်မဟုတ်၊ မြင်းတို့သဘောမှာ မည်မျှပင် မောစေကာမူ ရင်ကွဲပြီးအသေခံမည်။ ရေထဲသို့ဆင်းမစိမ်ပါ၊ အဆွေတို့မြင်းမှာသော်ကား ရေထဲကို ဆင်းစိမ်သဖြင့် မြင်းမကို ကျွဲထီးနှင့်စပ်ထားသောမြင်းကပြားမဟုတ်သလော'

တမန်တွေမှာ အလွန်အံ့သြပြီး အမတ်ကြီး ပညာရှိပါပေတယ် လို့ ချီးမွမ်းပြီး ဝန်ခံလိုက်ရတယ်။

× × × × × × × × × × × × × × × × × × × × × × × ×

# လူလိမ်ကြီးများပုံဝတ္ထု

ဘကြီးတော်ခေါ် စစ်ကိုင်းမင်းသား တဖြစ်လဲ ဖန်နန်းရှင်မင်းတရားကြီးအနေနဲ့ နတ်ရွာမစံဘဲ နန်းကျတော်မူရတယ်။ သူ့ကို မင်းဇကရာဇ်အဖြစ်က ဖယ်ရှားပစ်သူကတော့ ညီတော်သာယာဝတီမင်းပေါ့။

ကုန်းဘောင်ဘုန်းပွင့် မင်းတရားရယ်လို့ တစ်နည်း။ လောကမဏိစူဠာစေတီတော် ဒါယကာ မင်းတရားကြီးရယ်လို့ တစ်ဖုံ၊ နောင်အခါမှာ အမည်တွင်လာမယ့် သာယာဝတီမြို့စားမင်းသားအနေနဲ့ သူစားရတဲ့ သာယာဝတီမြို့ကို ကြွချီလာတော်မူစဉ်ကပေါ့။

မင်းသားရဲ့ နောက်လိုက်နောက်ပါ အခြွေအရံတွေထဲမှာ ဦးပေါ်ဦးလည်း ပါလေရဲ့ ။ မြို့စားမင်းသား ကိုယ်တော်တိုင်ကြွလာတဲ့အတွက် မြို့ဝန်မြို့ချုပ်စတဲ့သူတွေအနေနဲ့ ခမ်းနားစွာကြိုဆိုကြတယ်။ အညာအရပ်မှာ ရှားပါးတဲ့ အစာတွေနဲ့ ဧည့်ခံဆက်ကပ်ကြပါလေရော။

မင်းသားပွဲတော်တည်တာတွေထဲက လျှာအလည်ဆုံးက ငါးပိရည်ဖျော်နဲ့ ကြက်ဟင်းခါးရွက်တို့ စရာဖြစ်ပေတယ်။ ဒါကြောင့် မင်းသားက ..............

'မင်းကြီးတို့၊ ကြက်ဟင်းခါးအစိမ်းရွက်နဲ့ ငါးပိရည်ကိုတို့မြှုပ်စားရင် အလွန်အရသာတွေ့လိမ့်မယ်။ အကြောင်းမသိခင်တော့ ခါးတယ်လို့ထင်ရလိမ့်မယ်။ သေသေချာချာစားကြည့်မှ မတော်ချင်အောင်ရှိလိမ့်မယ်။'

လို့ဦးပေါ်ဦးတို့ထမင်းဝိုင်းဘေးကို ရောက်လာပြီး ပြောတယ်။ ရပ်ပြီးတော့လည်း ကြည့်နေလေတော့ သူ့ကို လေးစားတဲ့အနေနဲ့ သူပြောတဲ့ ဟင်းလျာကို စားကြရတယ်။

'ဟဲ့ ..ဟဲ့ ...ကြက်ဟင်းခါးရွက်လိုက်ပါအုံးကွယ်တို့'

ထမင်းပွဲဘေးက ခွာမသွားဘူး။ ကြက်ဟင်းခါးရွက်လျော့သွားတာကို ထပ်အထည့်ခိုင်းနေတယ်။ စားရတဲ့ အမတ်တွေမှာ မင်းသားကို အားနာလို့ သာ စားရပေမယ့် တအားခါးတာကလား၊ ဒီအထဲမှာ ကြက်ဟင်းခါးရွက်ထပ်အထည့်ခိုင်းနေပြန်တော့ ထမင်းမဝဘဲနဲ့ တော်လိုက်ကြရတယ်။

ထမင်းစားအပြီးမှာ မင်းသားအပါး ခစားနေကြရာမှာ ကြက်ဟင်းခါးသမားတွေတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြုံးနေလေရဲ့ ဒါကို မင်းသားမြင်တယ်။

'မင်းကြီးတို့ ၊ ဘယ်အကြောင်းကြောင့် ပြုံ း ကြပါလိမ့်'

ဒါကိုဖြေသူက အမတ်ကြီးဦးပေါ်ဦးပါ။

'မှန်လှပါ ၊ နတ်ဝတ်ပုဆိုးတိမ်မီးခိုးပုံပြင်ကို သတိရသောကြောင့် ပြုံးရတာပါ ဘုရား'

'အလို နတ်ဝတ်ပုဆိုး တိမ်မီးခိုးတဲ့လား၊ ဘယ်လို ပုံပြင်များပါလိမ့် မင်းကြီးရယ်'

သာယာဝတီမြို့စားမင်းသားက ပွဲတောင်းတဲ့အတွက် ဦးပေါ်ဦးတင်ဆက်တဲ့ လူလိမ်ကြီးများဝတ္ထုပုံကဖြင့် ဒီလိုလေ ဒီလို။

ရှေးသရောအခါက အမြှောက်ကြိုက်တဲ့ဘုရင်ကြီး တစ်ပါးရှိတော်မူပါသတဲ့။ ဝန်းရံခစားနေတဲ့

မှူးမတ်တွေ အနေနဲ့လည်း ဘယ်လိုမြှောက်ရမလဲ အမြဲစိတ်ကူးနေရသတဲ့။

တောတွင်းသားတစ်ယောက်က ဘုရင်ကြီးအမြှောက်ကြိုက်တဲ့သတင်းကို ကြားတဲ့အခါ၊ လိမ်လည်ဖို့အချက်တစ်ခုကို စဥ်းစားမိတယ်။ ဒါကြောင့် ဘုရင့်ရှေ့တော်ကို ဝင်ပြီး လျှောက်တင်တော့တာကိုး။

'ရွှေဘုန်းတော်ကြီးလှထီးတစ်ရာ ကန်တော့ခံဘုရား၊ ရွှေမြို့တော်ကို ကျွန်တော်တို့အလာမှာ ၊ မြို့အရှေ့ဘက်ညောင်ပင်ကြီးမှာ နေတဲ့ ရုက္ခစိုးမင်းက အရှင်မင်းကြီးထံ သံတော်ဦးတင်ဖို့အမှာစကားပါးလိုက်ကြောင်းပါဘုရား'

'အဘယ်ကဲ့သို့ အမှာစကားပါးလိုက်သနည်း တောတွင်းသား'

'နက်ဖြန်နံနက်ကျရင်အမတ်တချို့ကို ရွှေကလာပ်နဲ့ လွှတ်လိုက်ပါ၊ နတ်ဝတ်ပုဆိုးတိမ်မီးခိုးဆက်သချင်လို့ပါတဲ့ဘုရား'

'မည်ကဲ့သို့သော နတ်ဝတ်ပုဆိုးတိမ်မီးခိုးပေနည်း မောင်မင်း ၊ မောင်မင်းအားရုက္ခစိုးမင်းရှင်းလင်းမပြလိုက်ဘူးလား'

အဲ့ဒီ နတ်ဝတ်ပုဆိုးတိမ်မီးခိုးကို အရှင်မင်းကြီး ဝတ်ရုံတော်မူတဲ့အခါ ဘုန်းရှိသူများသာ မြင်နိုင်ပါသတဲ့ဘုရား၊ အရှင်မင်းကြီးသနားတော်မူတဲ့ လစာရိက္ခာများကို လိမ်ညာစားသောက်နေသူတွေ၊ ရာထူးဌာနန္တရနဲ့ မထိုက်တန်သူတွေ မမြင်ရဘူးလို့ ရှင်းလင်းလိုက်ကြောင်းပါဘုရား'

ဘုရင်ကြီးအနေနဲ့ အရမ်းဝမ်းသာတယ်။ နောက်တစ်နေ့ နံနက်မှာ ရွှေကလာပ်တစ်ခုနဲ့ အမတ်တွေကို လွှတ်လိုက်တယ်။ အမတ်တွေနဲ့ အတူ ကျေးတောသားနဲ့ ပါလာတယ်။

သို့သော်လည်း ညောင်ပင်ပေါ်က ရုက္ခစိုးလည်း ဆင်းမလာဘူး၊ နတ်ပုဆိုးဆိုတာဝေးရော၊ ဒါပေမယ့် .......ကျေးတောသားကဘာမှမတင်ထားတဲ့ ရွှေကလာပ်ကို ကြည့်ပြီး .........

'အောင်မယ်လေး ....ကောင်းလိုက်တဲ့အသား ၊ လှလိုက်တဲ့အဆင် အိနေတာပါကလား၊ ဒါကြောင့်နတ်ဝတ်ပုဆိုးတိမ်မီးခိုးလို့ခေါ်တာကိုး'

လို့လက်ခုပ်လက်ဝါးတီးပြီး တအံ့တသြ အော်ပြောသတဲ့။

'အဲ ......ခက်ကပြီ၊ ကလပ်ပေါ်မှာ ဘာမျှ မရှိပါကလား၊ မရှိပေမယ့် ကိုယ့်ရာထူးနဲ့ မထိုက်တန်ဘူး အပြောခံရမှာ စိုးရိမ်တဲ့အတွက် .........

'အာ ......ဟုတ်ပေဟဲ့ ၊ အရောင်ကလေးက ရွှန်းစိုနေတာပဲနော်'

'ဒါလောက်နူးညံ့တဲ့အသားကို ဒီတစ်ခါပဲ မြင်ဖူးတယ်'

'အင်း ......ဒါကြောင့်လည်း နတ်ဝတ်ပုဆိုးတိမ်မီးခိုးခေါ်တာပဲ၊ မင်းတရားကြီးဝတ်လိုက်ရရင်ဘုန်းကျက်သရေတော်တိုးမှာ မုချ'

ရယ်လို့ ကိုယ့်ကိုကိုယ်လိမ်ပြီး အကြောင်းရိုက်တဲ့စကားနဲ့ အရှက်မရှိ ညာဝါးပြောကြဆိုကြကိုး။

ဒါနဲ့ပဲ ဘာမျှမရှိတဲ့ ရွှေကလာပ်ကြီးကို သယ်ဆောင်လာပြီး ဘုရင်ကိုဆက်သကြတယ်။ ဘုရင်လည်း ကလာပ်ပေါ်မှာ ဘာမျှမမြင်ရဘူး၊ အဲ .......'ဘာမျှမရှိပါကလားဟဲ့'လို့အမှန်အတိုင်း ပြောရင် နန်းရိပ်ထီးဖြူနဲ့ မထိုက်တန်သူ၊ ဘုန်းသမ္ဘာမရှိသူ အဖြစ်အပြောခံရမှာ ကြောက်တယ်။

ဒါကြောင့် .....တကယ်ရှိတဲ့ ဝတ်လဲတော်ပုဆိုးကို အရှက်ကင်းမဲ့စွာ ချွတ်ချပြီး ကလာပ်ပေါ်က တစ်စုံတစ်ရာဆွဲယူလေဟန်လုပ်ပြီး ခါးမှာ ပတ်လေဟန် ဝတ်လေဟန် လုပ်တယ်။ ကြေးမုံပြင်ရှေ့မှာ ရပ်ပြီး ဘယ်ပြန်ညာပြန်ကြည့်သေးတယ်။

အမတ်တွေမှာ ဗလာဟင်းလင်းဖြစ်နေတဲ့ ဘုရင်ရဲ့ ခါးအောက်ပိုင်းကို မကြည့်ရဲလို့ခေါင်းငုံ့ပြီး ပြုံးနေကြရသကိုး။

'အခုလဲ အရှင်မင်းမြတ်ကြီးရဲ့ ကြက်ဟင်းခါးရွက်က ခါးချက်အလွန်ဆိုးပေမယ့် အရှင်မင်းသားကို ကြောက်လို့သာစားရပါတယ်ဘုရား၊ မမြင်ရတဲ့ တိမ်မီးခိုးကို မြင်ရဟန် ဆိုသလို ခါးပါလျက်နဲ့ ကောင်းတယ် ထင်မိသဖြင့် ပြုံးကြတာပါဘုရား'

ဦးပေါ်ဦး ၏စကားအဆုံးမှာ 'စားစေချင်၍ပြောမိသည်မှာ နတ်ဝတ်ပုဆိုးထက် ဆိုနေသလားမင်းကြီး'လို့မင်းသားက မေးတဲ့အတွက် ဝိုင်းဝန် ရယ်မောကြသကိုး။

× × × × × × × × × × × × × × × × × × × × × × × × ×

# နိဂုံးစကား

ဘိုးတော်မင်းတရား ၊ ဘကြီးတော်မင်းတရားနဲ့ သာယာဝတီကုန်းဘောင်မင်းတို့ရဲ့ လက်ထက်တော်သုံးဆက်မှာ ခစားထမ်းရွက်ခဲ့တဲ့အမတ်ကြီးဦးပေါ်ဦးတင်လျှောက်ခဲ့တဲ့ လျှောက်ထုံးတွေက လျှောက်တင်ပုံတော်တော်များများကို အသင့်လျော်ဆုံးအကောင်းဆုံး၊ အသပ်ရပ်ဆုံးဖြစ်အောင်စီမံထားတဲ့ ဦးပေါ်ဦး၏စကားအလင်္ကာများအနေနဲ့ ဒီမှာပြီးစီးသွားပါပြီ။

ဘိုးတော်ဘုရင်ရဲ့လက်ထက်တော်ကာလများကို အများဆုံးဖော်ပြနိုင်ပြီး ဖန်နန်းရှင်မင်းတရားလက်ထက်တော်ကာလများကို နည်းနည်းပဲ ဖော်ပြနိုင်ခဲ့တယ်။ သာယာဝတီကုန်းဘောင်မင်းရဲ့လက်ထက်တော်ကာလများကို 'စတိ'အဖြစ်ပဲ ဖော်ပြနိုင်ပါတယ်။နေရာအခက်အခဲကြောင့်ပါပဲ။

တစ်ခု တင်ပြစရာရှိသေးတယ်။

စာရေးသူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို တာဝန်ယူရမယ်ဆိုတဲ့အသိနဲ့ဆင်ခြင်နှိုင်းချိန်ပြီးစာတစ်ချို့ကို တမင်းချန်ခဲ့တာပါ။ ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃာ့ဂိုဏ်း၊ ရာဇဂိုဏ်း ရယ်လို့ ဂိုဏ်းသင့်ဖွယ်ရှိမယ်ထင်တာတွေကို ချန်ခဲ့တာပါ။

ဆရာကြီးဦးအောင်ရဲ့ ကဝိသေတ္တု မဥ္စာကာကျမ်းပထမတွဲနဲ့ စာတော်ပြန် ဆရာသိန်းရဲ့ ကဝိသေတ္တုမဥ္စူသာကျမ်း ဒုတိယတွဲအဖြစ် မန္တလေးဦးကျော်ထွန်းရဲ့ ကဝိစက္ခုပသာဒနီကျမ်းနဲ့ ပိဋကတ်ဆရာမြိုင်ရဲ့ ဝန်ရှင်တော်အမတ်ကြီး ဦးပေါ်ဦးလျှောက်ထုံး (၂ )တွဲရယ်လို့ ဦးပေါ်ဦးလျှောက်ထုံး (၄) အုပ် ထွက်ပေါ်ခဲ့ဖူးပါတယ်။

အဲဒီစာအုပ်(၄)အုပ်ကို ပုဂံဝန်ထောက် ဦးထင် ၊ ဝက်မစွက် ဝန်ထောက်မင်းနဲ့ ကျောက်စာဝန် ဒရှိုင်ဆယ်တို့က (၁၉၁၃) ခုနစ် ၊ အောက်တိုဘာလ (၁ရက်နေ့က မန္တလေးမြို့ကျောက်စာဝန်ရုံးအစည်းအဝေးမှာ ..........

အမတ်ကြီးဦးပေါ်ဦးသည် ထိုခေတ်ထိုအချိန်က တစ်ကယ်ရှိခဲ့ဖူးသည်မှန်သော်လည်း ဦးပေါ်ဦးလျှောက်ထုံးစာအုပ်များတွင် ပါရှိသကဲ့သို့ ဦးပေါ်ဦးသည်မင်းကြီးသီရိမဟာနန္ဒသင်္ကြန်ဘွဲ့ရရှိသူ ဆောမြို့စားလည်း မဟုတ်၊ အဂ္ဂမဟာသေနာပတိ ဗိုလ်မှူးဝန်ကြီးသည်လည်းမဟုတ်၊ ဝန်ရှင်တော်အမတ်ကြီးလည်းမဟုတ်။ အတွင်းဝန်နှင့် မြေတိုင်းအမတ်သာဖြစ်သည်။ ဦးပေါ်ဦးရရှိသောဘွဲ့မှာလည်း မင်းကြီးမင်းလှကျော်ထင် နော်ရထာဖြစ်သည်။ ထို့ပြင်စာအုပ်များ၌ ရာဇဝင်ဆိုင်ရာ အခြားမှားယွင်းချက်များလည်း ရှိသေးသည်။

လို့ မှတ်ချက်ရေးသားခဲ့ရတယ်တဲ့။ ဒီအကြောင်းကို ကွယ်လွန်သူ စာရေးဆရာကြီး မြင့်ဆွေ (ဦးမြင့်ဆွေ) ရဲ့ ကိုလိုနီခေတ်စာပေလှုပ်ရှားမှု စာအုပ် စာမျက်နှာ (၁၂၁) မှာ အထင် အရှားဖော်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

ချမ်းသာကိုယ်စိတ်မြဲပါစေ<br>
ဦးလှအောင်<br>
(၄-၄-၉၇)

× × × × × × × × × × × × × × × × × × × × × × × ×

# ပြီးပါပြီ။